


လုံးချင်းဝတ္ထုသစ်
ရင်ခုန်သံနုတ်သိမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၇၂၀၀၆၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၃၁၁၀၉၀၉ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၇၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ၊<br>ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

ရှင်မြတ်နိုး

ရင်ခုန်သံနတ်သမီး/ရှင်မြတ်နိုး ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၀၉

၂၈၈ - စ၁ ၊ ၁၂ × ၁၈ စင်တီ။

(၁) ရင်ခုန်သံနတ်သမီး


# အခန်း (၁)

"အမေ…အမေ"

"ဟော…သမီးကြီး"

"အမေလမ်းထိပ်မှာ မုန့်ဟင်းခါးထွက်ရောင်းမလို့ လုပ်နေ ဘယ်ဆို၊ အခုလေးတင်ပဲ သဲသက်ကိုတွေ့တဲ့လူဟိုင်းက မေးနေ ကြတယ် အမေ၊ အဲဒါ တကယ်ပဲလားဟင်"

သဲသက်နှင်းတစ်ယောက် အမောတကောမေးသံလေးနှင့် အမေ့အား မေးမိ၏။ စိတ်ထဲမှာလည်း ဒါဟာ တကယ်မဟုတ် ါစေနဲ့ဟု ဆုတောင်းမိသည်။

"ပြောလေ အမေ၊ အဲဒါ တကယ်ပဲလားလို့၊ ဖြေပါ အမေရဲ့"

အမေ့ရဲ့ အေးတိအေးစက် အမူအရာကြောင့် ယပ်မေးမိပြန်

၏။

"ဟုတ်တယ်သမီးကြီး သဲသက်"

"ဟာ"

အမေ့ဆီက ခေါင်းညိတ်အတည်ပြုမှုကြောင့် သဲသက်နှင်းရဲ့ မျက်ဝန်းလေးတွေ ပြူးကျယ်ကာ ဝိုင်းစက်သွားရသည်။ သဲသက်နှင်းတစ်ယောက် မကျေကြည်နိုင်သလိုပင် အမေ့မျက်နှာဆီ လှမ်းကြည့်လိုက်မိ၏။

"ဟင့်အင်း...မဖြစ်နိုင်ဘူး၊ ဒါဘယ်လိုမှမဖြစ်နိုင်ဘူး အမေ၊ သဲသက် လုံးဝလက်မခံနိုင်ဘူး၊ အမေ မရောင်းရဘူး"

သဲသက်နှင်းတစ်ယောက် အမေ့အကြံအစည်ကို ခါးသီးစွာပင် ခေါင်းလေးတယမ်းယမ်းနှင့် ကန့်ကွက်ပစ်လိုက်သည်။

အမေ ဘာတွေလျှောက်လုပ်နေတာလဲ။ လမ်းထိပ်မှာ ဆိုင်ခုံတစ်နေရာစာချပြီး မုန့်ဟင်းခါးရောင်းမလို့တဲ့။ သဲသက် ကုမ္ပဏီကပြန်လာတော့ လမ်းထဲမှ အိမ်နီးနားချင်းအသိအချို့က လှမ်းခေါ်ကာ မေးမြန်းနေကြသည်။ သဲသက် ဘာတစ်ခုမှမသိသဖြင့် အဖြေမပေးဘဲ အိမ်လေးဆီ တန်းလာခဲ့မိ၏။

အိမ်လေးပေါ်ကိုတက်လိုက်တာနှင့် အမေ့ကို တကြော်ကြော်ခေါ်ကာ လိုက်ရှာပြီး သူမမေးမိသည်။ မုန့်ဟင်းခါးထွက်ရောင်းဖို့ တကယ်ပဲလုပ်နေသလားဆိုတာကို သိချင်၍ အမေ့ကို





သည်းအသန်မေးမိသည်။

အခုတော့ အမေက ဟုတ်တယ်တဲ့လေ။

"သမီးကြီးသဲသက်"

"ဟင့်အင်း အမေ သဲသက် ခွင့်မပြုနိုင်ဘူး၊ အမေ ရောင်းပါနဲ့၊ သဲသက်ရှက်တယ်၊ သဲသက်တို့ရဲ့မျက်နှာကိုလည်း ထောက်ထားငဲ့ညှာပါဦး အမေရယ်"

"ဘယ်လိုပြောလိုက်တာလဲ သမီးကြီး၊ ဈေးရောင်းစား ရှက်စရာမှမဟုတ်တာ၊ အိမ်ရဲ့စီးပွားရေးကို တစ်ဖက်တစ်လမ်း အထောက်အပံ့ဖြစ်အောင်လုပ်တာပဲဟာ"

"မသိဘူး အမေ၊ အဲဒါတွေ သဲသက်နားမလည်ဘူး၊ လမ်းဘေးဈေးထွက်ရောင်းတာကိုပဲ သဲသက် လက်မခံနိုင် မရောင်းပါနဲ့အမေ၊ လုံးဝမရောင်းပါနဲ့"

ပြဿနာပဲ။

ဒေါ်နှင်းနှင်းဆွေတစ်ယောက် စိတ်အညစ်ကြီး ညစ်သွားရသည်။

သမီးကြီးသဲသက်နှင်းက မျက်ရည်တွေစီးကျပြီး ပြင်းပြင်း ဆန့်ပင် ကန့်ကွက်နေတာလေ။

ဒေါ်နှင်းနှင်းဆွေတစ်ယောက် သမီးကြီးကို နားဝင်အောင် လိုရှင်းပြရမလဲတောင် မသိတော့ချေ။ အိမ်ရဲ့စီးပွားရေးအခြေ

အနေကို မိမိသာလျှင် အသိဆုံးပဲလေ။ သမီးကြီးက ကုမ္ပဏီမှာ အလုပ်လုပ်လို့ ရတဲ့လစာက ခြောက်သောင်းလောက်ပဲရှိတာ။ လမ်းစရိတ်၊ အလှပြင်ပစ္စည်းဝယ်စရိတ်၊ ထမင်းဘိုးတွေနုတ်ပြီး မိမိကို အပ်နိုင်တာဆို၍ တစ်လကို နှစ်သောင်းခွဲပဲရှိသည်။ သားကြီးကလည်း ကုမ္ပဏီမှာ အလုပ်လုပ်တာပါပဲ။ သို့သော် သူ့သုံးတာနှင့် လောက်ငတယ်မရှိ။ အိမ်စရိတ်အဖြစ် နှစ်သောင်းခွဲစီပေးဖို့ သတ်မှတ်ထားပေမယ့် လျှော့ပေးတဲ့လက များနေ၏။

မိဘဆိုတော့ သားသမီးတွေ ရှာဖွေကျွေးနေတာကိုကြည့်ပြီး မစားရက်တာတော့အမှန်ပင်။ တတ်နိုင်လျှင် ကိုယ်ကသာပေးချင်၏။ သားသမီးလုပ်စာကို လက်ဖြန့်တောင်းပြီး နေနေရတဲ့ဘဝကို စိတ်မလုံတော့ချေ။

ဒါကြောင့်…

အိုးမကွာအိမ်မကွာ လမ်းထိပ်လေးမှာထွက်ပြီး တနိုင်တပိုင် ဈေးရောင်းဖို့ စီစဉ်မိသည်။ အမြတ်ငွေလေးရတော့ အိမ်စရိတ်လည်း ခုမိကာမိတာပေါ့။ ဒီအတိုင်းထိုင်နေတော့ ဘာဝင်ငွေရမှာလဲ။ အိမ်စရိတ်က လောက်မှမလောက်ငတာပဲဟာ။ သားနဲ့သမီးကိုလည်း အပူမကပ်ချင်။

ဒါကို သမီးကြီးက ဘာမှမသိဘဲ ကန့်ကွက်နေသည်။ မိခင်ကို လမ်းဘေးဈေးသည်အဖြစ် မြင်ရမှာ ရှက်ရွံ့နေ၏။





“အမေ”

“ပြောလေသမီးကြီး”

“အိမ်အသုံးစရိတ် မလောက်ဘူးဆိုရင်လည်း သမီးပိုပေးပါ့မယ် အမေ၊ သမီးလျှော့သုံးပြီး အမေ့ကိုပေးပါ့မယ်၊ မုန့်ဟင်းခါးတော့ ထွက်မရောင်းပါနဲ့နော်၊ သမီးရှက်လို့ပါ”

“အမေက ဒီအတိုင်းထိုင်နေတာထက်စာရင် ဈေးရောင်းတော့ အိမ်အတွက်လည်း အထောက်အပံ့ဖြစ်တာပေါ့ သမီးကြီးရယ်၊ ပြီးတော့ သမီးလေးပုံအပ်က ဒီနှစ်ဆယ်တန်းလေ၊ သူ့ရဲ့ပညာရေးအတွက် ငွေပိုရှာမှဖြစ်မယ်”

“မလိုဘူး အမေ၊ သူ့အတွက်နဲ့ အမေဈေးထွက်ရောင်းပြီး ရှာစရာလုံးဝမလိုဘူး၊ လူလားမြောက်အောင် ကျွေးမွေးပြီး အခုလို အရွယ်ထိ စောင့်ရှောက်ထားတာနဲ့တင် အမေတာဝန်နဲ့ ဝတ္တရားတွေက လွန်နေပြီ၊ သူ့အတွက် ဘာတွေဆက်လုပ်ပေးဦးမှာလဲ၊ မွေးစားသမီးအတွက် အဲဒီလောက်ထိ ထည့်တွေးစရာမှမလိုတာပဲအမေ”

“အို…သမီးကြီး စကားကိုဘယ်လိုပြောလိုက်တာလဲကွယ်၊ ပုံအပ်လေးကြားသွားရင် စိတ်မကောင်းဖြစ်နေပါဦးမယ်၊ ဘာပဲပြောပြော ညီအစ်မအချင်းချင်းပဲကွယ် အဲဒီလိုသွေးကွဲတဲ့ အသုံးအနှုန်းတွေနဲ့ မပြောပါနဲ့သမီးကြီးရယ်”

သမီးကြီးသဲသက်နှင်းဆီမှ မွေးစားသမီးဆိုတဲ့ အသုံးအနှုန်း

ကြောင့် ဒေါ်နှင်းနှင်းဆွေတစ်ယောက် သမီးငယ်လေး ပုံအပ်နှင်းအတွက် စိတ်မကောင်းဖြစ်သွားရသည်။

"ပြောရမှာပဲ အမေ၊ အရင်က သဲသက်တို့မိသားစုမှာ ဆင်းရဲဒုက္ခဆိုတာ ဂျုံနဲ့အကောင်လားလို့ မေးရလောက်အောင် ရှိမှ မရှိခဲ့တာ၊ ဒီကြိုပ်ကောင်မလေးရောက်လာမှ မိသားစုတွေအားလုံးရဲ့ အခြေအနေတွေက ပြောင်းလဲသွားရတာလေ၊ အဖေသေရတာလည်း သူ့ကြောင့်ပဲ၊ သူအိမ်ကိုရောက်လာလို့ အဖေကထွက်သွားရတာ၊ သူ့ကြောင့်ပဲ သဲသက်တို့ အခုလိုဘဝမျိုးရောက်ရတာ"

"သမီးကြီး"

ဒေါ်နှင်းနှင်းဆွေတစ်ယောက် သမီးကြီးရဲ့စကားကြောင့် မျက်လုံးကြီးပြူးဝိုင်းသွားရသည်။

"သဲသက် သူ့ကိုသိပ်မုန်းတယ် အမေ၊ ကံကြမ္မာဆိုးတွေကို သယ်ဆောင်လာတဲ့သူ့ကို မုန်းတယ်၊ အမေ့ဆန္ဒကြောင့်သာ သဲသက်ငြိမ်နေရတာ၊ သူ့ကို ဒီအိမ်မှာ တစ်မိနစ်၊ တစ်စက္ကန့်တောင် မထားချင်ဘူးသိလား"

သမီးကြီးရယ်။

ဒေါ်နှင်းနှင်းဆွေတစ်ယောက် သမီးကြီးဖြစ်သူ သဲသက်နှင်းကို ဘယ်လိုနားဝင်အောင် ဖျောင်းဖျရမှန်းပင် မသိတော့ပါချေ။

သမီးကြီးရင်ထဲက အမုန်းတရားတွေက အရွယ်ရောက်လာ





ဘာနှင့်အမျှ ပို၍ပင် အစိုင်အခဲကြီးမားနေခဲ့သည်။ သမီးငယ်လေး ပုံအပ်နှင်းအပေါ် နားလည်မှုလုံးဝမပေးချေ။

ဒါကြောင့်လည်း ဒေါ်နှင်းနှင်းဆွေတစ်ယောက် သမီးနှင့် သားဆီက ငွေကို ဒီထက်ပိုပြီး မတောင်းချင်တာပဲဖြစ်သည်။ ပုံအပ်လေးအတွက်ဆိုရင် ဘယ်သူမှ စေတနာရှိကြမှာမဟုတ်ဘူးဆိုတာ ဒေါ်နှင်းနှင်းဆွေ အသိဆုံးပါပဲ။

သို့ပေမယ့်…

ကလေးတွေကိုလည်း ဒေါ်နှင်းနှင်းဆွေ အပြစ်မတင်ရက်ပါ။ ကလေးတွေရဲ့ ဦးနှောက်အသိနုနုလေးထဲမှာ မိသားစုတွေ စီးပွားပျက်ပြီး အခြေယိုင်နဲ့ခဲ့ရခြင်းအပေါ် ပုံအပ်လေးကြောင့်ဆိုပြီး မှားယွင်းတဲ့အတွေးတွေနဲ့ တစ်ချိန်လုံးစွဲထင်နေခဲ့ကြတာလေ။

ဘယ်လိုပဲ တရားသဘောနှင့်ပြပြ လက်မခံကြချေ။ အယူအဆ အစွဲကြီးသော သမီးကြီးသဲသက်နှင်းက ပို၍ပင် ဆိုးနေသေးတော့၏။

"အမေ"

"ပြော သမီးကြီး"

"သဲသက်ပြောပြီးပြီနော်၊ အမေ လုံးဝမုန့်ဟင်းခါးထွက်ရောင်းရဘူး၊ သဲသက် ခွင့်မပြုဘူးအမေ၊ အိမ်စရိတ်မလောက်ရင် နောက်လ ငါးထောင်ထပ်တိုးပေးမယ်၊ ဒါပေမယ့် အမေ ဈေးလုံးဝ

ချောင်းသံနဲ့"

သမီးကြီးရဲ့ ပြတ်သားသောတားမြစ်မှုကြောင့် ဒေါ်နှင်းနှင်းဆွေတစ်ယောက် သက်ပြင်းမောကြီးကိုသာ ကြိတ်ရှိုက်လိုက်မိသည်။

"အမေ"

"ဟင်"

"သဲသက်ကိုကတိပေးလေ"

"ဘာကတိလဲ သဲသက်ရယ်"

"ဈေးထွက်မရောင်းပါဘူးဆိုတဲ့ကတိ"

"ဒါ…ဒါတော့ကွယ်"

"အို…မကြားချင်ဘူး၊ သဲသက်ကို အမေဘာမှမပြောနဲ့တော့၊ မရောင်းရဘူးဆို မရောင်းရဘူးပဲ"

"ဒုက္ခပါပဲကွယ်"

ဒေါ်နှင်းနှင်းဆွေတစ်ယောက် သမီးကြီးသဲသက် နားဝင်အောင် ဘယ်လိုချော့မော့ရှင်းပြရမှန်းပင် မသိတော့ချေ။

သမီးကြီးက ပြောပြီးတာနှင့် နေရာလေးကနေ ချက်ချင်းထကာ အခန်းလေးထဲသို့ ဝင်သွားတော့၏။ စိတ်ရှုပ်ထွေးမှုတွေ တပုံတပင်ကြီးနှင့် ကျန်နေရစ်ခဲ့ရသူကတော့ ဒေါ်နှင်းနှင်းဆွေပါပဲ။

သမီးငယ်လေး ပုံအပ်အတွက် သနားကရုဏာစိတ်ကြောင့် ရင်ထဲမှာ မအေးချမ်းနိုင်ခဲ့ချေ။ မွေးစားသမီးလေးဆိုပေမယ့် ပုံအပ်





လေးကု ဒေါ်နှင်းနှင်းဆွေ မမွေးရုံတမယ်ပါပဲ။ တစ်နှစ်အရွယ်ကလေးမလေးကို ခင်ပွန်းဖြစ်သူ ခေါ်လာခဲ့သည့်နောက်ပိုင်း မိမိကပဲ ကျွေးမွေးပြုစုခဲ့ရတာလေ။

ငယ်ငယ်လေးကတည်းက ဉာဉ်ကောင်းလွန်းသောကလေးလေးမို့ မိမိမွေးခဲ့သောသမီးနှင့် သားလောက်ပင် မပင်ပန်းခဲ့ရချေ။ အငိုတစ်စက်ကလေးမှမရှိတဲ့ သမီးငယ်လေးပါ။

အခုဆိုလျှင် ပုံအပ်နှင်းလေးက ဆယ်တန်းကျောင်းသူကြီးပင် ဖြစ်နေချေပြီ။

စာတော်ပြီး နှစ်စဉ်နှစ်တိုင်း အတန်းတိုင်းမှာ ပထမဆုတွေကိုချည်းရခဲ့တဲ့ ပုံအပ်နှင်းလေးက ဆယ်တန်းကျောင်းသူကြီး ဖြစ်လာပေမယ့် မိဘရဲ့အခြေအနေကိုသိ၍ ဘာတစ်ခုမှ တောင်းဆို ပူဆာခြင်းမရှိဘဲ စာကိုပဲ တစိုက်မတ်မတ် ကြိုးစားနေခဲ့သည်။

တစ်ခါတစ်ရံ

စာအုပ်ရေးစရာကုန်နေတာကိုပဲ အမေ့ကိုမပြောဘဲ တစ်နေ့တစ်နေ့ပေးထားသော မုန့်ဖိုးလေးများကို မစားဘဲစုထားကာ ထိုပိုက်ဆံလေးတွေထဲက စာအုပ်လေးတွေ၊ ဘောလ်ပင်န်လေးတွေ ဝယ်သုံးခဲ့သည်။

အဲဒါကိုသိတော့ ဒေါ်နှင်းနှင်းဆွေ စိတ်မကောင်းမိ။ သူများတွေလို စာသင်ဝိုင်းတွေမှာ ဒေါ်နှင်းနှင်းဆွေ ထားပေးချင်မိ

သည်။ လိုအပ်တာလေးတွေ ဝယ်ပေးချင်၏။ သမီးငယ်လေးရဲ့ အနာဂတ်အတွက် ပညာတတ်တစ်ယောက် ဖြစ်အောင် မြေတောင်မြှောက်ပေးချင်မိသည်။

သို့သော်…

မိမိမှာကလည်း သားနဲ့သမီးရဲ့ လစာလေးကိုပင် လောက်င‌အောင် မနည်းကြီးချွေတာသုံးနေရတာဆိုတော့ စိတ်ကသာရှိတာ လက်ကမလိုက်နိုင်ခဲ့ပေ။

နောက်ဆုံးတော့ မိမိအကြံအစည်တစ်ခု ရသွားသည်။

မိမိက ဟင်းချက်လက်ရာမှာ ပါရမီရှိစွာ အရသာရှိရှိ ချက်ပြုတ်တတ်တဲ့သူလေ။ မုန့်ဟင်းခါးတို့၊ အုန်းနို့ခေါက်ဆွဲတို့ကို ကောင်းကောင်းလေးချက်တတ်သည်။ ဒါလေးနဲ့ ဝင်ငွေလေး ရအောင်ရှာဖို့ စဉ်းစားမိ၏။

သမီးလေးပုံအပ်က နေ့တစ်ပိုင်းကျောင်းဆိုတော့ အားလပ်နေတဲ့ မနက်ပိုင်းလေးမှာ သားအမိနှစ်ယောက် ဈေးထွက်ရောင်းဖို့ စဉ်းစားမိ၏။ အရင်းအနှီးကတော့ ရပ်ကွက်ထဲက ငွေကြေးအနည်းငယ်ပြည့်စုံသည့် ဒေါ်ဒေါင်းဆီမှာ နှစ်ဆယ်တိုးနှင့်ချေးပြီး အရင်းလုပ်ဖို့ စိတ်ကူးမိသည်။

ဒေါ်ဒေါင်းကိုလည်း ပြောထားပြီးသားမို့ အားလုံးအဆင်ပြေနေ၏။ ပန်းကန်လုံးနှင့် ဇွန်းများဝယ်ဖို့ပင် စာရင်းတွေရေးထားပြီး





နေချေပြီ။

ဒါကို…

သမီးကြီးသိသက်နှင်းက အကြီးအကျယ် ထကန့်ကွက်နေသည်။ သမီးတောင် ဒီလောက်ပေါက်ကွဲနေရင် သားကြီးက ပိုဆိုးတော့မှာပေါ့။ အရွယ်ရောက်လာပြီဖြစ်သော သားကြီးက ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်နေပြီး နှစ်လမ်းကျော်ကျော်က ငွေကြေးအနည်းငယ်ပြည့်စုံသည့် အိမ်ကကောင်မလေးတစ်ယောက်နဲ့ တတွဲတွဲသွားလာနေကြသည်ဟု သတင်းသဲ့သဲ့ထွက်နေတာလေ။

သားကြီးသိရင်လည်း ရှက်ပြီးကန့်ကွက်ကြဦးမှာပဲ။ ဒီမောင်နှမနှစ်ယောက်က စိတ်ချင်းက တစ်ထပ်တည်းတူနေတာ မဟုတ်လား။ ကိုယ့်မှာ ဘာမှမရှိဘဲ ခေါင်းမော့ရင်ကော့ပြီး ရှိသယောင်ယောင် ဟန်လုပ်ချင်ကြတဲ့ကလေးတွေပါ။

ရပ်ကွက်ထဲမှာ အထင်သေးခံရမှာကို အင်မတန်ကြောက်တဲ့ ကလေးတွေပဲဖြစ်သည်။ ဆန်မရှိဘဲ ဟန်လုပ်ချင်နေကြတဲ့ မောင်နှမနှစ်ယောက်ကြောင့် ဒေါ်နှင်းနှင်းဆွေမှာ စိတ်အညစ်ကြီး ညစ်နေခဲ့ရသည်။

ကုမ္ပဏီကိုသွားလျှင် ကျောမော့လို့။ ရပ်ကွက်ထဲကလူတွေကိုလည်း ဆင်းရဲသားဆိုလျှင် နှုတ်ဆက်ပြုံးပြဖို့ပင် ဝန်လေးတတ်ကြသူတွေပင်။ အခြေကြီးအနေကြီးတဲ့ သားနဲ့သမီးကို လမ်းထဲမှ

သူအချို့က ကြည့်မရကြ။ အတင်းအဖျင်း တီးတိုးပြောတတ်ကြပေမယ့် မိမိကတော့ မကြားဟန်ပဲ ဆောင်ကာနေခဲ့သည်။

အခုတော့…

သမီးငယ်လေး ပုံအပ်နှင်းရဲ့ အရေးက ကြီးမားလာခဲ့ပြီ။

အိမ်စရိတ်က တစ်စထက်တစ်စ မြင့်လာတော့ ပေးတာနှင့် မလောက်ချင်တော့။ ဒါကြောင့် မိမိဘက်ကလည်း တနိုင်တပိုင် စီးပွားရှာဖို့ ဆုံးဖြတ်မိသည်။

ဒါကို သမီးကြီး သဲသက်နှင်းက လုံးဝမလုပ်ရဘူးတဲ့။

ဟူး

ရင်မောလိုက်တာနော်။

ဒီကလေးတွေ အသိတရားရအောင် မိမိ ဘယ်လိုလုပ်ရပါ့မလဲ။

စိတ်မောလိုက်တာ။

* * *



# အခန်း (၂)

"ကျွန်တော်လည်း ကန့်ကွက်တယ်နော် အမေ၊ ဘယ်နှယ့်ဗျာ၊ သားတို့ ဒီလောက်ရှာကျွေးနေပါလျက်နဲ့ ဒီလို ဈေးထွက်ရောင်းရတယ်လို့၊ -ပတ်ဝန်းကျင်ကသာသိရင် ကျွန်တော်တို့က ပေးမကမ်းဘူးဆိုပြီး အထင်သေးကဲ့ရဲ့ကြမှာပေါ့ဗျ"

ဟောကြည့်။

သားကြီးဆီက လေသံကလည်း သမီး သဲသက်ရဲ့ လေသံနဲ့တစ်ထပ်တည်းပဲ။ လိုက်လည်း လိုက်ဖက်တဲ့ မောင်နှမတွေပါပဲ။

"အေးပါကွယ်၊ အမေလည်း စဉ်းစားပါဦးမယ်"

"စဉ်းစားစရာမှ မလိုတာဘဲ အမေ၊ ဆုံးကို ဆုံးဖြတ်ချက်ချလိုက်စမ်းပါဗျာ၊ အလကားနေ မွေးစားသမီးအတွက်ချည်းပဲ ပိုက်ကြည့်နေလို့ ဖြစ်မလားဗျ"

"ဟဲ့ သား"

"ဟုတ်တယ် အမေ၊ ကျွန်တော်ကတော့ ဒီကောင်မလေ
အတွက် စိတ်ထဲမှာ လုံးဝမထားနိုင်ဘူး၊ ဘယ်အရွယ်ရှိနေပြီလဲ
ကိုယ့်ဝမ်းစာအတွက် ကိုယ်ရှာစားတော့ပေါ့။ သူ့အတွက် အနော
ကနေလိုက်ပြီး လိုလေသေးမရှိ လိုက်မဖြည့်ပေးနိုင်ဘူး။ ကျော
ထွက်သင့်ရင် ထွက်ပြီး အလုပ်လုပ်ရမှာပဲ၊ အသိတရားမ
အားမနာတတ်တဲ့ ကောင်မလေး၊ ဒင်းကြောင့် သားတို့ဆင်းရဲ
တာဗျ"

ဘုရား…ဘုရား။

သားကြီးရဲ့စကားကို နားထောင်ရင်း ဒေါ်နှင်းနှင်းေ
တစ်ယောက် ရင်ထဲကနေ ဘုရားကို ကြိတ်ပြီး တလိုက်မိသည
ကျောင်းထွက်ပြီး အလုပ်လုပ်ခိုင်းတဲ့။

ဒီအရွယ်လေး ဘာသွားခိုင်းစားရမလဲ။

ပြီးတော့ သမီးလေး ပုံအပ်နှင်းက ပညာပါရမီ ပြည့်
လေးဖြစ်သည်။ ဉာဏ်ကောင်းလွန်းပြီး စာတော်လွန်းတဲ့ ကလေ
လေးကို ကျောင်းထုတ်ပစ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့
တစ်ခုပါပဲ။

မိမိ လုံးဝမလုပ်ရက်ပါဘူး။

"အမေ"





"ဟော"

"အမေ ဘယ်အချိန်ထိ တာဝန်တွေယူဦးမလို့လဲ၊ သူက
သူ့စိမ်းနော် သူစိမ်း၊ အတောင်စုံရင် အမေ့ရင်ကိုကန်ပြီး ထွက်သွား
မှာဗျ၊ အဲဒီအခါကျမှ ရင်နာလို့ဆိုပြီး အမေ ငိုမနေနဲ့၊ နောက်မှ
နောင်တရနေမယ်"

"သမီးလေးက သားတို့ထင်သလို မဟုတ်ပါဘူးကွယ်"

"ကျွတ် အမေကလည်းဗျာ၊ ပြောလေ ဆိုးလေပါလား၊
မွေးစားသမီးကိုများ အထင်ကြီးနေရတယ်လို့ဗျာ"

အို

ခြံဝိုင်းလေးထဲသို့အဝင် အိမ်လေးဆီမှ ပျံ့လွင့်လာသော
ကိုကိုကြီး နောင်သန့်စင်၏ ခါးသီး စိမ်းသက်လွန်းသော အသုံး
အနှုန်းစကားသံ မာဆတ်ဆတ်ကြောင့် လှမ်းလက်စ ခြေလှမ်းလေး
တွေကို ရပ်တန့်လိုက်မိသူက ပုံအပ်နှင်းရယ်ပါ။

ဒီနေ့မှ ပုံအပ် အိမ်အပြန်နောက်ကျနေခဲ့သည်။ သူများ
တွေလို စာသင်ဝိုင်းတွေတက်ဖို့ နေနေသာသာ အပြင်မှာထုတ်သော
ဘာသာရပ်မေးခွန်းဟောင်း စာအုပ်လေးတွေကိုပင် ဝယ်နိုင်သည့်
အင်အားမရှိတာမို့ တစ်ခန်းတည်းနေ သူငယ်ချင်းလေးဆီမှာ ငှား
သည့်စာများ ကူးနေတာမို့ အိမ်ပြန်နောက်ကျနေခဲ့၏။

ဒီအချိန်လောက်ဆို အမေ သူ့မအတွက် စိတ်အပူကြီး

ပူနေပြီဆိုတာ ပုံအပ် သိသည်။

သို့သော် စာကလည်း အရေးကြီးနေတာမို့ သူငယ်ချင်
အားလပ်သော အချိန်လေးကိုသာ အမိဖမ်း သွားကူးရတာ
စဉ်းစားတွေဝေနေဖို့အချိန် သူမမှာ မရှိတော့။ အမေ့ကိုတော
အိမ်ပြန်လျှင် ရှင်းပြမည်ဟု စိတ်တွေးကာ စာပဲကူးနေလိုက်သည်

ပြီးတော့မှ စာအုပ်တွေ ကပျာကယာသိမ်းပြီး လွယ်အိတ်
လေးကိုလွယ်လျက် သူငယ်ချင်းကို ကျေးဇူးတင်စကားပြောက
အိမ်သို့ သုတ်ခြေတင်ပြန်ခဲ့မိသည်။

အိမ်ရောက်တော့ အိမ်လေးထဲမှာ ပြဿနာတက်နေ
ကြွားရ၏။ ဘာကြောင့်ဆိုတော့ ပုံအပ် မသိပေမယ့် မွေးစားသ
ဆိုတဲ့ ရင့်သီးသောအသုံးအနှုန်းကြောင့် ပုံအပ်ရင်လေး နင့်
သည်းသွားရ၏။

ပုံအပ်က အမေ့ရဲ့ မွေးစားသမီးလေ။ ပုံအပ် တစ်နှ
သမီးအရွယ်မှာ အမေနဲ့ ဆုံးသွားတဲ့အဖေက မွေးစားကြတာတဲ့
ဒါကို ပုံအပ် သိတတ်စအရွယ်လေးကတည်းက သိထားပြီးသ
ရယ်ပါ။

ငယ်ငယ်လေးကတည်းက အရိုးစွဲအောင်မုန်းလာကြ
မမကြီးနှင့် ကိုကိုကြီးတို့က ပုံအပ်ကို သူတို့ညီမလေးအဖြစ် ဘ
တုန်းကမှ အသိအမှတ်မပြုခဲ့ချေ။ မွေးစားသမီးဟုပဲ ခပ်စိမ်းစိမ်





က်ဆံတတ်သည်။ အမေရှေ့မှာရော အမေ့ကွယ်ရာမှာရော
ယ်တော့မှ မျက်နှာသာမပေးတတ်။ အလုပ်အားလုံး ပုံအပ်ကို
ာ ဖိပြီးခိုင်းစေတတ်၏။

ပုံအပ်စားလျှင်လည်း ငြိုငြင်တတ်သလို အဝတ်အစား
ိုလျှင်လည်း ဘယ်တုန်းကမှ အသစ်မဝတ်ခဲ့ရချေ။ မမကြီး မဝတ်
င်လို့ အရောင်အဆင်းမရှိမှဘဲ ပုံအပ် ဝတ်ရသည်။ အမေက
နားလို့ အဝတ်အစားသစ် ဈေးပေါပေါလေး ဝယ်မပေးလိုက်နှင့်
ောင်နှမနှစ်ယောက် ဒေါသတကြီးနှင့် ပြောဆိုလို့မပြီးတော့ချေ။

နောက်တော့ ပုံအပ် အမေ့ကို လုံးဝဝယ်မလာဖို့ တားဆီး
သည်။ ဘာပဲပြောပြော အမေက ကိုကိုကြီးနဲ့ မမကြီးရဲ့လုပ်စာ
ို ထိုင်စားနေရတဲ့ဘဝ မဟုတ်လား။ သူတို့ မကြည်ဖြူတာကို
ုပ်လျှင် အမေ ဒုက္ခရောက်မှာ ပုံအပ် စိုးမိသည်။

ဒါကြောင့်

အလိုက်သိစွာပဲ ပုံအပ် ငြင်းပယ်ခဲ့၏။ ရပ်ကွက်ထဲက
ယ်တန်းအောင်သွားသော အစ်မတွေက ကျောင်းဝတ်စုံအချို့
ေးကမ်းလာတာကိုပဲ ပုံအပ် သေသေသပ်သပ်လေး စည်းကမ်း
ွာ ဝတ်ခဲ့သည်။ အမေ့ကိုလည်း စိတ်မကောင်းဖြစ်မှာစိုး၍ အမေ့
ရှေ့မှာ မျက်နှာလေးပင် တစ်ချက်လေးမျှ ညှိုးမပြခဲ့ချေ။

အိမ်မှုကိစ္စတွေဆိုလည်း ပုံအပ်ပဲ သိမ်းကျုံးလုပ်၏။ အမေ

ပင်ပန်းမှာ ပုံအပ် မလိုလားပါ။ ဒါကြောင့် ကျောင်းမသွားခင် အိမ်သန့်ရှင်းရေးနှင့် အဝတ်အစားတွေအားလုံး လျှော်ဖွပ်ကာ လှန်းထားခဲ့၏။

ပြီးတော့ စာကျက်ကာ ရေမိုးချိုးပြီး ကျောင်းသွားတတ်သည်။

ဟိုတစ်နေ့က

ပုံအပ်ကို အမေက ခပ်တိုးတိုးတိုင်ပင်လာ၏။ အိမ်စရိတ် မလောက်ငှ၍ ဈေးထွက်ရောင်းချင်သည်တဲ့လေ။ အဲဒါ ပုံအပ် အမေ့ကိုကူညီပြီး လုပ်ပေးပါတဲ့။ ပုံအပ် မငြင်းပါဘူး။ ပုံအပ်လည်း ဒီအိမ်က ထမင်းကို နေ့စဉ်နေ့တိုင်း စားနေတဲ့သူပဲ မဟုတ်လား။ ဒီအိမ်ရဲ့ အကျိုးစီးပွားအတွက် တစ်ဖက်တစ်လမ်းက ကူညီရမှာ ပေါ့။

အလုပ်လုပ်ရမှာ ပုံအပ် မကြောက်ပါဘူး။ ပုံအပ် ကြောက်တာ တစ်ခုတည်းပဲရှိသည်။ အဲဒါ ကိုကိုကြီးနဲ့ မမကြီးတို့က အခုချိန်ထိ ပုံအပ်ကို သွေးသားရင်းချာတစ်ယောက်လို မသတ်မှတ်တာကိုပါပဲ။

ပုံအပ်ကို အမြဲလိုလို သီးခြားခွဲမြင်တာကို ပုံအပ် ဝမ်းအနည်းဆုံးပင်ဖြစ်သည်။ ပုံအပ် ရင်ထဲမှာ ကိုယ့်အစ်ကိုရင်း အစ်မရင်းတွေလိုပဲ စိတ်သဘောထားတာဆိုတော့ မွေးစားသမီးဟု





လိုက်တိုင်း ပုံအပ် တအားငိုချင်မိ၏။

"သားကြီးရယ် မင်း အဲဒီလိုမပြောပါနဲ့ကွယ်၊ ဘာပဲ ပြော ပုံအပ်လေးက လိမ္မာရှာပါတယ်၊ စိတ်သဘောထား ည့်ဝဖြူစင်တဲ့ ကလေးပါကွယ်"

"လိမ္မာပြီး စိတ်သဘောထားပြည့်ဝရင် အမေ အခုလို အတွက် ဈေးထွက်ရောင်းမှာကို ကြည့်ရက်ပါ့မလားဗျ၊ ကျွန်တော် ဘယ်လိုအလုပ်လုပ်ပြီး ရှာဖွေစားသောက်နေရသလဲဆိုတာ သူ ိတာမှမဟုတ်တာ၊ ဒါကို အခန့်သားကြီး သူတစ်ပါးအိမ်မှာ ထိုင်စားသောက်နေတာ ဘာသဘောလဲ အမေ၊ သူ့ကို လူတစ်လုံး တစ်လုံးဖြစ်အောင် ကျွေးမွေးစောင့်ရှောက်လာတဲ့ အမေ့ကို စားဖို့ ကြိုးစားတာ ဘာသဘောလဲ"

အို

ကိုကိုကြီး နောင်သန့်စင်ဆီမှ ပြင်းထန်သော စွပ်စွဲချက် က ပုံအပ် ရင်ထဲသို့ စူးနစ်စွာ စိုက်ဝင်လာသော အဆိပ်လူး ပမာ။

ဟင့်အင်း ကိုကိုကြီး

ပုံအပ်ကို အထင်မလွဲပါနဲ့။

ပုံအပ် အမေ့ကို ဘယ်တုန်းကမှ နိုင်းစားဖို့စိတ်ကူးမရှိ ပါ။ အဲဒါကို ယုံပါ ကိုကိုကြီးရယ်။ ပုံအပ်မှာ အဲဒီလို

ရှိုင်းစိုင်းစုတ်ပြတ်နေတဲ့ အတွေးစိတ်ကူးမျိုး တကယ်ပဲ မရှိခဲ့ပါဘူး ရှင်။

ပုံအပ်တစ်ယောက် ခြံပိုင်းလေးထဲကနေ မသိမသာလေး ပြန့်ပြေးထွက်ကာ ခြံပြင်ခုံတန်းလေးတွင် တိတ်တဆိတ်လေးထိုင်ကာ ပါးစပ်လေးကို အသံမထွက်အောင်ပိတ်ပြီး တစ်ယောက်တည်း ကြိတ်ငိုနေမိသည်။

"မောင်နောင် မင်း မင်း ဘယ်လိုပြောလိုက်တာလဲ၊ ဘယ်သူက အမေ့ကို နိုင်းစားနေလို့လဲ၊ အခု ဈေးရောင်းတယ်ဆိုတာ မင်းတို့အတွက် ရည်ရွယ်ပြီး ရောင်းဖို့စဉ်းစားတာကွ၊ မင်းတို့ချည်းပဲ ရှာဖွေနေရတာကို ငဲ့ညှာပြီး တစ်ဖက်တစ်လမ်းက ငွေလေးရအောင်လုပ်တာ၊ သမီးငယ် ပုံအပ်နဲ့ဘာမှမဆိုင်ဘူး"

"အဓိပ္ပာယ်မရှိတာ အမေရာ၊ အလကားနေ ကျွန်တော်တို့ဘက်ကို မပုံချစမ်းပါနဲ့၊ အမေ့စိတ်ထဲမှာ ဘယ်သူ့အတွက် ရည်ရွယ်တယ်ဆိုတာ အသိသာ အထင်ရှားကြီးပါဗျာ"

"မောင်နောင်"

"ကဲပါဗျာ ဒါဆိုလည်း ထားလိုက်ပါတော့၊ ကျွန်တော်တို့အတွက်ဆိုရင်လည်း အမေ့အကြံအစည်ကို စွန့်လွှတ်လိုက်ပါတော့၊ အမေ လုပ်ကျွေးတာကို ကျွန်တော်တို့ လုံးဝမစားရက်ဘူး အမေ ဈေးမရောင်းနဲ့၊ ဟုတ်ပြီလား"





သားကြီးက စိတ်ဆိုးမာန်ဆိုးနှင့် မိမိကို အရွဲ့တိုက်စကားဆိုကာ အိမ်နောက်ဘက်ရှိ သူ့ကိုယ်ပိုင်အခန်းကျဉ်းလေးဆီ ဝင်သွားတော့သည်။

သမီးကြီး သဲသက်နှင်းက သားအမိနှစ်ယောက် တစ်ယောက်တစ်ခွန်း စကားများနေတာကို ဘာစကားမှမပြောဘဲ ထိုင်ကြည့်နေရာမှ သူ့အစ်ကို ဝင်သွားရာ နောက်ဘက်အခန်းလေးဆီ ဆတ်ခနဲ ထလိုက်သွား၏။

ဒေါ်နှင်းနှင်းဆွေ သမီးကြီးအကြောင်းကို ကောင်းကောင်းသိသည်။ သူ့အစ်ကိုအခန်းထဲသွားပြီး မောင်နှမနှစ်ယောက် ကြိတ်မနိုင် ခဲမရ အတင်းပြောကြတော့မည် ဆိုတာကိုပေါ့။

သွေးဆုလွယ်သော အစ်ကိုဖြစ်သူကို မီးလောင်ရာ လေပင့်သွားလုပ်ချေတော့မည်။ ဒေါ်နှင်းနှင်းဆွေတစ်ယောက် အတွေးခေါင်လွန်းသော သားနှင့်သမီး ဝင်သွားရာ နောက်ဖေးဘက်ပေးဆီ ချက်စောင်းကြီးကိုသာ ဒိုင်းခနဲ ထိုးလိုက်မိတော့၏။

"ဟောတော့ အခုမှသတိရတယ်၊ မိုးတောင်မှောင်လို့ပါလား"

ဒေါ်နှင်းနှင်းဆွေတစ်ယောက် အခုမှပဲ အပြင်ဘက် ပတ်ဝန်းကျင်ဆီ မျက်စိလေးရောက်ကာ သတိထားမိသွားရသည်။

နာရီဆီ ဖျတ်ခနဲ လှမ်းကြည့်မိ၏။

ခုနစ်နာရီတီတီ ထိုးနေသည်။

ကြည့်စမ်း

အခုချိန်ထိ သမီးငယ်လေး ပုံအပ် အိမ်ပြန်မလာသေးပါလား။

အရင်ကဆိုလျှင် ညနေကျောင်းဆင်းတာနှင့် နာရီဝက်လောက်ဆို အိမ်ပြန်ရောက်လာတတ်သော သမီးလေးက ဒီကနေ့မှ ထူးထူးခြားခြား အိမ်သို့ ရောက်မလာသေးချေ။

ဒေါ်နှင်းနှင်းဆွေ တစ်ယောက် ထိုင်ရာကနေ ဆတ်ခနဲ ထမိ၏။ အသင့်ဆောင်ထားသော လက်နှိပ်ဓာတ်မီးအသေးလေးကို ယူကာ ဖိနပ်ချွတ်သို့ ဆင်းလိုက်သည်။

အိမ်နေရင်း ဖိနပ်စုတ်လေးအား စွပ်လိုက်ပြီး ခြေလှမ်းသုတ်သုတ် လှမ်း၍ ခြံဝိုင်းလေးထဲသို့ ဆင်းခဲ့လိုက်သည်။

ဒေါ်နှင်းနှင်းဆွေ ရင်ထဲမှာ သမီးငယ်လေးအတွက် စိုးရိမ်ပူပန်စိတ်တွေနှင့် ပြည့်နှက်နေရသည်။

"အမေ"

"ဟင်"

ခြံပြင်သို့အတွက် သစ်သားခုံတန်းလေးတွင် ထိုင်နေသော ပုံအပ်က အသံလှမ်းပေးတာကြောင့် ဒေါ်နှင်းနှင်းဆွေ ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားရ၏။





"အမေ သမီးကို လိုက်ရှာဖို့မဟုတ်လား"

"သမီး သမီးလေးရယ် ဒီမှာ ဘာထိုင်လုပ်နေတာလဲ၊ အမေဖြင့် ရင်ကို တထိတ်ထိတ်နဲ့ စိုးရိမ်လိုက်ရတာကွယ်"

"သမီး ဝင်မလို့ပဲ၊ အမေနဲ့ ကိုကိုကြီး စကားတွေများနေလို့ မဝင်ဘဲ ဒီမှာထိုင်နေတာ"

ဟယ်

ဒေါ်နှင်းနှင်းဆွေ ပုံအပ်လေးရဲ့ စကားကြောင့် မျက်နှာလေး ကွက်ခနဲ ပျက်သွားရသည်။ သားကြီးရဲ့စကားတွေကို ကြားသွားတဲ့အတွက်ကြောင့်လည်း သမီးလေးအတွက် စိတ်မကောင်းဖြစ်သွားရ၏။

"သမီးလေး"

"အမေ စိတ်မကောင်းဖြစ်သွားလားဟင်၊ မဖြစ်ပါနဲ့အမေရယ်၊ ပုံအပ် တကယ် ဘာမှမခံစားရပါဘူး၊ ကိုကိုကြီးခုလိုပြောတာ ပထမအကြိမ်မှ မဟုတ်တာဘဲ အမေရယ်၊ ပုံအပ်နိုင်ရည်ရှိနေပါပြီ၊ ကိုကိုကြီးကို ပုံအပ် စိတ်မဆိုးပါဘူး၊ သူကအမေ ဈေးရောင်းမှာစိုးလို့ စိတ်ပူပြီး ပြောတာပဲဟာ၊ ပုံအပ် နားလည်ပါတယ် အမေ"

သမီးလေးရယ်

အပြုံးရိပ်လေးတွေနဲ့ သွက်လက်စွာ ပြောနေတဲ့ သမီး

ငယ်လေး ပုံအပ်ရဲ့ မျက်နှာလေးကိုကြည့်ပြီး ဒေါ်နှင်းနှင်းဆွေ တစ်ယောက် မျက်ဝန်းအိမ်မှ မျက်ရည်စအချို့ ရစ်ဝဲကာ ဝေသီသွားရသည်။

''အမေ''

''ဟင်''

''သမီး စာကူးနေလို့ ဒီနေ့ အိမ်ပြန်နောက်ကျသွားတယ် အမေ၊ ရုံးမာက စာကျက်တဲ့ ဂိုက်ရှိတဲ့အချိန်နဲ့ စာသင်ဝိုင်းသွားတက်ရတဲ့အချိန်နဲ့ဆိုတော့ အားတဲ့အချိန်က အရမ်းနည်းတာလေ၊ ဒါကြောင့် သူ့ အချိန်လေး ဖဲ့ပေးတုန်း မေးခွန်းဟောင်းပုံစံနဲ့ သမီးလိုအပ်တဲ့စာတွေ သွားကူးနေတာ''

''ဩော် အေး အေး၊ ကဲ လာ သမီးလေး အိမ်ထဲဝင်ရအောင်၊ မိုးချုပ်နေပြီဆိုတော့ ရေချိုးမနေနဲ့တော့၊ ခြေလက်သန့်ရှင်းရေးပဲလုပ်၊ အမေ သမီးကို ထမင်းစားဖို့စောင့်နေတာ''

''ဟုတ်ကဲ့ အမေ''

ပုံအပ် ခုံတန်းလေးပေါ်ကနေ ထရပ်ကာ လွယ်အိတ်လေးကို ကောက်လွယ်လိုက်သည်။

အမေ ရှေ့ကနေ ထွက်သွား၏။

ပုံအပ် အမေ့နောက်ကနေ ကပ်လိုက်ခဲ့လိုက်သည်။ စောစောက ဖြစ်သမျှကို အမေ စိတ်မကောင်းဖြစ်မှာစိုး၍ အမေ့





ရှေ့မှာ ဘာမှမဖြစ်သယောင် ဆောင်ပြလိုက်မိသည်။ ဒါမှလည်း အမေ စိတ်ပေါ့ပါးရမှာလေ။ မဟုတ်လျှင် ပုံအပ်အတွက် အမေ ဝမ်းနည်းပြီး မျက်ရည်ကျဦးမည်။

ပုံအပ်

အမေ့ကို သနား၏။

ချစ်လည်း ချစ်သည်။

ဒါကြောင့် ပုံအပ်အတွက်နှင့် အမေ ဘာမှမခံစားစေလိုပါ။

အပြုံးလေးတွေနှင့်ပဲ အမေ့ထံ တုံ့ပြန်လိုက်တော့ အမေလည်း စိတ်သက်သာရာ ရသွားသလို သက်ပြင်းငွေ့ငွေ့ ရှိုက်နိုင်တော့၏။

အမေရယ်

ပုံအပ် အမေ့ကိုသိပ်ချစ်တယ်။

အရမ်းချစ်တယ် အမေ။

ပုံအပ် ရင်ထဲမှာတော့ အမေဟာ ပုံအပ်ရဲ့ အမေအရင်းပါပဲ အမေ။ ပုံအပ်ကြောင့် အိမ်မှာ အမေနေရတာ ဘယ်လောက်ခက်ခဲပင်ပန်းနေရသလဲဆိုတာလည်း သိပါတယ်။ အဲဒါကြောင့်လည်း ပုံအပ် အမေ့ကိုပိုပြီး သနားတာပေါ့ အမေရယ်။

ပုံအပ် အမေ့ကို အရမ်းသနားတာပဲရှင်။

* * *

# အခန်း (၃)

"ပုံအပ်"

"ရှင် မမကြီး"

"ဒါ နင်ဆေးထားတာ မဟုတ်လား"

"ရှင်"

"ငါ့ထမင်းချိုင့်ကို နင်ဆေးထားတာမဟုတ်လား"

"ဟုတ်တယ်လေ မမကြီး၊ ပုံအပ် ဆေးထားတာ၊ ဘာဖြစ်လို့လဲဟင်"

"ဒီမှာ ကြည့်စမ်း၊ ချိုင့်မှာ အဆီတွေမပြောင်ဘူး၊ နင် ဘာကိုကြည့်ပြီး ဆေးတာလဲဟင် ပုံအပ်၊ နင့်မျက်လုံးတွေက ဘာကို ကြည့်နေလို့လဲ၊ ဟင်းအဆီတွေ စွဲနေတာတောင် နင်မမြင်ဘူးလား ဟဲ့"

"ဟို ဟို ပုံ ပုံအပ် ပြန်ဆေးပေးပါ့မယ် မမကြီး"





"အလုပ်လုပ်တာ လက်ကြောကိုမတင်းဘူး၊ အိမ်မှာ အခန့်သားနေပြီး ရသမျှအခွင့်အရေးတော့ အကုန်ယူချင်တယ်၊ မပြောချင်လို့ ကြည့်နေတာကြာပြီ သိလား၊ ညည်းအချိုးတွေကို ပြင်ထား မိပုံအပ်၊ ညည်းကို တစ်စက်မှကြည့်လို့မရတော့ဘူး"

မမကြီးကတော့ ဓာတ်လမ်း စလာချေပြီ။

"ပုံအပ်"

"ရှင် မမကြီး"

"ဒါ နင်ဆေးထားတာ မဟုတ်လား"

"ရှင်"

"ငါ့ထမင်းချိုင့်ကို နင်ဆေးထားတာမဟုတ်လား"

"ဟုတ်တယ်လေ မမကြီး၊ ပုံအပ် ဆေးထားတာ၊ ဘာဖြစ်လို့လဲဟင်"

"ဒီမှာ ကြည့်စမ်း၊ ချိုင့်မှာ အဆီတွေမပြောင်ဘူး၊ နင် ဘာကိုကြည့်ပြီး ဆေးတာလဲဟင် ပုံအပ်၊ နင့်မျက်လုံးတွေက ဘာကို ကြည့်နေလို့လဲ၊ ဟင်းအဆီတွေ စွဲနေတာတောင် နင်မမြင်ဘူးလား ဟဲ့"

"ဟို ဟို ပုံ ပုံအပ် ပြန်ဆေးပေးပါ့မယ် မမကြီး"

"အလုပ်လုပ်တာ လက်ကြောကိုမတင်းဘူး၊ အိမ်မှာ အခန့်သားနေပြီး ရသမျှအခွင့်အရေးတော့ အကုန်ယူချင်တယ်၊ မပြောချင်လို့ ကြည့်နေတာကြာပြီ သိလား၊ ညည်းအချိုးတွေကို ပြင်ထား

မိပုံအပ်၊ ညည်းကို တစ်စက်မှကြည့်လို့မရတော့ဘူး"

မမကြီးကတော့ ဓာတ်လမ်း စလာချေပြီ။

"ပုံအပ်"

"ရှင် မမကြီး"

"ဒါ နင်ဆေးထားတာ မဟုတ်လား"

"ရှင်"

"ငါ့ထမင်းချိုင့်ကို နင်ဆေးထားတာမဟုတ်လား"

"ဟုတ်တယ်လေ မမကြီး၊ ပုံအပ် ဆေးထားတာ၊ ဘာဖြစ်လို့လဲဟင်"

"ဒီမှာ ကြည့်စမ်း၊ ချိုင့်မှာ အဆီတွေမပြောင်ဘူး၊ နင် ဘာကိုကြည့်ပြီး ဆေးတာလဲဟင် ပုံအပ်၊ နင့်မျက်လုံးတွေက ဘာကို ကြည့်နေလို့လဲ၊ ဟင်းအဆီကျေ ခဲနေတာတောင် နင်မမြင်ဘူးလား ဟဲ့"

"ဟို ဟို ပုံ ပုံအပ် ပြန်ဆေးပေးပါ့မယ် မမကြီး"

"အလုပ်လုပ်တာ လက်ကြောကိုမတင်းဘူး၊ အိမ်မှာ အခန့်သားနေပြီး ရသမျှအခွင့်အရေးတော့ အကုန်ယူချင်တယ်၊ မပြော ချင်လို့ ကြည့်နေတာကြာပြီ သိလား၊ ညည်းအချိုးတွေကို ပြင်ထား

မိပုံအပ်၊ ညည်းကို တစ်စက်မှကြည့်လို့မရတော့ဘူး"

မမကြီးကတော့ ဓာတ်လမ်း စလာချေပြီ။





မမကြီးရဲ့ ထမင်းချိုင့်ကို ပုံအပ် သေသေချာချာ ဆေးပေး ထားတာပါ။ စတီးချိုင့်လေးက ပြောင်ပြီး သန့်နေတာပါပဲ။ ဒါကို ပြဿနာရှာချင်နေတဲ့ မမကြီး သဲသက်နှင်းက မပြောင်ဘူးဟု စွဲကာ ပုံအပ်ကို အပြစ်ရှာနေ၏။

သို့သော်

ပုံအပ် မမကြီး စိတ်မကျေမနပ် ဖြစ်နေတာကိုသိသဖြင့် ဘာမှအထွန့်တက် ပြေရှင်းမနေတော့ဘဲ နောက်တစ်ကြိမ် ပြန်ဆေး ဆေးနေမိသည်။

"ပုံအပ်"

"ရှင်"

"အိမ်မှာနေရင် ကောင်းကောင်းနေနော်၊ အမေ့ကို အနား ထပ်ပြီး ဟိုအကြံဉာဏ်ပေးလိုက်၊ ဒီအကြံဉာဏ်ပေးလိုက်နဲ့ လုပ် နေနဲ့၊ အခုကိစ္စမှာလည်း ညည်းရဲ့စနက်ပဲဆိုတာ ငါတို့သိတယ်၊ အမေက ဘာမှသိတဲ့သူ မဟုတ်ဘူး၊ ညည်း ထောင်ပေးလို့ အခု လိုတွေ လျှောက်လုပ်ဖို့စဉ်းစားနေတာ၊ ညည်း သိပ်ပြီး ကြိုးဟ်မွေ နေနဲ့၊ အမေနဲ့ ငါတို့ကြားမှာ သွေးမကွဲကွဲအောင် ညည်း ဖန်တီး နေနဲ့ မိပုံအပ်"

"ဟို ပုံ ပုံအပ်က ဘာ ဘာလုပ်မိလို့လဲ မမကြီးရယ်"

"အမလေး ညည်းကပဲ ပြန်မေးနေရသေးတယ်၊ အမေ့ကို ဈေးရောင်းဖို့ အကြံဉာဏ်ပေးတာ ညည်း မဟုတ်လား မိပုံအပ်၊

ဘာ အခုမှ မသိချင်ယောင်ဆောင်ပြီး ပြန်မေးနေတာလဲ၊ ညည်း
အဲကြောင်းမသိရင် ခက်မယ်"

ပုံအပ် ငြိမ်သက်စွာနေမိသည်။

မဟုတ်ဘူးလို့ ငြင်းလျှင်လည်း မမကြီးက လက်ခံ
ကြည့်ပေးမှာမှမဟုတ်တာ။ ဒေါသကြီးပြီး သွေးဆူလွယ်လွန်း
မမကြီးသဲသက်နှင်းရဲ့ အကြောင်းကို သိထားသဖြင့် ပုံအပ် ဘာ
ပြန်ပြောမနေမိတော့ချေ။

"ဒီမှာ မိပုံအပ်"

"ရှင်"

"ညည်းက ငါတို့မိသားစုကို ဘာထင်နေလဲ"

"ရှင်"

"ညည်းရဲ့ကျွန်တွေလို့ ထင်နေတာလား"

"အို မမကြီး"

"ဘာ မမကြီးလဲ၊ ညည်းသိထားဖို့က အခုအရွယ်
ငါတို့က စောင့်ရှောက်ထားတာကိုပဲ လွန်နေပြီအေ့၊ ငါတို့သွေးသား
လည်းမဟုတ်၊ ဆွေမျိုးလည်းမဟုတ်၊ ညည်းကို ဘယ်လောက်
ငါတို့က ပေးဆပ်နေရဦးမှာလဲ၊ ငါတို့မှာလည်း မနည်းကြိုးစား
အိမ်စရိတ်ကို ရှာနေရတာအေ့၊ ညည်းက အကျောကြီးနဲ့မ
စာသင်ချင်နေလို့ ရမလား၊ ကျောင်းထွက်ပြီး အလုပ်လုပ်
မိပုံအပ်"





ဟင်

မမကြီးရဲ့စကားကြောင့် ပုံအပ် မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရသည်။

"သေစာရင်စာဖတ်တတ်ပြီဆိုရင် တော်ပြီပေါ့အေ၊ အမေ့ကိုလည်း သနားပါဦး၊ ညည်းအတွက်ချည်းပဲ ပူလောင်နေရတာ၊ ရပ်ကွက်ထဲမှာလည်း မျက်နှာငယ်ခံပြီး လိုက်ချေးငှားနေရတယ်တဲ့၊ ညည်းရဲ့ ကျောင်းစရိတ်တွေ ပေးနိုင်ဖို့လေ၊ ဟွန်း၊ ငါတို့ဆီက မတောင်းရဲတော့ အဲဒီလိုတွေ လျှောက်လုပ်နေမှာပေါ့"

အို

အမေရယ်။

ပုံအပ်အတွက်ကြောင့်တဲ့လား။

မမကြီးရဲ့ စကားလုံးတွေက ပုံအပ်ရင်ထဲ စူးနစ်ကာ စိုက်ဝင်လာ၏။ ပုံအပ်ရင်လေး စူးရှနာကျင်သွားရသည်။

မသိပါ။

ပုံအပ် အဲဒါတွေ ဘာတစ်ခုမှမသိခဲ့တာ အမှန်ပါ။

ပုံအပ်ကို အခုလိုကျောင်းထားပြီး ပညာသင်ပေးနေတာ အမေ့အတွက် ဘယ်လောက်ထိ တာဝန်ကြီးသလဲဆိုတာတော့ ပုံအပ် သိပါသည်။ ကိုကိုကြီးနဲ့ မမကြီးတို့ရဲ့ လစာလေးတွေကို မှီခိုပြီး စားနေရတဲ့ အမေ့မှာ အပိုဝင်ငွေမှမရှိတာ။

သို့ပေမယ့်

အမေက ပုံအပ်ကို ပညာတတ်ကြီးတစ်ယောက် အရမ်းဖြစ်စေချင်တဲ့သူလေ။ ပုံအပ် ကျောင်းထွက်ပြီး အလုပ်လုပ်မယ်ပြောတော့ အမေက တအားစိတ်ဆိုးပြီး ပုံအပ်ကို ဆူပူကြိမ်းမောင်း၏။ ပုံအပ် အရွယ်က အလုပ်လုပ်ရမယ့်အရွယ် မဟုတ်ဘူးတဲ့။ ကျောင်းစာကိုပဲ ဖိကြိုးစားဖို့ပဲ အမေက တိုက်တွန်းနေခဲ့သည်။ ကျောင်းတစ်ရက်ပျက်လျှင်တောင် အမေက မကြိုက်ချေ။ ပုံအပ်ကို ပညာတတ်ကြီးတစ်ယောက်ဖြစ်အောင်ပဲ ကြိုးစားစေခဲ့သည်။

"မိပုံအပ်"

"ရှင် မမကြီး"

"ငါပြောတာ ညည်းကြားရဲ့လား"

"ရှင်"

"ကျောင်းထွက်ပြီး အလုပ်လုပ်လို့ ပြောနေတာလေ ညည်းကို ငါတို့ ရှာမကျွေးနိုင်ဘူးအေ့၊ ငါတို့ဘဝရှေ့ရေးလည်း ရှိသေးတယ်၊ အခုတော့ ငါတို့မှာ အမေ့မျက်နှာနဲ့ ညည်းကိုပဲ လုပ်ကျွေးနေရတယ်၊ ညည်း နည်းနည်းပါးပါး အသိတရားလေး ဝင်ပါဦး၊ ငါတို့ကို ဘယ်လောက်ထိ နိုင်းစားဖို့များ စိတ်ကူးနေသလဲ ပုံအပ်"

သဲသက်နှင်းတစ်ယောက် ပုံအပ်ကို အမြင်ကတ်ကတ်နှင့် ကျောင်းပဲထွက်ခိုင်းနေမိသည်။

ဟုတ်တယ်လေ။





သင်းက သူမတို့နဲ့ ဘာမှသက်ဆိုင်တဲ့သူမှမဟုတ်တာ။

အဖေက သူ့လက်အောက်က အလုပ်သမား ကောက်ရဘာတဲ့ ကလေးကို သနားကရုဏာသက်ပြီး မွေးစားဖို့ ခေါ်လာခဲ့ဘာလေ။ ဘယ်သူကမွေးပြီး ဘာအကြောင်းကိစ္စနှင့် စွန့်ပစ်ခဲ့မှန်းသေး။ ဘယ်သူမှ တာဝန်ယူမယ့်သူမရှိလို့ဆိုပြီး အိမ်ကိုခေါ်လာခဲ့ဘာ။

မှတ်မှတ်ရရ

ထိုအချိန်က သူမရဲ့အသက်က ရှစ်နှစ်သမီးအရွယ်သုံးတန်း ကျောင်းသူလေးဖြစ်နေပြီး ကိုကြီးနောင်သန့်စင်က ဆယ်နှစ်သား ငါးတန်းကျောင်းသား ဖြစ်နေသည်။ အဖေက လမ်းလေးလျှောက်တောက်လျှောက်လှမ်းတတ်စ ဖြစ်နေသော ကလေးမလေးတစ်ယောက်ကိုချီလျက် အိမ်ကို အပြုံးတွေနှင့် ပြန်လာ၏။

ပြီးနောက် အမေ့ကို စကားတွေအများကြီးပြောကာ ကလေးမလေးကို အမေ့လက်ထဲအပ်သည်။ မကြာပါဘူး၊ ကောင်မလေး အိမ်ကိုရောက်ပြီး တစ်ပတ်လောက်ပဲ ရှိသေးသည်၊ အိမ်ကို သတင်းဆိုးတစ်ခုက ရောက်လာ၏။

အဖေ ကားတိုက်မှုဖြစ်လို့တဲ့။

အဖေ့ကိုတိုက်မိတဲ့ကားဆရာက လိုင်းကားမောင်းတဲ့သူ။ ငွေကြေးလျော်နိုင်တဲ့အင်အားက မရှိ။ အဖမ်းခံ၏။ ဆေးရုံပေါ်ရောက်နေတဲ့ အဖေ့ကို အိမ်က စုဆောင်းထားသမျှ ငွေကြေးတွေ

နှင့်ပဲ ကုသရသည်။ ရပ်ကွက်ထဲက လူတချို့က ခြေနှစ်ချောင်း ကယ်လို့ အခုလိုဖြစ်တာတဲ့။ နိုက်တာဟု အမေ့ကို ပြောကြ၏။

သဲသက် သိတတ်စအရွယ်ဆိုတော့ အဲဒါတွေအားလုံး ဒီကောင်မလေးကြောင့်ဟုသာ အသည်းထဲ စွဲနစ်အောင်ပင် မှတ်ထားမိသည်။ အဖေက ကားတိုက်မိသည့်အချိန်မှာ တစ်ခါတည်း မသေဘဲ နှစ်နှစ်လောက်ကြာမှ သွေးကင်ဆာဖြစ်ပြီး သေ၏။ လူတွေက အမျိုးမျိုး ထင်ကြေးတွေ ပေးကြပေမယ့် သဲသက် စိတ်ထဲမှာတော့ မိပုံအပ်ကြောင့် မိသားစုတွေ အခုလို စိတ်ဆင်းရဲစရာတွေကြုံရတာပဲဟု တစ်ထစ်ချ စိတ်စွဲထားမိ၏။

မချစ်ဘူး။

အဲဒီကောင်မလေးကို သဲသက် လုံးဝမချစ်ဘူး။

သဲသက်လိုပဲ ကိုကိုကလည်း မိပုံအပ်ကို စူးစူးနစ်နစ်ကြီး မုန်းခဲ့သည်။ သို့သော် အမေက မကြာခဏ ဆူပူကြိမ်းမောင်းကာ နောက်ဆုံး ရိုက်နှက်သည်အထိ ဆုံးမတတ်တာကြောင့် အမေ့ကိုကြောက်ပြီး သဲသက်တို့ ငြိမ်နေခဲ့ကြတော့၏။

အမေကလည်း မသေခင် ကိုကိုနဲ့ သဲသက်ကို အထပ်ထပ်မှာကြားခဲ့သည်။ ညီမလေး ပုံအပ်နှင်းကို ကိုယ့်သွေးသားရင်းချာလို ဆက်ဆံပါတဲ့လေ။

ဒါကြောင့် သဲသက်တို့ ငြိမ်သက်စွာပင် လက်ခံထားခဲ့ရသည်။





ခုတော့

မိပုံအပ်လည်း အရွယ်ရောက်ပြီ။ ပညာကိုလည်း သင်သင့်လောက် သင့်ရပြီ။ တော်ပြီပေါ့။ ဒါကို သင်းက ဘယ်လောက်တောင် လောဘတကြီးနဲ့ သူမတို့ကို နိုင်းစားနေချင်သေးသလဲ။

အမေက ပုံအပ် စာတော်လို့ ပညာတတ်ကြီးတစ်ယောက်စေချင်တယ်တဲ့။ သင်းသာ ပညာတတ်ဖြစ်သွားရင် အမေ့ကိုလှည့်ကြည့်မယ် ထင်သလား။ သူစိမ်းဆိုတာ သူစိမ်းစိတ်ပဲမှာပဲ။

တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် ကျေးဇူးတရားထက် သူ့ကိုယ်အချိန်က ဘယ်လိုပြောဆိုဆက်ဆံခဲ့တာဆိုပြီး နာစရာတွေည်းပဲ တွေးပြီး ခြေစုံကန်ထွက်သွားမှာလေ။ ဒါကို အမေကပေမယ့် သဲသက်တို့ကတော့ သိသည်။

လုပ်မပေးနိုင်ပါဘူး။

သဲသက်တို့အားလုံးကို လှေကားထစ်လို အသုံးချသွားတို လုံးဝလက်မခံနိုင်ဘူး။ ဒါကြောင့် ဇွတ်အတင်းပဲ ကျောင်းတ်နိုင်းနေမိသည်။

"မိပုံအပ်"

"ရှင် မမကြီး"

"ငါပြောတာ ကြားရဲ့လား"

"ဟုတ် ဟုတ်ကဲ့၊ ကြားပါတယ်"

“ကြားရင် ပြီးရော၊ ဒါပေမဲ့ ငါ့ကြောင့် ကျောင်းထွက်တယ်ဆိုပြီးလည်း အမေ့ကို သွားပြောမနေနဲ့ဦးနော်၊ တော်ကြာ အမေနဲ့ငါ စကားများနေရဦးမယ်၊ ညည်း အသိစိတ်နဲ့ ညည်းပဲလုပ်၊ ငါ့ကြောင့်လို့ အသံထွက်ရင်တော့ နင်နဲ့ငါ အသိပဲ မိပုံအပ်”

ပုံအပ်နှင်း ငြိမ်နေမိသည်။

မမကြီးကိုလည်း အပြစ်မတင်ချင်ပါဘူး။

အိမ်စရိတ်က တကယ်ပဲ လောက်မှမလောက်တာ။ အမေဘယ်လောက်ထိ ခက်ခက်ခဲခဲ ရုပ်တည်နေရသလဲဆိုတာ အနီးကပ်နေနေတဲ့ ပုံအပ် အသိဆုံးပါပဲ။ တစ်ခါတစ်ရံ အိမ်မှာထမင်းချက်ဖို့ပင် ဆန်မဝယ်နိုင်တဲ့ အဖြစ်မျိုးနှင့်ပင် ကြုံရသည်။ ထိုအခါမျိုးတွင် ငွေတိုးချေးစားသော ဒေါ်ဒေါင်းဆီ အမေ ပြေးရ၏။

အတိုးတွေ အဆမတန်ပေးကာ အမေ ချေးငှားပြီး အိမ်ရဲ့စရိတ်ကို ဖြေရှင်းရသည်။

မမကြီး ပြောတာလည်း မှန်ပါတယ်လေ။

ပုံအပ် ပညာသင်နေတာ အမေ့အတွက် တာဝန်အရမ်းပိနေတာပါပဲ။ ပုံအပ် အလုပ်ထွက်လုပ်တာပဲ ကောင်းပါတယ်။ ဆယ်တန်းက တစ်နှစ်အောက်ပြီး နောက်နှစ် အပြင်ကနေ ပြန်ဖြေရင်လည်း ရတာပဲဟာ။

အခုလောလောလတ်လတ်မှာ အမေ့ရဲ့အိမ်စရိတ်အတွက် အတတ်နိုင်ဆုံး သူမ ဝင်ကူမှဖြစ်တော့မည်။





“မိပုံအပ်”

“ရှင် မမကြီး”

“ငါ့ချိုင့်ဆေးပြီးရင် သေသေချာချာ ပြောင်အောင်သုတ်ပြီး ထမင်းဟင်းထည့်ထား၊ ငါ အလုပ်သွားဖို့ ပြင်ဆင်လိုက်ဦးမယ်”

“ဟုတ် ဟုတ်ကဲ့ မမကြီး”

“ဟင်းထည့်ရင်လည်း သေချာအသားလေး ဘာလေးထည့်ပါအေ၊ ကုမ္ပဏီမှာက အများနဲ့ဝိုင်းစားရတာ၊ သူမြင်သူမြင်လေးကောင်းအောင်တော့ ထည့်ပေးပါဦး”

“ဟုတ်ကဲ့ မမကြီး”

“ဟွန်း ပြောလိုက်ရင်တော့ ဟုတ်ကဲ့ချည်းပဲ၊ ပြီးမှသာတလွဲလုပ်တာ၊ ငါ့အပေါ်ဆို စေတနာကိုမပါဘူး”

မမကြီးသဲသက်က ပြောပြောဆိုဆို မီးဖိုချောင်လေးထဲကထွက်သွား၏။ ပုံအပ် တစ်ယောက်မှာသာ မမကြီးနဲ့ ကိုကိုကြီးတို့ ရုံးသွား အဆင်သင့်ယူသွားနိုင်ရန် မနက်စောစောစီးစီးထကာ ထမင်းအိုးတည်ပြီး ညကချက်ထားသော ဟင်းကိုနွှေးကာ ထမင်းချိုင့် ထည့်ပေးနေရသည်။

အသားဖတ် ထည့်တဲ့။

ချက်တာမှ ကြက်သားလေးက နှစ်ဆယ်သားရယ်။ ရင်ပုံယူလျှင် အတောင်ပံက ပါသေး။ ပေါင်ခြမ်းယူလျှင်လည်း ဒူးဆစ်နှင့် တုံးလိုက်လျှင် ကြက်သားက ငါးတုံးလောက်ပဲ ရသည်။

တစ်ယောက်တစ်တုံးထည့်လျှင်လည်း အများနဲ့ စုစားရသော ထမင်းချိုင့်တွေမို့ အမြင်က မသင့်လျော်။ နှစ်တုံးလောက်စီထည့်ပြီး ကျန်အသားတုံးကို အမေ့အတွက် ဖယ်ရ၏။ ပုံအပ်ကတော့ ထုံးစံအတိုင်း ငါးပိရည်နဲ့ တို့စရာပဲပေါ့။

သို့ပေမယ့်

ဘယ်လိုပဲစားရစားရ ပုံအပ် စိတ်ထဲမထားပါဘူး။ အခုလို ထမင်းနပ်မှန်အောင်စားနေရတာကိုပင် ကျေးဇူးတင်လို့မဆုံးအောင်ပင် ရှိနေရသည်။

ပုံအပ် ထမင်းချိုင့်တွေ အဆင်သင့်ထည့်ပြီးတာနှင့် အိမ်ရှေ့ခန်းလေးဆီသို့ ထွက်ခဲ့၏။ စားပွဲလေးပေါ်တင်ထားလိုက်ပြီး မျက်နှာသစ်ဖို့ အိမ်လေးပေါ်ကနေ ဆင်းလိုက်သည်။

ရေတိုင်ကီရှိရာသို့ လျှောက်သွားလိုက်၏။

အတွေးထဲမှာတော့ မမကြီး သဲသက်နှင်းရဲ့ စကားသံတွေက ပဲ့တင်ထပ်စွာ ပြန်လည်ကြားယောင်လျက်ရှိနေရတော့သည်။

ကျောင်းထွက်ပြီး အလုပ်တစ်ခုခုလုပ်တဲ့လေ။

* * *



# အခန်း (၄)

"ဘာရယ် ပုံအပ်၊ သမီး ဘာပြောလိုက်တယ်"

အမေသည် ပုံအပ်မျက်နှာကို အခုမှ မြင်တွေ့ဖူးသူတစ်ယောက်လို စူးစူးကြီး စိုက်ကြည့်ကာ နောက်တစ်ကြိမ် ထင်နေသည်။

"ပုံအပ် ကျောင်းထွက်တော့မယ် အမေ၊ ငွေရအောင် ကျောင်းထွက်ပြီး အလုပ်တစ်ခုခုလုပ်ချင်တယ်"

"မဟုတ်တာ၊ အဓိပ္ပာယ်မရှိလိုက်တာ၊ ညည်းဘာတွေ ဟုတ်မဟုတ် ကြံစည်နေတာလဲ ပုံအပ်ရယ်၊ ပြောစမ်း၊ ဒါ ဘယ်သူ့အကြံဉာဏ်လဲ"

အမေက ခေါင်းတခါခါနှင့် ငြင်း၏။

အမေ့မျက်နှာတွင် ဝမ်းနည်းကြေကွဲရိပ်တွေရော ဒေါသ

ရိပ်တို့ကိုပါ ရောယှက်လျက် တွေ့နေရသည်။

ပုံအပ် မပြောရဲပါ။

မမကြီး သဲသက်နှင်းပါလို့ ပုံအပ် မထုတ်ဖော်ရဲပါ။

"ပုံအပ်ဘာသာ စဉ်းစားမိတာပါ အမေ၊ ဆယ်တန်းစာမေးပွဲက အပြင်ကနေလည်း ဝင်ဖြေလို့ရတာပဲဟာ၊ ဒီတစ်နှစ်အောက်ပြီး ပိုက်ဆံရှာလိုက်ရင် နောက်နှစ်ဆို အေးအေးဆေးဆေး ဝင်ဖြေလို့ရပြီလေ"

"တော်စမ်း ပုံအပ်"

"အမေ သမီးပြောတာ နားထောင်ပါဦး"

"ဘာမှမပြောနဲ့၊ ကျောင်းပဲဆက်တက်"

အမေက ခါးခါးသီးသီးပင် ကျောင်းထွက်သည့်ကိစ္စကို ကန့်ကွက်သည်။ အမေ့မျက်ဝန်းလေးတွေထဲမှာ မျက်ရည်ကြည်တို့ ဝေ့ဝဲလျက်ရှိ၏။ အမေ အရမ်းခံစားနေရမယ်ဆိုတာ ပုံအပ် သိသည်။

ပုံအပ်အတွက် အမေ ဘယ်လောက်ထိ ရည်မှန်းချက်ကြီးမားထားခဲ့သလဲဆိုတာ ပုံအပ် အသိဆုံးပဲဖြစ်သည်။

သို့သော်

ပုံအပ် အမေ့ကို ဒုက္ခမပေးလိုတော့ပါ။

ခက်ခဲစွာ ရုန်းကန်နေရတဲ့ ကိုကိုကြီးနဲ့ မမကြီးတို့ကိုလည်း ဝန်ထုပ်ဝန်ပိုးတစ်ခုလို တာဝန်တွေ မလေးပီစေချင်တော့ပါ။





ဒါကြောင့် ပုံအပ် ကျောင်းဆက်မတက်တော့ဘဲ အလုပ်လုပ်ဖို့ ဆုံးဖြတ်ထားလိုက်မိတော့သည်။

"အမေ"

"........"

အမေက မထူးချေ။

"ပုံအပ်အတွက် စိတ်မကောင်းမဖြစ်ပါနဲ့ အမေရယ်၊ ပုံအပ်လည်း အရွယ်ရောက်နေပြီပဲဟာ၊ အမေ စိတ်ပူပန်မနေပါနဲ့တော့၊ ကိုကိုကြီးနဲ့ မမကြီးကိုလည်း ပုံအပ် ငဲ့ညှာရမယ်လေ၊ ကျောင်းပြီးကတည်းက သူတို့မှာ အလုပ်လုပ်နေရတာ အခုချိန်ထိပဲ၊ ပုံအပ်က ဒီအတိုင်းကြီး အခန့်သားထိုင်စားနေတာဆိုတော့ စိတ်မလုံတော့ဘူး အမေရယ်"

သမီးလေးရယ်။

အမေ သိနေပါတယ်။

သဲသက်နဲ့ သန့်စင်တို့က သမီးကို ကျောင်းထွက်ဖို့ ဖိအားတွေ ပေးနေကြတယ်ဆိုတာ အမေ နားလည်ပါတယ်။ ဒါကြောင့် သမီးလေး အခုလို ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်တာ မဟုတ်လားဟင်။

သနားစရာကောင်းလိုက်တဲ့ သမီးလေးရယ်။

အမေ ဘယ်လိုလုပ်ရမလဲဟင်။

အမေ့သားနဲ့ သမီးတို့ရဲ့ ရင်ထဲက နာကြည်းမုန်းတီးမ
တဲ့ အငြိုးအတေးတွေကို အမေ ဘယ်လိုဖြေဖျောက်ပေးရမ
သမီးလေးရယ်။

"အမေ"

"သမီးရယ်"

အမေက သူမကိုယ်လေးကို ပွေ့ဖက်ကာ တသိမ့်သိ
ရှိုက်ငိုနေ၏။ အမေ့ကိုကြည့်ပြီး ပုံအိပ် မျက်ဝန်းလေးတွေ
မျက်ရည်လေးများ ဝဲလာရသည်။

"အမေက သမီးကို ကျောင်းပဲဆက်တက်စေချင်တာ
အမေ့သမီးလေးက စာလည်း အရမ်းတော်တာလေ၊ ဒီလို က
ကို ကျောင်းနားနိုင်းရတယ်ဆိုတော့ အမေ သိပ်ဝမ်းနည်းတာ
ကွယ်"

"အမေရယ်"

ပုံအိပ်လည်း ကျောင်းဆက်တက်ချင်တာပေါ့။

ဒါပေမဲ့

ဘယ်လိုမှမဖြစ်နိုင်တော့ဘူး အမေ။

အခုဆို ကိုကိုကြီးက အိမ်စရိတ်ကို ပေးမှမပေးနိ
တော့တာ။

အိမ်ထောင်ပြုတော့မယ်ဆိုပြီး သူ့လစာငွေကို စုဆော





နေပြီလေ။ ပြီးတော့ အမေ့ရဲ့ကျန်းမာရေးကလည်း မကောင်း
တစ်ချက် ကောင်းတစ်ချက်နဲ့။ မမကြီးသဲသက်ရဲ့ ဝင်ငွေတစ်ခု
တည်းနဲ့ ဘယ်လိုလုပ်ပြီး ရပ်တည်ကြမလဲ။ ပုံအိပ် ငွေရှာမှဖြစ်
တော့မယ်။

ပုံအိပ် တစ်ကိုယ်ကောင်းမဆန်ချင်ဘူး အမေ။

ပုံအိပ် အမေ့ကို အရမ်းသနားတယ်။

သားသမီးတွေရဲ့ကြားမှာ တစ်ချိန်လုံး ဗျာများနေခဲ့ရတဲ့
အမေ့ကို အေးအေးဆေးဆေးလေး အနားယူစေချင်တယ် အမေ။
ဒါကြောင့် ပုံအိပ် ကျောင်းထွက်ပြီး အလုပ်လုပ်ဖို့ ဆုံးဖြတ်ချက်
ချလိုက်တာပါ။

"သမီးလေး"

"ရှင်"

"သေသေချာချာလေး စဉ်းစားပါဦးကွယ်၊ ကျောင်းထွက်
ပြီး သမီးက ဘာအလုပ်လုပ်မလို့လဲ၊ အခုအချိန်မှာ ဘယ်ကုမ္ပဏီ
ကပဲ အလုပ်ခေါ်ခေါ် အထက်တန်းအောင်မြင်ပြီးသားနဲ့ ဘွဲ့တစ်ခုခု
ရမှ အလုပ်ခန့်ကြတာကွဲ့၊ သမီးလေးနဲ့ မဖြစ်သေးပါဘူးကွယ်"

"ပုံအိပ် အလုပ်ရှာပြီးပြီ အမေ"

"ဟေ"

"ဂျစ်တူးဆီက အလုပ်တောင်းပြီးပြီ"

"ဂျစ်တူးဆီက၊ ဟုတ်လား သမီးလေး"

"ဟုတ်တယ် အမေ၊ သတင်းစာ ပို့ပို့နေတဲ့ လမ်းထိပ်က ဂျစ်တူးလေ၊ စာစောင်တွေရောင်းတဲ့ ဂျစ်တူးပေါ့၊ သူက သူ့အဖေနဲ့ နယ်ကို လိုက်သွားတော့မှာဆိုတော့ သူ့အလုပ်ကို ဆက်မလုပ်နိုင်တော့ဘူး၊ ဒါကြောင့် သူ့ဆီက ဝယ်နေကျအိမ်တွေဆီ သမီးကို လိုက်အပ်ပေးမယ်တဲ့၊ သမီး ဆက်ပို့ပေးရုံပဲ အမေ လိုက်စပ်နေစရာ မလိုတော့ဘူး"

"အို မဖြစ်နိုင်တာ၊ ဒါက ယောကျ်ားလေးတွေလုပ်တဲ့ အလုပ် သမီးရဲ့"

"အမေကလည်း သတင်းစာပို့တာများ ယောကျ်ားလေး မိန်းကလေး အလုပ်ဆိုပြီး ခွဲခြားနေစရာမှမဟုတ်တာ၊ သမီး လုပ်နိုင်ပါတယ်၊ စက်ဘီးနဲ့ ပို့ပေးရုံပဲဟာ၊ ဂျစ်တူးက ပြောတော့ စာစောင်တစ်စောင်ကို ငါးမယ်လောက်မြတ်တယ်တဲ့၊ ယူနေကျ အစောင်ရေလောက်ပဲယူပြီး ရောင်းဦး၊ အနည်းဆုံးတော့ ကိုယ့်အတွက် နေ့စဉ် အမြတ်နှစ်ထောင်လောက် ကျန်တယ်ဆို အမေ၊ သမီးအဲဒီအလုပ်ကို စိတ်ဝင်စားတယ်"

အားတက်သရောပြောနေတဲ့ သမီးငယ်လေး ပုံအပ်နှင်းရဲ့ မျက်နှာလေးကိုကြည့်ပြီး ဒေါ်နှင်းနှင်းဆွေတစ်ယောက် သက်ပြင်း မောလေးကိုသာ ကြိတ်ရှိုက်လိုက်မိတော့သည်။ သားကြီးနဲ့ သမီး





ကြီးတို့ရဲ့ တွန်းအားကြောင့်လည်း သမီးလေးကို မတားဆီးချင်တော့။

"အမေ"

"ဟော"

"သမီး ဆယ်တန်းစာမေးပွဲကို အပြင်ကပဲ အောင်အောင် ဖြေမှာပါ၊ ဒီတစ်နှစ်အောက်တာနဲ့တော့ သမီး ဘာမှဖြစ်မသွားပါဘူး အမေရယ်၊ အမေ စိတ်ချပါ"

မမကြီးနဲ့ ကိုကိုကြီးတို့က ပုံအပ် အလုပ်လုပ်လျှင်ပဲ ကျေနပ်သွားကြမှာလေ။ သူမ ဒီအတိုင်းနေလို့ကတော့ ဘယ်လိုမှ မှာမဟုတ်တော့။ ပုံအပ်ကို သူတို့ညီမအရင်းမဟုတ်ဘူးဆိုတော့ တစ်စက်လေးမှကို စေတနာမရှိကြချေ။

"အေးလေကွယ်၊ အမေတာ အရင်ကလို ကျန်းမာသန်စွမ်းပြီး သားသမီးတွေကိုမှ မားမားမတ်မတ် ရပ်တည်ပေးနိုင်တဲ့ အင်အားမှ မရှိတော့ဘဲ၊ ကောင်းသလိုသာ လုပ်တော့လို့ပဲ ခွင့်ပြုတော့မှာပေါ့လေ"

အမေက ကြေကွဲဝမ်းနည်းစွာပင် ညည်းညည်းညူညူ ဆား ပြောရှာသည်။ စိတ်ဓာတ်တွေ အကြီးအကျယ်ကျနေတဲ့ အမေ့ကို နားလည်စွာပင် သူမ ငေးမောကြည့်နေမိ၏။

ကျေနပ်ပါသည်။

ဘာပဲပြောပြော သူမကို ဒီအရွယ်ထိရောက်အောင် ကျွေ
မွေးပြုစု စောင့်ရှောက်ပေးခဲ့သော အမေ့ရဲ့ ချစ်ခြင်းမေတ္တာတွေ
ရရှိခဲ့တာပဲ ပုံအပ်အတွက် များပြားနေခဲ့ပါပြီလေ။

အမေ တာဝန်ကျေပါတယ် အမေရယ်။

အမေ့ရဲ့ အေးမြတဲ့ မေတ္တာရိပ်မှာ ပုံအပ် တကယ်
ခိုလှုံရတာပါ။

အမေတာဝန်ကျေပါတယ်ရှင်။

"အမေ"

"ဟော"

"ပုံအပ် အပြင်ခဏသွားလိုက်ဦးမယ်နော်၊ ဒီနေ့ ဂျစ်
နဲ့ လိုက်သွားရမယ်လေ၊ ဒါမှ နေ့စဉ်ပို့ရမယ့်အိမ်တွေကို သိရ
ဂျစ်တူးက လိုက်အပ်ပေးမှာလေ"

"အေးကွယ်"

အမေက ကြည်ဖြူစွာပင် ခေါင်းညိတ်ပြတော့ ပုံအ
ပီပြင်စွာပင် ပြုံးလိုက်မိ၏။

ပြီးနောက် ပုံအပ်နှင်းတစ်ယောက် အမေ့ကို ကျုံ့ကျုံ့
ထိုင်ကန်တော့ကာ နေရာကနေ ထရပ်လိုက်သည်။

"သမီးလေး"

"ရှင်"





"မိုးတော့မချုပ်စေနဲ့နော်"

"ဟုတ်ကဲ့"

သူမ ခေါင်းအသာညိတ်ပြကာ သွက်လက်စွာပင်
အိမ်လေးပေါ်ကနေ ဆင်းခဲ့လိုက်သည်။

ဂျစ်တူးတို့အိမ်ဘက် ထွက်လာခဲ့လိုက်၏။

"ဂျစ်တူးရေ ဂျစ်တူး"

သူမ

ဂျစ်တူးတို့အိမ်ရှေ့ဆီသွားပြီး ခြံရှေ့ကနေ ဂျစ်တူးနာမည်
လေးကို အော်ခေါ်လိုက်သည်။

"ဂျစ်တူး"

"ဟော"

"ဂျစ်တူး ငါပါဟ ပုံအပ်"

"သြော် အေး အေး ပုံအပ်၊ ခဏလေးစောင့်၊ ငါထွက်
လာခဲ့မယ်"

"အေး အေး"

ပုံအပ်တစ်ယောက် ဂျစ်တူးတို့ခြံလေးရှေ့တွင် စောင့်နေ
လိုက်သည်။ ဂျစ်တူးက နောက်နှစ်ရက်လောက်ဆို သူ့အမေနဲ့
လိုက်သွားတော့မှာဆိုတော့ အချိန်က ဆွဲနေလို့မရတော့ချေ။ သူမကို
သူ့အလုပ်တွင် အစားထိုးထားရစ်ခဲ့တော့မည်လေ။

ဂျစ်တူးက ဘောင်းဘီတိုပွပွ၊ တီရှပ်ခါးရှည်နှင့် အရော

မွဲညစ်ညစ် ဦးထုပ်အားဆောင်းကာ အိမ်လေးပေါ်ကဆင်းပြီး သူ

ဆီ လျှောက်လာ၏။ ပုံအပ် ပြုံးပြကာ နှုတ်ဆက်လိုက်သည်။

"ပုံအပ်"

"ဟေ"

"နင်တကယ်လုပ်မှာနော်"

"အေးပါဆို၊ အခုပဲ ထွက်လာတာ ကြည့်ပါလားဟဲ့"

"နမြောစရာကြီး ပုံအပ်ရာ"

"ဘာလဲဟ"

ဂျစ်တူးစကားကြောင့် ပုံအပ် မျက်မှောင်လေးတွန့် သွားရ၏။

"နင်က စာတော်တဲ့ကျောင်းသူလေ၊ ကျောင်းဆ မတက်ရတာကို ပြောတာပါ"

"ဒါကတော့ ဘဝပေးအခြေအနေပဲလေ ဂျစ်တူးရ ဘယ်တတ်နိုင်ပါ့မလဲ၊ အမေကလည်း ကျန်းမာရေးသိပ်ကော တာမဟုတ်ဘူးဆိုတော့ အမေ့ကို ငါ ပြန်တစ်လှည့်ကြည့်ရမှာ ငါ အလုပ်ထွက်မလုပ်ရင် အိမ်စရိတ်အတွက် အမေ အ ဈေးထွက်ရောင်းရတော့မှာ၊ အမေ့ကို မပင်ပန်းစေချင်တော့ဘူးဟ

"အင်းလေ၊ ဒါလည်းဟုတ်ပါတယ်၊ ကဲ လာ သွား





စာစောင်တွေ သွားယူရဦးမယ်၊ နောက်ကျနေပြီ ပုံအပ်"

"အေး အေး"

ပုံအပ်တစ်ယောက် ဂျစ်တူးနဲ့အတူ လမ်းမကြီးတစ်လျှောက် ကားတပြောပြောနှင့် လိုက်ပါသွားမိတော့သည်။ အိမ်နီးနားချင်း ချင်း တစ်ယောက်အကြောင်း တစ်ယောက် သိနေပြီးသားမို့ ပြောစရာမလိုချေ။

ဂျစ်တူးက သူမအဆင်ပြေပြေ အလုပ်ဆက်လုပ်နိုင်ရန်သာ နည်းလမ်းများကို သေချာရှင်းပြနေခဲ့သည်။

ပုံအပ်…

ဂျစ်တူးပြောတာတွေ သေချာမှတ်သားနေမိတော့သည်။

* * *

## အခန်း (၅)

"ဟော့…ဟော့ စာစောင်၊ စာစောင်သည် ခဏနေဦးကွ"

အနောက်ဘက်ဆီမှ ခေါ်သံကြောင့် စက်ဘီးလေးကို နင်းထွက်ဖို့ ကြံရွယ်နေသော ပုံအပ် ခဏရပ်ကာ နောက်သို့လှည့် ကြည့်လိုက်မိသည်။

"ဟင်…မင်း…မင်းက"

ကမ္ဘာတစ်ယောက် အကြီးအကျယ် အံ့သြသွားရ၏။

စာစောင်တွေပို့တဲ့သူကို ကောင်လေးတစ်ယောက်ဟု သူ ထင်မှတ်ထားတာလေ။

ခုတော့…

ကောင်မလေးဖြစ်နေသည်။

သူ…





မျက်စိအကြည့်မှားတာမဟုတ်ပါ။ တကယ်ကောင်မလေး …ကောင်မလေးတစ်ယောက်ပါပဲ။

"ခေါ်တာလားဟင်၊ ဘာကိစ္စရှိလို့လဲ"

စက်ဘီးလေးပြန်ကွေ့ကာ သူ့ဆီတွန်းလာရင်း လှမ်းမေးနေ…တ ကောင်မလေးကို အံ့သြမှင်သက်စွာပင် ငေးကြောင်ကြည့်နေ…မှ အသိလေးပြန်ဝင်သွားရကာ…

"ဩော်…ကိုယ် ဂျာနယ်ယူချင်လို့ အဲဒါ"

"ဘာဂျာနယ်လဲဟင်"

"ဘောလုံးဂျာနယ်လေ၊ ဒီနေ့ထွက်တာတစ်ခုခုပေါ့"

"ဟုတ်ကဲ့"

ကောင်မလေးက စက်ဘီးလေးကို ဒေါက်ထောက်ကာ …က်ကယ်ရီယာဆီမှ စာစောင်အထပ်ထဲမှ စာတစ်စောင်ကို …တ်ယူနေ၏။

"အရင်ကပို့တာ မင်းမဟုတ်ဘူးနော်"

"ဟုတ်တယ်၊ ကျွန်တော်မပို့တော့လို့ ပုံအပ်အစားထိုးပို့တာ"

"ပုံအပ် ဟုတ်လား"

သူ့အမေးကြောင့် သူမရဲ့အကြည့်နက်နက်လေးတွေ …ခဲ့ ရောက်သွားရ၏။ စူးရှသောမျက်ဝန်းတစ်စုံ၏ အကြည့်တွေ …ဆုံကာ သူမစိတ်ထဲ တစ်မျိုးကြီးဖြစ်သွားရသည်။ ပုံအပ်မျက်နှာ …လေး တင်းမာသွားရ၏။

"ကိုယ်အံ့သြသွားလို့ပါ"

"ရှင်"

"ဂျာနယ်လိုက်ပို့တာ မိန်းကလေးတစ်ယောက်ဖြစ်နေလို့လေ"

"ရန်ကုန်မြို့ကြီးမှာ ဂျာနယ်ရောင်းတဲ့ မိန်းကလေးတွေ အများကြီးပဲ၊ ဒါ အံ့သြစရာမှမဟုတ်တာ"

ကောင်မလေးက မျက်နှာထားတည်တည်နှင့် ပြန်ပြော၏။

အင်း...။

ဒါတော့ဟုတ်သည်။

မီးပွိုင့်တွေမှာ ကားရပ်လျှင် ဂျာနယ်လက်ပွေ့ရောင်းနေသော အချို့အမျိုးသမီးများကို သူတွေ့ဖူးသည်။ သို့သော် ဤမျှလောက်ချောမောနုညက်နေသည့် မိန်းကလေးမျိုးကိုတော့ ဒီတစ်ခါသာ သူတွေ့ဖူးခြင်းဖြစ်၏။

"ရှော့...ဦးလေးကြီး"

"ဗျာ"

"ပေး...သုံးရာ့ငါးဆယ်"

"ဟော့...မင်း ငါ့ကို ဘယ်လိုခေါ်လိုက်တယ်၊ ဦးလေးကြီးဟုတ်လား၊ မင်းနဲ့ငါ့အသက်က အဲဒီလောက်မှမကွာတာ ပုံအပ်"

ဟွန်း။





သိသားပဲ။

ပုံအပ်နဲ့သူက ရွယ်တူလောက်ပဲရှိတာလေ။

သို့ပေမယ့်...

ပုံအပ်ကို မျက်လုံးပြူးကြီးတွေနဲ့ စိုက်ကြည့်နေတာကို အမြင်ကတ်လွန်းလို့ တမင်အရွဲ့တိုက်ပြီး သူ့ကို ဦးလေးကြီးလို့ ဘမင်ခေါ်ပစ်လိုက်တာလေ။ ဒါကို မျက်နှာကြီးမဲ့ရှုံ့ပြီး အခံရခက်သွားတဲ့ သူ့ပုံစံက ရယ်ချင်စရာပင် ကောင်းနေသေးတော့၏။

"ပုံအပ်"

"ဘာလဲရှင့်"

"ဟ...ဈေးသည်ကလည်း လေသံကမာလိုက်တာ၊ ကိုယ့်ရဲ့(Customer)ကို အဲဒီလိုပဲဆက်ဆံရသလား၊ ညံ့လိုက်တာကွာ"

"ဘာရှင့်"

"ကိုယ်ပြောတာမဟုတ်လို့လား ပုံအပ်ရဲ့၊ တချို့ဈေးသည်တွေများဆိုရင် ကိုယ့်ပစ္စည်းရောင်းရဖို့ လေသံလေးကချိုမြလို့၊ မင်းနဲ့တော့ တခြားစီပဲကွာ"

"ဒီမှာ ကိုအဇ္ဇာ"

"ဟော့...ကိုယ့်နာမည်ကမ္ဘာပိုင်စိုး၊ ကိုအဇ္ဇာမဟုတ်ဘူး"

အမလေး။

ကြီးကျယ်လိုက်တဲ့နာမည်။

ကမ္ဘာပိုင်စိုးတဲ့။

သူ့ဘာသာကမ္ဘာပိုင်စိုးမကလို့ စကြာဝဠာပဲ ပိုင်စိုးနေနေ ပုံအပ်နှင်းတို့ကတော့ စိတ်မဝင်စားဘူး။ ဝယ်သူနဲ့ရောင်းသူ ကြိုက်ရင်ဝယ်၊ မကြိုက်ရင်မဝယ်နဲ့ပေါ့။ အခုလိုအရစ်ရှည်ပြီး စကား တွေဝေ့နေတာတော့ လုံးဝစိတ်မရှည်နိုင်ဘူး။

"ဒီမှာ ကိုကမ္ဘာပိုင်စိုး၊ ရှင်ဝယ်မှာလားမဝယ်ဘူးလား၊ မဝယ်ဘူးဆိုရင်လည်း စာစောင်ပြန်ပေးတော့၊ ကျွန်မ တခြားအိမ် တွေလိုက်ပို့စရာ အများကြီးကျန်သေးတယ်၊ ရှင်တစ်ယောက်တည်း ကြောင့်နဲ့ အချိန်တွေမဖြုန်းတီးနိုင်ဘူးရှင့်"

ပြောပြောဆိုဆို သူ့လက်ထဲက ဂျာနယ်အား ပြန်တောင်း လိုက်မိသည်။ သူကပြန်မပေးဘဲ စာစောင်အား နောက်ဘက်သို့ ကွယ်ဝှက်ပြီး အပြုံးနုနုတွေနှင့် ရီဝေဝေစိုက်ကြည့်ကာ…

"ဒေါသကလည်းကြီးပါ့ဗျာ၊ အင်းပေါ့လေ ကိုယ်က ကြိုက်မိနေတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ အလျှော့ပေးရတော့ မှာပေါ့"

"ဘာပြောတယ်"

"သြော်…ဘောလုံးဂျာနယ်ကို ကြိုက်တယ်လို့ပြောတာ ပါ၊ ဖတ်ကိုဖတ်ချင်နေတာလေ"

ဟွန်း။

ပုံအပ်ရဲ့ မျက်စောင်းလှလှလေးက သူ့ဆီသို့ ဒိုင်းခနဲရောက်





သွားရ၏။ စကားပြောတာကိုက တစ်စက်ကလေးမှ အနှောင့်အသွား လွှတ်ချေ။ တော်ပြီ နောက်တစ်ခါ ဒီလူကို ဘယ်တော့မှ ဂျာနယ် ရောင်းတော့ဘူး။

"ပုံအပ်"

"ဘာလဲ"

"ပိုက်ဆံပေးဖို့ပါ၊ ဘယ်နှယ့်လေသံကြီးက မာနေရတာ လဲ"

"ပြီးရော"

ပုံအပ်နှင်းတစ်ယောက် သူကမ်းပေးသော တစ်ထောင်တန် တစ်ရွက်ကို လှမ်းယူကာ ပြန်အမ်းပေးဖို့ ပခုံးသိုင်းလွယ်ထားသော လွယ်အိတ်ထဲမှ ငွေအကြွေကို ရှာနေလိုက်သည်။

ကမ္ဘာမှာတော့ မျက်နှာထားတင်းတင်း၊ လေသံမာဆတ် ဆတ်နှင့် ဆက်ဆံရေးကျဲလွန်းသော ဂျာနယ်ရောင်းသည့် ကောင်မ လေးချောချောကိုကြည့်ကာ ကြည်နူးစွာပင် ပြုံးနေမိသည်။

နာမည်လေးက ပုံအပ်တဲ့။

သိပ်ချစ်စရာကောင်းတဲ့ ကောင်မလေးပဲ။

သတင်းစာပို့ရင်း ဂျာနယ်တွေပါ လိုက်ရောင်းနေရတဲ့ ကောင်မလေးရဲ့ဘဝက နဖတ်ဝင်းမွတ်နေတဲ့ သူမရဲ့အလှတရား နှင့် ဘယ်လိုမှမအပ်စပ်ချေ။ နေပူကျဲကျဲကြီးထဲမှာ ဘဝအတွက် ဈေးကန်လှုပ်ရှားစီးပွားရှာနေရသည်။

အနီးကပ်မြင်ရတော့မှ ပုံအပ်ဆိုတဲ့ ကောင်မလေးရဲ့ မျက်နှာလေးက ပို၍ပင် ချစ်စရာကောင်းနေသေးတော့၏။ အသား လေးက ရွှေဝါရောင်သန်းကာ ဝင်းဖန့်နေ၏။ ဆံပင်တွေကို အပြောင် သိမ်းကာ ခပ်မြင့်မြင့်လေး စုစည်းထားတာမို့ မျက်နှာလှလှလေး က ထင်းထင်းလေးပေါ်နေသည်။

သေးကျဉ်းသော နဖူးလေးနှင့် လိုက်ဖက်စွာ ဓင်ရော် တောင် မျက်ခုံးနက်နက်လေးက ထင်းနေ၏။ ငွေအကြွေကို နှိုက် ရှာနေသဖြင့် မျက်တောင်ကော့ရှည်ရှည်လေးတွေက စင်းကျကာ နှာတံချွန်လုံးလုံးလေးက ထင်းထင်းလေးရှိနေသည်။

အနည်းငယ် စူတင်းနေသော နှုတ်ခမ်းလုံးလုံးလေးဆီ သူ့မျက်ဝန်းအကြည့်များအရောက် ရင်ခုန်သံလေး ထိတ်ခနဲ မြည်ဟီး သွားရတော့၏။

ထိုစဉ်…

သူမမျက်နှာလေး ဖျတ်ခနဲမော့လာတာမို့ မျက်တောင်လေး တစ်ချက်မခတ်နိုင်ဘဲ သူမမျက်နှာလှလှလေးဆီ ငေးမောကြည့်နေ မိသော သူ့အဖြစ်ကို ရိပ်မိပြီး စိတ်ဆိုးသွားမည်ကို ကြောက်ရွံ့ကာ အကြည့်နက်နက်လေးကို ကမန်းကတန်း ရွှေ့လွှဲလိုက်ရသည်။

"ရော့…ခြောက်ရာငါးဆယ်"

အကြွေကို တိတိကျကျပင် ပြန်အမ်း၏။

"ဟင်…ပိုက်ဆံကလည်း တစ်ခုလုံးတိပ်တွေချည်းပဲ





ကပ်ထားတာပါလား"

"ဒီလိုပဲသုံးနေကြတာပဲ၊ ကျွန်မလည်း ဒါပဲယူရတာပဲ ဟာ"

"ယူတာ့မယူတာက မင်းအပိုင်းလေ၊ ငါကတော့ လက်မခံနိုင်ဘူး၊ ပြန်လဲပေး"

"ကျွတ်"

ကောင်မလေး စိတ်ပျက်သွားဟန်ရှိ၏။ နောက်တစ်ကြိမ် အိတ်ထဲပြန်နှိုက်ရှာနေသည်။ ကမ္ဘာတမင်တကာ ရစ်နေမိခြင်းဖြစ် သည်။

ဘာရယ်ကြောင့်မှန်းမသိ သူမလေးအနားကနေ ထွက်ခွာ သွားမှာကို ကမ္ဘာ အစိုးရိမ်ကြီးစိုးရိမ်နေမိ၏။ အချစ်လား။ မြင်မြင် ချင်းပဲ သူ့ရင်ထဲက နှလုံးသားလေးတွေက သူမလေးကို စွဲစွဲထင်ထင် ရှိနေတာဟာ အချစ်ကြောင့်များလား။

ချာခနဲ လှည့်စောင်းကြည့်လိုက်တဲ့ သူမအကြည့်လေးတွေ ထဲမှာ အံ့ဩမှင်သက်မှုနှင့်အတူ သူ့စိတ်အစဉ်က ပျံ့လွင့်သွားရ သည်။ သူ့ကိုယ်သူပင် သတိမထားနိုင်ခဲ့ချေ။

သေချာပါပြီ။

သိပ်ကိုသေချာသွားပြီ။

ပုံအပ်ဆိုတဲ့ မိန်းမချောလေးကို ရင်ထဲအသည်းထဲကနေ နှင့်သည်းနေအောင်ပင် ချစ်မိသွားပြီလေ။

ပုံအပ်ရယ်။

မင်းစိတ်မဆိုးပါနဲ့နော်။

ကိုယ်တကယ်ပဲ ချစ်မိသွားလို့ပါ။

ကိုယ့်အနားကနေ မင်းလေးအဝေးကို ထွက်ခွာသွားမှာ ကိုယ်တကယ်ပဲ မလိုလားလို့ အခုလိုမျိုးတွေနဲ့ အချိန်ဆွဲနေမိတာပ ပုံအပ်ရယ်။

ကိုယ့်ကိုခွင့်လွှတ်ပါနော်။

ကိုယ့်ကိုနားလည်ပေးပါ ပုံအပ်လေးရယ်။

"ဒီမှာ…ရော့ နှစ်ရာတန်၊ ငါးဆယ်ပြန်ပေးမနေနဲ့ ယူထား လိုက်တော့"

ပုံအပ်အရင်းအတိုင်းပဲ ပေးလိုက်ဖို့ ဆုံးဖြတ်လိုက်သည် မဟုတ်လျှင် ဒီအနားကနေ သူမဆက်သွားရမှာမဟုတ်တော့ဘူ လေ။ တခြားအိမ်တွေ လိုက်ပို့ရမှာအများကြီး ရှိနေသေးသည် ဘယ်သူမဆို စာစောင်ကို စောစောဖတ်ချင်ကြသည်ချည်းပဲမဟုတ် လား။ နောက်ကျနေလျှင် စိတ်ဆိုးကာနေချေတော့မည်။

ဒီတစ်ယောက်တည်းနဲ့ တခြားယူနေကျအိမ်တွေကို မော သည်အပျက်မခံနိုင်ပါဘူး။ သူ့လက်ထဲ နှစ်ရာတန်အသစ်တစ်ရွ အမ်းခဲ့ကာ ထွက်သွားဖို့ပြင်ဆင်လိုက်သည်။

"ပုံအပ်"

"ဘာလဲရှင့်"





"မင်းပိုက်ဆံအရမ်းပေါနေလား"

"ဘာရယ်"

"ငါးဆယ်ကြီးများတောင် လျှော့ပေးရလောက်အောင် မင်းဘယ်လောက်တောင် အမြတ်ကြီးစားနေလဲ ပုံအပ်၊ စာစောင် တစ်စောင်ကို ဘယ်လောက်တောင် ဈေးတင်ထားသလဲ"

"ရှင်…ရှင်"

ပုံအပ်ရဲ့ဒေါသတွေ ငယ်ထိပ်သို့တက်ကပ်သွားရ၏။

ပြောပုံကိုက သူမကပဲ မတရားဈေးတင်ထားသလိုလို။

"ဒီမှာ စကားပြောတာကြည့်ပြောနော်၊ အကြွေမရှိလို့ အရင်းအတိုင်းရောင်းထားတာရှင့်၊ ရှင့်ကိုရောင်းတာ တစ်ပြားမှ အမြတ် မကျန်ဘူးသိရဲ့လား"

"မကျန်ဘူးဆိုရင် တစ်ရာ့ငါးဆယ်ပဲပြန်အမ်းပေါ့၊ ဘာကြောင့် နှစ်ရာတန်အမ်းတာလဲ"

"ရှင့်ဆီကပြန်အမ်းတာ မလိုချင်တော့လို့ပေါ့ရှင့်၊ ကဲ ရှင်းပြီလား"

ပြောပြီး ဒေါနှင့်မောနှင့် စက်ဘီးဒေါက်ကို ချောက်ခနဲ ဖြုတ်ကာ သူ့အားကျောခိုင်းပြီး နင်းထွက်သွား၏။

"ဟာ…ဟေ့…ဟေ့ နေဦးလေ"

သူ…

လှမ်းတားဆီးဖို့ ကြံရွယ်လိုက်ပေမယ့် မမှီတော့။

သူမလေးက စက်ဘီးကို သုတ်ချေတင်ကာ နင်းထွက်သွားသည်။

ဒီတော့မှ…

ကမ္ဘာနောင်တလေး ရသွားရသည်။

သူမလေးမခံချင်စိတ် ဖြစ်လောက်အောင်ပင် သူ အ… အနောက်သန်မိသွားပြီလေ။ ပုံအပ်ကိုကြည့်ရတာ တအားကို စိတ်ဆိုးသွားသလိုပဲ။

ပုံအပ်ရယ်။

မင်းအရမ်းစိတ်ဆိုးသွားပြီလားဟင်။

ကိုယ်နဲ့ နောက်တစ်ကြိမ် ဆုံရမှာတောင် မင်းလန့်သွား… ပြီလား ပုံအပ်ရယ်။

ခွင့်လွှတ်ပါကွာ။

ကိုယ် တမင်တကာလုပ်တာမဟုတ်ပါဘူး ပုံအပ်ရယ်… မင်းကိုချစ်မိသွားလို့ပါ။

အနားကနေ အခုလိုမျိုး အဝေးကြီးကို ထွက်ခွာသွား… စိုးလို့ တားဆီးနေမိတာပါကွာ။ ကိုယ့်ကိုနားလည်ပေးပါ ပုံအ… ရယ်။ ကိုယ်မင်းကို အနူးအညွတ် တောင်းပန်ပါတယ်ကွာ။

* * *



# အခန်း (၆)

"အခုလိုအစောကြီးကတည်းက အသိတရားဝင်ရမှာ၊ … အမေလည်း အသက်ရှုချောင်မှာပေါ့၊ မဟုတ်ရင် အကြွေး… …ချာလည်ပိုင်းပြီး စိတ်ညစ်နေရမှာလေ"

မမကြီးသဲသက်နှင်းက ပုံအပ်ကျောင်းထွက်ပြီး ဂျာနယ်… …ပို့နေတယ်ဆိုတဲ့သတင်းကို ကြားကြားချင်းပင် ဝမ်းသာ… …ပ်နေ၏။ ကိုကိုကြီးကလည်း မမကြီးရဲ့လေသံအတိုင်းပင် …ဖြစ်နေသည်။

ဒါမှ…

အိမ်စရိတ်ကို သူမပေးဘဲ ငွေပိုစုနိုင်တော့မှာကို။

ပုံအပ်ရဲ့ အမြတ်ငွေက ထင်တာထက်ပင် ပို၍ရနေတာမို့ …နှမနှစ်ယောက်စလုံး တပြုံးပြုံးပင်ဖြစ်နေကြတော့၏။

အမေကတော့ ပုံအပ်ပေးတဲ့ငွေလေးကို ဆုပ်ကိုင်
မျက်ရည်တွေဝဲနေသည်။ အမေဘယ်လိုခံစားနေရမလဲဆိုတာ ပုံအ
နားလည်မိ၏။ အမေက ပုံအပ်ကို ကျောင်းစာပဲအလေးထား
ကြိုးစားစေချင်တာမဟုတ်လား။

သားနဲ့သမီးရဲ့စကားကို မလွန်ဆန်နိုင်လွန်းလို့သာ မ
တာ။ ပုံအပ်ကို မွေးစားသမီးမို့ သူစိမ်းဆန်ဆန် ဆက်ဆံနေရတာ
အမေ ရင်အနာကြီးနာနေမှာ ပုံအပ်သိသည်။

"အမေ"

"ဟင်"

"ပုံအပ်ကိုထုတ်ပေးထားတဲ့ အရင်းအတွက် ဘာမှမ
နော်၊ ပုံအပ် ဒေါ်ကြီးဒေါင်းကို တစ်နေ့တစ်ထောင်စီ နေ့သွ
သွင်းသွားဖို့ ပြောထားပြီးပါပြီ၊ အမေ စိတ်အေးအေးနဲ့သာ ဒီ
ကိုသုံးသိလား"

"သမီးလေးရယ်"

ဟော...ကြည့်။

အမေကတော့ ပြောလိုက်တာနှင့် အငိုကစပြီ။

အမေ့မျက်ရည်တွေကို ပုံအပ် ဘယ်လိုမှ မမြင်ရက်ဘူး
တာ အမေမသိတာလည်းမဟုတ်။ အလကားနေ မျက်ရည်
ကျနေ၏။





"အမေကလည်းလေ အလကားနေ မျက်ရည်ကကျချင်နေတယ်၊ အမေ့သမီးနဲ့သားလည်း အခုလိုပဲ သူများလက်ညှိုးထိုးနိုင်းတာ လုပ်နေရတာပါအမေရဲ့၊ သမီးတို့အတွက်လည်း အမေ့မျက်ရည်ကျဖို့ ချန်ထားပါဦး"

မမကြီးသဲသက်နှင်းက အမေ့ကို အကဲပိုလွန်းလိုက်တာဟု အမြင်စောင်းကာ မျက်နှာလေးမဲ့ နှုတ်ခမ်းလေးရွဲ့ကာ မကျေမချမ်း ထပြော၏။

"မဟုတ်ပါဘူးအေ...ညည်းတို့က ဘွဲ့ရပညာတတ်တွေဆိုတော့ ကုမ္ပဏီရဲ့ အေးမြတဲ့အရိပ်မှာ လုပ်နေရတာ၊ ပုံအပ်က နေပူကျဲတဲကြီးမှာ တစ်လမ်းဝင်တစ်လမ်းထွက် ဂျာနယ်တွေလိုက်ရောင်းရတာဆိုတော့"

"ဒါကတော့ သူ့ကံကိုး၊ သမီးတို့နဲ့နှိုင်းယှဉ်လို့ရမလား အမေရဲ့၊ သူ့မိဘတွေကတောင် ဘယ်ဘဝရောက်ရောက် စွန့်ပစ်ခဲ့တဲ့ဟာကို၊ အခုအရွယ်ထိ စောင့်ရှောက်ကျွေးမွေးထားတာပဲ လွန်နေပြီ"

"ဟဲ့...သမီးကြီး"

မမကြီးရဲ့ ကြမ်းရှသောစကားများကြောင့် အမေက ပုံအပ်ကို အားနာစွာ လေသံမာဆတ်ဆတ်နှင့် လှမ်းတားဆီးသည်။

"ဟုတ်တယ် အမေ၊ သဲသက်ပြောတာ အမှန်ပဲ၊ အမေ

ကိုက ဒီကောင်မလေးနဲ့ ပတ်သက်ရင် အကဲပိုနေတာ၊ ကျွန်တော်တို့က အမေမွေးထားတဲ့ အမေ့သားသမီးအရင်းတွေပါဗျ၊ ဘယ်နှယ့်ဗျာ ကိုယ့်သွေးသားကိုတော့ အလုပ်ခိုင်းပြီး မွေးစားသမီးကို ဖူးဖူးမှုတ်ထားရတယ်လို့၊ ပတ်ဝန်းကျင်ကကြားရင် အမေ့ကို တစ်မျိုးတောင်မြင်ကြမှာပဲ"

"တော်ကြပါတော့၊ မင်းတို့သွားကြပါတော့၊ အခု ငါက ဘာဖြစ်နေလို့လဲ၊ ပုံအပ်ကို မင်းတို့စိတ်ချမ်းသာအောင် ကျောင်းထွက်ခိုင်းပြီး အလုပ်လုပ်ခိုင်းနေပြီပဲဟာ၊ မင်းတို့မကျေနပ်ကြသေးဘူးလားဟင်"

ဒေါ်နှင်းနှင်းဆွေ ဒေါသတကြီးထအော်တော့မှ မောင်နှမနှစ်ယောက်စလုံး တိတ်သွားကြ၏။ နေရာကနေ အလျှိုအလျှို ထသွားကာ သူတို့အခန်းထဲ သူတို့ဝင်သွားကြသည်။

ပုံအပ်ကတော့ ဘယ်သူ့ကိုမှ ဘာစကားတစ်ခွန်းမှ ဝင်ပြောဘဲ ငြိမ်သက်တိတ်ဆိတ်နေမိသည်။ သူမမှာ ဝင်ပြောဆိုပိုင်ခွင့်လည်းရှိမှမရှိတာ။ ဒီအိမ်မှာ အမေကလွဲပြီး ကျန်တဲ့သူတွေက ပုံအပ်ကို သူစိမ်းတစ်ယောက်လိုပဲ ထင်မြင်နေကြတာဆိုတော့ ပုံအပ် ဘာကိုမှ ဝင်ပြောခွင့်မရှိချေ။

ဒီအိမ်မှာ ပုံအပ်ကို လူပိုတစ်ယောက်လို့ပဲ သတ်မှတ်နေကြတာလေ။ ပုံအပ် ဘယ်လောက်ပဲ စေတနာသန့်သန့်နဲ့ အိမ်အလုပ်





တွေ သိမ်းကျုံးလုပ်ပြီး ဖြည့်ဆည်းနေနေ ပုံအပ်အပေါ် တစ်ချက်လေးမှပင် အကောင်းမမြင်ကြချေ။

မိုးလင်းတာနှင့် အလုပ်သွားဖို့အတွက် အိပ်ရာမှအစောကြီးသကာ ပုံအပ် ထမင်းဟင်းထချက်ပေးရသည်။ တစ်အိမ်လုံးရဲ့ အဝတ်အစားတွေ နေ့စဉ်လျှော်ဖွပ်ကာ မီးပူတိုက်ပေးရ၏။ ပြီးလျှင် အိမ်သန့်ရှင်းရေးလည်း ပုံအပ်ပဲလုပ်သည်။

အမေက အသက်ကြီးပြီး ကျန်းမာရေးမကောင်းဘူး မဟုတ်လား။ အမေ့ကို နားနားနေနေပဲ ပုံအပ်နေစေ၏။ ရေတိုင်ကီထဲ ရေလာမထည့်သောနေ့ဆိုလျှင် ပုံအပ်ပဲ ရေထမ်းကာဖြည့်ရ၏။

ပုံအပ် ဘယ်တော့မှ အလကားထိုင်စားပြီးနေတာ မဟုတ်ချေ။

ဒါကို…

အမေကသာလျှင် အသိဆုံးပဲဖြစ်သည်။

မနက်မိုးလင်းကတည်းက အလုပ်ကိုထွက်သွားကြတဲ့ မကြီးနှင့် ကိုကိုကြီးတို့က လုံးဝမသိချေ။ အလုပ်မှာမနားရလို့ ညောင်းလိုက်တာဟု ငြီးကာ ပုံအပ်ကို ဆေးလူးပြီးနှိပ်နယ်ခိုင်းပြီး မယူတတ်ကြသေးသည်။

ပုံအပ်လုပ်ပေးရလို့ မငြီးငြူပါဘူး။ သို့ပေမယ့် အမြဲလိုလို

စကားထဲထည့်ပြောတတ်သော မွေးစားသမီးကဆိုတဲ့ သူစိမ်းဆန်ဆန် အသုံးအနှုန်းကိုတော့ ပုံအပ် ကြားရတာ သိပ်ပြီးဝမ်းနည်းနာကျင်မိ သည်။

မိုရာတစ်ခုတည်းရှိသောအရိပ်မှ ပုံအပ်မှာ လက်မလွှတ်နိုင် ရှိရတာကတစ်ကြောင်း၊ အမေ့ကိုစွန့်ခွာပြီး မထားခဲ့နိုင်တာက တစ်ကြောင်းကြောင့်သာ ပုံအပ်မှာ ဘယ်သူတွေဘာပြောပြော ဘယ်လိုပဲအနိုင်ကျင့်ကျင့် အောင့်အီးသည်းခံကာပင် ကပ်တွယ်နေ သည်။

တစ်ခါတလေ…

ကိုကိုကြီးနဲ့ မမကြီးတို့ စိတ်ချမ်းသာအောင် ပုံအပ် ဖြည့်ဆည်းပေးလိုက်ချင်ပါရဲ့။ သို့ပေမယ့် နွေးထွေးအေးမြတဲ့ အမိ ကနေ ပုံအပ် ထွက်ခွာသွားရမှာ ကြောက်ရွံ့ကာ ဖြစ်ချင်စိတ်တွေ ကို ပယ်ဖျက်ခဲ့ရသည်ချည်းပင်။

အမေရယ်။

ပုံအပ် ဘာကြောင့် အခုလောက်ထိအောင် ကံဆိုးနေ သလဲမသိဘူးနော်။ အမေ့ရဲ့သမီးအရင်းလေး ဘာကြောင့်မဖြစ် ရသလဲမသိဘူးရှင်။

"ပုံအပ်"

"ရှင်"





"သမီးစိတ်မကောင်းဖြစ်သွားလားဟင်"

"အမေရယ်"

ပုံအပ် အမေ့ရင်ခွင်လေးထဲ တိုးဝင်ဖက်တွယ်ကာ …ည်လေးများ တစ်ပေါက်ပေါက်စီးကျနေရသည်။

သူမ…

ဘာမှမဖြစ်တဲ့ပုံစံနဲ့လည်း ဟန်ဆောင်မပြချင်တော့ပါ။

ရင်ထဲမှာ နင့်သည်းနေအောင်ပင် ခံစားနေရပါသည်။

အမေ…။

ပုံအပ်ကိုနားလည်ပေးပါနော်။

ပုံအပ်အရမ်းကို ဝမ်းနည်းနေရလို့ ငိုပါရစေအမေရယ်။

"သမီးလေးရယ်"

အမေက သူမခန္ဓာကိုယ်လေးကို တင်းကြပ်နေအောင်ပင် …က်ထားပါသည်။ ဆံနွယ်စနုနုလေးတွေကို တရှုံ့ရှုံ့နမ်းရှိုက်ပြီး …သိမ့်နေပါသည်။ သို့သော် ပုံအပ် မဖြေသိမ့်နိုင်ခဲ့ပါ။

"စိတ်မကောင်းမဖြစ်ပါနဲ့သမီးရယ်၊ ဘယ်သူတွေ ဘာပဲ …ပြော သမီးလေးက အမေ့သမီးပါပဲ၊ အမေ့ရင်ထဲမှာ သမီးလေး …န်းက ထာဝရသမီးငယ်လေးပါပဲကွယ်၊ ဒါကြောင့် သမီးလေး …အားမငယ်နဲ့နော်၊ သမီးအနားမှာ အမေတစ်ယောက်လုံးရှိပါသေး …ယ်ကွယ်"

အမေရယ်။

ပုံအပ်ယုံကြည်ပါတယ်။

ပုံအပ်အနားမှာ အမေက ထာဝရရပ်တည်နေမယ်ဆိုတ
ပုံအပ် အကြွင်းမဲ့ယုံကြည်ပါတယ်။

ဒါပေမယ့်…

တစ်ခါတလေတော့လည်း ပုံအပ် အားငယ်တယ်အမေ

ဘယ်သောအခါမှ ရှိနိုင်မှာမဟုတ်တဲ့ ကိုကိုကြီးနဲ့ မမ
တို့ဆီက နွေးထွေးတဲ့ချစ်ခြင်းမေတ္တာတွေကို အရူးတစ်ပိုင်း မျှော်လ
နေမိတယ်လေ။ ဘာပဲပြောပြော တစ်မိုးအောက်ထဲမှာ အတူတူ
ပြင်းလာကြရတာမဟုတ်လား။ ပုံအပ်အရမ်းကို တောင်းတမိတ
ပေါ့ အမေရယ်။

"ပုံအပ်"

"ရှင်"

"သမီးအလုပ်က အရမ်းပင်ပန်းနေရင်လည်း မလုပ်
ကွယ်၊ အမေ သမီးလေးပင်ပန်းမှာကို အမေမကြည့်ရက်ဘူး"

"ဟင့်အင်းအမေ မပင်ပန်းပါဘူး၊ သမီးအဆင်ပြေ
တယ် အမေ"

"ဟုတ်ရဲ့လားသမီးရယ်၊ အမေ့ကို စိတ်သက်သာရ
အောင် လိမ်ညာမပြောစမ်းပါနဲ့၊ နေပူကြီးထဲမှာ စက်ဘီးတစ်စီး





စာစောင်တွေလိုက်ပို့ရတာ သမီးလေးပင်ပန်းမှာပေါ့၊ တခြားအလုပ်
လေး သက်သာတာရှိရင် ပြောင်းလုပ်ပါလားသမီးလေးရယ်"

"ရပါတယ် အမေ၊ ဒီအလုပ်က အရင်းစိုက်ရတာမှန်ပေ
မယ့် ကိုယ့်အတွက်လည်း အကျိုးအမြတ်ကကျန်ပါတယ်၊ သမီး
လုပ်နိုင်ပါတယ်အမေ"

"ဒါနဲ့ ဂျစ်တူးက သူ့အဖေနဲ့လိုက်သွားတော့မယ်ဆို"

"ဟုတ်တယ်အမေ၊ သူ့အဖေကလာခေါ်တာလေ၊ သူတို့
နေရာမှာ အလုပ်အကိုင်က ပိုကောင်းတယ်ဆိုပြီး ပြောတာပဲအမေ"

ဂျစ်တူးလည်း သူမလိုပါပဲ။

အမေက ငယ်ငယ်ကတည်းက ဆုံးသွားတော့ အဖေက
အဒေါ်ဖြစ်သူတွေရဲ့လက်ထဲအပ်ခဲ့ပြီး အလုပ်သွားလုပ်နေ၏။
အစပိုင်းကတော့ ဂျစ်တူးအတွက်ဆိုပြီး ငွေလွှဲနှင့် ပို့ပို့နေသေးသည်။

နောက်တော့…

အဆက်အသွယ်ပင် လုံးဝမရလောက်အောင် ပျောက်သွား
၏။

ဂျစ်တူးမှာ အဒေါ်ဖြစ်သူလက်ထဲ ကြီးပြင်းခဲ့ရပြီး တစ်အိမ်
သားလုံးရဲ့ ခိုင်းဖတ်သာသာဖြစ်ခဲ့ရသည်။ ယောကျ်ားတန်မဲ့
အိမ်အလုပ်တွေ အကုန်လုပ်ရသလို အဒေါ်ရဲ့ခိုင်းစေမှုအတိုင်း အိမ်ရဲ့
စီးပွားရေးကိုလည်း တစ်ဖက်တစ်လမ်းက ရှာဖွေကျွေးရသေးသည်။

ခုတော့…

နှစ်ပေါင်းတော်တော်ကြာအောင် ပစ်ထားခဲ့တဲ့ အမေက ပြန်ပေါ်လာပြီး အရွယ်ရောက်နေပြီဖြစ်သော ဂျစ်တူးကို ပြန်လာခေါ်သည်။

ဂျစ်တူးက လိုက်သွားတော့မည်တဲ့။

ဒီမှာနေတာထက်စာရင် အမေနဲ့နေရတာက ပိုပြီးအဆင်ပြေနိုင်သည်ဟု စိတ်မှာထင်မှတ်ကာ လိုက်သွားတော့ဖို့ ဆုံးဖြတ်နေသည်။

ဒါကြောင့်…

သူ့နေရာမှာ ပုံအပ်ကို အစားထိုးပြီးထားခဲ့တာလေ။

ဘာပဲပြောပြော ပုံအပ်က ဂျစ်တူးဖောက်ထားပြီးသားလမ်းကို အဆင်သင့်လေးလျှောက်ရတာမို့ ပင်ပန်းပေမယ့် အကျိုးတော့ရှိသည်။ ဂျစ်တူးပို့ပေးနေတဲ့အိမ်တိုင်းက သူမဆီမှာပဲ ဆက်ပြီးအားပေးကြ၏။

စာစောင်တော်တော်များများ ရောင်းရသည်။

"သမီး"

"ရှင်…အမေ"

"နင့်အစ်ကိုနဲ့ အစ်မပြောတဲ့စကားတွေကို စိတ်ထဲမှာ မထားပါနဲ့ကွယ်၊ သူတို့က ဟိုအရင်ကတည်းက ဒီလိုပဲပြောနေကျ





ဘာ၊ ခေါင်းထဲထည့်မနေနဲ့၊ တစ်နေ့နေ့တစ်ချိန်ချိန်ကြရင် သူတို့သမီးလေးရဲ့ စေတနာကို နားလည်လာပါလိမ့်မယ်၊ အစ်ကိုနဲ့အစ်မကို မုန်းနဲ့နော် သမီးလေး"

"ဟုတ်ကဲ့ပါ အမေ"

"အေးကွယ်…အမေ့သမီးငယ်လေးက လိမ္မာရေးခြားရှိတဲ့လေးဆိုတာ အမေသိပြီးသားပါ၊ အမေ စိတ်ချယုံကြည်ပါတယ် သမီးရယ်"

အမေရယ်။

သမီးလေ ကိုကိုကြီးနဲ့ မမကြီးကို ဘယ်တုန်းကမှ မမုန်းပါဘူး။ သမီးမှာ ပြေးကြည့်မှ ဒီအစ်ကိုနဲ့အစ်မပဲရှိတာပါ၊ ဒါကြောင့် သူတို့ကို သမီးသိပ်ချစ်ပါတယ်အမေ။

ကိုကိုကြီးနဲ့ မမကြီးက ဘယ်လောက်ပဲ သံယောဇဉ်မဲ့မဲ့ အပ်ကတော့ အမြဲပဲသံယောဇဉ်ရှိပါတယ် အမေရယ်။

"သမီးလေး"

"ရှင်"

"ရေချိုးတော့လေ၊ ပြီးရင် အမေတို့ထမင်းစားကြရအောင်"

"ဟုတ်ကဲ့အမေ သမီးရေချိုးပြီးမှပဲ ထမင်းပွဲပြင်မယ်နော်၊ အမေဘာမှမလုပ်ပါနဲ့၊ အေးအေးဆေးဆေးပဲ အနားယူပါအမေ"

"မဟုတ်တာကွယ်၊ ထမင်းပွဲတော့ အမေပြင်ထားလိုက်ပါ့မယ်၊ သမီးလေးလည်း တစ်နေ့လုံးနားမှမနားရသေးတာ၊ အမေလုပ်နိုင်ပါသေးတယ်ကွယ်၊ သမီးလေးသာ ရေမြန်မြန်ချိုးပါ"

အမေက…

သူမကို ချော့မော့ကာ ရေချိုးစေပြီး အိမ်နောက်ဖေးဘက်ဆီသို့ ဖြေးညှင်းစွာ လျှောက်သွားတော့သည်။

အမေ့ရဲ့မိခင်မေတ္တာနှင့် နွေးထွေးမှုတို့ကြောင့် စောစောကကြေကွဲဝမ်းနည်းနေသောစိတ်များ ပျောက်ကွယ်ကာ သူမရဲ့စိတ်အစဉ်က ပေါ့ပါးလန်းဆန်းသွားရတော့သည်။

အမေရယ်။

ပုံအပ် ကျေးဇူးတင်ပါတယ်။

အမေ့အနားမှာနေခွင့်ရခဲ့တဲ့အတွက် ပုံအပ် အတိုင်းမသိဝမ်းသာပါတယ်အမေရယ်။

* * *



# အခန်း (၇)

"ဟော့…စာစောင်သည်"

ဟင်။

အနောက်ဘက်ဆီမှခေါ်သံကြောင့် ပုံအပ်တစ်ယောက်…ကိုယ်လေး ဆတ်ခနဲတုန်ကာ စက်ဘီးဟန်တယ်လေးပင်…မ်းခါသွားရသည်။

သို့သော်…

ပုံအပ် ဘရိတ်လေးကို ဖမ်းဆွဲပြီးရပ်ဖို့ ဟန်မပြင်မိပါ။…သို့သာဆက်ပြီးနင်းဖို့ ကြိုးစားလိုက်သည်။

"ဟော့…ဟော့ ပုံအပ်၊ နေဦး နေဦးလေ"

"ဟို…ဟ…အမေ့"

အနောက်ဘက်မှနေ၍ စက်ဘီးကယ်ရီယာလေးအား

တအားဆွဲကာ တားဆီးလိုက်တာမို့ ရှေ့သို့ဆက်သွားမရဘဲ ယမ်းခါ သွားသော စက်ဘီးကို မနည်းကြီးသတိထားထိန်းကာ ခုန်ဆင်းပြီး ခြေထောက်နှစ်ဖက်နှင့် ခွထောက်ကာ ပုံအပ် ရပ်ပစ်လိုက်ရ၏။

"ရှင်…ရှင် ဘယ်လိုလုပ်လိုက်တာလဲ ကိုကမ္ဘာပိုင်နိုး ကြည့်စမ်း စက်ဘီးမမှောက်တာကံကောင်းပဲ"

"မင်းက တအားစွတ်နင်းပြီးပြေးဖို့ ကြိုးစားတာကို ပုံအပ် ရဲ့၊ ကိုယ်ဒီလောက်ခေါ်နေတာတောင် မကြားဘူးလား"

"ကြားသားပဲ"

ဟာ။

ဘုဆတ်ဆတ်ဖြေသံလေးကြောင့် ကမ္ဘာအံ့သြသွားရ၏

ကြားပါလျက်နှင့် သူမစက်ဘီးကို အားကုန်နင်းကာ ထွ ပြေးဖို့ကြံရွယ်တာပေါ့လေ။ တော်တော်ဆိုးတဲ့ ပုံအပ်ပဲ။ သူမှာတေ သူမဘယ်အချိန် သတင်းစာလာပို့မလဲဆိုပြီး ခြံပေါက်ဝရှေ့ထွက်ပြ မျှော်လိုက်ရတာ လည်ပင်းတောင် ညောင်ရေအိုးဖြစ်တော့မည်

မနက်မိုးလင်းကတည်းက နံနက်စာပင် ကောင်းကော မစားခဲ့ရ။ သူမလေးအလာနှင့် လွဲသွားမည်စိုး၍ ခြံရှေ့ထွက်စ စောင့်နေရ၏။

သူမလေး စက်ဘီးစီးကာ လမ်းထဲကွေ့ဝင်လာတေ သူမှာ ဝမ်းသာအားရ ထအကြို သူ့ကိုမြင်တွေ့လိုက်သည်ဆိုလျှ





စက်ဘီးအရှိန်ကို မလျှော့တော့ဘဲ အနားကနေ သုတ်ခြေတင်ဖြတ် သွားဖို့အလုပ် သူမှာကမျာကယာ တားဆီးလိုက်ရသည်။

"ပုံအပ်"

"ပြော"

"ဒီအိမ်ကို သတင်းစာမပို့ဘူးလား"

"မပို့တော့ဘူး"

"ဘာကွ"

"မနေ့ညကတည်းက အဲဒီအိမ်က အန်တီကြီးကို နောက်နေ့ကစပြီး သတင်းစာကို သူများဆီက ပြောင်းမှာဖို့ ပြောထား ပြီးပြီ၊ ကျွန်မ မပို့နိုင်တော့ဘူး"

"မင်း…မင်း အဲဒီလိုလုပ်လို့ရမလားကွ"

"ဘာရယ်ရှင့်"

"ကိုယ်တို့တစ်ခြံတည်း ကွက်ချန်လို့ရမလား"

"ဘာလို့မရရမှာလဲ၊ ကျွန်မလိုပဲ လိုက်ပို့နေတဲ့သူတွေ အများကြီးပဲဟာ၊ ပြောင်းပြီးမှာပေါ့"

"ဘာလဲ မင်းအခုလိုလုပ်တာ ကိုယ့်ကြောင့်လား"

"ဟုတ်တယ်"

"ဟာကွာ"

ဖြောင့်ကျလွန်းသော အဖြေကြောင့် ကမ္ဘာမျက်နှာနုနုလေး မှာ စိတ်ထိခိုက်ကြေကွဲမှုကြောင့် အိုစာသွားရသည်။

“ဒီမှာ ကိုကမ္ဘာပိုင်စိုး”

“ကမ္ဘာလို့ပဲခေါ်ပါ၊ ဘယ်နှယ့် အပြည့်အစုံထည့်နေရတာလဲ”

“ဒီမှာ ကိုကမ္ဘာ”

“ပြောကွာ”

“နောက်တစ်ခါ အခုလိုအပြုအမူမျိုးကို လုံးဝလုပ်ဖို့မကြိုးစားပါနဲ့၊ ရှင့်ကြောင့် စက်ဘီးမှောက်တော့မလို့၊ တော်သေးတာပေါ့ ကျွန်မထိန်းတာမြန်လို့ပဲ၊ မဟုတ်ရင် စက်ဘီးတခြား လူတခြား ဖြစ်ပြီ”

“ပုံအပ်”

“ဘာလဲ”

“သတင်းစာပေး”

“မပေးဘူး၊ ရှင်တို့တိုက်ကို မပို့တော့ဘူးလို့ ပြောပြီးပြီလေ၊ မကြားဘူးလား”

“ပုံအပ်”

“ဘာလဲရှင့်”

“မင်းစိတ်ဆိုးနေတာမဟုတ်လား”

“ဘာကိုလဲ”

“ဟိုနေ့ကကိစ္စကြောင့် မင်းစိတ်ဆိုးသွားတာမဟုတ်လား”





“ရှင်ပဲ ကျွန်မက အမြတ်ကြီးစားဆို၊ ဈေးကြီးတယ်ထင်နှင့် သူများဆီမှာ ပြောင်းဝယ်ပေါ့ရှင့်”

“အဟွန်း”

“ရှင်ဘာရယ်တာလဲ”

“မင်းတော်တော်ကလေးဆန်တာပဲ”

“ဘာရှင့်”

“ကိုယ်က အလကားစတာကို မင်းတကယ်ထင်နေတာ ပုံအပ်ရဲ့”

“ဘာပဲဖြစ်ဖြစ် ကျွန်မ မပို့တော့ဘူး ကိုကမ္ဘာ”

“မလုပ်ပါနဲ့ကွာ၊ အဲဒီလိုကြီးတော့ မစိမ်းကားလိုက်ပါနဲ့၊ ကိုယ်တောင်းပန်ပါတယ်၊ နောက်ကို အဲဒီလိုလုံးဝမပြောတော့ပါဘူးကွာ၊ ကတိပေးပါတယ်”

အဲ…။

မျက်နှာငယ်လေးနှင့် သူမစက်ဘီးလက်ကိုင်ကို ဆုပ်ကိုင်ထားဆီးကာ သူက တောင်းပန်နေ၏။ ပုံအပ် သူ့ကိုကြည့်ပြီး ဆွဲခွဲရခက်သွားရသည်။ သို့သော် သူမ မပို့နိုင်တော့ဘူးလို့ တကယ် ပြောခဲ့ပြီးသားမို့ သတင်းစာပင် လျှော့ယူခဲ့သည်။

“ပုံအပ်”

“……”

သူမ မထူးမိ။

သူ့မျက်နှာဆီသို့သာ စေ့စေ့လေးစိုက်ကြည့်လိုက်သည်

"ဟိုနေ့က မင်းကိုခင်လို့ နောက်မိတာပါ၊ မင်းခွင့်လွှတ်

ပုံအပ်ရယ်၊ ကိုယ် မင်းကိုခင်လို့ပါ"

"........"

ပုံအပ် ငြိမ်သက်နေမိသည်။

"သတင်းစာပို့တာမပို့တာထက် မင်းစိတ်ဆိုးနေတာ

ကို ကိုယ်မခံစားနိုင်ဘူး ပုံအပ်"

ဟင်။

ပုံအပ် မျက်ဝန်းလေးတွေ ပြူးဝိုင်းသွားရသည်။

"ကိုယ်မညာချင်ဘူးကွာ၊ ကိုယ်မင်းကိုချစ်နေမိပြီ ပုံအ

"ရှင်...ရှင် ဘာတွေလာပြောနေတာလဲရှင့်"

ပုံအပ်တစ်ယောက် ဆိုင်းမဆင့် ဗုံမဆင့် မနက်စောစော

စီး ရည်းစားစကား အပြောခံလိုက်ရသဖြင့် ခန္ဓာကိုယ်တစ်ခု

ထူပူရှိန်းမြကာ မျက်နှာနုနုလေးထက် ရှက်သွေးလေးများ ရဲရိုသွား

သည်။

"ကိုယ်တကယ်ပြောနေတာ"

"ရှင်နော် လူကိုဘာများအောက်မေ့နေလဲ၊ ဖယ်ပါ ကျွန်

စက်ဘီးကိုလွှတ်"

"မလွှတ်ဘူး ပုံအပ်၊ ကိုယ့်ရင်ထဲမှာရှိနေတဲ့ ခံစားချ

အမှန်ကိုတော့ မင်းသိအောင် ပြောပြရမှာပဲ၊ မင်းကို မြင်မြင်ချ





ယ်တကယ်ချစ်မိသွားတာ ပုံအပ်"

"မပြောနဲ့၊ မကြားချင်ဘူး"

"ပုံအပ်"

"ရှင်နော် ကျွန်မကိုမနှောင့်ယှက်နဲ့၊ ကျွန်မအော်လိုက်မှာ

ဂျာနယ်လိုက်ရောင်းတဲ့ မိန်းကလေးဆိုပြီး အထင်သေးလှော

က်ဖို့မစဉ်းစားနဲ့"

"အော်လေ...မင်းကြိုက်သလောက်သာ အော်လိုက်၊

ယ်က မင်းကို ဘဝတစ်သက်တာလုံး လက်တွဲဖို့အထိ ဆုံးဖြတ်

သားကောင်ပဲဟာ၊ ဘာကိုမှ အရေးမစိုက်ဘူး၊ အားလုံးသိလေ

ယ့်အတွက် ပိုကောင်းလေပဲ၊ အော်လိုက် ပုံအပ်"

"ဒီမှာ ရှင်ဘယ်လိုဖြစ်နေတာလဲ၊ ဒါ ကျွန်မရဲ့အလုပ်ချိန်

ရှင် ဘယ်လိုအငြိုးနဲ့ လိုက်လိုက်နှောင့်ယှက်နေရတာလဲ"

"ချစ်တာ နှောင့်ယှက်တာမှမဟုတ်တာပဲ ပုံအပ်"

ပြဿနာပဲ။

ဒီအချစ်အကြောင်းချည်းပဲ ထပ်တလဲလဲသုံးနေတော့တာပဲ။

စိတ်ညစ်လိုက်တာ။ သူဌေးတွေနေတဲ့ရပ်ကွက်မို့ ပတ်ဝန်း

င်တစ်ခုလုံး တိတ်ဆိတ်ကာ လမ်းမကြီးထက်တွင် လူက

လင်းနေသည်။

"ပုံအပ်"

"ဘာလဲရှင့်၊ ကျွန်မစိတ်တိုလာပြီနော်၊ ကြာရင် ရှင့်ကို

တစ်ခုခုလုပ်မိတော့မယ်သိလား”

“လုပ်လေ ဘာလဲ မင်းပါးရိုက်မလို့လား၊ ဒါဆိုလည်း ကြိုက်သလောက်သာရိုက်သွား၊ ဒါပေမယ့် ကိုယ်ပြောတဲ့စကားတွေ ကိုတော့ မင်း လေးလေးနက်နက်ယုံကြည်ပေးဖို့တော့ လိုတယ် ပုံအပ်၊ အဲဒါဆိုရင်ပဲ ကိုယ်ကျေနပ်ပြီ”

ဒုက္ခပါပဲ။

ပုံအပ် ငိုပင်ငိုချင်သွားရသည်။

တကယ့်ကို ဇွတ်တရွတ်ကြီးပါပဲလား။

စိတ်ညစ်ဖို့ကောင်းလိုက်တာ။

ဘယ်လိုလူမျိုးနှင့်မှ ပုံအပ် လာကြုံနေရသလဲမသိပါဘူး။

ဒီလောက် ကျိုကျိုတက်ချမ်းသာတဲ့ လူတစ်ယောက်က ဘာမဟုတ်တဲ့ ပုံအပ်ကို ချစ်စကားတွေပြောကာ သူ့မျက်နှာအား အတင်း သူ့မထံထိုးပေးနေသည်။

“ပုံအပ်”

“ဘာလဲရှင့်”

“ကိုယ့်အချစ်ကိုယုံလားဟင်”

“မယုံဘူး”

ဟင်။

သူ့မအဖြေကြောင့် ကမ္ဘာရင်လေး နင့်သည်းနာကျင်သွားရ၏။





“ဒီမှာ ကိုကမ္ဘာ”

“ပြောပါ ပုံအပ်”

“ရှင် စတန့်ထွင်နေတာလား”

“ဗျာ”

“အပျော်သဘောနဲ့ လျှောက်လုပ်နေတာဆိုရင်တော့ လောက်နဲ့ပဲ ကျေနပ်ပါတော့၊ ကျွန်မအလုပ်ရှိသေးတယ်ရှင့်၊ ရှင် နောက်တာကိုခံနေဖို့ ကျွန်မမှာအချိန်မရှိဘူး၊ ရှင်ဖယ်ပါတော့”

“ကိုယ် တကယ်ပြောနေတာ ပုံအပ်၊ မင်းကို ကိုယ် တကယ်ပဲချစ်နေမိတာ၊ အပျော်အပျက်စနောက်နေတာ မဟုတ်ဘူး”

“အို…ဘာပဲဖြစ်ဖြစ် ရှင်ဖယ်ပေးပါတော့၊ ကျွန်မသွား တော့မယ်”

“ပုံအပ်”

“ဘာလဲရှင့်”

“ကိုယ့်ကို အဖြေတစ်ခုခုပေးလေ၊ ဒါဆိုရင် လွှတ်ပေး မယ်”

“ဘာရှင့်”

“ကိုယ့်ကိုချစ်ပါတယ်ဆိုတဲ့ အဖြေပေးလေ၊ ဒါဆိုရင် လွှတ်ပေးမယ်၊ ဘယ်နှယ့်လဲ”

“သေလိုက်”

“ဟာကွာ မသေနိုင်သေးပါဘူး၊ ပုံအပ်ဆီက ချစ်ပါတယ်

ဆိုတဲ့စကားသံလေးမှ မကြားရသေးတာ၊ မသေနိုင်သေးဘူး''

ခေါင်းလေးကို သွက်နေအောင်ခါယမ်းပြီး ငြင်းပယ်နေသော ကမ္ဘာပိုင်စိုးဆိုတဲ့ လူချောလေးကိုကြည့်ပြီး ပုံအပ် စိတ်အညစ်ကြီး ညစ်ထွေးသွားရသည်။

''ပုံအပ်''

''ဘာလဲရှင့်''

''နာမည်နဲ့လိုက်အောင် မင်းဆီကအချစ်တွေအားလုံး ကိုယ့်ဆီမှာ ပုံအပ်လိုက်ပါလားဟင်၊ အဲဒါဆို ကိုယ်ထခုန်မိမတတ် ဝမ်းသာသွားရမှာ''

''သေလိုက်''

''ဟောဗျာ…ပြောပြန်ပြီ''

''ဟုတ်တယ်လေ ရှင့်လို ဖွတ်တရွတ်ဆန်ပြီး အချစ်ကို ဈေးပြတိုက်သလို တောင်းဆိုနေတဲ့လူကို ချစ်ဖို့နေနေသာသာ မျက်နှာတောင်မကြည့်ချင်လောက်အောင် မုန်းတယ်သိလား''

ဟင်။

ပုံအပ်ရဲ့ ခါးခါးသီးသီးပြောချလိုက်သော အမုန်းစကားကြောင့် ကမ္ဘာရင်တစ်ခုလုံး အောင့်မျက်သွားရ၏။

''ဒီမှာ ကိုကမ္ဘာ''

''ပြောပါ ပုံအပ်''

''ရှင်ကျွန်မကို ဘယ်လိုမိန်းကလေးများ ထင်နေလဲ





ယောက်ျားတစ်ယောက်က ရည်းစားစကားပြောလိုက်တာနဲ့ ငမ်းငမ်း တက်ကြိုက်လိမ့်မှာပဲလို့ လျှော့တွက်ထားတာလား၊ ဟွန်း ဝေးပါ သေးတယ်၊ ရှင့်လို တစ်ဖက်သားအပေါ် စာနာငဲ့ညှာမှုမရှိ တဖွတ် ဖွတ်သမားတစ်ယောက်ကို ချစ်ဖို့လုံးဝစိတ်ကူးမရှိဘူးဆိုတာ မြဲမြဲ မှတ်ထားလိုက်ပါ၊ ပုံအပ်နှင်းတဲ့ ရှင်ဘယ်လောက်ပဲ မိုးပျံနေအောင် ချောချော၊ ဘယ်လောက်ပဲ ကျိုကျိုတက်ချမ်းသာနေနေ ရှင့်ကို ဘယ်တော့မှမချစ်ဘူး၊ ကဲ ဖယ်တော့''

ပြောပြီးတာနှင့် သူ့လက်တွေကို ဆတ်ခနဲ ဆွဲဖယ်ပစ်ကာ သူတစ်ယောက် စက်ဘီးလေးကို လျှောခနဲနေအောင်ပင် နင်းထွက် သွားတော့သည်။

သူ…

ဘယ်လိုပုံစံမျိုးနှင့် ကျိန်ရစ်ခဲ့မလဲ။

ပုံအပ် လုံးဝစဉ်းလည်းမစဉ်းစား လှည့်စောင်းလည်း မကြည့်မိတော့ချေ။ စက်ဘီးလေးကိုသာ ဂရုတစိုက် နင်းနေမိတော့ သည်။

* * *

# အခန်း (၈)

ချစ်တယ်တဲ့။

ပုံအပ်တစ်ယောက် ဒေါသဖြစ်ဖြစ်နှင့်သာ ဘုတောခဲ့ရတာ သူမစိတ်တွေက အိမ်ပြန်ရောက်လို့ အိပ်ရာထဲဝင်သည့်တိုင်အောင် တည်ငြိမ်ခြင်းမရှိ အလှုပ်ရှားကြီး လှုပ်ရှားနေရသည်။

ကမ္ဘာပိုင်စိုးဆိုတဲ့ သူ့ရဲ့မျက်နှာချောချောကြီးက သူမ အာရုံတွင် အနေးပြကွက်တစ်ခုလိုပင် ပြန်ပေါ်ကာ ရင်ခုန်သံလေးတွေ တထိတ်ထိတ်မြည်နေရသည်။

ဘာကြောင့်လဲ။

သူ့အသံတွေကို အခုချိန်ထိ ပုံအပ်နားထဲမှာပဲ ထင်ဟပ်နေသလို ဘာကြောင့် ပြန်ကြားယောင်နေရတာလဲ။

ပုံအပ် မစဉ်းစားတတ်ပါ။





သူမ ဒီအရွယ်အထိ ကျောင်းစာတစ်ခုတည်းကိုသာ အာရုံစိုက်ပြီး စိတ်မပျံ့လွင့်အောင် ထိန်းချုပ်ထားတာမို့ အခုလိုဖွတ်တာ ရွတ်ဆန့်လွန်းသော သူ့အပြုအမူများသည် ပုံအပ်အတွက်တော့ စိတ်တုန်လှုပ်ချောက်ချားစရာ အိပ်မက်ဆိုးကြီးများပင် ဖြစ်နေခဲ့ရသည်။

အလန့်တကြား နိုးခဲ့သည့်တိုင်အောင် ထိုအိပ်မက်၏ အရိပ်အယောင်တွေက သူမခန္ဓာကိုယ်တွင် ဝင်ပြီးပူးကပ်နေသယောင် ခုမျောက်မရနိုင်ဘဲ ရှိနေခဲ့ရ၏။

အံ့သြစရာကောင်းလိုက်တာ။

ပုံအပ် ဘာတွေလျှောက်ပြီး စဉ်းစားနေမိပါလိမ့်။

ပုံအပ်ဘဝနှင့် ကမ္ဘာဘဝက မိုးနဲ့မြေကြီးလို အလှမ်းကွာခြားလွန်းလှသည်။ ပြီးတော့ ကမ္ဘာရဲ့စိတ်မာတတ်။ သူမလိုဘာအရည်အချင်းမှမရှိ ဂျာနယ်ရောင်းစားနေတဲ့ ကောင်[illegible]သားတစ်ယောက်ကို အတည်သဘောနှင့် ချစ်ပါ့မလား။

အသစ်အဆန်းထွင်တာလည်း ဖြစ်နိုင်သည်။ မဖြစ်နိုင်တဲ့ ကိစ္စတွေကို သူမဘာကြောင့် စိတ်ရှုပ်ခံပြီး တွေးတောနေတာပါလိမ့်။ ကမ္ဘာ့အနားမှာ ပုံအပ်ထက်ချောမောလှပပြီး အရာရာပြည့်စုံကြွယ်ဝတဲ့ မိန်းကလေးမျိုး ထောင်သောင်းမကရှိနေနိုင်ပါလျက် ဘာမဟုတ်တဲ့ စိတ်ကူးယဉ်စကားလေးတစ်ခုနှင့် အအိပ်ပျက်ခံပြီး စဉ်းစားတွေး

တောနေမိတာ ပုံအပ်ကိုယ် ပုံအပ်ပင် မယုံချင်စရာပါ။

တော်ပြီ။

ပုံအပ် သူ့အကြောင်းမစဉ်းစားတော့ဘူး။

အိပ်ရေးဝအောင်အိပ်လိုက်တာပဲ သူမအတွက် အကျိုးအရှိဆုံးပင်။ မနက်ကို အစောကြီးထပြီး ထမင်းချိုင့်အတွက် ထချက်ရဦးမည်လေ။ ပြီးလျှင် (၄၆)လမ်းမှာ စာစောင်တွေသွားဝယ်ရဦးမည်။

အချိန်က သူမအတွက် တန်ဖိုးကြီးမြတ်လွန်း၏။ အလဟသ ဖြုန်းတီးဖို့ဆိုတာ လုံးဝမဖြစ်နိုင်ချေ။

ပုံအပ်တစ်ယောက် စောင်လေးကို ခေါင်းမြီးခြုံကာ မျက်ဝန်းလေးတွေကို မှိတ်ထားပစ်လိုက်သည်။

ကမ္ဘာ့မှာတော့

မနက်တုန်းက ပုံအပ်ပြောသွားသော စကားသံလေးများကို ပြန်လည်ကြားယောင်ကာ စိတ်မာတ်အကျကြီးကျနေရသည်။

စာနာထောက်ထားမှုမရှိတဲ့ တဇွတ်ထိုးသမားတဲ့။

သူမလေးရဲ့ စွပ်စွဲချက်က ပြင်းလိုက်တာ။

ရင်ဘတ်ထဲက ချစ်မိသွားလို့ အမှန်အတိုင်းဖွင့်ပြမိတာ တဇွတ်ထိုးဆန်တာတဲ့လား။

ပုံအပ်ရယ်။

မင်းကို တကယ်ပဲ ချစ်သွားမိတာပါကွာ။





အပျော်သဘောနဲ့ ဆော့ကစားဖို့ ကြံရွယ်တာလည်းမဟုတ်ပါဘူးကွာ။

ဒါကို…

မင်းဘာကြောင့် အလွယ်တကူ မုန်းစကားကို ဆိုခဲ့ရတာလဲ ပုံအပ်ရယ်။

ခံစားရတယ်ကွာ။

ကိုယ်တကယ်ပဲ ခံစားနေရတယ် ပုံအပ်ရယ်။

မင်း…။

သိပ်ရက်စက်တာပဲကွာ။

"ကမ္ဘာ မင်းဒီမှာဘာရပ်လုပ်နေတာလဲ၊ ညဉ့်နက်နေပြီ အိပ်သေးဘူးလားကမ္ဘာ"

"ဪ…လေးလေး"

ကမ္ဘာတစ်ယောက် ဝရန်တာလေးမှာရပ်ပြီး အဝိဇ္ဇာယံမှာ ခြကျယ်ကြီးဆီ ငေးစိုက်ကြည့်ရင်း အတွေးရိပ်လေးများ ဖွဲ့လွှင့်နေစဉ် အနောက်ဘက်ဆီက တအံ့တသြမေးသံကြောင့် လှည့်ကြည့်လိုက်တော့ ဦးလေးဖြစ်သူ နေအုပ်ပိုင်စိုးကို တွေ့လိုက်ရသည်။

"ကမ္ဘာ"

"ကျွန်တော်အိပ်မပျော်လို့ပါ လေးလေး"

ဟင်။

အိပ်မပျော်လို့တဲ့။

နေအုပ်သတိထားမိတာက ဒီကနေ့တစ်နေ့လုံး ကမ္ဘာတစ်ယောက် အရင်ကနဲ့မတူအောင် တိတ်ဆိတ်ငြိမ်သက်နေတာပါပဲ။ ဒီကောင်လေး ဘာများဖြစ်နေသလဲ။ မျက်နှာလေးကလည်း ညှိုးနွမ်းနေသည်။ ညစာစားတော့လည်း မစားချင်စားချင်နှင့် ရင်ပြည့်နေသည်ဟုဆိုကာ ထမင်းဝိုင်းမှ အစောကြီးထသွား၏။

တစ်ခုခုတော့ တစ်ခုခုပဲ။

အမြဲတမ်း သွက်လက်ရွှင်မြူးနေတတ်တဲ့ လူချောလေး ကမ္ဘာပိုင်စိုးက ထူးထူးဆန်းဆန်း ငြိမ်သက်တိတ်ဆိတ်နေတာ ထူးတော့ထူးခြားသည်။

“ကမ္ဘာ”

“ဗျာ”

“သားဘာဖြစ်နေတာလဲဟင်၊ လေးလေးသတိထားပြီး စောင့်ကြည့်နေတာ၊ မင်း တစ်ခုခုဖြစ်နေသလိုပဲ၊ ဘာတွေအလိုမကျစရာတွေ ရှိနေလို့လဲ ကမ္ဘာ”

“......”

ကမ္ဘာတစ်ယောက် လေးလေးနေအုပ်ရဲ့မျက်နှာဆီ ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။

သူ...။





ဘာပြောရမလဲ။

အသည်းတွေကွဲပြီး ခံစားနေရတာလေ။

ပုံအပ်ဆိုတဲ့ ကောင်မလေးကို ထင်မထားအောင် ချစ်မိသွားလို့ ကမ္ဘာ့ရင်တွေ ကွဲကြေမတတ် ခံစားနေရတာပါ။

“ကမ္ဘာ”

“ဗျာ”

“သားဘာလိုချင်လို့လဲ၊ ဘာဝယ်ပေးရမလဲဟင်”

ထုံးစံအတိုင်း သူတစ်ခုခုလိုချင်၍ ဝယ်ခိုင်းမလို့ဟုထင်ကာ လေးလေးက မေးနေသည်။

“ကမ္ဘာ ဘာမှမလိုချင်ပါဘူး လေးလေး”

ဟင်။

နေအုပ်ပိုင်စိုးတစ်ယောက် ခေါင်းလေးခါယမ်းပြီး လေသံလျှော့ရဲ့ရဲ့နှင့် ပြန်ဖြေလိုက်သော တူချောလေးကမ္ဘာပိုင်စိုးကိုကြည့်ပြီး ပို၍ပင် အံ့သြသွားရသည်။

“မဟုတ်သေးပါဘူးကွာ၊ မင်းတစ်ခုခုတော့ ဖြစ်နေပါတယ်၊ ပြောပါ၊ လေးလေးကိုအားမနာပါနဲ့၊ သား ဘာအလိုမကျတာတွေရှိနေလို့လဲ”

“လေးလေး”

“ပြောလေ သား”

"လေးလေး ဘာဖြစ်လို့ အိမ်ထောင်မပြုဘဲ လူပျိုကြီးလုပ်နေတာလဲဟင်"

"ဟေ"

"လေးလေးမှာ ချစ်ရမယ့်သူမရှိလို့လား၊ ဒါမှမဟုတ် စိတ်တိုင်းမကျသေးလို့ မပြုဖြစ်တာလား လေးလေး"

"ဟာကွာ…မင်း အူကြောင်ကြောင်နဲ့ ဘာတွေလျှောက်မေးနေတာလဲ၊ ငါက မင်းအကြောင်းမေးနေတဲ့ဟာကို ဘယ်နှယ့် လေးလေးကို မေးခွန်းတွေ ပြန်ထုတ်နေရတာလဲ ကမ္ဘာ"

"ပြောပါ လေးလေးရဲ့၊ ကမ္ဘာသိချင်လို့ပါ"

နေအုပ်တစ်ယောက် တူချောလေးရဲ့အမေးကို ဘယ်လိုပြန်အဖြေပေးရမှန်းမသိအောင်ပင် ဖြစ်သွားရသည်။

ငယ်ငယ်လေးကတည်းက မိဘနှစ်ပါးစလုံး ကားအက်စီးဒင့်နှင့် ဖြစ်ပြီး ဆုံးပါးသွားသည်မှ တူလေးကို သူကပဲ ပြုစုကျွေးမွေးစောင့်ရှောက်ခဲ့ရတာတွေ။ အစ်ကိုနေတောက်ပိုင်စိုး ထူထောင်ခဲ့သောစီးပွားရေးလုပ်ငန်းတွေကို အလေအလွင့်မရှိအောင် ထိန်းသိမ်းနေရင်းနှင့် အချစ်ဆိုတာကိုပင် သူမေ့နေခဲ့ရသည်။

မိဘတွေမရှိတော့တဲ့ တူလေးရဲ့အနာဂတ်ကို လှပအေးချမ်းအောင် ကြိုးစားနေရတာနှင့်ပင် အိမ်ထောင်ပြုဖို့ပင် သူမေ့နေခဲ့သည်။





"လေးလေး"

"ဟေ"

"လေးလေး ရည်းစားထားဖူးလားဟင်"

"ဘာရယ်"

"လေးလေး တစ်ယောက်ယောက်အပေါ် နှင့်နှင့်သည်းသည်း ချစ်ခဲ့ဖူးသလားလို့မေးတာပါ"

"ဟင့်အင်း"

"ဟာဗျာ"

"ဘာလဲကွ၊ မင်းကဘာဖြစ်သွားတာလဲ"

"စိတ်မာတ်ကျသွားတာပေါ့ဗျ၊ ဒီလောက်ချောတဲ့ လေးလေးက အချစ်နဲ့ပတ်သက်ပြီး ဘာမှမခံစားခဲ့ရဘူးဆိုတော့ ကျွန်တော့်ရင်ထဲက စကားလုံးတွေကို ဘယ်လိုလုပ်ပြီး နားလည်ပေးနိုင်တော့မှာလဲ သွားပါပြီဗျာ"

"နေပါဦးကွ၊ ငါမချစ်ဖူးတာနဲ့ပဲ အဲဒီလောက်တောင်ဖြစ်သွားရအောင် ဘာလဲ မင်းက အချစ်နဲ့ပတ်သက်ပြီး ခံစားနေရလို့လား ကမ္ဘာ"

"ဒါပေါ့ လေးလေးရ"

"ဟေ"

နေအုပ်ပိုင်စိုးရဲ့ ထူနက်ညိမ်းမှောင်သော မျက်ခုံးတန်းကြီး

တွေ ပင့်တက်သွားရသည်။

"လေးလေး"

"ပြော ကမ္ဘာ"

"ကျွန်တော် ကောင်မလေးတစ်ယောက်ကို ချစ်မိနေပြီ"

"ဟင်"

"ဟုတ်တယ် လေးလေး၊ သူ့ကို ကျွန်တော်ချစ်နေမိပြီ။ ရင်ထဲအသည်းထဲ ကလီစာထဲကကို စွဲစွဲမြဲမြဲ ချစ်မိသွားတာ လေးလေးရဲ့"

"အဟွန်း"

လေးလေးက သူ့မျက်နှာကို စေ့စေ့ကြည့်ပြီးရယ်၏။

"မလှောင်ပါနဲ့ဗျာ၊ ကျွန်တော် တကယ်ပဲ ခံစားနေရတာပါ"

အမ်။

ဒီတစ်ခါတော့ နေအုပ် တကယ်ပဲမရယ်နိုင်တော့ချေ။

တူချောလေးကမ္ဘာရဲ့ မျက်နှာလေးမှာ နင့်သည်းမှုတွေနှင့်အတူ ရှိဝေကာ ညှိုးမှောင်နေတာလေ။

ဒါဆို...

ဒီကောင်လေး အမှန်တကယ်ပဲပြောနေတာပါလား။

သူက...





ကမ္ဘာ စနောက်နေသည်ဟု ခပ်ပေါ့ပေါ့လေးထင်နေမိတာ။

"ကမ္ဘာ"

"ဗျာ"

"မင်း အသည်းကွဲနေတာလား"

"ဒါပေါ့ဗျ"

"ဟ...ဒါဆို မင်းတကယ်ဖြစ်နေတာပဲ၊ လေးလေးက င်း အရင်ကလို စနောက်နေတာထင်လို့၊ ပြောစမ်းပါဦး ယ်ကောင်မလေးကို မင်းကချစ်မိနေတာလဲ"

"ပုံအပ်ကို"

"ဘယ်သူ"

"ပုံအပ်ကိုလေ၊ လေးလေးရဲ့၊ ပုံအပ်ဆိုတဲ့ ကောင်မလေး သိပ်ချစ်နေမိတာ"

ပုံအပ်တဲ့။

နာမည်လေးက တစ်မျိုးပါလား။

"ကျွန်တော် သူ့ကို တကယ်ပဲချစ်မိသွားတာလေးလေး"

လုပ်ပြန်ပြီ။

အရင်ကောင်မလေးတွေတုန်းကလည်း တူချောလေး ္မာက အခုလိုပဲပြောတာပဲ။ ကမ္ဘာဆီက အဲဒီလိုစကားမျိုးပြောနေ ကြားရတဲ့နေအုပ်ပင် ရိုးအီနေချေပြီ။

"လေးလေး"

"ပြောလေ ကမ္ဘာ"

"ပုံအပ်က ကျွန်တော့်ကို စာနာမှုမရှိတဲ့ တစွတ်ထိုးသ
တဲ့၊ ကမ္ဘာ့ကိုမုန်းတယ်တဲ့ လေးလေး"

"ဟေ"

"ကျွန်တော် တကယ်ချစ်တာကို သူမယုံဘူးဗျာ၊ အ
ကမ္ဘာ ဝမ်းအနည်းဆုံးပဲ"

ဟောဗျာ။

ပြောနေရင် တူချောလေးရဲ့ မျက်ဝန်းအိမ်လေးထဲ
မျက်ရည်ကြည်ကြည်လေးတွေက ရစ်ဝဲဝေ့သီလို့လာသည်။

ဒီတစ်ခါတော့…

နေအုပ် အေးအေးဆေးဆေး မနေနိုင်တော့ပါ။

ဒီကောင်လေး တကယ်ပဲခံစားနေရတာကို နေအ
တဖြည်းဖြည်းနှင့် ယုံကြည်လာရသည်။

"နေပါဦး ကမ္ဘာ၊ မင်းက သူ့ကိုဖွင့်ပြောပြီးပြီလား"

"ဒါပေါ့ လေးလေးရ"

"အဲဒီကောင်မလေးက ဘယ်ကလဲ၊ ဘယ်သူ့သားသ
လဲ ကမ္ဘာ၊ သူဘယ်မှာနေတာလဲ၊ သူ့မိဘတွေကရော ဘာအ
လုပ်ကြသလဲ"





"ဟာဗျာ…မေးခွန်းတွေကလည်း များလိုက်တာ၊ ကမ္ဘာ
တွေကို တစ်ခုမှမသိဘူးဗျ"

"ဟေ"

"ကမ္ဘာသိတာတစ်ခုတည်းပဲရှိတယ်၊ အဲဒါ ပုံအပ်ဆိုတဲ့
င်မလေးကို ကမ္ဘာသိပ်ချစ်တယ်၊ အဲဒါ အမှန်တရားပဲ
လေး၊ သွားတော့မယ်ဗျာ ကမ္ဘာ အိပ်ချင်ပြီ"

ဟောဗျာ။

ပြောပြီးတာနှင့် ကမ္ဘာက သူ့ကိုချန်ရစ်ထားခဲ့ကာ အနားက
ခုခနဲနေအောင်ပင် ထွက်သွားတော့သည်။ နေအုပ် ဘယ်လိုမှ
သီးဖို့ပင် ဟန်မပြင်နိုင်ခဲ့ချေ။ စကားစတိုးလို့တန်းလန်းကြီးနှင့်
ထားရစ်ခဲ့သည်။

ကမ္ဘာ့လုပ်ရပ်ကို သူ အံ့ဩမှင်သက်လို့မဆုံးတော့။

နေအုပ်တစ်ယောက် စိတ်တွေရှုပ်ထွေးနောက်ကျိကာ
ယောက်တည်း ကျန်နေခဲ့ရတော့သည်။

* * *

# အခန်း (၉)

"ပုံအပ်"

"ဟင် ရှင် ရှင် ဒါဘာလုပ်တာလဲ၊ ကျွန်မကို ထ
နှောင့်ယှက်ပြန်ပြီလား ကမ္ဘာ"

ပုံအပ်ရဲ့ စက်ဘီးလေးကို ရှေ့ကနေ လက်ဖြန့်ကာ
တားဆီးလိုက်သဖြင့် စက်ဘီးလေးကို ဘရိတ်ညှစ်ဖမ်းကာ ပုံအ
ရပ်ပစ်လိုက်ရပြန်ပါသည်။

အဲဒီလို

တဖွတ်ထိုးလုပ်တတ်တဲ့ အမူအကျင့်တွေကို ပုံအပ်
မနှစ်သက်မိပါ။ ကမ္ဘာဆိုတဲ့ လူဆိုးလေးကို ပုံအပ် စိတ်ပျ
မဆုံးတော့။ သူမအတွက် အနှောင့်အယှက် အဟန့်အတားအ
မြင်မိကာ ဒေါသဖြစ်ဖြစ်နှင့် ရန်တွေ့ပစ်လိုက်မိသည်။





"ပုံအပ်"

"ဘာလဲရှင့်"

"ကိုယ့်ကို ဘာကြောင့် အနှောင့်အယှက်ပေးတဲ့လူ
ယောက်လို့ တစ်ချိန်လုံး မြင်နေရတာလဲကွာ၊ အဲဒီအချက်ကို
ယ် စိတ်ဓာတ်အကျဆုံးပဲ ပုံအပ်ရယ်"

ဟွန်း

သူကပဲ ပြောရတယ်ရှိသေး။

သူလုပ်နေတဲ့လုပ်ရပ်တွေအားလုံးက ပုံအပ်အတွက်
ကယ်ပဲ စိတ်အနှောင့်အယှက် ပေးခံနေရသလို ဖြစ်နေတဲ့ဟာ။

"ပုံအပ်"

ခေါ်ပြန်ပြီ။

ပုံအပ် စိတ်ဓာတ်ကျစွာပင် သူ့မျက်နှာဆီ မော့ကြည့်
က်မိသည်။

"ကိုယ် မနေ့ညက တစ်ညလုံး အိပ်မပျော်ဘူးကွာ၊ ပုံအပ်
ကြောင့် ကိုယ် စိတ်တွေ အရမ်းညစ်နေရတယ်၊ ပုံအပ် တကယ်
စက်တယ်ကွာ"

အမ်

သူ့စကားကြောင့် ပုံအပ် မျက်မှောင်လေးတွေ တွန့်ကျုံ
ရ၏။ ဘယ်နှယ့် မနက်စောစောစီးစီး ပုံအပ်ကို စွပ်စွဲချက်

တွေ လာတင်နေရပါလိမ့်။ သူ့ဟာသူ အိပ်မပျော်တာကိုများ ပုံအ
ကြောင့်တဲ့လေ။

"ပုံအပ်"

"ဒီမှာ ကမ္ဘာ"

"ပြောလေ ပုံအပ်"

"ရှင် ပြောလို့မပြီးသေးဘူးလား၊ ကျွန်မမှာ အလုပ်တွေ
အများကြီး ရှိသေးတယ်ရှင့်၊ ဒီလောက်ဆိုရင် ကျေနပ်ပါတော့
ရှင်၊ ကျွန်မ သွားပါရစေတော့"

ပုံအပ်

တကယ်ပဲ ကမ္ဘာ အနားကနေ ထွက်သွားချင်နေမိသည်
စာစောင်တွေ အချိန်မီပို့ပေးမှဖြစ်မည်လေ။ မဟုတ်လျှင် သူမလို
စာစောင်တွေရောင်းတဲ့သူတွေဆီက ဝယ်ဖတ်လိုက်လျှင် သူ
လက်ထဲမှာ အစောင်ရေတွေ အများကြီးကျန်သွားနိုင်သည်။ တ
အိမ်တွေက ဂျာနယ်ကို စောစောဖတ်ချင်နေကြတာမဟုတ်လား
သူမအလာကို စောင့်နေရတာ စိတ်မရှည်ချင်ကြချေ။

ဒါကို

ကမ္ဘာပိုင်စိုးဆိုတဲ့လူက သိမှာမဟုတ်။

"ပုံအပ်"

"ဖယ်ပါတော့ ကမ္ဘာ၊ ကျွန်မ သွားပါရစေတော့၊ ရှ





ာမယ့် အဓိပ္ပာယ်မရှိတဲ့စကားတွေကို အချိန်ကုန်ခံပြီး နားထောင်
ကျွန်မ မအားလို့ပါ၊ ရှေ့ကနေ ဖယ်ပါတော့ရှင်"

ပုံအပ်ရယ်

အဓိပ္ပာယ်မရှိတဲ့ စကားတဲ့လားကွာ။

ကိုယ့်ရင်ထဲမှာ ခံစားနေရတဲ့အဖြစ်ကို စာနာ နားလည်
ပေးနိုင်ဘူးဆိုရင်တောင် ကိုယ်အမှန်အတိုင်း ရင်ဖွင့်ပြနေတဲ့
ခြင်းလေးတွေကိုတော့ အလေးအနက်မထားဘဲ ပေါ့ပျက်ပျက်
မထင်သင့်ပါဘူး ပုံအပ်ရယ်။

ကိုယ် မင်းကို တကယ်ပဲချစ်နေမိတာပါ။

ယုံပါ ပုံအပ်ရယ်။

ကိုယ့်အချစ်ကိုယုံကြည်ပေးပါကွာ။

"ကမ္ဘာ"

"ပြောလေ ပုံအပ်"

"ရှင် ကျွန်မကို တကယ်ပဲ ချစ်တာလားဟင်"

"ဗျာ"

"ရှင် ကျွန်မကို တကယ်ချစ်တယ်ဆိုရင် ကျွန်မ ဒုက္ခ
ရောက်အောင် ရှင်မလုပ်သင့်ဘူးမဟုတ်လား ကမ္ဘာ"

"ဘယ်လို၊ ဘာပြောလိုက်တယ် ပုံအပ်၊ ကိုယ်က မင်း
ဒုက္ခရောက်အောင် ဘာတွေလုပ်မိလို့လဲ"

"အခုလို အတင်းတားဆီးပြီး ကျွန်မ အလုပ်ပျက်အောင် လုပ်နေတာကို ရပ်သင့်ပြီ ကမ္ဘာ"

"ဒါ ဒါက"

"ကျွန်မရဲ့စီးပွားရေးကို ရှင် အနှောင့်အယှက်ပေးသလို ဖြစ်နေတာကို ရှင်သိရဲ့လား၊ နောက်ကျရင် ကျွန်မလက်ထဲမှာ ဂျာနယ်တွေ အများကြီးပုံသွားမှာ ကမ္ဘာရဲ့"

"..........."

ကမ္ဘာ စကားသံလေး တိတ်ဆိတ်သွားသည်။

သို့သော်

မျက်ဝန်းစူးတောက်တောက်လေးတွေကတော့ သူမအပေါ် မှာသာ စူးစူးစိုက်စိုက်လေး ကျရောက်နေ၏။

"အခုဆိုရင် ဂျာနယ်ယူနေကျ တချို့အိမ်တွေက ကျွန်မ ကို ပြောနေကြပြီ၊ လာပို့တာ နောက်ကျလို့တဲ့၊ သူတို့ တခြားလူ ဆီက ပြောင်းဝယ်ရင် ကျွန်မ ဒုက္ခရောက်ပြီ၊ အဲဒါကို ရှင်သိရဲ့ လား"

"ပုံအပ်"

"ပြော"

"မင်းစိတ်ညစ်နေတာ မင်းရဲ့ဂျာနယ်တွေ ရောင်းမကုန် မှာစိုးလို့လားဟင် ပုံအပ်"





"ရှင်"

"ဒါတွေကုန်သွားရင် ဘာပြဿနာမှမရှိတော့ဘူး မဟုတ် လားဟင် ပုံအပ်"

"ရှင်"

"ကိုယ်ဝယ်မယ် ပုံအပ်၊ မင်းဆီမှာ ပါလာသမျှ ဂျာနယ် တွေ အကုန်လုံး ကိုယ်ဝယ်မယ်၊ ဒါဆိုဖြစ်တယ် မဟုတ်လား"

ဟင်

ပုံအပ် မျက်လုံးလေးတွေ ပြူးဝိုင်းသွားရသည်။

ကမ္ဘာကို ဝိုပြီးတော့လည်း စိတ်ပျက်သွားမိ၏။ ကမ္ဘာ ဘာကြောင့်များ အဲဒီလောက်တောင် ကလေးဆန်နေရသလဲဆိုတာ ကိုကြည့်ပြီး ပုံအပ် ပို၍ပင် စိတ်ရှုပ်ထွေးသွားရတော့သည်။

"ပုံအပ်"

"...."

သူမ စကားပြောချင်စိတ်ပင် ကုန်ခမ်းသွားရ၏။ ကမ္ဘာ မျက်နှာဆီ စိတ်ပျက်စွာ လှမ်းကြည့်မိသည်။

"ဘယ်လိုဖြစ်ရပြန်တာလဲ ပုံအပ်ရာ၊ ကိုယ်က ပုံအပ် အတွက် အဆင်ပြေအောင်လို့ ပြောနေတာပဲဟာ"

"ရှင်ပြောနေတာတွေက တစ်ခုမှ ဟုတ်မှမဟုတ်တာ ကမ္ဘာ၊ ရှင် ဘာကြောင့် အဲဒီလောက်တောင်ပဲ ကလေးဆန်ချင်နေ

ရတာလဲ၊ စိတ်ညစ်လိုက်တာ"

"ပုံအိပ်ရယ် ကိုယ်လေ မင်းကို တကယ်ပဲ စိတ်မညစ်စေချင်ပါဘူး၊ ကိုယ့်ကြောင့်နဲ့ဆို ပိုပြီးတော့တောင် စိတ်မညစ်စေချင်တာပါ ပုံအိပ်ရာ၊ ဒါပေမဲ့ ကိုယ် ဘယ်လိုလုပ်ရမလဲဟင်၊ မင်းကို သိပ်ချစ်မိသွားတဲ့အချစ်တွေကို ကိုယ် ဘယ်လိုရပ်ကန့်ပစ်ရတော့မလဲ ပုံအိပ်ရယ်၊ ကိုယ့်ရဲ့လုပ်ရပ်တွေက မင်းအတွက် စိတ်အနှောင့်အယှက်တစ်ခုလို ဖြစ်သွားနိုင်တယ်ဆိုတာလည်း ကိုယ်သိပါတယ်၊ တစ်ခါတလေ ကလေးဆန်မိသလို ပုံစံမျိုးလည်း ဖြစ်ကောင်းဖြစ်နေမှာပါ၊ ဒါပေမဲ့ ကိုယ်ဘယ်လိုမှ မထိန်းချုပ်နိုင်ဘူး ပုံအိပ်၊ ဟန်ဆောင်ဖုံးကွယ်မှုတွေနဲ့လည်း ကိုယ်မနေပြချင်ဘူး၊ ကိုယ် မင်းကို တကယ်ပဲ ချစ်သွားမိခဲ့တာလေ၊ အဲဒါ ကိုယ် ဘယ်လိုလုပ်ရမလဲ ပုံအိပ်ရယ်"

အို

မျက်ရည်များ အဝဲသားနှင့် ရင်ထဲက စကားလေးများကို ဖွင့်ဟဝန်ခံနေသော ကမ္ဘာ ဆိုတဲ့ လူချောလေးကိုကြည့်ကာ ပုံအိပ်ရင်လေး သိမ့်ခနဲပင် ခံစားလိုက်ရပါသည်။

"ကိုယ် စိတ်မကောင်းပါဘူး၊ ကိုယ့်ကြောင့် ပုံအိပ် အခုလို စိတ်တွေရှုပ်ထွေး နောက်ကျိနေရတာကို မြင်ရတော့ တကယ်ပဲ နောင်တတွေတောင် ရနေရပါတယ်၊ ပုံအိပ်လို ရိုးသားအေးချမ်းတဲ့





နီးကလေးကိုမှ ကိုယ် ဘာကြောင့်များ အခုလိုမျိုးလုပ်ရပ်တွေကို ျူးလွန်နေမိရသလဲဆိုတာ တွေးမိတိုင်း ကိုယ့်ကိုယ်ကိုလည်း ှင့်မလွတ်ချင်လောက်အောင်ပဲ ဒေါသဖြစ်မိပါတယ်၊ ဒါပေမဲ့ ကိုယ့်ရင်ထဲက နှလုံးသားလေးတွေက ပုံအိပ်ဆိုတဲ့ မင်းလေးကိုမှ ိုလိုလားလား တောင်းဆိုနေကြတာကို ကိုယ် ဘယ်လိုမှ မတား းနိုင်တာ ကိုယ့်ရဲ့ညံ့ဖျင်းမှုတစ်ခုပါပဲ ပုံအိပ်ရယ်၊ ကိုယ် သိပ်ချစ် ိသွားတာကို ဘယ်လိုမှ မတားနိုင်ခဲ့ဘူးကွာ"

အို

ဆို့နင့်ကြေကွဲနေသော သူ့စကားသံလေးများကို နားထောင် ြီး ပုံအိပ် ရင်လေးထဲ အမည်မသိသော ခံစားချက်နုနုလေးတစ်ခု ုတ်ခနဲ စီးဝင်လာရသည်။ သူမ တွေဝေကာ မင်သက်သွားရ၏။

ကမ္ဘာရယ်

ရှင် ဘာကြောင့် ပုံအိပ်ကိုမှ လာချစ်နေရတာလဲဟင်။

ပုံအိပ်မှာ ဘာများ အထင်ကြီးစရာတွေ ရှိနေလို့လဲ ကမ္ဘာ။

ရှင့်ရုပ်ရည်၊ ရှင့်ရဲ့ကြွယ်ဝချမ်းသာမှုတွေနဲ့ဆိုရင် ပုံအိပ် ထက် သာတဲ့ မိန်းကလေးတွေ အများကြီး ရနိုင်ပါလျက် ပုံအိပ် လို ဂျာနယ်လိုက်ရောင်းနေရတဲ့ မိန်းကလေးဆီက အချစ်ကိုမှ အသနားခံပြီး တောင်းဆိုနေရသတဲ့လား။

"ပုံအိပ်"

"ရှင် ပြောလို့မပြီးသေးဘူးလားဟင်၊ ကျွန်မ သွားပါရစေတော့ ကမ္ဘာရယ်၊ ကျွန်မ တောင်းပန်ပါတယ်"

ပုံအပ်ရယ်။

မင်း ဘာကြောင့်များ ကိုယ့်ကို ပြန်မချစ်နိုင်ရတာလဲကွာ။

ကိုယ် မင်းကို လေးလေးနက်နက် ချစ်ခဲ့တယ်ဆိုတာကို မင်း ဘာကြောင့် အယုံအကြည်မရှိရတာလဲ ပုံအပ်ရယ်။

မင်းလေးကို စတွေ့လိုက်ရတဲ့ အချိန်တိုလေးအတွင်းမှာပဲ ကိုယ့်ရင်တွေ ထိန်းချုပ်မရလောက်အောင်ပဲ ခုန်လှုပ်သွားရတယ် ပုံအပ်။ ဒါကို မင်းက မသိပေမယ့် မင်းမျက်နှာလေးကို မြင်မြင်ချင်း စွဲလမ်းသွားမိတဲ့ ကိုယ့်အဖြစ်က သီဝိမင်းကြီး ဥမ္မာဒန္တီကို တွေ့လိုက်ရသလိုပါပဲ။

ပုံအပ် ဆိုတဲ့ နာမည်လေးတစ်ခုတည်းကိုသာ သိခွင့်ရခဲ့ပေမယ့် မင်းနဲ့ပတ်သက်တဲ့ အရာအားလုံးကို မျက်စိထဲမှာ မထားနိုင်တော့လောက်အောင်ပဲ ချစ်ခဲ့မိတယ်ကွာ။

"ကမ္ဘာ"

"ပြောပါ ပုံအပ်"

"ရှင့်ကို ကျွန်မ လုံးဝချစ်နိုင်မှာမဟုတ်ဘူး ကမ္ဘာ၊ ရှင့်ကိုမှမဟုတ်ဘူး၊ ဘယ်လိုလူမျိုးကိုမှလည်း ကျွန်မ ချစ်မှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဘဝက အချစ်ကို စိတ်ကူး





လေးထိုင်ယဉ်နေခွင့်မရအောင်ဘဲ ခက်ခက်ခဲခဲ တည်ဆောက်နေရတာမို့လို့ပါ၊ ရှင် နားလည်ပေးပါ ကမ္ဘာ၊ ဘယ်လိုမှမဖြစ်နိုင်ပါဘူး"

ပုံအပ်ရယ်

ကိုယ်သိပါတယ်။

မင်းရဲ့အခြေအနေကို ကိုယ် နားလည်ပါတယ်။

ဒါပေမဲ့ ကိုယ့်အချစ်တွေက ဘယ်လိုမှရပ်တန့်ပစ်လို့မှ မရတာ။

အဲဒါကို

မင်းလည်း စာနာနားလည်သင့်ပါတယ် ပုံအပ်ရယ်။

"ကမ္ဘာ"

"ပြောပါ ပုံအပ်"

"ရှင့်ကို ပုံအပ် ခင်ပါတယ် ကမ္ဘာ"

"ကိုယ်က ချစ်စေချင်တာလေ ပုံအပ်"

ပြဿနာပဲ။

ပုံအပ် စိတ်အညစ်ကြီး ညစ်သွားရသည်။

သူမ ဘယ်လိုပြောမှ ကမ္ဘာ နားလည်နိုင်မှာလဲ။

အခုတောင်

အိမ်မှာနေရတာ ပုံအပ်အတွက် ဘယ်လောက်တောင်များ

အနေကြပ်ရသလဲဆိုတာ သူမှမသိတာ။ ဒီနှစ် ဆယ်တန်းဖြေဖို့တောင် မမကြီးနဲ့ ကိုကိုကြီးတို့ရဲ့ ငြိုငြင်မှုကြောင့် ရပ်ပစ်လိုက်ရသည်။

ဒါနဲ့များတောင် ပုံအပ် ချစ်သူရည်းစားထားမည်ဆိုပါလျှင် ပို၍တောင် အပြစ်ရှာပြီး သောင်းကျန်းကြပေလိမ့်မည်။ ပုံအပ်အသနားဆုံးက အမေပဲ။ ပုံအပ်ကို ဘယ်လောက်ထိ မျှော်လင့်ချက်တွေ ထားတယ်ဆိုတာ ပုံအပ် အသိဆုံးပင်။ အမေ့ကို ပုံအပ် စိတ်မဆင်းရဲစေချင်ပါ။ ပုံအပ်မှာ အားအထားရဆုံးဆိုလို့ ပြောကြည့်မှ ဒီအမေ တစ်ယောက်တည်း ရှိတာမဟုတ်လား။ အမေ စိတ်ဆင်းရဲရမယ့် ဘယ်လိုအလုပ်မျိုးကိုမဆို ပုံအပ် ရှောင်ရှားဖို့ ဆုံးဖြတ်ထားမိသည်။

"ပုံအပ်"

"............"

သူမ မထူးမိ။

စိတ်ရှုပ်ထွေးသော မျက်ဝန်းလေးတွေနှင့်သာ ကမ္ဘာ့ဆီ လှမ်းကြည့်လိုက်သည်။

"ကိုယ့်ကြောင့် စိတ်ညစ်နေပြီလားဟင်"

ပုံအပ် မဖြေ။

"ကိုယ်တောင်းပန်ပါတယ် ပုံအပ်ရယ်၊ သွားပါ၊ မင်းကို





တားဆီးတော့ပါဘူး ပုံအပ်ရယ်၊ ဒါပေမဲ့ ကိုယ် မင်းကို သိပ်ချစ်တယ်ဆိုတာကိုတော့ ယုံကြည်ပေးပါ ပုံအပ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကိုယ့်ကို ပြန်ချစ်လာမယ့် မင်းရဲ့အချစ်လေးတွေကို ကိုယ်မျှော်လင့်စောင့်စားနေမယ်ဆိုတာလည်း ယုံကြည်ပေးပါ ပုံအပ်၊ ကိုယ် သွား ပါတော့မယ်ကွာ"

ကမ္ဘာ့အသံလေးက တိုးအက်ကာ တုန်ခါနေသည်။ သူ့ င်သဲက စကားတွေကို ရိုးသားစွာ ဝန်ခံပြောပြီးတာနဲ့ သူမ စက်ဘီးလေးရှေ့ကနေဖယ်ကာ ကမ္ဘာက နွေးထွေးသောလေးလံသော ခြေလှမ်းလေးတွေနှင့်ကျောခိုင်းကာ ထွက်ခွာသွားသည်။ ပုံအပ်ဆီ လုံးဝပင် လှည့်မကြည့်တော့ချေ။

ဒီတော့မှပဲ

ပုံအပ် စက်ဘီးလေးကို ရှေ့ဆက်ကာ နင်းထွက်နိုင်သော့၏။

ကမ္ဘာရယ်

ပုံအပ်ကို ခွင့်လွှတ်ပါ။

ရှင့်ကို ဘယ်လိုမှ စိတ်ချမ်းသာမှုကို ပုံအပ် မပေးနိုင်တဲ့အတွက် ပုံအပ်ကို နားလည်ပေးပါ ကမ္ဘာရယ်။

* * *

# အခန်း (၁၀)

နေအုပ်တစ်ယောက် တူချောလေး ကမ္ဘာရဲ့ မှိုင်တွေ
ငိုင်နေသော ပုံစံလေးကိုကြည့်ပြီး သက်ပြင်းမောလေးကို အခါခါ
ချမိလို့ မဆုံးတော့ချေ။

အသည်းကွဲနေတာတဲ့။

ကောင်မလေးတစ်ယောက်ကို နင့်နင့်သည်းသည်း ချစ်
သွားလို့ အရမ်းကို ခံစားနေရတာတဲ့လေ။

အစကတော့

သူသိပ်ပြီး မယုံချင်။

ဒီကောင်လေးက အစကတည်းက အချစ်တွေက အ
သားပဲ။

အခုပဲခံစားရတယ်ပြောပြီး နှစ်ရက်ပင် မခံ၊ အချစ်သ





ကာ ပြန်ပြီး နုသစ်လန်းဆန်းနေတတ်တာမို့ အခုတစ်ခါတွင်
း အရင်ကလိုပဲဟု ထင်မှတ်ကာ ခပ်ပေါ့ပေါ့လေးပင် ထား
သည်။

တူချောလေးက အခုတော့ ရည်းစားပူမိကာ အခန်းအောင်း
ကြိတ်ဆွေးနေသည်။ သူ ဘာလုပ်ပေးရမလဲ။ တူချောလေး
ချမ်းသာပျော်ရွှင်အောင် သူ ဘယ်လိုကြံဆောင်ပေးရပါ့မလဲ။
စားမိတိုင်း သက်ပြင်းမောကိုသာ အကြိမ်ကြိမ်ချမိသည်။

ကားလေးကို ဂရုတစိုက်သာ မောင်းနေရပေမယ့် နေအုပ်
တွေးကမ္ဘာထဲမှာတော့ တူချောလေးရဲ့ အကြောင်းလေးတွေသာ
း‌နေခဲ့ရသည်။

နေအုပ်တစ်ယောက် ကားလေးကို ရပ်ကွက်လမ်းမကြီး
ချိုးအကွေ့

"ဟာ"

"ဒုန်း"

"ဝုန်း"

ကျွီ

လမ်းချိုးလေးထဲ ကွေ့အဝင် မထင်မှတ်ဘဲ မျက်နှာချင်း
နင်းလာသော စက်ဘီးတစ်စီးအား ပွတ်တိုက်မိပြီး ကား
လေးကို ချက်ချင်းပင် ဖိနင်းကာ ရပ်တန့်လိုက်ရသည်။

သူ

ကားပေါ်မှ ကပျာကယာ ဆင်းလိုက်မိ၏။

ကားနှင့်ပွတ်တိုက်မိသော အရှိန်နှင့် လမ်းဘေးသို့ ပစ် ကျသွားသော စက်ဘီးသမားဆီ ခပ်သုတ်သုတ်လေး လျှော သွားကာ ကြည့်မိသည်။

"ဘာဖြစ်သွားလဲဟင် ကလေး၊ ဘာဖြစ်သွားလဲ"

အား‥ကျွတ် ကျွတ် ကျွန်‥ကျွန်မ"

စက်ဘီးသမားလေးက လဲကျသွားရာမှ နာကျင် ညည်းညူပြီး ခပ်ဖြည်းဖြည်းလေး ထထိုင်သည်။ ညနေစော ဖြစ်သည့်အပြင် ကားလမ်းမကလည်း အသွားအလာနည်းပါး ရှင်းလင်းနေသည်မို့ ဘွားခနဲ အရှိန်နှင့်ကွေ့နင်းလာသော စက် လေးကို သူ လုံးဝမမြင်လိုက်ချေ။

ဒုန်းခနဲမြည်အောင် တိုက်မိသံနှင့်အတူ စက်ဘီးတ လူတခြား လဲပြိုသွားသော မြင်ကွင်းလေးက သူ့အတွက် ဖျက်တုန်လှုပ် ချောက်ချားစရာပါ။

နေအုပ်ဘက်က အမှားမို့ စက်ဘီးပိုင်ရှင်အား ချက်ချ ပင် ဆင်းကြည့်မိ၏။

"ကလေး"

"ကျွန်မ ကျွန်မစက်ဘီး"





ဟင်

ဂျင်းဘောင်းဘီပြာ၊ တီရှပ်အကွက်နီညိုရောင်နှင့် လျှာထိုး သုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားတာမို့ လူငယ်ကောင်လေး စ်ယောက်ဟု ထင်ထားတာ အခုတော့ ကောင်မလေးတစ်ယောက် ပ်နေ၏။

"ကလေးမ မင်း ထနိုင်ရဲ့လား၊ ဟာ မင်းလက်မှာ ွေးတွေနဲ့ပါလား"

ဟင်

တစ်ဖက်မှ အသိပေးစကားကြောင့် စက်ဘီးလေးဆီ ာက်နေသော သူမရဲ့အာရုံက သူမ လက်မောင်းဆီရောက်သွား

ဘုရား…ဘုရား

နိုင်လွန်ကတ္တူရာပေါ် ပစ်လဲကျသွားသော အရှိန်နှင့် သူမ တံတောင်ဆစ်တစ်ခုလုံး ပွန်းရှကာ ဒဏ်ရာမှ သွေးများ က်ချင်းပင် စိမ့်ထွက်လာကြသည်။ သွေးစတွေကိုမြင်လိုက်တော့ သူမရင်လေး ထိတ်ခနဲဖြစ်ကာ မျက်ရည်လေးများ တပေါက် က် စိမ့်ဆင်းကျလာရ၏။ ဝမ်းနည်းအားငယ်စိတ်များ ရင်ထဲ ုံးအရင်း တိုးဝင်လာကြသည်။

"အဟင့် ဟင့်"

ဟာ

ငိုရှိုက်သံသဲ့သဲ့ကြောင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားရေ
က' နေအုပ်ပိုင်စိုး ရယ်ပါ။

အမြဲတမ်း

သတိကြီးစွာထားတတ်သော နေအုပ်မှာ အခုလို မထင်
မှတ်သော မတော်တဆမှုကြောင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမ
အောင် ဖြစ်နေရစဉ် ကောင်မလေးဆီမှ ငိုရှိုက်သံကြောင့် ပို၍
ပျာယာခတ်သွားရတော့သည်။

"ဟော့ ဟော့ ကလေးမ မငိုနဲ့လေ၊ မငိုပါနဲ့၊ တောင်းပ
ပါတယ်၊ ကိုယ့်အမှားပါ၊ မထင်မှတ်ဘဲ ကားကို ရုတ်တရ
ကွေ့ချလိုက်မိတဲ့ ကိုယ့်အမှားပါ၊ ဘာဖြစ်သွားလဲဟင်၊ မထ
ဘူးလား၊ ခြေထောက်ဘာဖြစ်သွားသေးလဲ"

နေအုပ်

စိုးရိမ်တကြီး မေးမိသည်။

"ကျွန်မ ကျွန်မ ..."

"မင်း ထရပ်ကြည့်ပါဦး"

လက်မောင်းလေးအား ဖေးမတွဲကူပြီး ကောင်မလေးအ
ထရပ်စေမိ၏။ ကောင်မလေးကလည်း သူ့စကားကို နာခံ
ထရပ်သည်။





"အား ကျွတ် ကျွတ် နာတယ်၊ အဟင့် ဟင့်"

ခြေထောက်ဆီမှ စူးရှနာကျင်သော ဝေဒနာဆိုးကြောင့်
ချက်ချင်းပင် ပြန်ထိုင်ချလိုက်မိသူက ပုံအပ်နှင်း ရယ်ပါ။

ဂျာနယ်တွေပို့ပြီးအပြန် လမ်းချိုးကွေ့လေးမှ နှင်းအထွက်
ရုတ်တရက် ချိုးကွေ့ဝင်လာသော ကားတစ်စီးကြောင့် ကမန်း
ကတန်း ရှောင်လိုက်စဉ် ကားဘေး ဘက်ကြည့်မှန်နှင့်ချိတ်ကာ
ဂဏ်ဘီးရော လူပါ လမ်းဘေးသို့ အထိန်းအကွပ်မဲ့ လဲပြိုသွားရ
သည်။

ပြန်ချင်စောနှင့် နှင်းလာမိလို့လားမသိ၊ အရှိန်က ပြင်းထန်
လှ၏။ ကားသမားက ချက်ချင်းပင် ဆင်းကြည့်ပါသည်။
သူ့ဘက်က အမှားဟုလည်း တောင်းပန်၏။

ပုံအပ်မှာ သူ့မကိုယ်သူမ ထိခိုက်ဒဏ်ရာရတာထက်
စက်ဘီးများ တစ်ခုခုဖြစ်သွားမလားဆိုသည့် စိုးရိမ်စိတ်ကသာ
ကြီးစိုးနေမိသည်။ စာနာစွာ ဖေးမကူတွဲမှုကြောင့် သူမ ထရပ်လိုက်
မယ့် လဲကျသောအရှိန်ကြောင့် ခြေကျင်းဝတ်နားမှ နာကျင်
မှုက ခြေထောက် မထောက်နိုင်။

"မင်း ခြေထောက်ထိသွားတယ်ထင်တယ်၊ ကိုယ်
ဆေးခန်းလိုက်ပို့ပေးမယ် ကလေးမ"

"ကျွန်မ ကျွန်မစက်ဘီး"

"အားလုံး ကိုယ်တာဝန်ယူပါတယ် ကလေး၊ ကိုယ် ဒီရပ်ကွက်မှာနေတာပါ၊ မင်းစက်ဘီးကို ကိုယ့်အလုပ်သမား တစ်ယောက်ကို ဖုန်းဆက်ခေါ်ပြီး ပြင်ခိုင်းလိုက်ပါ့မယ်၊ မင်းစိတ် ချပါ၊ ကိုယ် အားလုံး တာဝန်ယူပါတယ်"

နေအုပ်

ကောင်မလေးကို စိတ်မပူအောင် ဖျောင်းဖျကာ ဟမ်းဖုန်း နှင့် အိမ်က အလုပ်သမားတစ်ယောက်ကို လာခိုင်းကာ စက်ဘီး ကိုလာယူဖို့ ညွှန်ကြားလိုက်သည်။

"ကဲ ကလေးမ၊ ဆေးခန်းသွားရအောင်"

ကောင်မလေးကို ဖေးမကူတွဲပြီး ကားနောက်ခန်းတွင် ထိုင်စေလိုက်ပြီး သူငယ်ချင်းဖြစ်သူရဲ့ ဆေးခန်းသို့ မောင်းခဲ့လိုက် သည်။

"ဦး"

"ဟေ"

"ကျွန်မ စက်ဘီး"

"မင်းစက်ဘီးကို စိတ်ချပါ၊ ပြင်လို့မရရင်တောင် အသစ် တစ်စီး ပြန်လျော်ပေးမှာပါ ကလေးမ၊ မင်း စိတ်မပူပါနဲ့၊ အရေး ကြီးတာ မင်းဒဏ်ရာတွေ သက်သာဖို့ပဲ၊ ခြေထောက်က အခု နာနေလားဟင်"





"ဟုတ်"

"စိတ်မကောင်းပါဘူးကွာ၊ ကိုယ် နည်းနည်းအတွေး သွားလို့ သတိမထားမိဘူး ဖြစ်သွားတယ်၊ တော်သေးတာ င်းအရှောင်မြန်လို့ပဲ၊ ဘေးနဲ့ပွတ်တိုက်မိသွားလို့၊ မဟုတ်ရင် ယ်ဘူး"

နေအုပ် တကယ်ပဲ စိတ်မကောင်းဖြစ်နေမိသည်။

သူ့ရဲ့အမှားကြောင့်မို့လည်း အပြည့်အဝ တာဝန်ယူဖို့ တ်ထားမိ၏။ ကောင်မလေးက လမ်းအမှန်အတိုင်း အဖြောင့် ာတာလေ။ သူက အကွေ့ကားဖြစ်ပြီး သူမ စက်ဘီးကို မထားမိတာပါ။

နေအုပ်တစ်ယောက် ကားလေးကို ဆေးခန်းတစ်ခုရှေ့ ထိုးရပ်လိုက်သည်။ သူ့ကားကို မြင်လိုက်သည်နှင့် သူငယ် ဖြစ်သူ ရဲညွှန့်က ထွက်လာ၏။ နေအုပ် ကားပေါ်မှဆင်းကာ ချင်းဖြစ်သူဆီ လျှောက်သွားလိုက်သည်။

"နေအုပ် မလာစဖူး ရောက်လာလို့ပါလား၊ တစ်ချိန်လုံး မအားလို့ဆိုပြီး ညည်းနေတဲ့သူက ထူးထူးဆန်းဆန်း ရောက် တယ်ဆိုတော့ ဘာအရေးကိစ္စကြုံလာလို့လဲ"

"အေးကွာ ကိုရဲ၊ ငါ စက်ဘီးတစ်စီးကို ကားနဲ့ပွတ် မိသလို ဖြစ်သွားလို့ကွ၊ အဲဒါ မင်း ကြည့်ပေးပါဦး"

"ဟေ ဟုတ်လား"

"ဟုတ်တယ်၊ ခြေထောက်နည်းနည်း ထိသွားတယ်

တယ်၊ ထောက်လိုက်ရင် နာတယ်တဲ့ ကိုရဲ"

"လူနာက ဘယ်မှာလဲ"

"ကားထဲမှာ ကိုရဲ"

"ဒါဆို ဆေးခန်းထဲ ခေါ်ခဲ့လေ"

"အေး အေး"

နေအုပ် ကားဆီသို့ ကပျာကယာပြန်သွားကာ နောက် ထဲတွင်ထိုင်နေသော ကောင်မလေးကို သွားခေါ်လိုက်သ ခြေထောက်က လမ်းကောင်းကောင်းထောက်ပြီး မလျှောက်နိုင် မို့ လက်မောင်းလေးအား ဖေးမကူတွဲကာ ဆေးခန်းလေးဆီ ခဲ့လိုက်သည်။

"ခြေထောက်က လဲကျတဲ့အရှိန်နဲ့ နာတာပါ၊ အရိုး မထိဘူး၊ ဆေးစည်းလိုက်ရင် သက်သာသွားမှာပါ၊ ဒါပေမဲ့ နဲ့ ခြေသလုံးက ပွန်းတဲ့ဒဏ်ရာကတော့ နည်းနည်းများ ဆေးတော့ နေ့စဉ် မှန်မှန်ထည့်ထည့်ပေးရလိမ့်မယ်၊ အခုလော ဆယ်တော့ ဆေးတစ်လုံးထိုးပေးပြီး သောက်ဆေးပေးလိုက် ဒဏ်ရာလူးဆေးကိုလည်း ထည့်ပေးလိုက်မယ်၊ အိမ်ကျရင် ဆ ထည့်လို့ရအောင်ပေါ့"





"အေးကွာ၊ မင်းပဲ ကောင်းသလိုသာ ကြည့်လုပ်ပေးပါ"

နေအုပ်

သူငယ်ချင်းဖြစ်သူ ဒေါက်တာရဲညွန့်ဆီ အပ်လိုက်မိသည်။

ဘာပဲပြောပြော

ကောင်မလေး အခုလို အနာတရဖြစ်သွားရတာတော့ သူ့ဘက်ကယ်ပဲ စိတ်မကောင်းဖြစ်မိသည်။ သူ့ဘက်က အတတ်နိုင်ဆုံး တာဝန်ကျေချင်၏။ အကောင်းဆုံးဖြစ်အောင် လုပ်ပေးဖို့သာ ဆုံးဖြတ်ထားမိသည်။

ဆေးထိုး ဆေးထည့်ပြီးတော့ ကောင်မလေးကို အိမ်လိုက်ပို့ပေးဖို့ ပြင်ဆင်မိ၏။ သူငယ်ချင်းဖြစ်သူကိုလည်း ကျေးဇူးတင်စကား ပြောကာ နှုတ်ဆက်လိုက်သည်။

"ကိုယ် ဘယ်ကိုလိုက်ပို့ပေးရမလဲ ကောင်မလေး"

"ရှင်"

"မင်းရဲ့အိမ်လိပ်စာကို မေးနေတာ"

ဒီတော့မှ

ကောင်မလေးက သူနေထိုင်သော အိမ်လိပ်စာလေးကို ပြောပြ၏။ နေအုပ် ကားလေးကို ဆေးခန်းကနေ ပြန်မောင်းထွက်ခဲ့လိုက်သည်။

ဒီတစ်ခါတော့

အာရုံကို ဘယ်မှမပျံ့လွင့်အောင် သတိထားထိန်းပြီး ကားလေးကို ဂရုတစိုက်သာ မောင်းနှင်နေမိသည်။

သူ့ကားလေးက လူနေထူထပ်သော ရပ်ကွက်လေးတစ်ခု ထဲ ရောက်လာ၏။ လမ်းလေးတွေက ကျဉ်းမြောင်းသည့်အပြင် စက်ဘီးရော ဆိုက်ကားတွေပါ များပြားနေတာမို့ မနည်း သတိထား ရှောင်တိမ်းကာ မောင်းခဲ့ရသည်။

"ဟိုရှေ့ကအိမ်ပဲ ဦး"

ကောင်မလေး လက်ညှိုးထိုးပြသော ခြံဝိုင်းလေးရှေ့သို့ ရောက်တာနှင့် သူ့ကားကို ညင်သာစွာပင် ထိုးရပ်လိုက်၏။

"ရပြီ ဦး၊ ကျေးဇူးပါပဲ"

ကောင်မလေးက တုန်ယင်အက်ရှနေသော အသံလေးနှင့် ကျေးဇူးတင်စကား ဆိုရှာသည်။

"မဟုတ်တာ၊ ကိုယ့်ကြောင့် မင်း အခုလိုဖြစ်ရတာပဲဟာ၊ ကျေးဇူးတင်စရာမလိုပါဘူး၊ ကိုယ်ကသာ မင်းကို တောင်းပန်ရ မှာပါ ကလေးမရယ်"

"မတော်တဆ တိုက်မိတာပဲဟာ၊ ဘယ်တတ်နိုင်ပါ့မလဲ၊ ကျွန်မ နားလည်ပါတယ်၊ မသိချင်ဟန်ဆောင်ပြီး မောင်းမပြေး သွားတာကိုပဲ ကျေးဇူးတင်ပါတယ်"





"လာ ကလေးမ၊ ကားပေါ်က ဖြည်းဖြည်းဆင်းနော်၊ ကိုယ့်ကို အားပြုထား၊ ခြေထောက်ကို သိပ်မထောက်နဲ့"

ပုံအပ် သူ့အကူအညီနှင့်ပင် ကားလေးပေါ်ကနေ ဖြည်း ညင်းစွာ ဆင်းလိုက်ပြီး ခြံဝိုင်းလေးဆီ ညင်သာစွာ လျှောက်လှမ်း လိုက်သည်။

"ဟယ် သမီးငယ်လေး၊ ဒါ ဒါက ဘယ်နှယ့်ဖြစ်လာ တာလဲ၊ အမေ ရင်ထိတ်လိုက်တာကွယ်"

ဒေါ်နှင်းနှင်းဆွေတစ်ယောက် ခြံရှေ့တွင် နောက်ဆုံးပေါ် ကားလှလှကြီးတစ်စီး ထိုးရပ်လာတာမို့ တအံ့တသြ ငေးကြည့်နေ ...ာန်း ကားပေါ်မှ သမီးငယ်လေး ဆင်းလာတာကို တွေ့လိုက်ရ တာကြောင့် စိုးရိမ်ပူပန်စိတ်များ ခန္ဓာကိုယ်တစ်ခုလုံးသို့ ပျံ့နှံ့သွား ...သည်။

အိမ်လေးပေါ်ကနေ အပြေးတစ်ပိုင်းနှင့်အဆင်း သန့်ပြန့် ...သား ချောမောလွန်းသော လူရွယ်တစ်ယောက်၏ အကူအညီ ၊ ခြေထောက်လေး ထော့နင်းထော့နင်းနှင့် ဝင်လာတာကို မြင် လိုက်ရတာမို့ ပို၍ပင် ရင်ထိတ်သွားရပါသည်။ သမီးငယ်ရဲ့ ခြေထောက်မှာလည်း ပတ်တီးက အဖွေးသားနှင့် မဟုတ်ပါလား။

"ကျွန်တော့်ကားနဲ့ ပွတ်တိုက်မိသွားတာပါ အန်တီ"

လူရွယ်က အားတုံ့အားနာဟန်နှင့် သူ့အပြစ်ကို ဝန်ခံ၏။

"ဘုရား ဘုရား မသေကောင်း မပျောက်ကောင်းကွယ် ဖြစ်မှဖြစ်ရလေ သမီးလေးရယ်၊ ဘယ်လိုတွေဖြစ်လာကြတာလဲ"

"ကျွန်တော် ကားလမ်းကွေ့ကိုအရှိန် မလော့တာဆ ဘေးနဲ့ ပွတ်တိုက်မိသလို ဖြစ်သွားတာပါ၊ ဆေးခန်းလည်း ပြခဲ့ပါတယ် အန်တီ၊ ကျွန်တော့်နာမည်က နေအုပ်ပါ"

သူ ကောင်မလေးအမေကို သေသေချာချာ ရှင်းပြမိ သည်။

"သမီး ဘာမှမဖြစ်ပါဘူး အမေရဲ့၊ စိတ်မပူပါနဲ့"

အင်မတန်မှ စိုးရိမ်ပူပန်မှုကြီးတတ်သော အမေ့အကြောင်းကို သိနေတဲ့ ပုံအပ် အပြုံးနုနုလေးတွေနှင့် အမေ စိတ်ပေါ့သွားအောင် ပြောလိုက်မိသည်။

သူမကိုမြင်လိုက်စဉ် အမေ့မျက်နှာလေးက ကွက်ခနဲ ပျက်သွားတာမဟုတ်လား။ အမေ ဘယ်လောက်တောင် လန့်ဖျပ်သွားမလဲဆိုတာ ပုံအပ်အသိဆုံးပဲဖြစ်သည်။

"ဘာမှမဖြစ်ပါဘူးသာဆိုတယ် ပတ်တီးက အဖွေးသားနဲ့ သမီးရယ်၊ အမေဖြင့် ထူပူသွားတာပဲ၊ အမေ့သမီးငယ်လေး ဒီလိုဖြစ်ရတယ်လို့ကွယ်"

"အဟင်း ဟင်း အမေကလည်း သမီး ဘာမှမဖြစ်ပါဘူးဆို၊ တကယ်ပြောတာပါ အမေရဲ့"

"စက်ဘီးရော သမီး"





"စက်ဘီးက ကျွန်တော့်အိမ်မှာပါ အန်တီ၊ ကျွန်တော် အလုပ်သမားတစ်ယောက်ကို သွားပြင်ခိုင်းထားပါတယ်၊ မနက်ဖြန် ကျရင် ဒီကိုလာပို့ပေးပါ့မယ် အန်တီ၊ ဘာပဲပြောပြော ကျွန်တော့် အမှားကြောင့် ဖြစ်တာမို့ ကျွန်တော့်မှာ တာဝန်ရှိပါတယ်၊ ကျွန်တော် အားလုံး အဆင်ပြေအောင် လုပ်ပေးမှာပါ အန်တီ"

နေအုပ်တစ်ယောက် ကြားဝင်ကာ ဖြေရှင်းပြမိသည်။

ဒီတော့မှ

ကောင်မလေးရဲ့ အမေဖြစ်သူက ဘာမှမပြောတော့ဘဲ သူ့သမီးကို ဖေးမကူတွဲပြီး အိမ်လေးပေါ်သို့ တက်သွားတော့သည်။

နေအုပ်တစ်ယောက် အနောက်ကနေ လိုက်တက်ခဲ့မိ၏။

"မောင်ရင် ထိုင်လေကွယ်၊ သြော် အန်တီက နှင်းနှင်းဆွေပါ၊ သမီးလေးရဲ့ အမေပေါ့"

"ဟုတ်ကဲ့ပါ အန်တီ၊ ကျွန်တော့်ကို အားမနာပါနဲ့၊ ကောင်မလေးကိုသာ နားနားနေနေ နေလို့ရအောင်သာ လုပ်ပေးလိုက်ပါ၊ ကျွန်တော့်ကြောင့် ဖြစ်ရတာမို့ တကယ်ပဲ စိတ်မကောင်းပါဘူးဗျာ"

နေအုပ် ထင်ထားတာက ကောင်မလေးအမေက သူ့ကို မြင်တွေ့ပြီး ပြဿနာရှာကာ လျော်ကြေးတွေ တောင်းမှာပဲလို့လေ။ အခုတော့ အားလုံးက ရိုးသားအေးဆေးပြီး နားလည်ခွင့်လွှတ်နေ

ကြသည်။ သူတောင် အားတွေနာကာ ပိုပြီးစိတ်မကောင်းပင် ဖြ
နေရသည်။

ခုမှ နေအုပ်တစ်ယောက် သက်ပြင်းမောကို ဟင်း
ချနိုင်တော့သည်။ သူ အတော်လေး တောင်းပန်ရမှာပဲလို့ တွေ
ထင်ထားခဲ့တာလေ။ အခုတော့ သူထင်တာနှင့် တခြားစီဖြစ်
ခဲ့သည်။ တိုင်တောကာ ပြဿနာရှာဖို့နေနေသာသာ သူတို့က
အားနာနေကြသည့်ဟန်။

"ကျွန်မစက်ဘီးကို ဘယ်တော့လာပို့မှာလဲဟင်၊ ဒီ
ညနေလောက် လာမပို့နိုင်ဘူးလား၊ မနက်ဖြန်မှဆိုရင် မဖြစ်ဘူး
ထင်တယ်"

"ဟေ"

ကောင်မလေးစကားကြောင့် သူ ဘာပြန်ပြောရမှန်း
အောင်ပင် ကြောင်ကျသွားရသည်။ သူမရဲ့စက်ဘီးကို ဘာဖြစ်
များ ဒီလောက်တောင် အလောတကြီး လိုအပ်နေရတာပါလိမ့်

"ကျွန်မက နေ့စဉ်သတင်းစာနဲ့ ဂျာနယ်တွေ လိုက်
ရတာဆိုတော့ ရက်ပျက်လို့မရဘူး၊ ဒါကြောင့် ဖြစ်နိုင်မယ်ဆို
စက်ဘီးကို ချက်ချင်းပြင်ပြီး ဒီညပဲ လာပို့စေချင်တယ်"

"ဘာလဲ၊ မနက်ဖြန် မင်းအလုပ်လုပ်ဦးမလို့လား"

"ဟုတ်ကဲ့"





ကောင်မလေးရဲ့ ခေါင်းညိတ်အဖြေပေးမှုကြောင့် နေအုပ်
က်လုံးပြူးသွားရသည်။

"ဟာကွာ ဒါကတော့ မဖြစ်နိုင်ဘူးထင်တယ်ကွ၊ မင်း
ဏ်ရာတွေနဲ့ဟာကို၊ ပျောက်တဲ့အထိတော့ အနားယူလိုက်ပါ၊ ကိုယ်
င်းအတွက် ဆေးကုသစရိတ်တွေ လုံလုံလောက်လောက် ပေးခဲ့
မယ်"

"ကျွန်မ အလုပ်က နားချင်တိုင်း နားလို့မရဘူး ဦးရဲ့၊
ဟုတ်ရင် ဝယ်နေကျဖောက်သည်တွေ တခြားသူဆီကို ရောက်
န်လိမ့်မယ်၊ ကျွန်မ ရောင်းအားကျသွားမှာပေါ့"

ကောင်မလေးရဲ့စကားကြောင့် အလုပ်အပေါ် အလေး
က်ထားသော သူမရဲ့စိတ်ဓာတ်လေးကို နေအုပ် လေးစားချီးကျူး
သွားမိသည်။

ဒီလောက် ဒဏ်ရာတွေရနေတာကိုစ့င် မမှုဘဲ သူမ
အလုပ်ပျက်မှာကိုပဲ စိုးရိမ်နေတာမဟုတ်လား။ အခုခေတ်ကြီးမှာ
ဒ့် ငယ်ငယ်ရွယ်ရွယ်နဲ့ အလုပ်လုပ်ချင်သည့်စိတ်ဓာတ် ပြင်းပြ
မျိုး ရှားပါးလွန်းအားကြီးသည်။ အပျော်အပါးပဲ လိုက်စား
တဲ့သူက များပြားလွန်းတာလေ။

ဒီကောင်မလေးကတော့ တကယ့်ကို ဆန့်ကျင်ဘက်ပါပဲ။

အလုပ်ပျက်ရမှာ စိုးရိမ်နေတဲ့ပုံလေးက တကယ့်

စိတ်မကောင်းစရာပါ။

“မင်းဒဏ်ရာတွေနဲ့ မနက်ဖြန် အလုပ်လုပ်ဖို့ဆိုတာ အဆင်ပြေလောက်မယ်မထင်ဘူး ကလေးမရဲ့၊ မင်း တစ်ရက် နှစ်ရက်တော့ အနည်းဆုံး အနားယူမှဖြစ်မယ်”

သူမ ခေါင်းလေးကို သွက်နေအောင်ပင် ခါယမ်းပြလိုက်မိသည်။

မျက်ရည်စအချို့ လွင့်ခနဲ ခုန်ပေါက်ပြေးဆင်းသွားကြ၏။ သူမ မိသားစုနဲ့ သူမရဲ့အိမ်တွင်းရေးအကြောင်းကို သူမသာလျှင် အသိဆုံးပဲလေ။ အလုပ်လုပ်တာမှ ဘယ်လောက်မှမကြာသေး၊ အနားယူပါမည်ဆိုပါက ကိုကိုကြီးနဲ့ မမကြီးတို့ ဝေဖန်ပြစ်တင် လို့ပင် ဆုံးမှာမဟုတ်တော့။

ကြားက စိတ်ညစ်ရမှာက အမေပဲ။

ပုံအပ် ဘက်...နေ တစ်ချိန်လုံး ရပ်တည်ပေးနေတတ်တဲ့ အမေ့ရဲ့ တစ်ဖက်သတ်ဆန်တဲ့ ချစ်ခြင်းမေတ္တာကို အစကတည်းက ကျေနပ်ကြတာမဟုတ်ဘူးလေ။ ဒါကို ပုံအပ် အသိဆုံးပါပဲ။

“သမီးငယ်”

“အမေ”

“သမီး ဘာတွေတွေးနေသလဲဆိုတာ အမေ သိပါတယ် ကွယ်၊ ဒါပေမဲ့ အခုအချိန်မှာ သမီးဘာကိုမှထည့်မစဉ်းစားသင့်





...၊ သမီးလေး အေးအေးဆေးဆေး အနားယူလိုက်ပါ”

“အမေရယ် အဟင့် ဟင့်”

သမီးငယ်လို့ ကြင်နာစွာခေါ်လိုက်တဲ့ အခေါ်ကြီးရဲ့ ရင်ခွင် ...း၀င်ကာ ဝမ်းနည်းစွာ ရှိုက်ငိုနေသော ကောင်မလေးကို ...ီး ဘယ်လိုမှနားမလည်နိုင်စွာ အံ့သြမင်သက်စွာ ကြည့်နေ ... နေအုပ်ပဲ ဖြစ်သည်။

ဘာရယ်ကြောင့်မှန်းတော့မသိ၊ သူ့ရင်ထဲ စူးနင့်နာကျင် ...ျုံးကြီး ခံစားနေရသည်။ ကောင်မလေးရဲ့ ငိုရှိုက်သံလေး ကြားရတာ တကယ်ပဲ စိတ်မချမ်းသာပါ။

“အန်တီ”

“သြော် မောင်နေအုပ်၊ ခွင့်လွှတ်ပါကွယ်၊ အန်တီ သားကို ...သားမိဘဲ မေ့သွားတယ်၊ ရပါတယ်ကွယ်၊ မတော်တဆ ...ာပဲဟာ၊ အန်တီ ခွင့်လွှတ်ပါတယ်၊ အခုလို တာဝန်သိသိနဲ့ ...ပေးတာပဲ ကျေးဇူးတင်ပါတယ်ကွယ်”

“ရပါတယ် အန်တီရယ်၊ ကျွန်တော်ကသာ တောင်းပန် ... အမှားလုပ်သူက ကျွန်တော်ပါ၊ ကျွန်တော် အိမ်ခဏ ... ကောင်မလေးရဲ့ စက်ဘီးအခြေအနေကို ကြည့်လိုက်ပါ ... စိတ်မပူပါနဲ့၊ ညကျရင် စက်ဘီးပြန်ရစေရပါမယ်၊ ဒါက ...တော့်လိပ်စာကတ်ပါ အန်တီ၊ အရေးအကြောင်းတစ်ခုခုရှိရင်

ဖုန်းဆက်ပါ အန်တီ၊ ဒါက ကောင်မလေး အနားယူချိန်မှာ သုံးဖို့ ပါ''

ငွေတစ်သိန်းအုပ်ကို ဒေါ်နှင်းနှင်းဆွေလက်ထဲ ထည့်ပေးလိုက်သည်။

''မဟုတ်တာကွယ်၊ အန်တီ လက်မခံပါရစေနဲ့ မောင်နေအုပ်၊ သမီးလေး ပုံအပ်ကို အခုလို တာဝန်သိသိနဲ့ လုပ်ပေးတဲ့အတွက်ပဲ ကျေးဇူးတင်ပါတယ် နေအုပ်ရယ်၊ ငွေ မလိုပါဘူးကွယ်''

''မဟုတ်တာဘဲ အန်တီ၊ ကျွန်တော် စိတ်မကောင်းဖြစ်ရလိမ့်မယ်၊ လက်ခံပေးပါ အန်တီ''

နေအုပ် ဇွတ်အတင်းပင် ပေးမိသည်။ ဒီတော့မှ ဒေါ်နှင်းနှင်းဆွေက အားနာပါးနာနှင့် လက်ခံသွားတော့၏။ ဒီတော့မှ နေအုပ်မှာ လိပ်ပြာသန့်သန့်နှင့် နေနိုင်တော့သည်။

နေအုပ် စဉ်းစားနေမိသည်။ ကောင်မလေးနာမည်က ပုံအပ်တဲ့။ သူ ဒီလိုနာမည်လေးကို တစ်နေရာရာမှာ ကြားဖူးနေသလိုပင်။

''မောင်နေအုပ်''

''ဗျာ ပြောပါ အန်တီ''

''စိတ်ဖြောင့်ဖြောင့်နဲ့သာသွားပါ၊ ပုံအပ်အတွက် ဘာမှ





ပူမနေပါနဲ့ကွယ်''

''ဟုတ်ကဲ့ပါ အန်တီ၊ ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါဦး ''

''အေးကွယ်''

နေအုပ်တစ်ယောက် အိမ်လေးပေါ်ကနေ ပြန်ဆင်းကာ လမ်းမပေါ်တွင် ရပ်ထားသော ကားလေးကို မောင်းပြီး အိမ်သို့ လာခဲ့လိုက်သည်။

သူ့စိတ်ထဲမှာတော့ တွေဝေမှုတွေ၊ စဉ်းစားတွေးတောစရာ နှင့် ရှုပ်ထွေးနောက်ကျိလျက် ရှိနေရ၏။

ပုံအပ် တဲ့။

တူချောလေးက တစ်ဖက်သတ်မြတ်နိုးနေတဲ့ င်မလေးနာမည်နှင့် ဆင်တူနေသည်။ ဟုတ်တယ်။ ကမ္ဘာ သေချာချာပြောခဲ့တဲ့ နာမည်ဆန်းဆန်းလေးတစ်ခုပါပဲ။

လူကတော့ တူမှာမဟုတ်လောက်ပါဘူး။

ကမ္ဘာက ဒီလောက်ကြီးကျယ်တာ၊ ဒီလို စာစောင်ရောင်း တဲ့ ကောင်မလေးလောက်တော့ စိတ်ကူးထဲပင် ထည့်မှာမဟုတ်။ လိုမှဖြစ်နိုင်မှာမဟုတ်ပါဘူး၊ နာမည်တူနေတာပဲဖြစ်မှာပါ။

နေအုပ် ခပ်ပေါ့ပေါ့လေးပင်တွေးကာ သူ့ခြံဝန်းကျယ်ကြီး သို့ ကားလေးကို ကွေ့ဝင်လိုက်တော့သည်။

* * *

## အခန်း (၁၁)

"ဖြစ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ၊ အလုပ်မလုပ်ချင်ရတဲ့အထဲ အခုတော့ အကြောင်းပြချက်ကောင်းကောင်း ရသွားတာပေါ့လေ၊ မိပုံအပ်တို့ကတော့ တကယ့်ကိုကံကောင်းနေတော့တာပဲ၊ ဓိမ်နဲ့အနားယူရမယ့် ကံဇာတာကိုက ပါနေတာဆိုတော့ မနာလိုဝန်တိုနေလို့လည်း ရမှမရတာ"

ထုံးစံအတိုင်း

မမကြီး သဲသက်နှင်းရဲ့ ခနဲ့သံက အိမ်ခန်းလေးထဲတွင် လှဲလျောင်းကာ နားနေသော ပုံအပ်ဆီသို့ ပျံ့လွင့်လာ၏။ ပုံအပ်အိပ်ရာထက်မှ ထဖို့ ဟန်ပြင်ပြီးကာမှ ဒဏ်ရာတွေဆီမှ နာကျင်မှုဝေဒနာကြောင့် ပြန်လှဲနေလိုက်ရသည်။

ပုံအပ် မထနိုင်တော့။





အမေက ညစာကိုချက်ရသလို အိမ်အလုပ်တွေအားလုံးကိုလည်း လုပ်ရသည်။ အဲဒါကိုပဲ ပုံအပ် စိတ်မကောင်းမိ။ ပုံအပ်ပဲ ထပြီး လုပ်လိုက်ချင်တာပါ။ အမေ့ကို အနားယူစေချင်သည်။ အခုတော့ ပုံအပ်က ကူညီရာမရောက်ဘဲ အမေ့အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုလို ဖြစ်နေရသည်။

"သဲသက်ကလည်းလေ ဘယ်သူက အဲဒီလိုဖြစ်ချင်ပါ့မလဲ၊ မတော်မဆဆိုပေမယ့် ဒဏ်ရာတွေက နည်းတာမဟုတ်ဘူး၊ ပုံအပ် အပြစ်ချည်းပဲ မဟုတ်ပါဘူးကွယ်"

"အမေကလည်းလေ အပြောလေးတောင် နည်းနည်းမှမခံဘူး၊ သမီးက စကားအဖြစ်ပြောတာပါ၊ ဒါလေးတောင် ပြောခွင့်မရှိတော့ဘူးလား"

သမီးကြီးရဲ့မျက်နှာမှာ မကျေနပ်မှုတို့က အထင်းသား။

ဒေါ်နှင်းနှင်းဆွေတစ်ယောက် အဲဒါကိုပဲ စိတ်ညစ်တာ။ သမီးငယ်လေးအပေါ် တစ်ချက်လေးမှ အကောင်းမမြင်တတ်ကြချေ။ ကားနဲ့စက်ဘီး ပွတ်တိုက်မိသွားတယ်လို့ပြောတော့ သမီးကြီးရဲ့မျက်နှာက ကွက်ခနဲ ပျက်သွား၏။

ဒဏ်ရာကို အကြောင်းပြကာ အလုပ်မလုပ်ချင်လို့ အပျင်းထူပြီး နားချင်သည်ဟု အတွေးက ရှိနေပုံရသည်။ သမီးငယ်လေး အနားယူနေပြီး မိမိချက်ပြုတ်နေတာမြင့်တော့ ဒေါကန်ချင်နေ၏။ တစ်အိမ်လုံး ခြေဆောင့်နင်းသံတွေက ဆူညံနေသည်။

ဒီသားနဲ့ သမီးကြောင့် ဒေါ်နှင်းနှင်းဆွေမှာ အခက်ကြ
ခက်နေရသည်။ မွေးစားသမီးဆိုတဲ့ အသိတရားကြီးကို ဘယ်
နည်းမျိုးနဲ့မှ မစွန့်လွှတ်ချင်ကြချေ။ ဘာပဲပြောပြော အဲဒါကို
ခလုတ်တိုက်ချင်နေကြ၏။

"ဒါနဲ့ ကားသမားက ဘာမှတာဝန်ယူမပေးဘူးလား
အမေ"

"ယူတာပေါ့ကွယ်၊ သူပဲ ဆေးခန်းတွေ လာတွေပြပေး
အိမ်တိုင်ရာရောက် ပြန်လာပို့ပေးသွားတာ၊ စက်ဘီးကိုလည်း
ညကျရင် တစ်ခေါက်ပြန်လာပြီး ပို့ပေးပါ့မယ်တဲ့၊ အမေတို့ကိုလည်း
တောင်းပန်သွားတယ်၊ ဆေးဖိုးတွေရော သမီးလေးအတွက်
သွားပါတယ်ကွယ်"

"လျော်ကြေး ဘယ်လောက်ပေးသွားတာလဲ အမေ"

"တစ်သိန်း ပေးသွားတာပဲကွယ်၊ အမေဖြင့် ယူတော့
မယူရဲဘူး"

"လျော်ကြေးက ဒါပဲလား အမေ"

"ဟော"

သမီးရဲ့အမေးကို ဒေါ်နှင်းနှင်းဆွေ ဘယ်လိုပြန်ဖြေ
မသိ။

ဟိုက လျော်ကြေးဆိုပြီး သတ်မှတ်သွားတာမဟုတ်





လ။

သမီးငယ်လေး အခုလိုဖြစ်သွားတာကိုပဲ စိတ်မကောင်း
ပြီး တာဝန်သိသိနဲ့ ထောက်ပံ့ကူညီသွားတာပါ။ မဖြစ်စလောက်
ရာလေး ပွန်းပဲ့သွားတဲ့ဟာကို မိမိက ဘယ်လောက်ထိတောင်
ောင်းဆိုရဦးမှာလဲ။

"အနည်းဆုံးတော့ နှစ်သိန်း သုံးသိန်းလောက် အမေ
ောင်းသင့်တာ၊ ကိုနောင်ရဲ့စေ့စပ်ပွဲကလည်း ရှိသေးတာလေ၊
ခွင့်အရေးလေးရတုန်း အပိုင်ကိုင်လိုက်တာမဟုတ်ဘူး၊ အမေ
ကတော့ တကယ်အတာပဲ၊ ဒါမှ သမီးတို့တွေ အဝတ်အစား
ောင်းကောင်းဝယ်နိုင်မှာ"

"ဘာ...ဘာရယ် သဲသက်၊ စောစောက ဘာပြောလိုက်
ယ်၊ ဘယ်သူ့စေ့စပ်ပွဲလဲ"

"ကိုနောင် စေ့စပ်ပွဲလေ အမေ၊ နောက်တစ်ပတ် အင်္ဂါ
နေ့မှာ လူကြီးစုံရာနဲ့ အမေ သွားတောင်းပေးရမှာ၊ အားလုံး စီစဉ်
ားပြီးပြီ"

ဟင်

ဒေါ်နှင်းနှင်းဆွေ အံ့သြသွားရသည်။

မိမိလည်း ဘာတစ်ခုမှပင် မသိရသေးချေ။

ဒီလောက်အရေးကြီးတဲ့ မင်္ဂလာကိစ္စကို သားဖြစ်သူ

နောင်သန့်စင်က မိမိကိုအသိပေး၍ပင် တိုင်ပင်နှီးနှောခြင်းမရှိ
သမီးကြီး သဲသက် ပြောမှပဲ ဒေါ်နှင်းနှင်းဆွေ သိရသည်။

"နေ နေပါဦး သဲသက်၊ အမေလည်း ဘာမှမသိ
လား"

"ကိုနောင် မပြောဘူးလား အမေ၊ အိမ်ရှေ့တို့အ
တောင်းဆိုတာလေ၊ ရပ်ကွက်ထဲမှာ တတွဲတွဲလုပ်နေတာကြ
ဆိုတော့ မြန်မြန်ယူကြတော့ဆိုပြီး ချက်ချင်း အစီအစဉ်တွေဆွဲ
ကြတာ၊ ကိုနောင် ပူစရာမလိုပါဘူး၊ အမေ ချို့တဲ့တယ်ဆို
သူတို့တွေ သိကြတာပဲဟာ၊ သူ့သမီး မင်္ဂလာပွဲအတွက် သူ
အကုန်အကျခံမယ်တဲ့"

အို

ဒေါ်နှင်းနှင်းဆွေ ရင်ထဲ နင့်ခနဲ သည်းသွားရသည်

သားကြီးရဲ့ မင်္ဂလာကိစ္စ။

ယောက္ခမတွေဘက်က တာဝန်ယူမှာတဲ့။ မိမိက ဘာ
လုပ်မပေးနိုင်တဲ့ မိဘဆိုတော့ အရေးအရာလုပ်ပြီးတော့ပင် အ
ပေး တိုင်ပင်ခြင်းမရှိချေ။ တစ်ဆင့်စကား ကြားရမှပင် သိ
ခဲ့သည်။ အစွမ်းအစမရှိတဲ့ အမေမို့ အရေးအရာပင် အထည်
ရတဲ့အဖြစ်ပါလား။

"ဘာပဲပြောပြော သားကြီးက အမေ့ကိုတော့ ပြော





သေးတာပေါ့ကွယ်"

ဒေါ်နှင်းနှင်းဆွေ၏ အသံက ဝမ်းနည်းအားငယ်သံ အပြည့်။

"အမေကတော့ လုပ်ပြီ၊ ကိုနောင်က မေ့နေလို့ မပြောမိတာလည်း ဖြစ်မှာပေါ့၊ ပြီးတော့ အခုကိစ္စမှာ အမေ့ကိုပြောလည်း ဘာမှလုပ်ပေးနိုင်တာမှမဟုတ်တာ"

"အမေ့ကို ဘယ်လိုပြောလိုက်တာလဲ သဲသက်၊ ဘာလဲ အမေက ဘာမှလုပ်မပေးနိုင်တဲ့သူမို့လို့ အရေးအရာလုပ်ပြီး ဆွေးနွေးတိုင်ပင်ဖို့ မလိုဘူးလို့ ပြောချင်တာလား"

ကျွတ်

အမေကတော့ ပြဿနာရှာပြီ။

အိမ်ရှေ့တို့ဘက်က စီစဉ်ပေးတဲ့ဟာကို အမေက နားမလည်။ အရေးကြီးတာက အခုအချိန်မှာ ကိုယ့်ဘက်က ဘာဝန်မယူရရင်ပဲ မအေးဘူးလား။ တကူးတက လာအသိပေးတိုင်ပင်နေရင် အမေ စိတ်ပူပန်ပြီး အားနာပါးနာနှင့် ဖြစ်ရဦးမည်။ မသိချင်ဟန်ဆောင်ပြီး နေလိုက်တာ အမေ့အတွက် အကောင်းဆုံးပဲဟု သဲသက်ကတော့ ထင်မိ၏။ အမေကတော့ ဘယ်လိုအတွေးမျိုး ရှိသလဲမသိ။ အခုလို သူမတို့ ကျပ်တည်းနေချိန်တွင် ငွေကြေး ပြည့်စုံသော အိမ်ရှေ့တို့မိသားစုကိုပဲ တာဝန်ပေးစေချင်မိသည်။

ဒါကို

အမေ ဘာကြောင့် ဒေါသတွေဖြစ်ချင်နေရတာလဲ။

"အေးပေါ့လေ၊ အမေက အခုအချိန်မှာ သားသမီးတွေ လုပ်စာကို လက်ဖြန့်တောင်းပြီး စားနေရတာဆိုတော့ ညည်းတို့ သဘော ညည်းတို့ဆန္ဒအတိုင်း ညည်းတို့စီစဉ်တာကိုပဲ နာခံရမှာ ပေါ့"

"အမေကလည်း အခြောက်တိုက် သဲသက်ဘက်ကို လှည့်ပြီး ရန်ရှာနေပြန်ပြီ၊ အခုကိစ္စ သဲသက်နဲ့ ဘာပတ်သက်လို့ လဲ၊ အလကားနေ မာနကြီးချင်နေတယ်၊ အမေ့သား လာမှပဲ အမေ ပြောတော့"

သဲသက် အမေ့ရှေ့ကနေ ထွက်လာခဲ့မိသည်။

ဟုတ်တယ်လေ။

အမေက သူမတို့မောင်နှမနှစ်ယောက်ဆို တစ်ချက်လေး မှပင် နားလည်မှုမပေးခဲ့ချေ။ ဒီလောက်အလုပ်လုပ်ပြီး ငွေရှာပေး နေလည်း အပြစ်ပဲ မြင်နေတတ်သည်။ အလကားနေ မွေးစား သမီးကိုပဲ အမေက ချီးကျူးချင်နေ၏။ မိပုံအပ် ဘာပဲလုပ်လုပ် အကောင်းချည်းသာ ဖြစ်နေသည်။

အခုလည်း

အလုပ်လုပ်တာ ဘာမှပင်မကြာသေး။ ကားတိုက်မှုဖြစ်





လို့ဆိုပြီး အိမ်မှာအနားယူပြီ။ သူ့လုပ်စာလေး အားကိုးရမလား မှတ်တယ်၊ အခုတော့ အလကားပဲ။ လျော်ကြေးကလည်း ရတာ တစ်သိန်းတဲ့။ အခုခေတ်မှာ ငွေလေးတစ်သိန်းက ဘာလုပ်လို့ရ မှာလဲ။ စာစောင်ရောင်းဖို့ဆိုပြီး ဒေါ်ဒေါ်ခင်းဆီက အရင်းအနှီးတွေ ထုတ်ထားတာလည်း နေ့စဉ်သွင်းရမည်။ ဆေးကလည်းကုရဦး မည်။ ဘယ်မှာလဲကျန်တဲ့ငွေ။

မိပုံအပ်ကို ကားအကောင်းစားနဲ့ လာပို့သွားတယ်ဆိုတဲ့ သတင်းက ရပ်ကွက်လေးထဲ ပျံ့နေ၏။ ကားနဲ့ပွတ်တိုက်မိသွားလို့ လျော်ကြေးတွေလည်း ပေးသွားသတဲ့လေ။ သဲသက်မှာတော့ ကိုနောင် ဈေးစပ်ပွဲနေ့အတွက် ဟုတ်လှဆိုပြီး ကြိတ်ပြီး ဝမ်းသာ နေမိတာလေ။

ခုတော့

မှန်းချက်နှင့် နှမ်းထွက် မကိုက် ဆိုသလိုပါပဲ။

အားခဲထားသမျှ အရာတွေအားလုံး သဲထဲရေသွန်ဆိုသလို ဖြစ်ခဲ့ရသည်။

ဟူး

စိတ်ညစ်လိုက်တာ။

ဘာတစ်ခုမှ မပြည့်စုံတဲ့ဘဝကလည်း တော်တော်ကြီး စိတ်ပျက်စရာ ကောင်းတာပါပဲလား။ ကိုနောင်ပဲ အေးတယ်။

အိမ်ခြွေတို့ဘက်က စီးပွားရေးပြည့်စုံတော့ ဘာတစ်ခုမှပင် ပူပ
ခြင်း မရှိချေ။ မိန်းမယူပြီးရင် ယောက္ခမအိမ်မှာပဲ သွားနေမှာ
အိမ်ခြွေက အခြေကြီး အနေကြီးဆိုတော့ သဲသက်တို့လို သေးကျ
တဲ့အိမ်လေးဆီမှာ လိုက်နေဖို့ ဆန္ဒလုံးဝမရှိချေ။ ဒါလည်း ကော
တာပဲ။ အိမ်မှာ စားပေါက်တစ်ပေါက် လျော့သွားတာပေါ့။

ကိုနောင်လုပ်စာက စားရတာထက် သူပြန်တောင်းတာ
များနေတာလေ။ အိမ်ခြွေလို မိန်းမမျိုး ရွေးယူတာပင် ကိုနောင့်
ကျေးဇူးတင်ရမည်။

ဒါကြောင့်

ကိုနောင် မြန်မြန်အိမ်ထောင်ပြုတော့ဟု သူမပဲ ထော
ခဲ့မိ၏။

ဒါကို အမေက သူမတိုင်ပင်ရကောင်းလားဆိုပြီး ဒေါ
နေချင်သေးသည်။

ကိုနောင် ပြန်လာရင်တော့ အမေနဲ့ စကားများကြဦးမည်

သဲသက်

ရေမိုးချိုးပြီး တစ်နေရာရာလျှောက်ထွက်သွားဖို့ ပြင်ဆ
မိ၏။

အလုပ်မှာ ပင်ပန်းရတဲ့ကြားထဲ လိုင်းကားတိုးစီးခဲ့ရ
လူက နွမ်းဖတ်ဖတ် ဖြစ်ချင်နေတာမို့ ပူညံပူညံ စကားသံ





ကြားချင်။ သူငယ်ချင်းအိမ် တစ်အိမ်အိမ်မှာ သွားရှောင်နေဖို့သာ
စားနေမိတော့၏။

ပုံအပ်မှာလည်း အခန်းလေးထဲကနေ အမေနဲ့ မမကြီး
က်နှင်းတို့ ပြောဆိုနေကြသော စကားသံများကို အတိုင်းသား
းနေရပြီး စိတ်ထဲတစ်မျိုးလေး ဖြစ်နေရသည်။

အမေ့ကို သနားနေမိ၏။

ခံစားရမှာပဲ။

သားဖြစ်သူရဲ့ အလေးအနက်ထားခြင်းကို မခံရ၍ အမေ
ကောင်းဖြစ်ပြီး ဝမ်းနည်းနေမယ်ဆိုတာ ပုံအပ် သိသည်။
သော် ပုံအပ်လည်း ဘာမှမတတ်နိုင်ပါ။

တကယ်ဆို

သားသမီးနဲ့မိဘပဲ၊ ဘာအကြောင်းကိစ္စပဲရှိရှိ အရေးထား
င် နီးနှောသင့်သည်ဟု ပုံအပ် ထင်မိ၏။

ခုတော့

ကိုကိုကြီးရဲ့ လုပ်ပုံက အမေ့အပေါ် စိမ်းသက်လွန်းသည်။

အမေ ဘယ်လောက်အားငယ်ရှာလိမ့်မလဲ။

အရွယ်ရောက်လို့ အိမ်ထောင်ပြုတာ အလွန်မဟုတ်ပေ
အမေ့ကိုတော့ အလေးအနက်ထားပြီး အသိပေး တိုင်ပင်သင့်
ဟု ပုံအပ် ထင်မိ၏။

ဒါကို

မေ့လျော့နေတာကတော့ သူစိမ်းဆန်လွန်းလှသည်။

ပြီးတော့

မအိန္ဒြေရဲ့စိတ်ဓာတ်။

ကိုကိုကြီးကိုသာ လက်ခံပြီး ဆင်းရဲတဲ့ သူမတို့အိမ်ကို အရေးတယူ လုပ်ပြီး အရောမဝင်ချင်ပေ။ အမေ့ကိုတော့ မကောင်း တတ်၍ အခေါ်အပြောရှိပေမယ့် ကိုကိုကြီးကို လာတွေ့ရင်တောင် ခြံဝကနေပဲ ရပ်ကာစောင့်တတ်ပြီး အိမ်ပေါ်ပင် မတက်လာချေ။

ပုံအပ်ကိုဆို မွေးစားသမီးမို့ စကားပင် ထည့်မပြောဘဲ ခပ်စိမ်းစိမ်းပဲနေသည်။ မမသဲသက်နှင်းကိုပဲ ယောက်မ အဖြစ် သတ်မှတ်၏။ အိမ်မှာက လူလေးရှိတာမှ လေးယောက် နှစ်ယောက်စီက ဂိုဏ်းကွဲနေ၏။

အမေနှင့် ပုံအပ်က တစ်ဖက် ကိုကိုကြီးနှင့် မမကြီးက တစ်ဖက် ဖြစ်နေသည်။ အခုတော့ ကိုကိုကြီးနဲ့ မမကြီးတို့ရဲ့ မှိုင်းမိနေသော မမအိန္ဒြေက အမေ့ကိုပင် အရေးအရာမလုပ်ချင်။ ပုံအပ်ဘက်ကပဲ အမြဲရပ်တည်နေတတ်သူဟု သံသယစိတ်ဝင်ကာ အထင်အမြင်တွေ လွဲမှားနေ၏။

"သမီးငယ်"

"ရှင် အမေ"





"ဆေးသောက်ရအောင်လေ သမီး၊ ရော့ ထမင်းလေး ဆောပြေစားလိုက်ဦး၊ ပြီးမှပဲ ဆေးသောက်"

"အမေ"

"ဟော"

"စိတ်မကောင်းဖြစ်နေလားဟင်"

အမေ မဖြေ။

သက်ပြင်းငွေ့ငွေ့ကိုသာ ကြိတ်ချ၏။

"ကိုကိုကြီး မေ့နေလို့ ဖြစ်မှာပါ အမေရယ်၊ သူလည်း မင်းစား ဒိုင်းစားကြီး စီစဉ်တာကို လက်ခံလိုက်ရတာမဟုတ်လား၊ ဘာပဲပြောပြော စိတ်တော့ နည်းနည်းရှုပ်ထွေးသွားမှာပဲလေ၊ ပြီးတော့ အရင်နေ့တွေက အိမ်မှာလည်း ပြဿနာတွေနဲ့ဆိုတော့ ထူပူ မပြောမိဘဲနေတာဖြစ်မှာပါ အမေ၊ အိမ်စရိတ်အခက်အခဲ နေတဲ့ကြားထဲ မိန်းမယူတော့မယ်ဆိုတော့ အမေ စိတ်ပူပြီး ေးသွားမှာပဲဆိုပြီး မပြောဝံ့တော့တာလည်း ဖြစ်မှာပါ"

ပုံအပ်

လေပြည်လေးနှင့် အမေ စိတ်သက်သာရအောင် ပြောမိ ည်။ အမေ ဒေါသထွက်ပြီး အိမ်မှာ စကားတွေများနေလို့လည်း ခြေအနေတွေက ပြောင်းလဲသွားမှာမှမဟုတ်တာ။ အိမ်ပူပြီး ားစုတွေ စိတ်ဝမ်းကွဲတာပဲ အဖတ်တင်မှာလေ။ ပုံအပ်ကတော့

ကိုကိုကြီးရဲ့ အခြေအနေကို နားလည်ခွင့်လွှတ်ပေးဖို့ပဲ ဆန္ဒတွေဖြစ်နေရသည်။

"အမေ"

"အမေ သိပါတယ် သမီးရယ်၊ ဒါပေမဲ့ ဘယ်လိုအကြောင်းကိစ္စပဲရှိရှိ အမေက အမေပဲလေ၊ ဒါကို သူတို့ခေါင်းထဲမှာ ထည့်ထားစေချင်တယ်"

"ကိုကိုကြီး စိတ်ထဲမှာ ရှိမှာပါ အမေရယ်၊ ဒါကြောင့်လည်း ဖွင့်ပြီး မတိုင်ပင်ရဲဘဲ ဖြစ်နေတာပေါ့"

"ဟင်"

"ဟုတ်တယ်လေ အမေ၊ အိမ်ရဲ့စားဝတ်နေရေးကို သူတွေးမိပြီး တောင်းဆိုရမှာ ခက်နေတာပဲနေမှာပေါ့"

သမီးငယ်ရဲ့စကားကြောင့် ဒေါ်နှင်းနှင်းဆွေ ငိုင်တွေသွားရ၏။

"ဒါပေမဲ့ မအိန္ဒြေတို့ မိဘတွေဘက်က အခုလိုအကြောင်းပြနေတာကို ဘယ်လက်ခံချင်ပါ့မလဲ၊ သူတို့က သမီးရှင်ပဲဟာ၊ ကိုကိုကြီးတို့ တွဲနေတာဖြင့် ဒီလောက်ကြာနေပြီ၊ ရပ်ကွက်ထဲမှာ မျက်နှာပူမှာပေါ့၊ ဒါကြောင့် အတင်းစီစဉ်ကြတာ ဖြစ်မှာအမေ"

"ဒါတော့ ဒါပေါ့ကွယ်"





"ကိုကိုကြီးကို နားလည်ပေးလိုက်ပါ အမေရယ်"

သမီးငယ်လေးရဲ့ တောင်းပန်သံက တိုးလျလျ။

ဒေါ်နှင်းနှင်းဆွေလည်း ဆုံးဖြတ်ထားပြီးသားပါ။

ဘာပဲဖြစ်ဖြစ်

မိမိက မိဘမဟုတ်လား။

သားသမီးတွေရဲ့ အမှားကို ထောက်ပြနေမယ့်အစားခွင့်လွှတ်နားလည်ပေးလိုက်တာ အကောင်းဆုံးပဲလို့ စိတ်ပိုင်းဖြတ်သားလိုက်မိသည်။

"အမေ"

"အေးပါ သမီးရယ်၊ အမေ သွေးအေးသွားပါပြီ၊ အမေက သားသမီးတွေရဲ့ အနာဂတ်ကို လှပအောင်မှ ပံ့ပိုးဖြည့်ဆည်းပေးနိုင်စွမ်းမှမရှိတာ၊ သူတို့ရွေးချယ်ပြီး လျှောက်လှမ်းတာကိုပဲသားပေးလက်ခံရမှာပေါ့ကွယ်"

အမေရယ်။

စိတခတ်တွေကျကာ အင်အားကုန်ခန်းနေသော အမေ့မျက်နှာနွမ်းနွမ်းကိုကြည့်ပြီး ပုံအပ် ရင်လေး နင့်ခနဲနေအောင်ပင်ခံစားလိုက်ရပါတော့သည်။

* * *

## အခန်း (၁၂)

"ဒါ ဒေါ်နှင်းနှင်းဆွေတို့ အိမ်ပါလားခင်ဗျာ"

အပြင်ဘက်ဆီမှ မေးသံကြောင့် ဒေါ်နှင်းနှင်းဆွေ အိမ်လေးပေါ်ကနေ အပြင်ဘက် လမ်းမဆီသို့ လှမ်းကြည့်လိုက်၏။

"ဟုတ်ပါတယ်ကွယ်၊ လာလေ၊ အန်တီက ဒေါ်နှင်းနှင်းဆွေပါ"

အိမ်ပေါက်ဝလေးတွင် ထွက်ရပ်ကာ အပြင်ဘက်ဆီမှ လူရွယ်အား အိမ်ထဲခေါ်မိ၏။

"ကျွန်တော့်ကို ဆရာနေအုပ် လွှတ်လိုက်တာပါ အန်တီ စက်ဘီး လာပို့ပေးတာပါ"

"ဪ အေး အေး ဝင်ခဲ့လေကွယ်"

ဒေါ်နှင်းနှင်းဆွေ ဖိတ်ခေါ်လိုက်မိသည်။

ကောင်လေးက စက်ဘီးလေးကိုတွန်းကာ ခြံထဲဝင်လာ





ဒေါ်နှင်းနှင်းဆွေ ခြံဝိုင်းလေးထဲ ဆင်းသွားမိသည်။

"ဟယ် ဒါ ဒါက"

"ဟုတ်ပါတယ် အန်တီ၊ ဒါက အခုလေးတင် အသစ်
ယ်လာတဲ့ စက်ဘီးပါ၊ အရင်စက်ဘီးက ပြင်ဆိုင်မှာ ပို့ထားတာ
သေးလို့ အသစ်ပြန်အလျော်ပေးတာပါ အန်တီ၊ စိတ်သန့်သန့်
လက်ခံပေးဖို့လည်း ဆရာနေအုပ်က ကျွန်တော့်ကို သေသေ
ချာ မှာခိုင်းလိုက်ပါတယ်ခင်ဗျာ"

"အို မဟုတ်တာကွယ်"

ဒေါ်နှင်းနှင်းဆွေ အသစ်စက်စက် စက်ဘီးလေးကိုကြည့်
လက်ခံရမှာ တွန့်သွားရသည်။

သမီးလေး ပုံအပ်ရဲ့ စက်ဘီးက အပေါင်ဆုံးဆိုင်တွေက
ယ်ထားတာမို့ ဘယ်လောက်မှမရှိချေ။ ဒါကို အသစ်စက်စက်
ပြန်အလျော်ပေးတာဆိုတော့ မောင်နေအုပ်ရဲ့ တာဝန်ကျေမှု
အတိုင်းထက်ပင် လွန်နေချေတော့သည်။

"ဟုတ်ပါတယ် အန်တီ၊ ကောင်မလေးရဲ့ အလုပ်လုပ်
စိတ်ကို ချီးကျူးလို့ ဝယ်ပေးတာလို့လည်း ပြောလိုက်ပါ တယ်၊
စက်ဘီးသော့ပါ အန်တီ၊ လက်ခံပါခင်ဗျာ"

"အိုကွယ်"

မောင်နေအုပ်ရဲ့ တပည့်လေးက မိမိဆီသို့ စက်ဘီး
သော့တွဲလေးအား တရိုတသေပင် ကမ်းပေး၏။ ဒေါ်နှင်းနှင်းဆွေ

မယူရဲသေးချေ။

"ယူပါ အန်တီ၊ ဒါမှ ကျွန်တော့်ကိုပေးတဲ့ တာ
ကျေပွန်မှာမို့ လက်ခံပေးပါ"

ကောင်လေးက နိုင်းထားသည့်အတိုင်း တာဝေမတ်
ဆောင်ရွက်နေတာမို့ ဒေါ်နှင်းနှင်းဆွေတစ်ယောက် အားနာနာ
ပင် လက်ခံလိုက်ရသည်။

"ကျွန်တော် ပြန်လိုက်ပါဦးမယ် အန်တီ၊ ဆရာက
လိုက်လာမလို့ လုပ်နေတာပါ၊ မထင်မှတ်ဘဲ အလုပ်ကိစ္စတစ်
အပြင်သွားရမှာနဲ့ တိုက်နေလို့ လိုက်မလာဖြစ်တာကို ခွင့်လွှ
လည်း တောင်းပန်လိုက်ပါတယ် အန်တီ၊ မနက်ဖြန်ကျရင်
ဆက်ဆက်လာကြည့်ပါ့မယ်လို့လည်း မှာလိုက်ပါတယ်ခင်ဗျ

"ရပါတယ်ကွယ်၊ တောင်းပန်စရာ မလိုပါဘူး၊ သ
လေးလည်း သက်သာပါတယ်လို့ ပြောပေးပါကွယ်"

"ဟုတ်ကဲ့ပါ အန်တီ၊ ဆရာက ပြန်လာကတည်း
တော်တော်လေး စိတ်မကောင်းဖြစ်နေတာပါ၊ သူ့ရဲ့ပေါ့ဆမှုကြေ
ဆိုပြီး ကားနဲ့ပွတ်တိုက်မိတဲ့အကြောင်းကို ထပ်ခါတလဲလဲ ပြော
တော့တာပဲခင်ဗျာ"

"မတော်တဆပဲကွယ်၊ တမင်ကြံရွယ်ပြီး တိုက်တာ
မဟုတ်တာ၊ အန်တီတို့ နားလည်ပါတယ်ကွယ်၊ မင်းရဲ့ဆ
မောင်နေအုပ်ကိုလည်း ပြောလိုက်ပါနော်၊ စက်ဘီးအဟောင်း





ကောင်းသွားရင် ဒီစက်ဘီးနဲ့ပြန်လဲပါလို့"

"ဟာဗျာ၊ ဒါကတော့ ဖြစ်မှာမဟုတ်ဘူးထင်တယ်
န်တီ၊ ဆရာက စက်ဘီးဟောင်းကို သူများကို ပြင်စီးဆိုပြီး
တစ်ခါတည်း ပေးပစ်လိုက်ပြီဗျ"

"ဟော"

ဒေါ်နှင်းနှင်းဆွေ မျက်လုံးကြီး ပြူးသွားရ၏။

သူများကို ပေးပစ်လိုက်ပြီတဲ့။

ကြည့်ရတာ

စက်ဘီးအဟောင်းလေးအပေါ် မိမိတို့ရဲ့ အာရုံတွေ စူးစိုက်
မည်စိုး၍ တစ်ခါတည်း ရှင်းထုတ်ပစ်လိုက်ဟန်ရှိသည်။

ကောင်လေးက အစပိုင်းပြောတုန်းက ပြင်ဆိုင်မှာမရလို့
ပြီး အခုတော့ သူများကို တစ်ခါတည်းပေးပစ်လိုက်ပြီဟု ဆို
သည်။ သေချာတာကတော့ သူလာပို့ပေးတဲ့စက်ဘီးအသစ်ကို
ပေးမှာစိုး၍ တာဝန်ကျေပွန်ချင်စိတ်နှင့် ပြောသည့်ပုံပင်။

"အေးပါကွယ်၊ ဘာပဲပြောပြော အန်တီက ကျေးဇူး
ရမ်းတင်ပါတယ်လို့ မင်းဆရာ မောင်နေအုပ်ကို ပြန်ပြောပေး
နော်"

"ဟုတ်ကဲ့ အန်တီ၊ ဒါဆို ကျွန်တော့်ကို ပြန်ခွင့်ပြုပါ
ခင်ဗျာ"

"သြော် သားကို အိမ်ထဲတောင် ခေါ်မထိုင်နိုင်းမိဘူး

ကွယ်၊ အိမ်ထဲဝင်ထိုင်ပါဦးလား ကလေး"

"ရပါတယ် အန်တီ၊ ကျွန်တော် အိမ်ပြန်ရဦးမှာ နည်းနည်း ဝေးလို့ပါ၊ ဒါကြောင့် ပြန်လိုက်ပါဦးမယ် အန်တီ"

"သြော် အေးကွယ် အေး အေး"

ကောင်လေးက တရိုတသေလေး နှုတ်ဆက်ကာ ခြံပိုင်းလေးထဲကနေ ပြန်ထွက်သွား၏။ ဒေါ်နှင်းနှင်းဆွေတစ်ယောက် စက်ဘီးလာပို့တဲ့ ကောင်လေးကို ခြံဝအထိ လိုက်ပို့ပေးမိသည်။

ထိုစဉ်

သားဖြစ်သူ နောင်သန့်စင်တစ်ယောက် လမ်းတစ်လျှောက် တရွေ့ရွေ့လျှောက်ကာ အိမ်သို့ပြန်လာနေသည်ကို တွေ့လိုက်သည်။

ဒေါ်နှင်းနှင်းဆွေ သားကိုမြင်သော်လည်း ညနေစောင်းက အဖြစ်ကို ပြန်သတိရပြီး ဒေါသစိတ်ဖြစ်ကာ ခြံထဲပြန်ဝင်မိ၏။

"အမေ"

နောင်သန့်စင်ရဲ့ ခေါ်သံက စူးခနဲထွက်လာသည်။

အိမ်ပေါ်အတက် ခပ်သုတ်သုတ်နှင့် မိမိနောက်မှ လိုက်တက်လာသော သားဖြစ်သူကို လှည့်ကြည့်လိုက်၏။

"စောစောကလာတာ ဘယ်သူလဲဟင်"

"မသိဘူး"





"ဟာဗျာ၊ အမေကလည်း သားက အကောင်းမေးတဲ့ဟာကို"

"ငါကလည်း အကောင်းဖြေတာပဲလေ၊ သိမှမသိတာ"

နောင်သန့်စင်ရဲ့ မျက်နှာ ကွက်ခနဲ ပျက်သွား၏။

"ခြံထဲမှာရပ်ထားတဲ့ စက်ဘီးက ဘယ်သူ့ဟာလဲ အမေ"

"ပုံအပ်ဟာလေ"

"ဟင်"

နောင်သန့်စင် အံ့သြသွားရ၏။

စက်ဘီးက အသစ်စက်စက် အကောင်းစားကြီးလေ။ ပုံအပ် စက်ဘီးက ဂျာနယ်ပို့လို့ရအောင် မဖြစ်မနေ ဝယ်ထားရတဲ့ တစ်ပတ်နွမ်းစက်ဘီးပဲဟာ။

"အမေကလည်းဗျာ၊ သိချင်လို့မေးတဲ့ဟာကို ကောင်းကောင်း ဖြေစမ်းပါဗျာ၊ ဒါ ပုံအပ် စက်ဘီးမှမဟုတ်တာ"

"ပုံအပ် စက်ဘီးပါလို့ ပြောနေတဲ့ဟာကို ငါက ဘာတွေကောင်းကောင်းမဖြေလို့လဲ နောင်သန့်စင်ရယ်၊ ဒီနေ့ သူ့ကို ကားနဲ့ ပွတ်တိုက်မိတဲ့သူဌေးက သူ့စက်ဘီး ပျက်သွားလို့ စက်ဘီးအသစ်တစ်စီး အလျော်ပေးသွားတာ"

"သူဌေးက ဟုတ်လား"

"အေး"

"စောစောကလူလား အမေ"

အမေးအမြန်းထူလွန်းသော သားဖြစ်သူကို စိတ်မရှည်သလိုပင် မျက်စောင်းထိုးမိ၏။

အခုအချိန်ထိ

မဂ်လာကိစ္စအကြောင်း အမေ့ကို အသိပေးဖွင့်ပြောခြင်းမရှိသေးတဲ့ သားကို စိတ်ကမကြည့်ချင်တော့။

"သူဌေးက ငယ်ငယ်လေးပဲ၊ မပုံအပ်တော့ ပွတာပဲ၊ အဟွန်း စက်ဘီးအသစ် ချက်ချင်းပြန်ဝယ်ပေးတယ်ဆိုတော့ ကေနတော့ ကေနပဲ"

"ဟဲ့ မောင်နောင် မဟုတ်ကဟုတ်က၊ မင်း ဘာတွေပေါက်ကရလျှောက်ပြောနေတာလဲ၊ အဲဒါက သူဌေးရဲ့အလုပ်သမားကောင်လေးဟဲ့၊ သူဌေးက လာပို့ခိုင်းလိုက်တာ၊ သူဌေးက အလုပ်ရှိလို့ မလာနိုင်ဘူးဟဲ့"

"ဪ ဒီလိုလား၊ ဒါကြောင့် ထင်တော့ထင်သားပဲ၊ သူဌေးက ဒီလို ကုပ်ချောင်းချောင်းပုံစံ မဟုတ်လောက်ပါဘူးလို့၊ ဘာပဲပြောပြော မိပုံအပ်တော့ ထောတာပဲ၊ အဲဒီစက်ဘီးရဲ့ ကာလပေါက်ဈေးက သိန်းကျော်တန်တာဗျ"

တွေ့လား။

ကားနဲ့တိုက်မိလို့ ပုံအပ် ဘာများဖြစ်သွားသလဲဆိုတဲ့ အမေးစကားပင် မမေးနိုင်ဘဲ စက်ဘီးအသစ်ရတာပင် ပျော်ရွှင်ကျေနပ်နေသေးသည်။ ဒေါ်နှင်းနှင်းဆွေတစ်ယောက် စိတ်ပျက်စွာ





အိမ်နောက်ဘက်ထဲ ဝင်ဟန်ပြုလိုက်သည်။

"အမေ"

ခေါ်သံကြောင့် လှည့်ကြည့်မိ၏။

"လာမယ့် အင်္ဂါနေ့ကျရင် သားအတွက် မိန်းမလိုက်တောင်းပေးရမယ် အမေ၊ အဲဒါ နည်းနည်းပါးပါးလေးလည်းပြင်ဆင်ထားဦး"

ဒါ မိဘကို တိုင်ပင်တာလား။ အသိပေးတာလား။ အမိန့်ပေးနေတာလား။

ဒီကလေးတွေဟာလေ စကားပြောတာကိုက အဆင်ခြင်မဲ့ချေ။

"အမေ ကျွန်တော်ပြောတာ ကြားရဲ့လား"

"အေး"

ဒေါ်နှင်းနှင်းဆွေ တစ်ခွန်းတည်းသာပြောပြီး အိမ်နောက်ဖေး မီးဖိုချောင်လေးဆီ ဝင်ခဲ့လိုက်သည်။

ရင်ထဲမှာတော့

သားဖြစ်သူရဲ့ အလေးအနက်မထားမှုကို တွေးတွေးပြီးကျောင်ဝမ်းနည်းနေရ၏။ သို့သော် သမီးငယ်လေး စိတ်ဆင်းရဲမှာကို မလိုလားတာကြောင့် ပြဿနာမဖြစ်အောင်ဘဲ မိမိစိတ်ကိုထိန်းချုပ်ကာ နေမိသည်။

"အမေ"

နောင်သန့်စင်က အိမ်နောက်ဖေးအထိ လိုက်လာသည်။

"ပြော"

"အမေ ဘာဖြစ်နေတာလဲ"

"ငါ ဘာဖြစ်နေလို့လဲ နောင်"

"ကျွန်တော့်ကို စိတ်ဆိုးနေသလိုကြီးပဲ၊ ပြောပါဦး၊ မိပုံအင် ဘာတွေသွေးထိုးထားပြန်ပြီလဲ"

တွေ့လား

အမိပွာယ်မရှိ။

တဆိတ်ရှိ ပုံအပ်ကိုချည်း ခလုတ်တိုက်ချင်နေကြ၏။

အဲဒါကိုပဲ မိမိစိတ်ပျက်တာ။

သမီးငယ်လေး ပုံအပ်က လူငယ်သလောက် အသိတရားကြီးမားပြီး လိမ္မာရေးခြားရှိတဲ့ ကလေးမလေးပါ။ ဒါကိုပဲ မွေးစားသမီးဆိုတဲ့ မုန်းတီးတဲ့အယူအဆကြီးနဲ့ တဆိတ်ရှိ အပြစ်ရှာချင်နေကြသည်။

"အမေ"

"မဟုတ်ကဟုတ်ကတွေ လျှောက်ပြောမနေနဲ့ နောင် ပုံအပ်က နင့်အကြောင်း ဘာတွေသွေးထိုးစရာရှိလို့လဲ၊ သူ့ဒဏ်ရာနဲ့ သူတောင် အိပ်ရာထဲ လဲနေတာဟဲ့"

"ဒါဆို ကျွန်တော် စကားအကောင်းပြောတာကို အမေ ဘာကြောင့် ဘုကန့်လန့်ချည်းပဲ ပြန်ဖြေနေတာလဲ၊ ကျွန်တော်





ဘာအများလုပ်လို့လဲ အမေ"

မိဘကို အလေးအနက်ထား တိုင်ပင်ခြင်းမရှိ၊ ကိုယ်ထင်ရာ ကိုယ်စိုင်းနေတာတွေအားလုံးက အမှန်တွေချည်းပဲလား။

"ငါ စိတ်တွေရှုပ်နေလို့ပါ နောင်ရယ်"

"မဟုတ်သေးပါဘူး၊ အမေ တစ်ခုခုတော့ ဖြစ်နေပါတယ်၊ အမေ့သားပါဗျာ၊ ဒီလောက်တော့ အရိပ်အကဲခတ်တတ်ပါတယ်"

"တော်စမ်းပါဟယ်၊ သွားစမ်းပါ၊ ရေချိုးစရာရှိတာ သွားချိုးတော့၊ အမေ ထမင်းပွဲပြင်ထားမယ်"

ဒေါ်နှင်းနှင်းဆွေရဲ့ လေသံက နည်းနည်းလျော့သွား၏။

"မပြင်နဲ့တော့ အမေ၊ ကျွန်တော် အိခြေတို့အိမ်က စားခဲ့ပြီးပြီ၊ ရေပဲချိုးတော့မယ်"

"ဟင် စားပြီးပြီလား"

"ဟုတ်တယ် အမေ၊ ဟင်းတွေချက်ထားတာ အစုံပဲဗျာ၊ စားကောင်းလိုက်တာလည်း မပြောနဲ့၊ အမေ့ထမင်းဝိုင်းနဲ့တော့ တခြားစီပဲ"

ဟင်

သားစကားကြောင့် ဒေါ်နှင်းနှင်းဆွေရင်လေး နင့်ခနဲ ဆို့တက်သွားရ၏။ မိမိလည်း သားသမီးတွေ စားမြိန်အောင် စုံစုံလင်လင်နဲ့ ကောင်းကောင်းချက်ကျွေးချင်တာပါ၊ မိဘပဲ မကျွေး

ချင်တဲ့သူ ရှိပါ့မလား။

သို့သော်

သူတို့ပေးတဲ့ ပိုက်ဆံလေးနဲ့ လောက်ငအောင် ချွေချွေတာတာ ချက်ရတာမို့ ဖွယ်ဖွယ်ရာရာ မရှိချေ။

"စားကောင်းလိုက်တာ အမေရယ်၊ ကျွန်တော် အားနာနာနဲ့ပဲ နှစ်ပန်းကန်တောင် စားပစ်လိုက်တယ်၊ အဟွန်း"

သားက သဘောတွေကျနေ၏။

သားကိုကြည့်ပြီး မျက်ဝန်းအိမ်လေးထဲ မျက်ရည်က စိမ့်ခနဲ ဝဲတက်လာရသည်။

"သား ရေသွားချိုးတော့မယ် အမေ"

ပြောပြီး ချာခနဲ လှည့်ထွက်သွား၏။

သြော်

နောက်ဆိုရင် ဒီအိမ်လေးထဲမှာ သားရဲ့အရိပ်တွေ ပျောက်ကွယ်သွားတော့မှာပါလား။

အသိစိတ်ကြောင့် ရန့်စကားမပြောနိုင်သည့်အပြင် မျက်ရည်လေးများပင် စီးကျနေရတော့သည်။

* * *



# အခန်း (၁၇)

"အမေကလည်းလေ အလကားနေ မိပုံအပ်ကိုပဲ ရေ့တန်းတင်ချင်နေတော့တာပဲ၊ ကလေးက ကလေးနေရာ နေပါစေပေါ့ဗျ၊ လူကြီးတွေတောထဲ ဘာလို့ခေါ်ချင်နေရတာလဲ၊ ရှုပ်လိုက်တာဗျာ၊ ခေါ်လာဖို့ စိတ်ကူးမနေစမ်းပါနဲ့၊ အိမ်ပဲစောင့်နိုင်းခဲ့"

"ဟဲ့ သားကြီး၊ သူလည်း အမေ့သမီးပဲဟာ၊ သူ့အစ်ကိုကြီးရဲ့ စေ့စပ်ပွဲ လိုက်ချင်ရှာမှာပေါ့၊ မင်း ဘယ်လိုပြောလိုက်တာလဲ"

"အဲဒါခက်တာပဲ၊ အမေက မွေးစားသမီးကို မွေးစားသမီးနေရာ မထားတာကို၊ အခုတော့ စာရင်းရှုပ်ပြီပေါ့"

ဟင်

အိမ်လေးထဲဆီမှ ပျံ့လွင့်လာသော စကားသံများကြောင့်

နေအုပ်ရဲ့ ခြေလှမ်းလေးတွေက ခြံဝလေးရှေ့မရောက်ခင်မှာပင် တုံ့ခနဲနေအောင် ရပ်တန့်သွားရတော့သည်။

"ဟဲ့ မွေးစားသမီး မွေးစားသမီးနဲ့ အခုပဲ သူ့ရွာကျေး တဲ့ ထမင်းကို နင်တို့စားနေတာပဲမဟုတ်လား၊ ဒီလောက်အရွယ် လေးနဲ့ သူများတွေလို ကျောင်းပညာကောင်းကောင်း ဆက်မတက် နိုင်ဘဲ ဆယ်တန်း တစ်ဝက်တစ်ပျက်ထွက်ပြီး အိမ်ရဲ့စားစရိတ်ကို ရှာနေရတာလေ၊ မင်းက အရင်ကလို လစာပေးတော့လို့လား မောင်နောင်ရဲ့"

"ဘာပဲပြောပြော အမေ့သမီး ပုံအပ်ကိုတော့ မခေါ်ပါ နဲ့ဗျာ၊ အိမ်ရှေ့ကလည်း ဒီကောင်မလေးဆိုရင် ကြည့်ရတာမဟုတ် ဘူး၊ သူစိမ်းတစ်ယောက်လိုပဲ သတ်မှတ်နေတာဗျ၊ ပြီးတော့ သူ့လိုက်ရင် အဝတ်အစားက လိုသေးတယ်၊ အမေ့အတွက်တောင် အိမ်ရှေ့က ဝယ်ပေးရတာ၊ ‥အတွက်ပါ တောင်းဆိုရင် ဘယ်တရား ပါ့မလဲ၊ အမေ့သမီးမှာ လှတောထဲပြဖို့ အဝတ်အစား ကောင်း ကောင်းကန်းကန်းတောင် ရှိတာမဟုတ်ဘူး"

"ရှိမလားဟဲ့၊ နင်တို့က ဘယ်တုန်းကများ ဝယ်ပေးဖို့ လို့လဲ၊ သူများအကျပဲ ဝတ်နေရတဲ့ဥစ္စာ"

သားအမိနှစ်ယောက် တစ်ယောက်တစ်ခွန်း စကားများ နေကြသံကြောင့် နေအုပ် ဆက်ဝင်ဖို့ စိတ်ကူးမရှိတော့သဖြင့်





‥ရာလေးကနေပဲ ပြန်လှည့်ခဲ့လိုက်သည်။ သူ့ရင်ထဲ ဘာရယ် ‥ကြောင့်မသိ မွန်းကြပ်ကြပ်ကြီး ဖြစ်နေရသည်။

လှနေထူထပ်သော ရပ်ကွက်လေးမို့ လမ်းက ကျဉ်း ‥မြောင်းလှန်းတာကြောင့် ကားကို လမ်းမကြီးပေါ်တွင်ပဲ ရပ်ခဲ့ကာ ‥ ဒီအတိုင်းပဲ လမ်းလျှောက်ဝင်ခဲ့မိသည်။

ပုံအပ်ဆိုတဲ့ ကောင်မလေးရဲ့ အခြေအနေကို သိချင်လို့

‥။

ဘာပဲပြောပြော

သူ့မှာ တာဝန်ရှိသည်ဟု ထင်မိ၏။ မနေ့ညက သူလာခဲ့ ‥ဦးမည်ဟုပြောပြီး အရေးကြီးသော အလုပ်ကိစ္စတစ်ခုကြောင့် ‥သွားနိုင်ဘဲ ပျက်ကွက်ခဲ့မိသည် စက်ဘီးအတွက်တော့ အသစ် ‥စ်စီးကို ကုမ္ပဏီက အလုပ်သမားကောင်လေးတစ်ယောက်ကို ‥ားနှင့်လွှတ်၍ ပို့ပေးခိုင်းခဲ့၏။

နောက်နေ့

ဆက်ဆက်လာကြည့်ပါမယ်ဟုလည်း မှာခိုင်းခဲ့သည်။

ဒါကြောင့်လည်း ကတိစကားအတိုင်း သူ အချိန်အားလပ် ‥နှင့် ရောက်အောင် သွားကြည့်မိ၏။

မထင်မှတ်ဘဲ

ကောင်မလေးအိမ်မှ စကားများသံများကို ကြားခဲ့ရသည်။

မွေးစားသမီးတဲ့။

ရင့်ရင့်သီးသီး သုံးနှုန်းလိုက်သောအသံကိုပါ ကြားလိုက်ရ၏။

နေအုပ်ရင်ထဲ တစ်မျိုးကြီး ဖြစ်သွားရသည်။

ပုံအပ်က ဒေါ်နှင်းနှင်းဆွေရဲ့ မွေးစားသမီးလေးဆိုသည့် အသိစိတ်နှင့် အတူ ကျောင်းတစ်ဝက်တစ်ပျက်နှင့်ထွက်ကာ အိမ်ရဲ့စရိတ်ကို တတ်နိုင်သလောက် ဝိုင်းကူရှာနေပေးရသည်ဆို သည့် အသိကြောင့် ကောင်မလေးရဲ့ဘဝလေးကို စာနာသနား သွားရ၏။

ကြည့်ရတာ

ဒေါ်နှင်းနှင်းဆွေက သားသမီးရင်းလေးလို လက်ခံတာ သားသမီးတွေကတော့ ပုံအပ်လေးအပေါ် သွေးသားရင်းချာစာရင်း မသွင်းချင်ကြတဲ့ပုံဂ။ ပုံအပ်ကို လူရာမသွင်းချင်ကြသည် ပြင်းပြင်းထန်ထန်ပင် ကန့်ကွက်ဆန့်ကျင်နေကြသည်။

ကောင်မလေးဘဝက သနားစရာပဲ။

ဘယ်လိုစိတ်ဓာတ်မျိုးနှင့်များ အဲဒီလောက်ထိတောင် သည်းညည်းခံပြီး နေနေပါလိမ့်။ တော်ရုံစိတ်နှင့်တော့ နေဖို့ တာ မဖြစ်နိုင်ပါ။အပြစ်ကင်းစင်ပြီး သနားစရာ ကောင်မလေးရဲ့ မျက်နှာလေးကို ပြန်မြင်ယောင်ကာ နေအုပ်တစ်ယောက် သက်ပြင်း မောကြီးတစ်ချက် ချလိုက်မိသည်။





"ကလင် ကလင်"

"ကလင်"

စက်ဘီးဘဲလ်သံလေးကြောင့် နေအုပ် အရှေ့ဆီ မျှော်ခနဲကြည့်မိတော့ ပန်းကမ္ဘာ စက်ဘီးလေးနင်းပြီး ဝင်လာတဲ့ ကောင်မလေးတစ်ယောက်ကို မြင်လိုက်ရ၏။

ဒါ

ပုံအပ်ဆိုတဲ့ ကောင်မလေးပဲ။

မနေ့က သူဝယ်ပေးလိုက်တဲ့ စက်ဘီးလေးကိုနင်းပြီး လမ်း တစ်လျှောက် ဝင်လာတာကို သူတွေ့နေရသည်။

နေအုပ်

ဖျတ်ခနဲ ဝမ်းသာသွားရသည်။

"ကလင် ကလင်"

"ပုံအပ်"

စက်ဘီးရှေ့ကနေရပ်ပြီး ကောင်မလေးကို ခေါ်တော့ ကောင်မလေးက သူ့ကိုမြင်ပြီး ဘရိတ်လေးညှစ်ဖမ်းကာ သူ့ ရှေ့တည့်တည့်တွင် တိခနဲရပ်သည်။

"ဟင် ဦးနေအုပ်"

ကောင်မလေးက သူ့ကို ချက်ချင်းပင်မှတ်မိကာ စက်ဘီး ပေါ်မှ ကပျာကယာ ဆင်းပြီး အပြုံးနုနုတွေနှင့် နှုတ်ဆက်၏။

"ကိုယ် မင်းကိုလာကြည့်တာ"

"ခြေထောက်က သက်သာတယ် ဦး၊ ပွန်းရာတွေက တော့ ကျန်သေးတာပေါ့၊ ဒါပေမဲ့ ဆေးထည့်ရင် နောက်ဆို ပျောက်သွားမှာပါ၊ စိတ်မပူပါနဲ့၊ ဒါနဲ့ အိမ်ကိုမသွားဘူးလား၊ အိမ်မှာ အမေရှိတယ်လေ ဦးနေအုပ်"

ရုတ်တရက်

ပုံအပ် ဆိုတဲ့ ကောင်မလေးအမေးကြောင့် နေအုပ် တစ်ယောက် ဘာပြန်ဖြေရမှန်းမသိအောင် ဖြစ်သွားရ၏။ ကောင်မလေး အိမ်ကို ရောက်သွားခဲ့ပြီးပြီလေ။ မထင်မှတ်ဘဲ ပုံအပ် ဆိုတဲ့ ကောင်မလေးရဲ့အိမ်မှာက ပြဿနာတက်နေကြတာ မို့ သူ မဝင်ဘဲ ပြန်လှည့်ထွက်ခဲ့မိ၏။

"ဦးနေအုပ် အိမ်မမှတ်မိလို့လားဟင်၊ ပြန်ကွေ့လာတာ ဆိုတော့ ရှာမတွေ့ဘူးထင်တယ်"

"ဟော အေးကွ၊ ကိုယ် ဟိုနေ့က တစ်ခေါက်ပဲရောက် တာဆိုတော့ သိပ်မမှတ်မိလိုက်ဘူး၊ ဒါကြောင့် ပြန်တော့မလို လုပ်နေတာ၊ မင်းနဲ့တွေ့တော့ ပိုပြီးအဆင်ပြေသွားတာပေါ့ ပုံအပ်"

သူ ဘာဖြေရမှန်းမသိခင် ကောင်မလေးရဲ့ စကား လမ်းကြောင်းပေးမှုကြောင့် ထွက်ပေါက်ရှာတွေ့ကာ အဆင်ပြေ အောင် ပြန်ပြောလိုက်မိသည်။

"ဒါဆို အိမ်လိုက်ခဲ့လေ ဦး၊ ပုံအပ် အိမ်ပြန်မှာ"

ဟင်





ကောင်မလေးက သူ တကယ်ပဲ အိမ်ပျောက်နေသည် ပြီး သူမနှင့်တစ်ပါတည်း လိုက်ခဲ့ဖို့ ခေါ်နေ၏။ သူမရဲ့ က်လှဲသော ဖိတ်ခေါ်မှုကြောင့် နေအုပ် ခန္ဓာကိုယ်ကြီး တွန့်ခနဲ သွားရသည်။

"ကိုယ် မလိုက်တော့ပါဘူး၊ မင်း ဘယ်လိုနေသေးလဲ ပြီး လာကြည့်တာ၊ အခုလိုတွေ့ရတော့ ဘာပဲပြောပြော ကိုယ် သာတာပေါ့ကွာ၊ ကိုယ်က အနာရှိန်နဲ့ အိပ်ရာထဲ လဲနေမလား ပြီး စိတ်ပူလို့လာခဲ့တာ"

"အဟင်း ဟင်း၊ ပုံအပ် အဲဒီလောက် စိတ်မပျော့ပါ ဦးနေအုပ်ရဲ့"

"ဘာပဲပြောပြော အနာရှိန်နဲ့ မင်းနာနေဦးမှာပါ ပုံအပ် ည်"

ဒဏ်ရာတွေကို အလေးမထားဘဲ အိမ်ရဲ့စားဝတ်နေရေး တွက်ချည်းသာ ရှေ့တန်းတင်လွန်းသော ကောင်မလေးကိုကြည့် နေအုပ် စိတ်မကောင်းဖြစ်နေရသည်။

"ဒါတော့ နည်းနည်းပေါ့"

"မင်း ဆေးခန်းသွားသေးလား ပုံအပ်"

"ရှင်"

"ဆေးခန်းမသွားဘူးလားဟင်"

"ဟို ဟို ပြီးရင် သွားတော့မှာပါ၊ အခုမှ အလုပ်သိမ်း

လာတာဆိုတော့ ရေမိုးချိုးရဦးမယ်လေ ဦးနေအုပ်''

တကယ်တော့

ဒီနေ့ ဆေးခန်းမသွားတော့ဘူးဟု ပုံအပ် ဆုံးဖြတ်ထား ပြီးသားပါ။ ဦးနေအုပ် ပေးခဲ့တဲ့ငွေတွေထဲက တချို့ကို ဒေါ်ကြီး ဒေါင်းဆီ အကြွေးတွေ အကြေဆပ်ခဲ့မိသည်။ ကျန်တာကတော့ ကိုကိုကြီးရဲ့စေ့စပ်ပွဲတွင်ဝတ်ဖို့ အမေ့အတွက် အဝတ်အစားသစ် ချုပ်ရန် ပေးလိုက်၏။

ပုံအပ်ကတော့

ထုံးစံအတိုင်း လမ်းဘေးကွမ်းယာဆိုင်က ဆရာမိုတစ်အုပ် ဝယ်ပြီး အနာကို ဆေးထည့်ဖို့ ကြံရွယ်ထားသည်။

''ဒါဆို မင်း နောက်မှပဲ ရေချိုးတော့ကွာ၊ ကိုယ်ရှိနေ တုန်း ဆေးခန်းသွားလိုက်ရအောင်''

''ဟင် အခုချက်ချင်းလား''

''အင်းလေ၊ မင်းစက်ဘီးကို ဒီနားက အသိအိမ် တစ်အိမ်အိမ် အပ်ထားလည်း ဖြစ်တာပဲဟာ၊ ခုပဲ သွားလိုက်ရ အောင်''

''ဟို ဟို နောက်မှပဲ ပုံအပ်ဘာသာ ပြလိုက်ပါ့မယ်''

နေအုပ်

ကောင်မလေးကို အိမ်မပြန်စေချင်။

အပြစ်ကင်းစင်လွန်းသော မျက်နှာလေးကိုကြည့်ပြီး သူမ





နဲ့အိမ်မှာ တက်နေတဲ့ ပြဿနာတွေကြားထဲ ဝင်သွားမှာ မလို သားနိုင်အောင် ဖြစ်နေရသည်။

ဒါကြောင့်

ချက်ချင်းပင် ဆေးခန်းသွားမည်ဟု အကြောင်းပြကာ တ်အတင်းပင် ခေါ်ထုတ်နေမိ၏။

''လာပါကွာ၊ မင်းဆီကို တကူးတကလာကြည့်တဲ့ ကိုယ့်ကိုလည်း အားနာပါဦး၊ ဆေးခန်းပြပြီးရင် ဘာပဲပြောပြော ကိုယ်လည်း စိတ်ချလက်ချ ပြန်သွားရတာပေါ့ ပုံအပ်ရဲ့၊ မဟုတ် င် မင်း ဆေးခန်းပြဖြစ်ပါ့မလား၊ မေ့နေမလားဆိုပြီး တနုံ့နုံ့နဲ့ ိတ်ပူနေရမှာ''

ဦးနေအုပ်က ဆေးခန်းပြဖို့ ဖွတ်ပဲခေါ်နေ၏။

ပုံအပ်က ပိုက်ဆံကုန်မှာစိုး၍ မပြချင်ပါဘူးဆိုနေမှပဲ။

''လာလေကွာ လမ်းထိပ်မှာ ကိုယ့်ကားရပ်ထားတယ်၊ င်းလိုက်ခဲ့''

အဲ

ပြောပြီး ဦးနေအုပ်က ရှေ့ကနေ ဦးဆောင်ကာ ထွက် သွားတော့၏။

ဒီတော့မှ

ပုံအပ်မှာ ဘာမှမငြင်းဆန်နိုင်တော့ဘဲ စက်ဘီးလေးကို သိတစ်ယောက်နှင့် ထည့်ပေးကာ ဆေးခန်းသွားပြသည်ဟု

အမေ့ဆီ မှာခိုင်းလိုက်ရတော့၏။

သူမ

ဦးနေအုပ်ကို အားနာနေမိသည်။

သူ့ကားနဲ့ ပွတ်တိုက်မိသည် ဆိုပေမယ့် အင်မတန် လူမှု နားလည်စွာ အစစအရာရာ တာဝန်ကျေခဲ့သူလေ။ ပုံအပ်ကို လည် စက်ဘီးအသစ်တစ်စီး အသစ်အစား ပြန်လျော်ပေးခဲ့သည်။ သူ ကြောင့် ပုံအပ်တို့မိသားစုလေး အဆင်ပြေပြေဖြစ်ခဲ့ရ၏။

ထို့ကြောင့်

ဆေးခန်းပြပေးမယ်ဟု ပြောတာကို ပုံအပ် မငြင်းခု

သူ့ဘက်က ကြည့်တော့လည်း

သူ့ကြောင့် ရခဲ့တဲ့ဒဏ်ရာကို မြန်မြန်သက်သာသွား မြင်တွေ့ချင်ရှာမှာပေါ့။ ပုံအပ်က ကပ်စေးနဲ့ချွေတာနေမှာကို နေမှာပေါ့လေ။

ပုံအပ်

လမ်းမထိပ်ဘက် ပြန်လျှောက်ခဲ့မိ၏။

လမ်းထိပ်ကျော်ကျော်လေးတွင် သူ့ကားအကောင်းစား ရပ်ထားတာကို သူမ လှမ်းမြင်နေရသည်။

ပုံအပ်တစ်ယောက် ပခုံးသိုင်းလွယ်ထားသော အိတ် ၏ လက်ကိုင်ကြိုးကို လက်လေးတစ်ဖက်နှင့် ကျစ်နေအောင် ကိုင်ကာ ကားရပ်ထားရာဆီ လျှောက်သွားလိုက်သည်။





ကားနောက်ခန်းတံခါးကို ဆွဲဖွင့်မည်အပြု

"ပုံအပ် ရှေ့ကိုလာ"

ဟင်

သူ့ဆီက အမိန့်ဆန်ဆန် ထွက်လာသော စကားသံကြောင့် ကားတံခါးလေးကို ဆွဲမဖွင့်ဖြစ်တော့ဘဲ ကားရှေ့ကနေ တစ်ပတ် ပတ်လျှောက်ကာ ရှေ့ခန်းဆီရောက်မှ ကားတံခါးကိုဆွဲဖွင့်ပြီး ဝင်ထိုင်တော့သည်။

သူမ ဝင်ထိုင်လိုက်တာနှင့် ကားမှန်တွေက အလိုအလျောက် တရွေ့ရွေ့တက်ကာ ပိတ်သွား၏။ ကားလေအေးပေးစက်ဆီမှ အအေးဓာတ်က ထွက်လာသည်။

သူမ ဦးနေအုပ်ဆီ စောင်းငဲ့ကြည့်တော့ ကြည်လဲ့သော အပြုံးလေးတစ်ခုနှင့် သူမကိုကြည့်နေသော သူ့ကိုတွေ့လိုက်ရ၏။

ပြီးနောက်

ကားလေးက နူးညံ့သော စက်နှိုးသံထွက်ကာ ရပ်ထားသော နေရာလေးကနေ ညင်သာစွာပင် မောင်းထွက်သွားတော့သည်။

* * *

## အခန်း (၁၄)

"ဟင့်အင်း ပုံအပ် မစားချင်ဘူး ဦးနေအုပ်၊ ဦးနေအုပ်ပဲ စားပါ၊ ပုံအပ် ထိုင်စောင့်ပေးပါ့မယ်"

ပုံအပ် ခေါင်းလေးကို ယမ်းခါကာ ငြင်းပယ်လိုက်မိသည်။

ဦးနေအုပ်က အထူးကုဆေးခန်းကြီးတစ်ခုတွင် သူမ ဒဏ်ရာတွေကို ပြပေးသည်။ ကားနှင့်ပွတ်တိုက်မိသည်ဟု မပြောဘဲ စက်ဘီးမှောက်ကျသည်ဟု ပြောကာ ဆေးခန်းပြပေး၏။ ဆေးခန်းက အဆင်ပြေမယ့် စောင့်ရတဲ့လူနာတွေက များတာမို့ မနည်းအောင့်အီးသည်းခံကာ နှစ်ယောက်သား စောင့်ပြီး ပြခဲ့ရ၏။

ဆေးခန်းပြပြီးတော့





နာရီကို လက်ထောင်ကြည့်ကာ ဦးနေအုပ်ငုံ့ကျ ဝိတ်တာ
ည်ဟု ညည်းသည်။ ပြီးနောက် ပုံအပ်နှင့်အတူ
ခ်းနားသော စားသောက်ဆိုင်ကြီးထဲထိုင်ကာ အစား
ဘွ စိတ်တိုင်းကျ မှာနေပြန်ပါသည်။ ပုံအပ်တစ်ယောက်
ားသမျှနောက် ခပ်ကုပ်ကုပ်လေး လိုက်နေခဲ့ရ၏။ ငသက်နေရ

ပုံအပ် အိမ်ကိုပြန်ချင်နေပြီဖြစ်သော်လည်း ဦးနေအု
ာရမှာ အားနာနေမိသည်။ ပြီးတော့ ငွေကြေးပြည့်စုံချမ်းသာ
ာ သူဌေးတွေသာ ပြနိုင်သည့် အထူးကုဆေးခန်းကြီးတွင်
တ်အစား ဟောင်းနွမ်းနွမ်းနှင့် ဆေးခန်းဝင်ပြနေသည့် အဖြစ်
ည်း သူမစိတ်ထဲ မဝံ့မရဲလေးဖြစ်နေခဲ့ရသည်။ သူမကသာ
ဆေးခန်းလေးပဲ ပြပေးမယ်လို့ ထင်ထားတာလေ။ အခုတော့
ထင်သလိုမဟုတ်ခဲ့ချေ။

တီရှပ်လက်တိုကွက်စိတ်ကို စတိုင်လ်ပန်အနက်ရောင်နှင့်
က်ကာ နက်ပြောင်နေသော ရှူးဖိနပ်နှင့် ခါးတွင် ဟမ်းဖုန်း
စတိုင်ကျကျချိတ်ကာ လက်တွင် ကားသော့လေးကို ကိုင်ထား
ည့် ခန့်ညားချောမွေ့ တည်ကြည်နေသော ဦးနေအုပ်နှင့်
တ်အစား နွမ်းလျလျ၊ ခေါင်းမှာဆောင်းထားသော ဦးထုပ်
ာင်ဖျော့ဖျော့နှင့် ကြိုးသိုင်းလွယ်အိတ်ရှည်ကို ဘေးတစောင်း
လွယ်ထားသော ပုံအပ် ပုံစံက မြင်သူတကာမျက်လုံးထဲတွင်

ဲ့မှအဆင်မပြေသလို ထူးထူးခြားခြား ဖြစ်နေခဲ့သည်။

ားပြီး ကွက်ကြည့်ကွက်ကြည့် ဖြစ်နေကြသည့် မျက်

တွကို ခံနေရတာကလည်း သူမအတွက် မနှစ်မြို့ချင်

သို့ပေမယ့်

စေတနာရှင်ရဲ့ စိတ်ကို မညှိုးနွမ်းစေချင်သော

ားတင်းကာ ဆေးခန်းကို သူမ ပြခဲ့ပါသည်။

ဆေးခန်းပြပြီးလျှင်တော့ သူမကို အိမ်ပြန်ပို့ပေးမှာ

ဟူသော အသိနှင့် ငြိမ်သက်နေမိရာမှ မပြောမဆို နာမည်

စားသောက်ဆိုင်ကြီးတစ်ခုထဲ ကားကိုချိုးကွေ့ကာ ဝင်လိုက်

လုပ်ရပ်ကြောင့် ပုံအပ်မှာ မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်

သည်။

လက်မှနာရီကို ထောင်ကြည့်ပြီး သူ ဗိုက်တအား

ပြီတဲ့လေ။

ပြောပြီး သူက ကားပေါ်ကနေ ဆင်းတာမို့

မှာလည်း ယောင်တောင်တောင်နှင့် ကားလေးပေါ်မှ လို

မိ၏။ ကားလော့ခ်တွေချကာ ရှေ့ကနေ လျှောက်သွား

ဦးနေအုပ် နောက် သွက်လက်သော ခြေလှမ်းတွေနှင့်

လိုက်သွားမိသည်။

ဦးနေအုပ်က သူမကိုမကြည့်ဘဲ စားပွဲဝိုင်းလွတ်





တွင် ထိုင်ကာ အစားအသောက်တွေကို စိတ်တိုင်းကျ ဝိတ်တာ လေးထံတွင် မှာနေသည်။

ပုံအပ်

အခုချိန်ထိ စကားပြောခွင့်မရခဲ့ချေ။

သူလုပ်နေသမျှတွေကိုလည်း အံ့ဩကာ မင်သက်နေရ သည်။

ဝိတ်တာလေး ထွက်သွားတော့မှပဲ သူမ အိမ်ပြန်ချင်တဲ့ အကြောင်း ပြောမိ၏။ သူက ခပ်အေးအေးပင်၊ စားပြီး ပြန်ပို့ပေး မယ်လေတဲ့။ ပုံအပ် စိတ်တွေရှုပ်ထွေးနောက်ကျိသွားရ၏။ ငွေကြေး တွေ အများကြီး ကုန်ကျသော စားသောက်ဆိုင်ကြီးအတွင်းကနေ ပြေးထွက်လိုက်ချင်စိတ်တွေက တဖွားဖွား။

သို့သော်

ပုံအပ် မပြေးမိပါ။

သူမကို အထူးအဆန်း သတ္တဝါတစ်ကောင်သဖွယ် ဝိုင်း ကြည့်နေသော မျက်ဝန်းအကြည့်စူးစူးတွေအောက်တွင် သိမ်ငယ် စွာ ကြောက်ရွံ့သလို စိတ်ကြီးနှင့် ခေါင်းလေးငုံ့ကာ ငြိမ်သက်နေ မိသည်။

သူမအဖြစ်ကို အပြုံးနုနုကြီးတွေနှင့်ပဲ စိုက်ကြည့်ပြီး ဘာစကားတစ်ခွန်းမျှ မပြောခဲ့ပေ။

အစားအသောက်တွေ ရောက်လာမှပဲ သူမကို စား ပြောသည်။ သူမ ဟင်းအမည်တွေ စုံလင်နေသော စားပွဲဝိုင်းကြီး ကိုကြည့်ပြီး ခေါင်းလေးကို ဘယ်ညာယမ်းခါကာ ငြင်းလိုက် သည်။

"ပုံအပ် ထည့်စားလေ၊ ဘာဖြစ်လို့လဲ"

"ဟင့်အင်း၊ ဦးနေအုပ်ပဲ စားပါ၊ ပုံအပ် မစားချင်ဘူး"

"ဘာဖြစ်လို့မစားတာလဲ၊ ကိုယ်က မင်းအတွက် မှာထားတဲ့ဟာ၊ စားပါ ပုံအပ်ရဲ့၊ ကိုယ့်ကို အားမနာပါနဲ့"

"ပုံအပ် မစားချင်လို့ပါ၊ ဦးနေအုပ်ပဲ စားပါ"

"မဟုတ်တာဘဲကွာ၊ ကိုယ်တစ်ယောက်တည်းချည် စားတော့ ကြောင်တောင်တောင်ကြီး ဖြစ်တာပေါ့ ပုံအပ်ရဲ့၊ မင် လည်း အလုပ်သိမ်းလို့ စောစောလေးကမှ အိမ်ပြန်လာတဲ့ဟာ ဘာမှစားရဦးမှာ မဟုတ်ပါဘူး၊ ကိုယ်နဲ့အတူတူပဲစားပါ"

ပုံအပ် ငြိမ်သက်နေမိသည်။

တကယ်တော့

သူမလည်း ဗိုက်တအား ဆာလောင်နေတာပါ၊ တစ်ခါ မစားဖူးသော အစားအသောက် အကောင်းစားတွေချည်းမို့လည် ကျွေးတဲ့သူရှိတုန်း အဝစားပစ်လိုက်ချင်မိ၏။

သို့ပေမယ့်





ပုံအပ်ရဲ့ လက်တွေက လှုပ်ရှားလို့မရပါ။

အစားအသောက်ကောင်း စားရလို့ ပါးစပ်အကျင့်ပျက် စိုးတာထက် စားကောင်းသောက်ဖွယ်ရာတွေကို စားရမှာ မျို ကျနိုင်လောက်အောင် ဖြစ်နေမိသည်။ ညာစာကို အမေနဲ့ အမြဲ တူတူ လက်ဆုံစားနေကျမို့ ပုံအပ် ပြန်မလာမချင်း အမေက င့်နေမှာ အမှန်ပင်။ ပုံအပ် တစ်ကိုယ်ကောင်းဆန်ပြီး မစားရက်။

ပုံအပ် ရောက်လာမှ ထမင်းလက်ဆုံစားတတ်သော မေ့ကို ခြောက်သွေ့သော ထမင်းဝိုင်းမှာထားပြီး သူမက ကောင်းစားဟင်းလျာတွေ စားရမှာ မျိုမကျနိုင်လောက်အောင်ပင် နေရ၏။ ဒါကြောင့် ပုံအပ် မစားဘဲ ငြင်းပယ်လိုက်ခြင်းဖြစ် သည်။

"ပုံအပ်"

"ရှင်"

"ဘာဖြစ်လို့ မစားချင်ရတာလဲ"

"ဟို ဟိုလေ ပုံအပ်က အမြဲတမ်း အမေနဲ့ ထမင်း က်ဆုံစားနေကျမို့ပါ ဦးနေအုပ်၊ အမေက ပုံအပ် ရောက်မလာ း စောင့်ပြီးစားတတ်လို့ အပြင်မှာ ဘယ်တော့မှ ပုံအပ် ထမင်း ဘူး။ အခုတော့ အကျင့်ပါနေပြီလို့ ပြောရမလား၊ မစား ဘူး ဖြစ်နေတယ်"

ဟုတ်ရဲ့လား ပုံအပ်ရယ်

မင်းအကြောင်းကို ကိုယ်သိပါတယ်။

မင်း မစားတတ်တာ မဟုတ်ပါဘူး၊ လုံးဝ မစားရက်တာပါ။ မင်းရဲ့မျက်လုံးလေးတွေထဲမှာ အခုလို စုံလင်ကောင်းမွန်နေတဲ့ ဟင်းလျာမျိုးတွေ မင်းရဲ့မိသားစုတွေကို ကျွေးမွေးလိုက်ချင်တဲ့ ဆန္ဒလေးတွေ ဖြစ်ပေါ်နေတာကို ကိုယ်မြင်တွေ့နေရတယ် ကောင်မလေးရယ်။

မင်းတစ်ယောက်တည်း စားရမှာကို စိတ်မကောင်းဖြစ်နေတာမဟုတ်လား ပုံအပ်ရာ။ မင်း မညာပါနဲ့။ ကိုယ်က လူတစ်ဖက်သားရဲ့ မျက်နှာကို အကဲခတ်တဲ့နေရာမှာ အင်မတန်ပါရမီရှိတဲ့သူပါ။ မင်း ဘာတွေတွေးနေသလဲဆိုတာ ကိုယ်ရိပ်မိပါတယ်ကွာ။

ဒါကြောင့်မိလည်း

မင်းလေးရဲ့ ဖြူစင်တဲ့စိတ်လေးကို ပိုပြီးတော့တောင်လေးစားချီးကျူးမိပါတယ် ပုံအပ်လေးရယ်။ ဒါပေမဲ့ မင်းရဲ့မောင်နှမတွေကတော့ မင်းထားသလို စိတ်မျိုး သူတို့မထားနိုင်ကြဘူး မဟုတ်လားဟင်။

မင်းကို မွေးစားသမီးဆိုတဲ့အသိနဲ့ ဝိုင်းပယ်ထားချင်ကြတယ် မဟုတ်လား ပုံအပ်လေးရယ်၊ အဲဒါကို မင်းလည်း သိမှာ





ကွာ။

“ပုံအပ်”

“ရှင်”

“နည်းနည်းဖြစ်ဖြစ်တော့ စားပါကွာ၊ ကိုယ် တစ်ယောက်
ည်းစားရင် တစ်မျိုးကြီးဖြစ်နေမှာပေါ့”

“ပုံအပ် တကယ်ပဲ မစားချင်လို့ပါ”

သူမ အားနာစွာပင် ထပ်ပြီးငြင်းဆန်လိုက်သည်။

ဒီတော့

ဦးနေအုပ်လည်း သူမကိုကြည့်ကာ သက်ပြင်းငွေ့ငွေ့ ချပြီး
ထားသော ဖွန်း ခက်ရင်းတစ်စုံကို ဖြည်းညင်းစွာ ချ၏။
ဝိုင်း မလှမ်းမကမ်းတွင် ရပ်နေသော ဝိတ်တာလေးကိုခေါ်
မှာထားသော အစားအသောက်တွေကို ပါဆယ်ထုပ်ပေးဖို့
ကျသင့်ငွေကိုရှင်းဖို့ တစ်ခါတည်း မှာလိုက်သည်။

ဒီတော့မှ

ပုံအပ် မျက်လုံးပြူးရပြီ။

“ဦးနေအုပ် ဘာဖြစ်လို့ မစားတာလဲ၊ စားပါ ဦးနေအုပ်
ပုံအပ် စောင့်ပေးမှာပါ”

“ဒါပေမဲ့ ကိုယ်တစ်ယောက်တည်းကြီး ဖြစ်နေတာလေ
ပ်ရဲ့၊ ဒါကြောင့် မင်းတို့အိမ်ကျမှပဲ ညှိသည်လုပ်ပြီး အတူတူ

စားဖို့ ဆုံးဖြတ်လိုက်ပြီး ပါဆယ်ထုပ်နိုင်းလိုက်တာ''

''ရှင်''

''မင်းရဲ့ မိသားစုဝင်တွေနဲ့လည်း ကိုယ်တွေ့ချင်သေးတယ်လေ၊ အန်တီနှင်းနှင်းဆွေနဲ့လည်း စကားတွေပြောချင်သေးတယ်၊ ဒါကြောင့် ကိုယ် ဒီလိုဆုံးဖြတ်လိုက်တာ''

''ရှင်''

ပုံအပ်

ဦးနေအုပ်ဆီမှ ထူးဆန်းသောစကားကြောင့် တအံ့တဩလေး ဖြစ်သွားရ၏။ အိမ်ကိုလိုက်ပြီး ညစာအတူစားရင်း ပြောစရာစကား ရှိလို့တဲ့လေ။ ဦးနေအုပ် ဘာတွေလျှောက်လုပ်နေတာလဲ။ ပုံအပ် နားမလည်ပါ။

သို့သော်

ပုံအပ် ဘာမှတော့ ဆက်ပြီးမပြောမိ။ ဦးနေအုပ် ဆုံးဖြတ်သည့် အတိုင်းသာ ငြိမ်ငြိမ်လေး လိုက်နာနေမိတော့သည်။ ကျသင့်ငွေကို ရှင်းပေးပြီး သိပ်မကြာခင် ထုပ်နိုင်းထားသော ပါဆယ်ထုပ်တွေ ရောက်လာတာနဲ့ နှစ်ယောက်သား ဆွဲပြီး ကားလေးရပ်ထားရာ ကားပါကင်ဆီသို့ ပြန်ထွက်လာခဲ့ကြသည်။

ပြီးနောက်

ကားလေးကို ပြန်မောင်းထွက်ခဲ့ကြတော့၏။





အိမ်ရောက်တော့ အမေက ထုံးစံအတိုင်း စိုးရိမ်ပူပန်မှုဖြင့် ဆီးကြိုနေသည်။ ဦးနေအုပ်ပါ လိုက်ပါလာတာ တွေ့တော့ အမေပင် အံ့ဩနေသည်။

''ဆေးခန်းကို ကျွန်တော်နဲ့ သွားပြခဲ့တာပါ အန်တီ''

''အေးကွယ်၊ အန်တီက သူတစ်ယောက်တည်း သွားထင်ပြီး စိတ်ပူနေတာ၊ လာလေကွယ်၊ အိမ်ထဲထိုင်ပါဦး''

ပေါ်လစ်အရောင်များ ပြယ်လွင့်နေပြီဖြစ်သော ကြိမ်က်တီခုံလေးတွင် သူ ဝင်ထိုင်လိုက်ပြီး လှိုက်လှဲစွာပင်ါနှင်းနှင်းဆွေကို ပြုံးပြမိသည်။

''ကျွန်တော် စားစရာလေးတွေ ဝင်ဝယ်နေလို့ နောက်သွားတာပါ၊ ပုံအပ်က အန်တီနဲ့မှ အတူတူ ညစာစားနေကျတော့ သူ့ဆန္ဒအတိုင်း ဒီအိမ်မှာပဲ ဧည့်သည်လုပ်ပြီး ညစာတူတူစားဖို့ ဆုံးဖြတ်လိုက်တာပါ''

''ဟော''

ဒေါ်နှင်းနှင်းဆွေ ပို၍ပင် အံ့ဩမင်သက်သွားရသည်။

မောင်နေအုပ်ရဲ့ အပြုအမူတွေကိုလည်း နားမလည်နိုင်လိုလို ဖြစ်နေရ၏။ သို့သော် ဘာပဲပြောပြော သူက ဧည့်သည်ယောက်ပဲလေဆိုသော အသိတရားနှင့် ဒေါ်နှင်းနှင်းဆွေကည်းခံကာ ပြုံးလိုက်သည်။

"အေး အေးကွယ် ဖြစ်ပါတယ်၊ ဟဲ့ သမီး ဘာကြောင့် ပြုံး ရယ်နေတာလဲ၊ စားပွဲခုံကို အိမ်ရှေ့ထုတ်ပြီး ညစာပြင်လေကွယ်"

ဒေါ်နှင်းနှင်းဆွေတစ်ယောက် ကြောင်တောင်တောင်လေး ရယ်ကြည့်နေသော သမီးဖြစ်သူ ပုံအပ်နှင်း အား သတိပေးလိုက်၏။ ဒီတော့မှ စားသောက်စရာ အထုပ်အပိုးတွေကိုင်ပြီး ရယ်နေ သော ပုံအပ် အသိဝင်ကာ အိမ်နောက်ဖေးဆီသို့ ဝင်သွားသည်။

"အန်တီနှင်းနှင်းဆွေ ကျွန်တော့်အပြုအမူတွေကို အံ့ဩ ထူးဆန်းနေမှာပဲနော်"

"ဘယ်လို မောင်နေအုပ်"

"ကျွန်တော် အခုလို လုပ်နေတာတွေကိုပါ"

"အင်း အမှန်အတိုင်း ပြောရရင်တော့ သံသယဖြစ်မိတာ အမှန်ပဲကွယ်၊ ဒါကလည်း ပတ်ဝန်းကျင်ကြောင့်ပါ၊ အန်တီက ရပ်ကွက်ထဲမှာ ဂုဏ်သိက္ခာကို ခေါင်းပေါ်ရွက်တင်ပြီး နေတဲ့သူ လေ"

ဒေါ်နှင်းနှင်းဆွေက အားမနာစတမ်းပင် ဝန်ခံလိုက်ခဲ့ သည်။

ဘာပဲပြောပြော မိမိမှာက သမီးပျိုလေးတွေ ရှိနေတာ လေ။ မထင်မှတ်ဘဲ သမီးငယ်လေးကြောင့် မောင်နေအုပ်ဆိုတဲ့ လူရွယ်နဲ့ သိကျွမ်းခဲ့ရသည်ဆိုပေမယ့် အခုလို တရင်းတနှီးနေ





...တာတော့ မိမိအတွက် ခက်ခဲလှသည်။ ပတ်ဝန်းကျင်ရဲ့ အထင် ...မြင်လွဲမှားမှုကို မိမိ နည်းနည်းလေးမျှ လက်မခံနိုင်ပါ။

ထို့ကြောင့်

ပြတ်ပြတ်သားသားပဲ ဆက်ဆံဖို့ ဒေါ်နှင်းနှင်းဆွေ ဆုံး ...ဖြတ်ထားမိ၏။

"အန်တီ့စိတ်ကို ကျွန်တော် နားလည်နိုင်ပါတယ် အန်တီ၊ ...သမဲ့ ကျွန်တော့်စိတ်ထဲမှာ ရှိနေတာလေးတွေကိုလည်း ကျေးဇူး ...ပြီး အန်တီ နားလည်ပေးစေချင်ပါတယ်၊ ဒါကလည်း ကျွန်တော် ...ပြောမယ့်စကားအတွက် ကြိုတင်ပြီး အန်တီ့ကို တောင်းပန် ...တာပါခင်ဗျာ၊ ကျွန်တော့်ဘက်က အမှားကိုလုပ်မိတယ် ...ရင်တောင် ဒါဟာ ရင်ထဲက စစ်မှန်တဲ့စေတနာနဲ့ စာနာမှုကြောင့် ...ပဲ အန်တီ မှတ်ယူပေးပါခင်ဗျာ"

"မောင်နေအုပ် ဘာကိုဆိုလိုချင်တာလဲ၊ အန်တီ နားမရှင်း ..."

"ဒီလိုပါ အန်တီ၊ အမှန်အတိုင်းပြောရရင် ဒီခြံရှေ့ကို ...နော် ပထမတစ်ကြိမ် ရောက်ခဲ့ပါတယ်၊ အဲ ပြောရမယ်ဆို ...တော့ ပုံအပ် ပြန်မရောက်လာခင်မှာပေါ့ဗျာ၊ အိမ်ထဲမှာ အန်တီ ...အန်တီ့သားတို့ အခြေအတင် စကားတွေ ပြောနေတဲ့အချိန်ပေါ့ ...တီ"

"ဟင်"

ဒေါ်နှင်းနှင်းဆွေ မျက်နှာလေး ရဲခနဲ ဖြစ်သွားရ၏။

"ကျွန်တော် သူများရဲ့အိမ်တွင်းရေးကို စပ်စုတာမဟုတ်

ပေမယ့် တိုက်တိုက်ဆိုင်ဆိုင် ကြုံလိုက်ရတာဆိုတော့"

"ပုံအပ် အကြောင်းကို ကြားသွားတာမဟုတ်လား

မောင်နေအုပ်"

"ဟုတ်ပါတယ် အန်တီ၊ ဒါပေမဲ့ ကျွန်တော် အ

အကြောင်းတွေကို ပုံအပ်ကို ဘာတစ်ခွန်းမှပြန်မပြောခဲ့ပါဘူး အန်တီ"

အို

ဒါကြောင့် မောင်နေအုပ်က ထူးထူးဆန်းဆန်း စကား

တွေကို ရိုးသားပွင့်လင်းစွာ ပြောလာခဲ့တာကို။

"ပုံအပ်ဟာ အန်တီတို့ရဲ့ မွေးစားသမီးလေးဆိုတာ

သိခွင့်ရလိုက်တဲ့အတွက်ရော၊ ကျောင်းတစ်ဝက်တစ်ပျက်နဲ့ နား

ရတယ်ဆိုတဲ့အကြောင်းကိုပါ ကြားလိုက်ရတော့ ကျွန်တော့်စိ

ထဲ တစ်မျိုးကြီးပဲဗျာ၊ သူ့အပေါ် စာနာသနားနေမိတယ်၊ ကိုယ်ချင်း

စာနေမိသလို ဖြစ်နေခဲ့တယ် အန်တီ"

ဒေါ်နှင်းနှင်းဆွေ မိမိရဲ့အားနည်းချက်ကြောင့် မောင်နေအ

ကို မျက်နှာမပြရဲလောက်အောင်ဖြစ်ကာ ခေါင်းလေးငုံ့ချပစ်လို

မိသည်။





"သူများရဲ့အိမ်တွင်းရေးကို ဝင်ပြီးစွက်ဖက်တာမဟုတ်

မယ့် ကျွန်တော် တစ်ခုလောက်တောင်းဆိုချင်တာက ပုံအပ်ရဲ့

ညာသင်စရိတ်ကို ကျွန်တော် ထောက်ပံ့ပေးချင်ပါတယ်"

"ဘာကွဲ့"

"ဟုတ်ပါတယ် အန်တီ၊ ကူညီတာလို့ပဲပြောပြော ဒါန

ပြုတာလို့ပဲဆိုဆို သူများတကာတွေလို ကျောင်းတက်ရမယ့်အရွယ်

းမှာ အခုလို အဆင်မပြေဘဲ နားလိုက်ရတယ်ဆိုတော့ ကျွန်တော်

တ်မကောင်းဖြစ်မိတာ အမှန်ပါပဲခင်ဗျာ၊ အဲဒါကြောင့် အနားမှာ

ခါမထားနိုင်ပေမယ့် ဒီကောင်မလေးရဲ့ အနာဂတ်လေး လှပ

အောင် တစ်ဖက်တစ်လမ်းက အထောက်အပံ့လေး ပေးပါရစေ

ဲ့ ကျွန်တော် ခွင့်တောင်းတာပါ"

ဒေါ်နှင်းနှင်းဆွေ ငြိမ်ကျသွားသည်။

အံ့ဩခြင်း၊ မယုံကြည်နိုင်ခြင်း၊ မင်သက်ခြင်းများနှင့်

ောင်နေအုပ် မျက်နှာဆီ ငေးမောကြည့်နေမိ၏။

"ဒီလိုတောင်းဆိုတာ ကျွန်တော့်ဘက်က စေတနာသန့်

ုန့်နဲ့ပါ အန်တီ၊ အဲဒါကိုတော့ အကြွင်းမဲ့ယုံကြည်ပေးပါ"

ယုံပါတယ်။

လေးနက်တည်ကြည်နေတဲ့ မျက်လုံးတွေကို မြင်ရတာနဲ့

 င် လုံလောက်နေပါပြီ။

ဝမ်းသာပါတယ် မောင်နေအုပ်ရယ်။

အခုလိုစကားမျိုးပြောတဲ့အတွက်လည်း ကျေးဇူးတင်ပါ
တယ်။

"အန်တီ စဉ်းစားပေးပါခင်ဗျာ၊ ချက်ချင်းကြီး မြ
အဖြေမပေးနိုင်ဘူးဆိုရင်တောင် အန်တီ အဖြေပေးနိုင်တဲ့နေ့အထိ
ကျွန်တော် စောင့်မှာပါ၊ ပုံအပ်ကို စမြင်လိုက်ကတည်းက ဒီကော
မလေးရဲ့ စိတ်ထားဖြူစင်ရိုးသားမှုနဲ့ ကြိုးစားချင်စိတ်လေးကို တွေ့
ကျွန်တော် တိတ်တဆိတ်လေး ချီးကျူးနေမိတာပါ၊ ဒါကြောင့်
အခုလို စကားကမ်းလှမ်းမှုမျိုးကို စိတ်ရှင်းရှင်းနဲ့ ပြောမိတာ
အန်တီ၊ မွေးစားချင်တာထက် သူ့ဘဝအတွက် အကောင်းဆုံးဖြ
အောင် ဖန်တီးဖြည့်ဆည်းပေးချင်တာပါ"

ဒေါ်နှင်းနှင်းဆွေ

မျက်ရည်လေးများပင် တပေါက်ပေါက် လိမ့်ဆင်းကျ
ရသည်။

ဒါ ဝမ်းနည်းလို့ကျရတဲ့ မျက်ရည်လား။

ဝမ်းသာလို့ကျရတဲ့ မျက်ရည်လား။

ဒေါ်နှင်းနှင်းဆွေ မဝေခွဲတတ်ပါ။

သေချာတာကတော့ ပုံအပ်လေးရဲ့ ဘဝရှေ့ရေးအနာဂ
လေးအတွက် လက်ဖြာလာတဲ့ အလင်းရောင်လေးတစ်စကို
မိမိလက်တွေ့ကျကျ မြင်နေရပြီဆိုတာပါပဲလေ။

* * *



## အခန်း (၁၅)

"ဘယ်လို အမေ၊ စောစောက ဘာပြောလိုက်တယ်၊
ဒီပုံအပ်ကို ကားနဲ့ပွတ်တိုက်မိခဲ့တဲ့ သူဌေးက မိပုံအပ်အတွက်
ပညာသင်စရိတ် ထောက်မယ် ဟုတ်လား"

"ဟုတ်တယ် သဲသက်၊ အဲဒါ အမေ လက်ခံဖို့ ဆုံးဖြတ်
လိုက်ပြီ၊ ဘာပဲပြောပြော ပုံအပ်ဟာ အမေ့ရဲ့ မွေးစားသမီးလေး
ဆိုတာ ရပ်ကွက်က သိထားပြီးသားပဲ၊ အမေ မတတ်နိုင်လို့
ပညာဆက်မသင်ပေးနိုင်ပေမယ့် အခုလို စေတနာသန့်သန့်နဲ့
ထောက်ပံ့ပေးမယ့်သူပေါ်လာတော့ အမေ လက်မခံဘဲ ငြင်းပယ်
လို့မဖြစ်ဘူးလေ၊ ဒါဟာ ပုံအပ် အနာဂတ်ပဲ၊ အမေ လက်ခံပေးမှ
ဘရားမျှတမယ်လို့ ထင်တယ်"

"အမလေး မိပုံအပ်တို့ရဲ့ ကံကောင်းချက်ကတော့ လိုက်
လို့ကို မမီတော့ပါလားနော်၊ မနာလိုချင်စရာတောင် ကောင်းနေ

ပြီ၊ ဟွန်း"

သဲသက်နှင်းဆီမှ ဒေါသတကြီး ရေရွတ်သံကထွက် ၏။ သားဖြစ်သူနောင်သန့်စင်ကတော့ ဘာမှမပြောချေ။ သူ က ထောက်ပံ့မှာဆိုတော့ သူ့အတွက် ပိုတောင် စရိတ်ငြိမ်းတယ် ပြီး အတွေးရှိနေသလားတော့မသိ ခပ်အေးအေးပဲ နားထောင်နေ

"ပြီးတော့ မောင်နေအုပ်ကလည်း ရပ်ကွက်လူကြီးတွေ အားလုံးရှေ့မှာပဲ ကတိပေးပြီး ခွင့်ပန်သွားတာဆိုတော့ အားလုံး လည်း လက်ခံပေးသင့်တယ်ဆိုပြီး ထောက်ခံသွားကြတယ် ဒါကြောင့် အမေမငြင်းပယ်တော့တာ"

ကြည့်စမ်း…။

သဲသက်တို့ ပွဲကြီးပွဲကောင်းကို တကယ်လွတ်သွားတာ

ကိုနောင်ကြောင့် အမေတို့အိမ်မှာ ပြဿနာဖြစ်ပြီး ဝုန်း ကျဲနေလို့ သဲသက်သူငယ်ချင်းအိမ်မှာသွားပြီး ရှောင်နေတာ အ တော့ မိပုံအပ်နဲ့ပတ်သက်တဲ့ကိစ္စကို သဲသက်ဘယ်လိုမှ မသိလိုက် ရ။

ကိုနောင်ကလည်း သူ့ဇနီးလောင်းအိမ် ထွက်သွားတာ အိမ်မှာ ရပ်ကွက်လူကြီးတွေနဲ့ မိပုံအပ်ရဲ့ ပညာသင်စရိတ်ကို ပံ့ မယ့်သူဌေးတို့ရဲ့ တွေ့ဆုံပွဲကို ဘာတစ်ခုမျှ မသိလိုက်ရချေ။

မနာလိုစရာကောင်းလိုက်တာ။





ထောက်ပံ့ကြေးနှင့် အေးအေးဆေးဆေး မိပုံအပ်ကျောင်း ပြန်တက်ရတော့မည်။ ပြီးတော့ ဝိုင်းကျူရှင်တက်ဖို့ရော၊ စာကျက် ပေးတဲ့ ဂိုက်ငှားဖို့ပါ စီစဉ်ပေးသွားသေးသည်တဲ့။

ပြီးတော့

မိပုံအပ်အတွက် အသုံးစရိတ်ရော မိသားစုအိမ်စရိတ် အတွက်ပါ တွက်ချက်ပြီး လစဉ်ပေးဦးမတဲ့လေ။ မိပုံအပ်အလုပ် မလုပ်လို့ အိမ်စရိတ်ဝင်ငွေထိခိုက်မှာမို့ပါ အစားထိုးပေးတာတဲ့။ အခုတော့ သူဌေးရဲ့လုပ်ရပ်ကြောင့် သူမတို့မှာ မိပုံအပ်ရဲ့ မျက်နှာကို ကြည့်ရတော့မည့်အဖြစ်ပါပဲ။

မုန်းစရာကောင်းလိုက်တာ။

"မောင်နေအုပ်က သူ့တူလေးနဲ့ မတိမ်းမယိမ်းအရွယ်လေး ဆိုတော့ ပုံအပ်ကိုသနားတယ်တဲ့၊ သူ့တူလေးကလည်း ငယ်ငယ် လေးကတည်းက မိဘနှစ်ပါးစလုံးဆုံးသွားလို့ သူ့ဝဲစောင့်ရှောက်ခဲ့ ရတာဆိုတော့ မိဘတွေ စွန့်ပစ်သွားလို့ အမေတို့ရဲ့ မွေးစားသမီး အဖြစ် ရှိနေရတဲ့သူမို့ စာနာမိပြီး အခုလိုထောက်ပံ့ဖို့ ဆုံးဖြတ်ခဲ့တာ ပါတဲ့လေ"

"အမေ"

"ပြောလေ သဲသက်"

"အမေဝမ်းသာနေတယ်မဟုတ်လား"

"ဟဲ့…ဒါဝမ်းသာစရာပဲဟာ၊ ငါကဝမ်းမသာလို့ ငိုနေရမှာလား"

"သိပါတယ်၊ မိပုံအပ် ကောင်းစားတာကို အမေက အမြဲမြင်ချင်နေကယ်ဆိုတာ"

"ဟဲ့…ဘယ်လိုပြောလိုက်တာလဲ၊ ဘယ်မိဘတိုင်းမဆို ကိုယ့်သားသမီးတွေ ကောင်းစားတာကို မြင်ချင်ကြတာချည်းပဲလေ"

"ဒါပေမယ့် သမီးတို့သာဆိုရင် အမေ အဲဒီလိုပျော်ရွှင်ဝမ်းမြောက်နေမှာမဟုတ်ဘူး"

"ဘယ်လို သဲသက်၊ အမေက ညည်းတို့ကောင်းစားရင် ဘာကြောင့် ဝမ်းမသာဘဲရှိရမှာလဲ၊ အဓိပ္ပာယ်မရှိတာကို မပြောစမ်းပါနဲ့အေ"

"သမီးသာ မိပုံအပ်လို အခွင့်အရေးရရင် မိပုံအပ် မရရအောင်းလားဆိုပြီး အမေစိတ်ဆင်းရဲနေမှာမဟုတ်လား"

တွေ့လား။

မိသဲသက်ဟာလေ။

အဓိပ္ပာယ်မရှိတာကိုတွေးပြီး ကတ်သတ်ချင်နေသေးတယ်။

"ဟွန်း…အမေမပြောနိုင်တော့ဘူးဗျို့လား"

"ဒါကတော့အေ"





"တော်ပါတော့အမေရယ် ဘာမှပြောမနေပါနဲ့တော့၊ အမေ့အကြောင်း သမီးသိပါတယ်၊ ဒါကြောင့်လည်း သင်းကို လုံးဝကြည့်မရတာပါ၊ သူရောက်လာလို့ သမီးအပေါ် အမေ အချစ်လျော့သွားတာလေ။ တကယ့်ကြိုဟ်ဆိုးမလေးပဲ၊ ကံကြမ္မာကလည်း မတရားလိုက်တာ၊ သဲသက်တို့ကြတော့ ချို့ချို့တဲ့တဲ့နဲ့နေရပြီး ဒီကောင်မကြတော့ တော်တော်မျက်နှာသာပေးတာပဲ"

ပြောနေရင်း သမီးကြီးသဲသက်ရဲ့ စကားလုံးတွေက ကြမ်းတမ်းလာ၏။ သမီးငယ်လေးပုံအပ်အပေါ် မနာလိုဝန်တိုစိတ်တွေက အရင်ကထက်ပင် ပိုပြီးကြီးထွားနေတော့သည်။

သမီးကြီးသဲသက် နားဝင်အောင် ဒေါ်နှင်းနှင်းဆွေ တစ်ယောက် ဘယ်လိုရှင်းပြရမှန်းပင်မသိတော့။ သူတို့ကိုမချစ်ဘူးဟု အထင်မှားနေကြသည်။

ဘာပဲပြောပြော သဲသက်နှင်းဆိုတာ မိမိမွေးထားတဲ့သမီးအရင်းလေ။

သဲသက်နှင်း ဘယ်လိုနေနေ၊ ဘယ်လိုထိုင်ထိုင်၊ ဘာပဲလုပ်လုပ်၊ ဘာပဲဖြစ်ဖြစ် ပတ်ဝန်းကျင်က လက်ညှိုးထိုးပြစရာမရှိချေ။ ဒါက သားသမီးနဲ့မိဘကိုး။ ပုံအပ်လေးကျတော့ အဲဒီလို မဟုတ်ချေ။ မွေးစားထားတဲ့ သူများသားသမီး။ ကောင်းတာလုပ်ပေးရင် ဘေးသူစိမ်းက မသိချင်ဟန်ဆောင်နေပေမယ့် မကောင်း

တာတစ်ခုခု အပြစ်တွေ့ရင် လက်ညှိုးထိုးကဲ့ရဲ့ကြမည်။ ဝေဖန်ပြစ်တင်ကြမည်မှာမလွဲချေ။

ဒါကြောင့်…

ပုံအပ်လေးအပေါ် သဲသက်ထက်ပိုပြီး အလေးထားရသည်။ မွေးစားသမီးမို့ဆိုတဲ့ အပြစ်တင်မှုမျိုး မိမိလုံးဝမခံနိုင်ချေ။ ဒီကလေးအပေါ်ထားခဲ့သည့် စေတနာမေတ္တာတွေအပေါ် အရောင်စွန်းထင်းမခံနိုင်။ မိမိမမွေးရုံတမယ်ပဲ ပြုစုစောင့်ရှောက်ခဲ့ရတာပါ။ သံယောဇဉ်ပိုတွယ်မိ၏။ စာနာစိတ်ကြောင့် အသနားပိုမိသည်။

ဒါကို…

သမီးကြီးက နားမလည်ချေ။

ကလေးဆန်သော အတွေးအခေါ်တွေနှင့် ရင်ထဲမှာ အငြိုးအတေးတွေသာ ပျိုးထားခဲ့သည်။ ပုံအပ်လေးကိုဆို တစ်ချိန်လုံးမုန်းနေတော့သည်။

မှားနေတာကို ပြန်ပြင်ဖို့ထက် အမှားကိုအမှားမှန်းမသိတာက သမီးကြီးသဲသက်နှင်းအတွက် ပိုပြီးဆိုးနေခဲ့သည်။

"အမေ"

သားဖြစ်သူရဲ့ ခေါ်သံကြောင့် သားဆီမျက်နှာလှည့်လိုက်၏။

"သူက ဘယ်အချိန်အထိ တာဝန်ယူမှာတဲ့လဲ"





"ဟေ"

"ကျောင်းပြီးလို့ ဘွဲ့တစ်ခုခုရပြီးတဲ့အထိလား"

"ဒါပေါ့ မောင်နောင်ရယ်၊ ဘွဲ့ရပြီးပြီဆိုရင်တော့လည်း သူ့ဘက်က ထောက်ပံ့ချင်မှ ထောက်ပံ့တော့မှာပေါ့၊ အဲဒီအချိန်ဆို ပုံအပ်လေးလည်း အလုပ်ဝင်ပြီး သူ့ဘဝအတွက် သူရပ်တည်နိုင်ပြီပဲဟာ"

"ဒါဆိုရင်တော့ မိပုံအပ် ပါးနပ်ဖို့လိုတယ်"

"ဘာရယ်"

"အခွင့်အရေးရတုန်း ယူတတ်ဖို့ကိုပြောတာပါ၊ အမေတို့ပြောစကားအရဆို သူဌေးက ကုမ္ပဏီတွေအများကြီးပိုင်ပြီး အရမ်းချမ်းသာတာပဲဆို၊ အခြေအနေလေးကောင်းနေတုန်း ပါးပါးနပ်နပ်နဲ့ ယူတတ်ဖို့လိုတယ်လေ၊ သူဌေးက ပညာရေးအတွက် လိုသလောက်ကို ထောက်ပံ့မှာပဲဟာ၊ အဲဒီအထဲကမှ ကိုယ့်အတွက် အမြတ်ရအောင်ထုတ်မှဖြစ်မှာပေါ့"

"ဟင်…မင်း…မင်း ဘယ်လိုပြောလိုက်တာလဲ မောင်နောင်၊ မကြံကောင်းမစည်အပ်ရာကွယ်၊ ဟိုက သွေးမတော်သားမစပ် ဒီလောက်စေတနာသန့်သန့်နဲ့ ကူညီတဲ့ဟာကို မင်းကဘာတွေများ အမြတ်ထုတ်ဦးမလို့လဲ၊ တော် တော် မင်းစကားဒီမှာပဲရပ်တော့"

"အမေကလည်းလေ အရမ်းကိုရိုးအတာပဲ၊ ဒါကြောင့် ဒီဘဝကနေမတက်တာ"

"မောင်နောင်"

ဒေါ်နှင်းနှင်းဆွေအသံက ဟိန်းတက်သွား၏။

သားဖြစ်သူရဲ့စိတ်ဓာတ်ကို နည်းနည်းလေးမျှ မနှစ်မြို့ချင်။ သမီးလေးပုံအပ်ကို ဘမ်းပြပြီး တစ်ဖက်သားရဲ့ စေတနာမေတ္တာကို ခုတုံးလုပ်အသုံးချချင်နေကြသည်။ မိမိကလည်း အဲဒီလိုစိတ်ဓာတ်မျိုးကိုပဲမုန်းတာ၊ ဘယ်နှယ့်ကြောင့် မိမိရဲ့သားသမီးအရင်းတွေဆီမှာမှ ဒီလိုစိတ်ရိုင်းမျိုးတွေ ကိန်းဝပ်နေရပါလိမ့်။ တွေးမိတိုင်း ရှက်လို့မဆုံးတော့ပါချေ။

ပြောပြန်လျှင်လည်း မိမိက သူတို့ကောင်းစားမှာကို မကြည့်ချင်ဘူးဟု ထင်ကြဦးမည်။ သူတို့လေးတွေ လမ်းလွဲနေတာကိုတော့ မမြင်ကြချေ။

အမေကိုပဲ အပြစ်တင်ပြူစူကြပေဦးမည်။

"သားက အမှန်တရားတွေပြောနေတာ အမေရဲ့. ဘဝဆိုတာ တည်ဆောက်ရတာ လွယ်တာမဟုတ်ဘူး၊ အဓိက အကောင်းဆုံးတွေနဲ့ တည်ဆောက်ဖို့ဆိုတာ ပိုပြီးတော့တောင်ခက်သေးတယ်၊ ကျွန်တော်ကတော့ ရှင်းတယ်အမေ ဆင်းဆင်းရဲရဲရှို့ရှို့တဲ့တဲ့နဲ့ ဘဝကို ဖြစ်သလိုကြီး မဖြတ်သန်းချင်ဘူး၊ ဒါကြောင့် ရည်းစားထားတာ





တောင် ပြည့်စုံတဲ့မိန်းကလေးကိုပဲ ထားခဲ့တာ"

မြတ်စွာဘုရား။

သားရဲ့ ကြီးမားတဲ့မဟာရည်မှန်းချက်ကြီးပါလား။

ကြောက်စရာကောင်းလိုက်တာ။

ဒေါ်နှင်းနှင်းဆွေတစ်ယောက် သားရဲ့အယူအဆတွေကို နားထောင်ပြီး သွေးပျက်မတတ်ပင် တုန်လှုပ်ချောက်ချားလာရတော့သည်။ အနဲ့ကလေးရရုံရှိသေး အမဲဖျက်မယ်တကဲကဲ ကြံရွယ်နေတော့၏။ ရင်လေးလိုက်ပါဘိတော့။

"အခုခေတ်က လျှင်သူစားစတမ်းပဲအမေ၊ ဒါကို မိပုံအပ်နားလည်ထားရလိမ့်မယ်"

"တော်စမ်း မောင်နောင်၊ နားထောင်နေလို့ အကောင်းဖတ်နေလား၊ မင်းပေါက်ကရ အကြံအစည်တွေနဲ့ ပုံအပ်ကို ချဉ်းကပ်ဖို့ မစဉ်းစားနဲ့နော်၊ ဟိုက စေတနာပျက်သွားရင် ပုံအပ်အနာဂတ်လမ်းတွေအားလုံး ပျောက်သွားမှာ၊ တစ်နပ်စားဉာဏ်မလုပ်နဲ့ မောင်နောင်"

"အမေတို့ကလည်းလေ အဲဒါခက်တာပဲ၊ စေတနာနဲ့ အကောင်းပြောလို့ပြောမှန်းလည်း မသိဘူး"

"မပြောနဲ့၊ ငါမကြားချင်ဘူး"

"တော်ပြီဗျာ၊ သားသွားတော့မယ်"

စိတ်ဆိုးမာန်ဆိုး အနားကနေထကာ အိမ်ပေါ်က ဖြန်းခနဲ ဆင်းသွား၏။

"ဟဲ့...ဒါကဘယ်လဲ"

"အိမ်ခြွေတို့အိမ်"

ပြောကာ လှည့်၍ပင်မကြည့်တော့ဘဲ ထွက်သွားသည်။

သဲသက်နှင်းကလည်း မျက်နှာက မသာယာချေ။

ပုံအပ်ကောင်းစားတာကိုပဲ ဒေါသတွေဖြစ်နေ၏။

ပုံအပ်အကြောင်း ပြောလိုက်တဲ့အချိန်မှာပဲ သမီးကြီးရဲ့ မျက်နှာက သိသိသာသာကြီးပင် ဖျက်ယွင်းသွားသည်။ တစ်ချက်ကလေးမျှပင် ဟန်ဆောင်မပြုံးနိုင်ချေ။ ဘာကြောင့် ဒီလောက်တောင် အမုန်းတွေပွားနေကြရပါလိမ့်။ ကံကံ၏အကျိုးကို ဒီကလေးမ ဘာကြောင့် လက်မခံရသလဲဆိုတာ မစဉ်းစားတတ်တော့။

ပုံအပ်လေး အိမ်ကိုရောက်လာပြီး သိပ်မကြာ မိမိခင်ပွန်းကားတိုက်မှုဖြစ်ပြီး ဆေးရုံရောက်ခဲ့၏။ အတွင်းလူနာအဖြစ် အရေးပေါ်အခြေအနေမျိုးနှင့် ဖြစ်ကာ ငါးရက်လောက်အကြာတွင် ဆုံးသွားခဲ့သည်။

သမီးကြီးက ငယ်တာကတစ်ကြောင်း၊ ပတ်ဝန်းကျင်ရဲ့ အယူသီးမှုတွေကြောင့် မှားယွင်းသောအယူအဆတွေနှင့် ရှင်သန်ခဲ့ရ၏။ ပုံအပ်လေးကို မုန်းတီးနာကြည်းကာ သူ့အဖေသေရတာ ပုံအပ်





ကြောင့်ပဲဟု တစ်ချိန်လုံး မှတ်ယူနေတော့သည်။

မိမိဘယ်လိုပဲပြောပြောမရ။

ပုံအပ်ကိုမုန်းကာ ငယ်ငယ်ကတည်းက အနိုင်ကျင့်နှိပ်စက်သည်။ ကြီးလာတဲ့အထိလည်း ဒီအယူအဆက မပျောက်ဘဲ တစ်ချိန်လုံး ရန်သူတစ်ယောက်လိုပင် ဆက်ဆံနေတော့၏။

သမီးငယ်လေးက သည်းခံရှာပါသည်။

အစ်ကိုတွေအစ်မတွေ ဘာပြောပြော ခေါင်းငုံ့ခံ၏။

အိမ်မှာလည်း အခိုင်းစေသာသာပါပဲ။

ငယ်ရွယ်တုန်းကတော့ မိမိကိုကြောက်ကာ အရှိန်ထိန်းသော်လည်း ကြီးလာတော့ မရတော့ချေ။

ဒေါ်နှင်းနှင်းဆွေ သက်ပြင်းမောကိုသာ ကြိတ်ချမိသည်။

သူ့အစ်ကိုထွက်သွားတာနှင့် သူလည်း ထကာ ခြေသံပြင်းပြင်း ဆောင့်နင်းကာ အနောက်ဘက်ရှိအခန်းထဲ ဝင်သွား၏။

အိမ်ရှေ့ခန်းလေးတွင် တစ်ယောက်တည်းကျန်နေရစ်သူက ဒေါ်နှင်းနှင်းဆွေရယ်ပါ။

နားမဝင်သော သမီးနှင့်သားအကြောင်းများတွေးကာ သက်ပြင်းအခါခါပင် ချနေမိတော့သည်။

* * *

# အခန်း (၁၆)

ဟင်။

ပုံအပ် စက်ဘီးလေးကို လမ်းချိုးလေးအတိုင်း ကွေ့ဝ
လိုက်စဉ် ခပ်လှမ်းလှမ်းရှိ ခြံကျယ်ကြီး၏ ရှေ့အုတ်ဘောင်ခုံတန်
လေးတွင် ထိုင်နေသော ကမ္ဘာကို တွေ့လိုက်ရတာမို့ ပုံအပ်ရင်
လေး မောလျှသွားရ၏။

နေ့စဉ်နေ့တိုင်း သူမလာရာလမ်းလေးဆီ ငေးမောကြည့်
တတ်သော ကမ္ဘာကိုကြည့်ကာ ပုံအပ်ရင်ထဲ နင့်နင့်သည်းသည်း
လေး ခံစားနေရသည်။ သူမက မနှောင့်ယှက်ပါနဲ့ဟုပြောပြီး
သည့်နောက်ပိုင်း သူမစကားလေးကိုနာခံကာ အရင်ကလို တစွတ်ထိ
ဆန်သည့် အပြုအမူမျိုးကိုတော့ ကမ္ဘာကမလုပ်တော့ချေ။

ကမ္ဘာရယ်။





ရှင် အဲဒီလိုမလုပ်ပါနဲ့။

ရှင့်ကို အခုလိုပုံစံမျိုးနဲ့ တွေ့ရမြင်ရနေရတာ ပုံအပ်
ာ်မလုံလွန်းလို့ပါ။

ပုံအပ် ရှင့်ကို အမှန်အတိုင်းပြောထားပြီးပြီပဲဟာ။

ရှင့်ကို ပုံအပ် ဘယ်လိုမှ ပြန်ချစ်လို့မဖြစ်ဘူးဆိုတာလေ။

ပုံအပ် စိတ်ကူးမယဉ်ချင်ဘူးကမ္ဘာ။

အချစ်အကြောင်းလေးတွေ ထိုင်တွေးနေဖို့ ပုံအပ်မှာ အချိန်
ှို့ပါ။ ပုံအပ်ကိုနားလည်ပါ ကမ္ဘာရယ်။

စက်ဘီးလေးကို ဖြေးညှင်းစွာနင်းနေရာမှ တဖြည်းဖြည်း
နီးကပ်လာပြီဖြစ်သော ကမ္ဘာထိုင်နေသည့် အုတ်ခုံပုလေးဆီ
းကြည့်ကာ ရင်ထဲကနေ တိတ်တိတ်လေးပြောနေမိသည်။

ဒီနေ့ဆိုရင်…

ပုံအပ် စာစောင်လိုက်ပို့နေကျအိမ်တွေကို နောက်နေ့ဆို
မှာမဟုတ်တော့ဘူးလို့ ပြောတော့မှာလေ။

ပုံအပ် ကျောင်းပြန်တက်ရတော့မယ်ကမ္ဘာ။

ပုံအပ်ရဲ့ ပညာရေးအတွက် ထောက်ပံ့ကူညီမယ့် ဦးနေအုပ်
ာင့် ပုံအပ် ကျောင်းဆက်တက်ခွင့်ရတော့မယ်။ ရပ်ကွက်လူကြီး
ဲ့ အမေတို့ ပုံအပ်ရဲ့ကျောင်းကိုသွားပြီး အတန်းပိုင်ဆရာမနဲ့
ွေးနွေးခွင့်တောင်းပြီးပြီလေ။ ဆရာမကလည်း အသနားခံစာတင်

လို့ ပုံအပ်ကို ပြန်တက်ခွင့်ပြုတယ်။ ပုံအပ်က ကျောင်းမှာ စာအ… တော်တဲ့ ကျောင်းသူဆိုတော့ ပုံအပ် ကျောင်းတွေပျက်… ဆက်မတက်တော့ဘူးလို့ ဆုံးဖြတ်လို့ စိတ်မကောင်းဖြစ်နေတာ…

အခုလို…

ကူညီထောက်ပံ့မှုနဲ့ ဆက်တက်နိုင်တော့မယ်ဆို… အတန်းပိုင်ဆရာမကလည်း ဝမ်းသာနေတာပါ။ လိုလိုလား… ကျောင်းအုပ်ကြီးဆီဝင်တွေ့ပြီး ပုံအပ်ရဲ့ပညာရေးအတွက် အ… ဆုံးဖြစ်အောင် ကြိုးစားပေးခဲ့ပြီ ကမ္ဘာ။

ဒါကြောင့်

နောက်နေ့ဆိုရင် ပုံအပ်ရဲ့စက်ဘီးလေးက စာစောင်… သတင်းစာတွေအပြည့်နဲ့ ဒီရပ်ကွက်ကြီးထဲမှာ လှည့်ပတ်နေမှာမ… တော့ဘူး ကမ္ဘာ။ အဲ့ဒါကြောင့် ရှင် အခုလိုပဲ နေ့တိုင်း မ… မကွက် ထိုင်စောင့်နေဖို့ မစဉ်းစားပါနဲ့တော့ရှင်။

ပုံအပ်တစ်ယောက် သူမရဲ့ နေ့စဉ်လုပ်နေကျ တာ… အတိုင်း ခြံတစ်ခုတွင်ရပ်လိုက် သတင်းစာနဲ့ ဂျာနယ်စာစော… စက်ဘီးနောက်ကယ်ရီယာရဲ့ သိုင်းကြိုးလေးအောက်မှ ထု… လိုက်။ စာစောင်ထွက်ယူသူကိုပေးပြီး ကျသင့်ငွေကိုရှင်းလိုက် … နောက်မပို့ပေးနိုင်တော့ဘူးဆိုသည့်အကြောင်းကို အား… တောင်းပန်လိုက်နှင့် တစ်ခြံဝင်တစ်ခြံထွက် ရှင်းပြနေမိသည်…





ကမ္ဘာ့ခြံကိုတော့ အစကတည်းက ကမ္ဘာနှင့် ပြဿနာ …ပြီးနောက်ပိုင်း သူမ လုံးဝမပို့တော့ချေ။ ထိုကြောင့် ထိုခြံကျယ် …းကိုကျော်ကာ ဘေးခြံသို့ သူမသွားပို့ရသည်။

ပုံအပ် စက်ဘီးလေးပေါ် ပြန်တက်ကာနင်းပြီး ကမ္ဘာထိုင် …သော ခုံတန်းလေးရှေ့မှဖြတ်အကျော်

"ပုံအပ်"

ခေါ်သံလေးကြောင့် ပုံအပ်ခန္ဓာကိုယ်လေး ဆတ်ခနဲတုန် …းရသည်။

သူမရင်မဆိုင်ချင်လို့ သူ့ဆီတောင် အကြည့်ကလေး …ရောက်အောင် ထိန်းချုပ်ရင်း စက်ဘီးလေးကို နင်းထွက်ပါသည်ဆို… သူက တိတိကျကျပင် ခေါ်နေပြန်ပါသည်။

မျက်နှာချင်းမဆိုင်ချင်ပေမယ့် ခေါ်သံကြားတော့လည်း …ကြားဟန်မဆောင်နိုင်။ သူမရဲ့လက်တွေက အလိုလို ဘရိတ်လေး …ရောက်သွားပြီး ဆွဲညှစ်ကာ ရပ်တန့်လိုက်မိသည်။

အံ့ဩစရာကောင်းလိုက်တာ။

တကယ်ဆိုရင် ပုံအပ် မကြားချင်ဟန်ဆောင်ပြီး /ဆက်ပြီး …ထွက်သွားရမှာမဟုတ်လား။ ဘာကြောင့်များ စက်ဘီးကို သူမ …တန့်လိုက်မိပါလိမ့်။ မသိစိတ်ရဲ့ ယိုင်နဲ့မှုက သိသာလွန်းလှချည် …း။ လုံးဝကိုမယုံကြည်နိုင်စရာပါပဲကွယ်။

“ပုံအပ်”

“ပြော ကမ္ဘာ”

“စာစောင်ဝယ်ချင်လို့”

“ဘာစာစောင်လဲ”

“အချစ်”

“ဘာ”

“အချစ်ဂျာနယ်ကိုပြောတာ”

“ဟွန်း”

ပုံအပ် မျက်စောင်းလှလှလေးက ကမ္ဘာဆီ ဒိုင်းခနဲရော သွား၏။ ကမ္ဘာက နှစ်သက်စွာပင် အပြုံးလေးများနှင့်ခံယူသည်

“ပုံအပ်”

“ပြော”

“ကိုယ့်ကိုပေးလေ”

“ဘာပေးရမှာလဲရှင့်”

“အချစ်”

“ကမ္ဘာနော်”

“အချစ်ဂျာနယ်တစ်စောင်လောက်ပေးပါလို့ ပြောတာပါ”

“မရှိဘူး”

“ဗျာ”





“ဂျာနယ်အပိုမရှိဘူး သူများမှာထားသလောက်ပဲပါလာ ဘာ၊ ရောင်းလို့မရဘူး၊ တခြားဂျာနယ်ယူ”

“ကိုယ်က ပုံအပ်ဆီက အချစ်ပဲလိုချင်တဲ့ဟာ”

“ကမ္ဘာနော်၊ စကားကိုကောင်းကောင်းပြော၊ လူကို ဘရုတ်လာကျူမနေနဲ့”

“ဘရုတ်ကျူတာမဟုတ်ပါဘူး ပုံအပ်ရာ၊ ကိုယ်တကယ် ပြောနေတာပါ၊ အချစ်ဂျာနယ်ပဲ ကိုယ်လိုချင်တယ်”

“မရှိပါဘူးလို့ဆိုနေ”

“ကိုယ်ကံဆိုးတာပဲ၊ ဂျာနယ်တောင် ဝယ်ချင်တိုင်းဝယ်လို့ ရတာ လူဆီကတောင်းဖို့ဆိုတာတော့ တော်တော်ကြိုးစားရဦးမှာပဲ”

“ရှင်နော် ပြောလေဆိုးလေပါလား၊ အဲ့ဒါကြောင့် ရှင့်ကို မုန်းတာသိလား”

ဂျာနယ်ရောင်းတာနှင့် သူပြောနေတဲ့စကားတွေက ဘယ်လို မှပင် မအပ်စက်ပေ။ နောက်ဆုံးတော့လည်း ဒီဘူတာပဲ ပြန်ဆိုက် ာပဲ။

အဲ့ဒါကြောင့်။

ကမ္ဘာကို ပုံအပ်အမြင်ကတ်တာ။

စကားအကောင်း တစ်ချက်ကလေးမှပင် ပြောလို့မရ၊ သူလိုရာဘက်ချည်းပဲဆွဲကာ ပြောနေတော့သည်။

"ပုံအပ်"

"ဘာလဲရှင့်"

"ကိုယ့်ကို ဘာဖြစ်လို့ လက်ခံစဉ်းစားမပေးနိုင်တာလဲဟင် ကမ္ဘာမှာ ပုံအပ်မနှစ်မြို့စရာ ဘယ်လိုအချက်တွေရှိနေလို့လဲ၊ ကိုယ်ပြင်ပါ့မယ်ပုံအပ်ရယ်၊ ဒါပေမယ့် ကမ္ဘာ့ကိုမုန်းတယ်လို့တော့ ဖြစ်ဖြစ်မခါကြီး မပြောလိုက်ပါနဲ့ကွာ၊ ကမ္ဘာ တကယ်ပဲမကြားရဲလို့ပါ ကမ္ဘာမှားခဲ့ပါတယ်၊ ပုံအပ်နဲ့စတွေ့တဲ့အချိန်တုန်းက ပုံအပ် စိတ်ချမ်းသာမှုမရှိအောင် လုပ်ခဲ့မိတာ ကမ္ဘာဝန်ခံပါတယ်၊ ဒါပေမယ့် မြင်မြင်ချင်း မင်းကိုချစ်မိသွားတဲ့ ကိုယ့်စိတ်ကို ဘယ်လိုတားဆီး ရမလဲ ပုံအပ်၊ အဲ့ဒီအချိန်တိုလေးအတွင်းမှာ ကိုယ့်အနားကနေ မင်းထွက်ခွာသွားမှာကို စိုးရိမ်စိတ်နဲ့ ကြံမိကြံရာလုပ်မိခဲ့တာပါ အနားမှာရှိနေစေချင်စိတ် တစ်ခုတည်းနဲ့ပါ ပုံအပ်ရယ်၊ ဒါကို ကျိန်ဆို ပြောရဲပါတယ်ကွာ"

ကမ္ဘာရယ်။

ဒီစကားတွေကို အခုလိုအချိန်မျိုးမှာ ဘာဖြစ်လို့များ လာပြောနေရတာလဲရှင်။ ပုံအပ်ရဲ့ တင်းထားတဲ့စိတ်တွေ ရှင့်ကြောင့် ယိုင်နဲ့ကုန်ရပြီကမ္ဘာရဲ့။ ဒါကို ရှင်မြင်တွေမသွားရအောင် ဟန်ဆောင် နေရတာ ပုံအပ် ဘယ်လောက်စိတ်ပင်ပန်းလိုက်ရသလဲဆိုတာ သိရဲ့ လား။





ဟင့်အင်း။

ကမ္ဘာ။

ပုံအပ် အခုအချိန်မှာ ဘယ်လိုအကြောင်းအရာမျိုးကိုမှ အလေးအနက်ထားပြီး မစဉ်းစားချင်ဘူး။ ပညာရေးတစ်ခုထဲကိုပဲ ဦးနှောက်ထဲမှာ ထည့်ထားပါရစေကမ္ဘာ။ ပုံအပ်ဘဝမှာ ပညာတတ် တစ်ယောက် ဖြစ်ခွင့်ရဖို့က အရေးအကြီးဆုံးဖြစ်နေလို့ပါ။ အဲ့ဒါကို ကမ္ဘာနားလည်ပေးပါနော်။

ပုံအပ်ဝန်ခံပါတယ် ကမ္ဘာ။

ရှင့်ကြောင့် ပုံအပ်ရဲ့အတွေးတွေ။ ပုံအပ်ရဲ့ခံစားချက်လေး တွေက ထူးခြားဆန်းပြားသွားခဲ့ရတာတော့ အမှန်ပါပဲ။ ရှင့်ကို လက်မခံနိုင်လို့ ပြင်းပြင်းထန်ထန် ငြင်းထုတ်နေခဲ့တဲ့ကြားက ပုံအပ်ရဲ့ မသိစိတ်မှာ ရှင့်နဲ့ပတ်သက်တဲ့ အကြောင်းအရာလေးတွေက ဝင်ဟပ်နေခဲ့တယ် ကမ္ဘာ။

ဒါပေမယ့်

ဒါဟာ ဘာကြောင့်များလဲဆိုတဲ့ အဖြေကိုတော့ ပုံအပ် ဆက်ပြီးမဆန်းစစ်ပါရစေနဲ့တော့ ကမ္ဘာ။ ထွက်ပေါ်လာမယ့်အဖြေကို ပုံအပ်ကြောက်လို့ပါ။ ပုံအပ် ရင်မဆိုင်ရဲလို့ပါ ကမ္ဘာ။

"ပုံအပ်"

"ကမ္ဘာ"

"ပြောပါ ပုံအပ်ရယ်၊ ပုံအပ်မကြိုက်တဲ့ အမူအကျင့်တွေ အားလုံး ကမ္ဘာ ကျေကျေနပ်နပ်ကြီး ပြင်ပါ့မယ်ကွာ"

"....."

ပုံအပ် ငြိမ်သက်နေမိသည်။

ကမ္ဘာ့မျက်နှာဆီ သူမ ဖျတ်ခနဲမော့ကြည့်လိုက်မိ၏။

အို။

ဝမ်းနည်းကြေကွဲမှုများနှင့် ဆွေးရိပ်လေးများသန်းနေသော ကမ္ဘာ့ရဲ့ ရီဝေဝေမျက်ဝန်းလေးများကို ရင်ဆိုင်တွေ့လိုက်ရတာမို့ ပုံအပ်ရင်လေး ပို၍ပင် နင့်သည်းသွားရသည်။

"ပြောလေ ပုံအပ်၊ ကိုယ့်ကို ဘာကြောင့် ပြန်မချစ်နိုင်ရသလဲဆိုတဲ့အကြောင်းကို ပြောစမ်းပါ၊ ကမ္ဘာသိချင်လို့ပါ"

"ပုံအပ် ဘာကိုပြောရမှာလဲ ကမ္ဘာ"

"ဟာကွာ"

"လူတစ်ယောက်ကိုချစ်တာ အကြောင်းပြချက် တစ်ခုတစ်ရာပြဖို့မရှိသလို မချစ်တာကလည်း ပြချက်မရှိဘူးလေ"

"ပုံအပ် ညာတာ"

"ဘယ်လို ကမ္ဘာ"

"ကိုယ့်ကိုမချစ်တဲ့အပေါ်မှာ သေချာတဲ့ အကြောင်းပြချက် ရှိကိုရှိနေမှာပါ၊ ဘာလဲ ပုံအပ်၊ မင်းမှာ ကိုယ့်ကို နေရာမပေးနိုင်





လောက်အောင် တစ်စုံတစ်ယောက်က နေရာအပြည့်အဝယူထားလို့ မဟုတ်လား ပုံအပ်၊ အဲ့ဒါကို မင်းဖွင့်ပြောရမှာ ခက်နေတာမဟုတ်လားဟင်"

ဟင်။

ကမ္ဘာ့ရဲ့ သံသယစကားကြောင့် ပုံအပ်မျက်ဝန်းလေးတွေ ပြူးဝိုင်းသွားရသည်။

ပုံအပ်မှာ အချစ်ဦးသူရှိနေပြီလားလို့ သူကမေးနေတာလေ။

"ပုံအပ်"

"....."

"ကိုယ်ပြောတာမှန်နေလားဟင်၊ ကိုယ်တကယ်ပဲ နောက်ကျနေခဲ့ပြီလား ပုံအပ်ရယ်"

"ရှင်ထင်ချင်သလိုထင်နိုင်တယ် ကမ္ဘာ၊ ပုံအပ် အခုအချိန်မှာ ရှင့်ကို ဘာစကားမှ ပြောနိုင်တဲ့အင်အား မရှိပါဘူး"

ပုံအပ်ရယ်။

ဒါ

မင်းမငြင်းပါဘူးလို့ မင်းပြောလိုက်တာလားဟင်။

ပုံအပ်ရယ်။

ကိုယ်သိလိုက်ပါပြီကွာ။

ကိုယ်သိပ်ပြီး နောက်ကျသွားပြီဆိုတာကို ကိုယ်သိလိုက်

ပါပြီ ပုံအပ်ရယ်။ ဒါပေမယ့် နောက်မဆုတ်ချင်တဲ့ ကိုယ့်စိတ်တွေကို ဘယ်လိုမှ ထိန်းချုပ်မထားနိုင်အောင် ဖြစ်နေရတယ်။ မင်းသိပ်ပြီး စိတ်ညစ်ရမယ်မှန်း သိသိကြီးနဲ့ ကိုယ့်အချစ်တွေကို အလျှော့မပေးချင်တာလေ။

ခွင့်လွှတ်ပါ ပုံအပ်ရယ်။

ကိုယ်

မင်းလေးကို အရူးအမူးချစ်မိသွားလို့ပါ။

အဲ့ဒီအတွက် ကိုယ်တောင်းပန်ပါတယ်ဗျာ။

"ကမ္ဘာ"

"ဗျာ"

"ပုံအပ်သွားတော့မယ်နော်"

"ဗျာ"

"ကမ္ဘာ့ကိုနှုတ်ဆက်တာပါ"

ဟင်။

နှုတ်ဆက်တာတဲ့။

ထူးထူးဆန်းဆန်း ခွင့်တောင်းမှုကြောင့် ကမ္ဘာ ပုံအပ်မျက်နှာလေးဆီ မော့ကြည့်မိ၏။

"ပုံအပ် စာစောင်တွေ ဆက်ပြီးပို့ပေးရမယ့်အိမ်တွေ ကျန်နေသေးလို့ပါ ကမ္ဘာ"





"ကောင်းပါပြီ ပုံအပ်ရယ်၊ သွားပါ၊ ဘာပဲပြောပြော ကမ္ဘာ့ကို အခုလိုစကားတွေ အများကြီးပြောခွင့်ပေးခဲ့တဲ့အတွက် ပုံအပ်ကို အများကြီးကျေးဇူးတင်ပါတယ်၊ ပြီးတော့ ကမ္ဘာ နောက်ဆုံးစကားတစ်ခွန်းကိုလည်း ပုံအပ်မသွားခင် ပြောခွင့်ပြုပါနော်"

"ဘာကိုလဲ ကမ္ဘာ"

"ကမ္ဘာလေ ပုံအပ်ကို အမြဲထာဝရချစ်နေမယ်ဆိုတဲ့ စကားပါ"

ကမ္ဘာရယ်။

"ကမ္ဘာ့စိတ်တွေ ဘယ်တော့မှ ပြောင်းလဲသွားမှာမဟုတ်ဘူးဆိုတာ ပုံအပ်သိနေပေးပါနော်"

ကမ္ဘာရယ်။

ပြောပြီးတာနဲ့ သူမမျက်နှာလေးဆီ ငေးမောကြည့်ပြီး နောက်သို့ ခြေလှမ်းလေးတစ်လှမ်း နောက်ဆုတ်ပေးလိုက်သော ကမ္ဘာကိုကြည့်ကာ ရင်လေးထဲမှာ တိတ်တဆိတ် သက်ပြင်းမောလေးတစ်ခုသာ ချလိုက်မိပါသည်။

* * *

## အခန်း (၁၇)

"ဒါ ဒါတွေက"

"ပုံအပ်အတွက် အသုံးအဆောင်ပစ္စည်းတွေပါအန်တီ၊ ဒီနေ့အချိန်လေးရတာနဲ့ ကုန်တိုက်ထဲလျှောက်ကြည့်ရင်းနဲ့ လိုမယ်ထင်တာလေးတွေ နည်းနည်းဝယ်ခဲ့မိတာပါ"

နည်းနည်းတဲ့။

နောင်သန့်စင်သူဌေး ဦးနေအုပ်ဝယ်လာသော ပစ္စည်းများကို ကြည့်ပြီး မျက်လုံးကြီးတွေ ပြူးဝိုင်းနေရသည်။

ဦးနေအုပ်ဆို၍ သူထင်ထားတာ အသက် (၅၀)ကျော်လောက်ရှိတဲ့ လူကြီးတစ်ယောက်ဟုလေ။ အခုတော့ ဦးနေအုပ်က သူထင်ထားသလိုမဟုတ်ဘဲ အသက်သုံးဆယ်ကျော်ကျော်လောက်သာရှိသေးသော လူလတ်ပိုင်းအရွယ်လောက်သာရှိသေးသော





ခန့်ညားချောမောသော လူတစ်ယောက်ဖြစ်နေသည်။

သူ့ထက် အများဆုံးကြီးမှ လေးငါးနှစ်လောက်ပေါ့။

ဒီအသက်အရွယ်လောက်နှင့် ကုမ္ပဏီပိုင်ရှင်သူဌေးကြီး တစ်ယောက်ဖြစ်နေတာ တကယ့်ကို အားကျစရာပါ။

"အားနာစရာကြီးကွယ်"

"အားမနာပါနဲ့အန်တီ၊ ဘာပဲပြောပြော ပုံအပ်အတွက် လိုအပ်တဲ့ပစ္စည်းလေးတွေပါ၊ လက်ခံပါအန်တီ"

ဦးနေအုပ်က ဖွတ်အတင်းပင် အမေ့အခက်တွေ့နေသည်။

"အမေကလည်းဗျာ ယူလိုက်ပါ၊ စေတနာနဲ့ တပင်တပန်း ဝယ်လာတဲ့ဟာကို၊ ပြီးတော့ ပုံအပ်အတွက်လည်း တကယ်လိုအပ်နေတာပဲလေ"

အမေ့မျက်ဝန်းတွေက သူ့ဆီ ဖျတ်ခနဲ ရွေ့လာ၏။ နင့်အကြောင်း ငါသိပါတယ်ဆိုတဲ့ မျက်လုံးအကြည့်တွေပါ။

"ကျွန်တော်နာမည် နောင်သန့်စင်ပါအစ်ကို၊ အမေ့ရဲ့ အကြီးဆုံးသားပေါ့၊ ပုံအပ်ရဲ့အစ်ကိုကြီးလေ"

"ဪ တွေ့ရတာဝမ်းသာပါတယ် နောင်သန့်စင်"

"ကျွန်တော်ကလည်း အရမ်းကိုဝမ်းသာပါတယ်ဗျာ၊ ဦးနေအုပ်ဆိုလို့ အသက်ကြီးကြီး လူကြီးတစ်ယောက်လို့ထင်နေတာ၊ အခုတော့ တခြားစီပဲဗျာ"

"အဟွန်း"

နေအုပ် ကြည်လင်စွာပြုံးလိုက်မိ၏။

"အမေက ပုံအပ်နဲ့ပတ်သက်တဲ့အကြောင်းကို ပြောပြပါတယ်၊ ပုံအပ်ရဲ့ပညာရေးအတွက် ကိုနေအုပ်က ထောက်ပံ့မယ့်အကြောင်းလေ၊ ကြားကြားချင် ယုံတောင်မယုံနိုင်ဘူးဗျာ"

"ဟုတ်တယ် နောင်သန့်စင်၊ ကောင်မလေးက ဆယ်တန်းကိုမဖြေဘဲ တစ်ဝက်တစ်ပျက်နဲ့ ကျောင်းထွက်ပြီး စီးပွားရှာရတယ်ဆိုတဲ့အကြောင်းလေးကို သိလိုက်ရလို့ပါ"

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ အိမ်ရဲ့စီးပွားရေးအခြေအနေကလည်း ဆိုးနေတာဆိုတော့၊ ကျွန်တော်တို့လည်း ဘယ်လိုမှ မထားနိုင်ခဲ့ဘူးလေ၊ စိတ်တော့မကောင်းပါဘူး၊ ဘာပဲပြောပြော ပုံအပ်လိုစာတော်တဲ့ ကောင်မလေးကို ပညာကောင်းကောင်းဆက်သင်စေချင်တာပါ၊ ကျွန်တော်တို့က သူ့ကို ဆက်ထားပါတယ်၊ အိမ်အခြေအနေကိုသိပြီး သူက ကျောင်းမတက်ဘဲ အလုပ်တွေခိုးလုပ်နေတာသိတော့ နည်းနည်းဒေါသဖြစ်မိပေမယ့် မိသားစုအတွက် လုပ်ပေးတဲ့ သူ့စေတနာကိုနားလည်ပြီး လက်လျှော့လိုက်ရတာပေါ့ဗျာ"

နောင်သန့်စင်တစ်ယောက် ကိုနေအုပ် သူတို့အပေါ် အထင်လွဲမှာစိုး၍ ပုံအပ်အပေါ် စေတနာမေတ္တာ အပြည့်ထားသည်ဟန်နှင့် သရုပ်ဆောင်ပြလိုက်၏။

"ကိုနောင်သန့်စင်တို့ရဲ့ ချစ်ခြင်းမေတ္တာကိုသိလို့ အားနာ





ာထင်မှာပေါ့ဗျာ"

"အဲ့ဒါကြောင့် ကျွန်တော်တို့ ပိုပြီးခံစားရတာပေါ့ဗျာ"

"ဒါပေမယ့်လည်း အခုတော့ အဆင်ပြေသွားပါပြီလေ"

"အဲ့ဒါ အစ်ကိုနေအုပ်ကြောင့်ပါဗျာ၊ ကျွန်တော်တို့မိသားစုအပေါ်ထားတဲ့ စေတနာမေတ္တာတွေကြောင့်ပါ၊ အဲ့ဒီအတွက် ာစ်ကိုကို အများကြီးကျေးဇူးတင်ပါတယ် အစ်ကိုရယ်"

"မဟုတ်တာဘဲဗျာ၊ နောင်သန့်စင်က ကိုယ့်ကိုအားနာနေ ာပုံပဲ"

"ကျွန်တော်တို့မတတ်နိုင်တဲ့အရာကို ကိုယ်နဲ့မဆိုင်သလို နေလို့ရပါလျက် ဝင်ပြီးဖြည့်ဆီးပေးတဲ့အတွက် အားနာမိတာတော့ ာမှန်ပါပဲအစ်ကို၊ ကျွန်တော်တို့အိမ်မှာက မပြည့်စုံမှုတွေအများကြီး နေခဲ့တာလေ၊ ပုံအပ်အတွက်ကြည့်ဖို့ အရမ်းကိုအားနည်းခဲ့ပါတယ် ာစ်ကို၊ အခုဆို ကျွန်တော်ရဲ့မင်္ဂလာပွဲကလည်း နီးနေပြီလေ၊ ကျွန် ာ်တို့ရဲ့ အိမ်အနေအထားနဲ့တော့ မစီစဉ်နိုင်ပါဘူးဗျာ၊ ယောက္ခမ ာက်က တာဝန်ယူဆိုပေမယ့် သားရှင်ဖြစ်တဲ့အမေကတော့ စိတ် ကောင်းဖြစ်ရတာပေါ့၊ ဒီလိုအခြေအနေမျိုးကြီးဆိုတော့ ပုံအပ်လည်း သားစုတွေအတွက် စိတ်ဖိစီးရှာမှာပေါ့ဗျာ"

နောင်သန့်စင် လေသံပျော့ပျော့လေးနှင့် အိမ်အကြောင်းတွေ ပြောပြနေမိသည်။ စကားလေးတွေထဲမှာ သူ့မင်္ဂလာကိစ္စနှင့် ာ်သက်တဲ့အကြောင်း တမင်ထည့်ပြောမိ၏။

ဒါမှ

သားရှင်ဖြစ်တဲ့ အမေ့ကိုသနားပြီး ကိုနေအုပ် တစ်ခုခုစီ
ပေးဖို့တွေးမိမှာလေ။ အဲ့ဒီအချက်ကို သူအလိုချင်ဆုံးပါပဲ။ ပုံအ
အကြောင်းပြောသလိုလိုနှင့် သူ့အကျိုးအမြတ်အတွက် ရလိုရငြား
ကြည့်လိုက်မိ၏။

"စိတ်မကောင်းစရာပဲဗျာ၊ အန်တီ တော်တော်မျက်နှာ
မှာပဲ၊ မင်္ဂလာကိစ္စဆိုတာ သားရှင်တွေဘက်ကပဲ လုပ်ပေးကြရ
လေ၊ ဒီလိုလုပ်ပါလား နောင်သန့်စင်၊ မင်္ဂလာပွဲကုန်ကျစရိတ်
အန်တီ့ကိုယ်စား ကိုယ်တာဝန်ယူပေးပါရစေ၊ မိန်းကလေးရှင်
ဒီဘက်ကပဲ စီစဉ်ပေးမယ်ဆိုတဲ့အကြောင်း ပြန်ပြောလိုက်ပါ
ဗျာ"

"ဟင်"

"ဟာ တ တကယ်လား အစ်ကိုနေအုပ်"

နောင်သန့်စင် မယုံနိုင်သလို အံ့ဩဝမ်းသာသွားရပေ
အမေ့မျက်နှာမှာတော့ အားနာသော အရိပ်အယောင်တွေက အ
သား။

"အမိပွါယ်မရှိ မောင်နေအုပ်ရယ်၊ ဟဲ့ နောင်သန့်
နင် ဘာတွေလျှောက်ပြောနေတာလဲ၊ မောင်နေအုပ်က ဘာဖြ
တာဝန်ယူရမှာလဲ၊ မဆိုင်တဲ့သူကိုကွယ်"

ဒေါ်နှင်းနှင်းဆွေ မောင်နေအုပ်ကို အားနာလှစွာ





အလိုက်မသိတတ်လွန်းသော သားကြီးဖြစ်သူ နောင်သန့်စင်ကို
ပှမ်းဟောက်ကာ တားဆီးမိသည်။

ဒီကောင်လေးအကြောင်းကို ဒေါ်နှင်းနှင်းအသိဆုံးပဲလေ။

ပုံအပ်အတွက်ပြောသလိုလိုနှင့် သူ့မင်္ဂလာကိစ္စအတွက်
အကျိုးအမြတ်ထုတ်လိုက်တာပါပဲ။ ဒါကို ဒေါ်နှင်းနှင်းဆွေသိသည်။
သားကြီးရဲ့လုပ်ရပ်အတွက်လည်း ရှက်မိလို့မဆုံးတော့။ မောင်နေအုပ်
ာ သင်းအကြောင်းကို ကောင်းကောင်းသိထားတဲ့လူလေ။ မသိချင်
ာန်ဆောင်ပြီးနေတာကို သင်းက အဟုတ်ကြီးထင်နေသည်။

"အမေကလည်းဗျာ၊ ဘာပဲပြောပြော ကိုနေအုပ်က ပုံအပ်နဲ့
တ်သက်ပြီး ကျွန်တော်တို့ရဲ့အစ်ကိုကြီးပဲဟာ၊ ပြီးတော့ အခုကိစ္စ
ာကလည်း အမေတကယ်ပဲ မျက်နှာငယ်နေရတာပဲဟာ၊ ကျွန်တော့်
သားစုတွေ အခုလိုဖြစ်ရတာ စိတ်မကောင်းလို့ပါ"

"တော်စမ်း နောင်သန့်စင်၊ မင်းပါးစပ်ပိတ်ထားတော့"

ဒေါ်နှင်းနှင်းဆွေရဲ့ တားဆီးသံက မိုးခြိမ်းသံကြီးပမာ
ကျယ်လောင်စွာထွက်သွားရသည်။

"ကဲပါ အန်တီရယ်၊ သားအမိတွေ အငြင်းပွားမနေပါနဲ့
တော့၊ နောင်သန့်စင်ပြောတာလည်း မှန်နေတာပဲဟာ၊ ပုံအပ်နဲ့
တ်သက်ပြီး အားလုံးက ကျွန်တော့်ရဲ့ညီအစ်ကို မောင်နှမတွေချည်း
ပဲ၊ အဲ့ဒီအခွင့်အရေးလေးကို ရအောင်ယူခွင့်ပြုပါဗျာ၊ အန်တီခွင့်ပြု
နော်"

နေအုပ် ခွင့်တောင်းတော့မှ အန်တီနှင်းနှင်းဆွေက ငြိမ်သက် သွားတော့၏။ ဒီတော့မှ နေအုပ်မှာ သက်ပြင်းလေးချနိုင်တော့သည် ဘာပဲပြောပြော နောင်သန့်စင်ကို သူ စည်းရုံးမှုဖြစ်မည်လေ။

ပုံအပ်နဲ့ပတ်သက်ပြီး နောင်သန့်စင်ရဲ့စိတ်ထဲမှာ မွေး သမီးတစ်ယောက်ဆိုတဲ့အတွေးနဲ့ စိမ်းသက်နေတာထက်စာလျှင် အ လို အရေးအရာထားပြီး နွေးနွေးထွေးထွေးရှိလာဖို့ဆိုတာ ရခဲသေ အခြေအနေလေးမို့ သူ အရယူထားချင်မိသည်။

သူ့မျက်နှာနှင့် ပုံအပ်ကို ကောင်းကောင်းမွန်မွန်ဆက် လာကြမှာမို့ အခုလို ဖြည့်ဆီးပေးဆပ်လိုက်ရမှုက သူ့အတွက်တော အသေးအမွှားလေးတစ်ခုပါပဲ။

"ယော ဟိုမှာ ညီမလေးပုံအပ်တောင် ကျောင်းကပြန် ပြီ အမေ"

နောင်သန့်စင်အသံကြောင့် ခြံပေါက်ဝဆီ အားလုံး မျက်ဝန်းအကြည့်လေးများ ရောက်သွား၏။

ကျောင်းစိမ်းလုံချည် ရင်ဖုံးအဖြူရောင်နှင့် လွယ်အိတ် လွယ်ကာ ခြံဝိုင်းလေးထဲဝင်လာသော ပုံအပ်နှင်းဆိုတဲ့ ကောင်မလေး ကို မြင်တွေ့လိုက်ရတာမို့ နေအုပ်ရင်ထဲ ပီတိလှိုင်းလေးများ တ ဝုန်းရိုက်ခတ်ကာ မျက်နှာချောချောတွင် ကျေနပ်ပြုံးလေးများ သေ သွားရပါသည်။

ဘာပဲပြောပြော





ကောင်မလေးကို အခုလိုမျိုးလေး တွေ့ချင်နေတာပါ။ ကျောင်းကဆရာမတွေက ပုံအပ်အရမ်းစာတော်တာတဲ့။ ရုတ်တရက် ကျောင်းလာမတက်ပဲ ထွက်တော့မယ်ဆိုတဲ့ သတင်းကြားတော့ းလုံး စိတ်မကောင်းဖြစ်နေကြတာတဲ့လေ။ အခုတော့ သူ့ကြောင့် ောင်မလေး အေးအေးချမ်းချမ်းနှင့် ပညာဆက်သင်ခွင့်လေး ရနေ ပြီ။

"ဟယ် ဦးနေအုပ်ရောက်နေတယ်"

"ဟုတ်တယ် ပုံအပ်၊ မင်းအတွက် လိုမယ်ထင်တာလေး နည်းနည်းဝယ်လာလို့၊ အဲ့ဒါလာပေးတာ ဘယ်နှင့်လဲ စာတွေလိုက် ရဲ့လား"

"အင်း ကျောင်းမတက်ထားတဲ့ရက်က နည်းနည်းများ ဆိုတော့ စာတော့ နည်းနည်းအဆက်ပြတ်သွားတာတော့အမှန်ပဲ၊ တော့ စာတွေလိုက်ဖြည့်ကူးရင်း ကြိုးစားကျက်မှတ်နေရတာ"

"ဒါပေမယ့် မင်းလုပ်နိုင်တယ်မဟုတ်လား"

"ဟုတ်"

"ကိုယ်ယုံပါတယ် မင်းက ဝီရိယကောင်းတဲ့ မိန်းကလေး ၊ ဘယ်လိုအရာမျိုးကိုပဲဖြစ်ဖြစ် ဖွဲကောင်းကောင်းနဲ့ ရယူမယ် ကာ ကိုယ်ယုံတယ် ပုံအပ်"

"ဟုတ်တယ် မောင်နေအုပ်ရေ၊ အဲ့ဒါကတော့ အသေ

အချာပဲ၊ သူက ဘာသာစုံဂုဏ်ထူးနဲ့ အောင်ချင်နေတဲ့သူလေ၊ ညည ဆို စာကြည့်တာ ညည့်နက်လွန်းလို့၊ ကျန်မာရေးတောင်ထိခိုက်မှာ စိုးပြီး အိပ်ခိုင်းရတယ်"

"ဟာ အမေကလည်း ဒါက စာတွေကူးနေလို့ပါ"

ဦးနေအုပ်စကားကို အမေကပါ ဖြည့်စွက်တာမို့ ပုံအ မျက်နှာမထားတတ်အောင်ဖြစ်ရ၏။ သူမရှေ့တည့်တည့်ကြီး ချိုကျ နေတာ မျက်နှာပူစရာပါ။ သူမအဖြစ်ကို နားလည်ဟန်ရှိတဲ့ ဦးနေအု က ပြုံးနေ၏။

"ပုံအပ်"

"ရှင်"

"ဒါတွေအားလုံး မင်းအတွက်ချည်းပဲ"

"ဟင် ဘာတွေလဲ"

"အဝတ်အစားနဲ့ ကျောင်းသုံးပစ္စည်းတွေ လမ်းကြုံတုန် ဝင်ဝယ်လာတာ"

"အို အများကြီးပါလား၊ ဘာဖြစ်လို့ ဝယ်လာရတာလ ဦးနေအုပ်ရယ်၊ ပုံအပ်မှာ ဝတ်စရာအဝတ်အစားတွေ ရှိပါတယ် ကျောင်းအတွက် လိုအပ်တာတွေလည်း ဦးနေအုပ်ပေးထားတဲ့ ပိုက်ဆံ နဲ့ ဝယ်နေတာပဲဟာ၊ နောက်ဝယ်မလာပါနဲ့၊ ပုံအပ်အတွက် ပိုက်ဆံ တွေ အများကြီးကုန်ပါတယ်"

"မများပါဘူးကွာ၊ ကိုယ့်ကို အားမနာပါနဲ့၊ အခုခ





င်းက စာသင်ဝိုင်းတွေပါ သွားသွားတက်နေရတာဆိုတော့ လူမြင် ကောင်းအောင်လည်း ဝတ်စားဖို့တော့ လိုတာပေါ့ ကောင်မလေးရဲ့"

"ဒါပေမယ့် ပုံအပ်အတွက် အများကြီးကုန်ကျနေတာကြီး ကို အားနာလို့ပါ၊ အခုလို ပညာဆက်သင်ခွင့်ရအောင် ထောက်ပံ့ ပေးတာကိုပဲ ပုံအပ် ကျေးဇူးတင်လို့မဆုံးအောင် ဖြစ်နေရပါပြီရှင်"

ပုံအပ်ရယ်။

မင်းလေးကတော့ တကယ့်အဖြူရောင်လေးသက်သက်ပါ ကွာ။

အဲ့ဒါလေးတွေကြောင့်လည်း ကိုယ်မင်းကို ပိုပြီးခင်တွယ် မိတာထင်ပါရဲ့ ပုံအပ်လေးရယ်။

မင်းလေးကို စတွေ့လိုက်ရတဲ့ အချိန်ခဏလေးအတွင်းမှာပဲ ကိုယ့်စိတ်တွေထဲမှာ ပစ်မထားခဲ့ရက်လောက်အောင်ဘဲ ဖြစ်ခဲ့ရတာ လေ။

တာဝန်အရဆိုတာထက် စည်းတွေကျော်လွန်ပြီး အသက် သင်ငယ်ရွယ်ရွယ်နဲ့ အလုပ်လုပ်ချင်စိတ်ရှိတဲ့ မင်းရဲ့စိတ်ဓာတ်ကို စင်တွေ့လိုက်ရတဲ့အချိန်မှာပဲ ကိုယ့်ရဲ့အာရုံတွေထဲမှာ မင်းက ဘော်မှတ်ထင်ထင်ကြီး စွဲထင်သွားတာပဲ ပုံအပ်။

ပြီးတော့။

မင်းရဲ့ဘဝလေး။

မွေးစားသမီးလေးအဖြစ် အနှိမ်ခံဘဝလေးနဲ့ ရှင်သန်ရပ်

တည်နေရတဲ့ အကြောင်းလေးသိရတော့ ကိုယ့်ရင်ထဲမှာ ဘယ်လို ကြီးဖြစ်သွားမှန်းတောင် မသိပါဘူးကွာ။ မင်းရဲ့လိုအပ်မှုတွေ များပြား နေတဲ့ ဘဝလေးကို ဖြည့်ဆီးပေးချင်တဲ့ ဆန္ဒတွေဖြစ်ခဲ့ရတယ်။ မင်းရဲ့အနာဂတ်လေး လှပတင့်တယ်နေတာလေးကို မြင်တွေ့ချင် စိတ်တွေပဲ ဖြစ်နေရတယ် ပုံအပ်ရယ်။

သံယောဇဉ်လို့ပဲပြောရမလား။

မင်းနဲ့ပတ်သက်ပြီး ကိုယ်ဘာကိုမှ မျက်နှာလွှဲပြီး မနေနိုင် ဘူးဖြစ်နေရတယ် ကောင်မလေးရယ်။

သိပ်ထူးဆန်းတာပဲနော်။

ကိုယ် ဘာကြောင့် အဲ့ဒီလိုတွေဖြစ်နေရသလဲဆိုတာ ကိုယ့် ကိုယ်ကိုတောင် မစဉ်းစားတတ်တော့ဘူး။

မင်းလေးရဲ့မျက်နှာလေးပေါ်မှာ ပေါ်ပါးလန်းဆန်းတဲ့ အပြုံး လေးတွေကို မြင်ရရင်ပဲ ကျေနပ်နှစ်သိမ့်နိုင်လောက်တဲ့အထိ ဖြစ်နေရ တယ် ကောင်မလေးရယ်။

အဲ့ဒီအတွက်

ကိုယ်ဘာတွေကိုပဲ ပေးဆပ်ရပေးဆပ်ရ ဘာတွေနဲ့ပဲ လဲယူရလဲယူရ ကျေနပ်တယ်။

* * *



# အခန်း (၁၈)

"ဗျာ စာစောင်ကောင်မလေး မလာတော့ဘူး ဟုတ်လား"

"ဟုတ်တယ် ကမ္ဘာရဲ့၊ အန်တီတို့ကို သေသေချာချာ ပြောသွားတာပဲ၊ နောက်နေ့ကစပြီး တခြားသူဆီမှာ ပြောင်းဝယ်ပါ ့၊ သူလာမပို့နိုင်တော့ဘူးတဲ့လေ၊ လွန်ခဲ့တဲ့ ဆယ်ရက်လောက် ကတည်းက ပြောသွားတာ"

ဟင်။

ပုံအပ်က လာမပို့နိုင်တော့ဘူးဆိုပြီး တစ်ခါတည်းပြောခဲ့တာ ့လေ။ ဒါကြောင့် ပုံအပ်ရဲ့အရိပ်အယောင်ကို သူ လုံးဝမတွေ့ရ တော့တာကို။ ကမ္ဘာက သူမစာစောင်တွေ လာမပို့ဘဲ ရက်ပျက် တွေများလာလို့ မသက်သာဖြစ်ပြီး ဘေးခြံက ပုံအပ်ဆီက စာစောင်ယူ

နေကျ ခြံရှင်ကို သွားမေးမိတာ။ အခုတော့ ပုံအပ်က ရက်ပျက်တာ မဟုတ်ဘဲ လုံးဝလာမပို့တော့ဘဲ အဆက်ဖြတ်သွားတာကိုး။

"ကမ္ဘာ"

"ဗျာ"

"ဘာလဲ သားက စာစောင်ယူချင်လို့လား၊ အန်တီတို့ အခုပြောင်းယူနေတဲ့ ကောင်လေးကို ပြောပေးမယ်လေ၊ ကမ္ဘာတို့ခြံ ကို ပို့ပေးဖို့လွှတ်ပေးမယ်"

"ဗျာ ဪ၊ အင်း ရ ရပါတယ် အန်တီ၊ သားဘာသာပဲ ကြုံတဲ့နေရာက ဝယ်ဖတ်ပါတော့မယ် အန်တီ၊ နေပါစေတော့"

"ဪ အေး အေး၊ လိုချင်ရင်တော့ပြောနော်၊ အန်တီ လွှတ်ပေးမယ်"

"ဟုတ်ကဲ့ပါ အန်တီ၊ လိုရင်တော့ပြောပါ့မယ်၊ ကမ္ဘာ့ကို သွားခွင့်ပြုပါဦး အန်တီ"

"အေးကွယ်"

ကမ္ဘာ။

ဘေးခြံကနေ ပြန်ထွက်လာခဲ့သည်။

ကမ္ဘာ့ရင်ထဲမှာ ဆွေးမြေ့ကြေကွဲမှုတွေက တနင့်တပိုး။

ပုံအပ်ရယ်။

ဘာဖြစ်လို့ အဲ့ဒီလိုကြီး လုပ်သွားရတာလဲကွာ။





ကမ္ဘာ့ကြောင့်လား။

ကမ္ဘာနှောင့်ယှက်လို့ စာစောင်ပို့တဲ့အလုပ်ကို မင်း လုံးဝ ရပ်ပစ်လိုက်တာလား ပုံအပ်ရယ်။

အတွေးလေးကြောင့် ကမ္ဘာ့ရင်တစ်ခုလုံး နာကျင်စူးရှကာ ချက်ဝန်းအိမ်လေးထဲ မျက်ရည်ကြည်လေးများ ဝေ့ဝဲတက်လာရ တော့သည်။

ကမ္ဘာ။

ဘယ်လိုပဲစဉ်းစားစဉ်းစား ပုံအပ်လုပ်ရပ်ကို နားမလည်နိုင် ပါ။

တကယ်ဆို

ကမ္ဘာအရင်ကလို ဆိုးတော့တာမှမဟုတ်တာ။ ပုံအပ် စက်ဘီးကို အတင်းတားဆီးပြီး မရမက စကားပြောတာမျိုးလည်း ကမ္ဘာ မလုပ်တော့ပါ။ အုတ်ခုံလေးမှာထိုင်ပြီး ပုံအပ်အလာကိုပဲ ကမ္ဘာ မျှော်ကြည့်နေခဲ့တာလေ။

ပုံအပ်မကြိုက်တဲ့ အပြုအမူမျိုးတွေလည်း ကမ္ဘာမလုပ် တော့။

ဒါနဲ့များတောင်

အခုလို ရက်ရက်စက်စက်ကြီး ခြေရာပျောက်သွားတာ တော့ ပုံအပ်လွန်သည်။

ကမ္ဘာ

အရမ်းခံစားသွားရမယ်ဆိုတာ ပုံအပ်နည်းနည်းလေးမှ မသိဘူးလား။ ခုတော့ ကမ္ဘာမှာ ဘာလုပ်လို့ ဘာကိုင်ရမှန်းပင် မသိတော့ချေ။

ရုတ်တရက်

ပျောက်ကွယ်သွားသော ပုံအပ်ကို ကမ္ဘာ ဘယ်ကိုလိုက်ရှာရမှန်းမသိတော့။

"ကမ္ဘာ"

"ဗျာ လေးလေး"

"ဘာဖြစ်နေတာလဲ ကမ္ဘာ မျက်နှာလည်းမကောင်းပါလား"

လေးလေးရယ်။

ကမ္ဘာဘယ်လိုပြောရမလဲဟင်။

ကမ္ဘာအရမ်းစိတ်ညစ်နေတယ်။ အသည်းတွေဟက်တက်ကွဲပြီး အလူးအလဲခံစားနေရတယ် လေးလေးရယ်။

"မေးနေတယ်လေ ကမ္ဘာ"

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး"

"မဟုတ်သေးပါဘူး ကမ္ဘာ၊ မင်းတစ်ခုခုတော့ ဖြစ်နေပါတယ်၊ ပြောလေ ကမ္ဘာ၊ လေးလေးဘာလုပ်ပေးရမလဲ"





လေးလေးရယ်။

လေးလေးက ဒီမေးခွန်းကိုမေးနိုင်ပေမယ့် ကမ္ဘာမှာပြန်အဖြေပေးစရာ စကားမရှိဘူးဗျာ။

ပုံအပ်လေ။

ပုံအပ် ကမ္ဘာ့ကို ရက်ရက်စက်စက်ထားရစ်ခဲ့ပြီ။

အဲ့ဒါကြောင့်။

ကမ္ဘာဘယ်လိုမှ ရပ်တည်ချင်စိတ်မရှိတော့အောင်ဘဲ ဖြစ်နေရတယ် လေးလေးရယ်။ ဒီတစ်ခါ ကမ္ဘာတကယ်ပဲ ချစ်မိသွားတာပါဗျာ။ ဒါပေမယ့် အချစ်ကိုတစ်ခါမှ အလေးအနက်မထားဘဲ ခပ်ပေါ့ပေါ့နေခဲ့လို့လား မသိဘူးဗျာ တကယ်ချစ်မိသွားတော့မှပဲ အချစ်က ကမ္ဘာနဲ့ အဝေးဆုံးကို ပုန်းရှောင်ထွက်ပြေးသွားပြီ လေးလေးရယ်။

"ပြောလေ"

"ပြောလေ ကမ္ဘာ"

"လေးလေး အရင်က ခဏခဏပြောဖူးတာလေ"

"ဘာကိုလဲ ကမ္ဘာ"

"မင်း ဝဋ်လည်လိမ့်မယ်ဆိုတာ"

"ဟော"

"အခု ကမ္ဘာ တကယ်ပဲဝဋ်လည်ပြီလေးလေး"

“ဟင်”

“ကိုယ်တကယ်ခံစားရတော့မှပဲ ကိုယ်ချင်းစာမိတော့တယ် ဗျာ၊ အဲ့ဒီလောက်ပြင်းထန်တာကြီးကိုလေ”

“ကမ္ဘာ”

“ဗျာ”

“ပုံအပ်ဆိုတဲ့ ကောင်မလေးကြောင့်လား”

ဟင်။

လေးလေးက သူတစ်ခါတည်းသာပြောခဲ့ဖူးသော နာမည် လေးကို အခုချိန်ထိ မှတ်မိနေသေးသည်။

“အဲ့ဒီကောင်မလေးပဲမဟုတ်လား၊ ကမ္ဘာ”

ဒီခြံရှေ့မှာပဲဟု ကမ္ဘာမပြောနိုင်။

ကမ္ဘာပြောလိုက်လျှင် ပုံအပ်နဲ့ ဘယ်လိုပုံစံမျိုးဆုံတာလဲ။ ဒီရပ်ကွက်တည်းပဲလား။ ဘယ်သူ့သမီးလဲ။ ဘာအလုပ်လုပ်သလဲ ဆိုတဲ့ မဆုံးနိုင်တဲ့ မေးခွန်းတွေက လေးလေးဆီက ဆက်ပြီးထွက် လာဦးမည်။

ဒါဆို

ပုံအပ်စာစောင်လိုက်ပို့တဲ့အကြောင်း လေးလေးသိပြီး အရမ်းကို ပေါက်ကွဲသွားမှာပဲ။ လေးလေးက ကမ္ဘာကို အရမ်းမွှန်း ထားတာလေ။ ကမ္ဘာစိတ်ဝင်စားတာဆိုတော့ အသိုင်းအဝိုင်း





တောင့်တင်းပြီး အရမ်းချောတဲ့ သူဌေးသမီးလေးတစ်ယောက်လို့ပဲ ထင်မှတ်ထားမှာ။

“ပြောလေ ကမ္ဘာ”

“ဟင့်အင်း”

ဟာ။

ခေါင်းလေးကို ဘယ်ညာယမ်းခါလိုက်တဲ့ တူချောလေး ကမ္ဘာပိုင်စိုးကိုကြည့်ပြီး နေအုပ်ပိုင်စိုးရဲ့ ထူနက်သော မျက်ခုံးတန်း ကြီးများ အပေါ်သို့ပင့်တက်သွားရသည်။

“ကမ္ဘာ အခုအချိန်မှာ ဘာမှမပြောချင်ဘူးဗျာ၊ တစ်ယောက်တည်းပဲ အေးအေးဆေးဆေးနေချင်တယ်”

“ကမ္ဘာ”

“ကမ္ဘာ့ကိုနားလည်ပေးပါ လေးလေးရယ်၊ ကမ္ဘာ တောင်းပန်ပါတယ်”

“ကောင်းပြီလေ၊ ကမ္ဘာကမပြောချင်ဘူးဆိုတော့လည်း လေးလေး နားမထောင်ရုံပဲပေါ့ကွာ၊ ဒါပေမယ့် လေးလေး ကမ္ဘာ့ကို အသိပေးစရာတစ်ခုတော့ရှိတယ် ကမ္ဘာ”

“ဘာကိုလဲ လေးလေး”

“လေးလေး ကောင်မလေးတစ်ယောက်ကို ပညာသင် စရိတ်အဖြစ် ထောက်ပံ့နေတယ်၊ သူက မိဘမဲ့လေးတစ်ယောက်

လေ ကမ္ဘာ၊ မွေးစားမိဘတွေက ကျောင်းဆက်မထားပေးနိုင်လို့ လေးလေး ပညာဒါနအဖြစ် ဆက်ထားပေးလိုက်တာ၊ ဘာပဲပြော ပြော အခုလုပ်ငန်းတွေက ကမ္ဘာ့ဒက်ဒီနဲ့ မာမီတို့ ချန်ရစ်ထားခဲ့တဲ့ အမွေအနှစ်တွေဆိုတော့ ကမ္ဘာ့ဆီကို အသိပေးခွင့်တောင်းဖို့တော့ လိုတယ်လို့ လေးလေးထင်တယ်၊ ဒါကြောင့်"

"လေးလေး"

သူ့စကားပင်မဆုံးသေး ကမ္ဘာခေါ်သံကြောင့် တူချောလေး မျက်နှာဆီ ငုံ့ကြည့်မိ၏။

"ကမ္ဘာနဲ့လေးလေးကြားမှာ အခုလိုမျိုး ခွင့်တောင်းဖို့ လိုလို့လား၊ ကမ္ဘာဆိုတာ လေးလေးကျွေးမွေးပြုစုစောင့်ရှောက်ခဲ့လို့ အခုလို လူတစ်လုံးသူတစ်လုံး ဖြစ်လာတာပါ၊ လေးလေး ဘာပဲ လုပ်လုပ် ကမ္ဘာရဲ့ ထောက်ခံချက်တောင်းစရာမလိုပါဘူး လေးလေး ရာ၊ သူစိမ်းမဆန်ချင်စမ်းပါနဲ့၊ ကမ္ဘာ အရမ်းဝမ်းနည်းနေရတဲ့အထဲ လေးလေးကပါ အခုလိုမျိုး ဆက်ဆံနေမယ်ဆိုရင် ကမ္ဘာသေလိမ့် မယ်"

"ဟာ…ကမ္ဘာ"

"လေးလေးကြိုက်သလိုလုပ်ပါ၊ ကမ္ဘာ အမြဲတမ်းလက်ခံ တယ် လေးလေး"

ကမ္ဘာရယ်။





လေးလေးမှားသွားတယ်ကွာ။

ဒါပေမယ့်…

အခုကိစ္စက မင်းလည်းသိထားသင့်တယ်လို့ လေးလေး ထင်တယ်လေ။ ဘာပဲပြောပြော လေးလေးစိတ်လုံချင်လို့ပါ။

ပုံအပ်ဆိုတဲ့ ကောင်မလေးကို လေးလေး ဖြစ်မထားရက် လို့ပါကမ္ဘာ။ စာအရမ်းကြိုးစားပြီး တော်လွန်းတဲ့ကောင်မလေးမို့ သူ့ရဲ့ပညာရေးလေးကို အဆုံးမသတ်စေချင်လို့ပါကွာ။

"လေးလေး"

"ပြောလေ ကမ္ဘာ"

"လေးလေးပြောချင်တာ ဒါပဲမဟုတ်လားဟင်"

"သြော်…အင်း"

"ကျွန်တော်သွားနားတော့မယ်၊ လေးလေးရယ်"

"သြော်…အေး…အေး သွားနားလေကမ္ဘာ၊ လေးလေး လည်း အခုပဲ ကုမ္ပဏီကို သွားတော့မလို့ပါ၊ ကမ္ဘာ ခြံထဲထိုင်နေတာ တွေ့တာနဲ့ လျှောက်လာခဲ့တာ၊ လေးလေးသွားတော့မယ် ကမ္ဘာ"

"ဟုတ်ကဲ့ လေးလေး"

ကမ္ဘာ…

စိတ်မပါပေမယ့် လေးလေးကို တရိုတသေပင် ခေါင်း လေးညိတ်ပြမိသည်။

အခုအချိန်မှာ…

သူဘာကြောင်းအရာကိုမှ မသိချင်။

သူသိချင်တာကတစ်ခုတည်း။

အဲဒါ…

ပုံအပ် ဘယ်ကိုရောက်နေသလဲဆိုတာပဲ။

* * *



# အခန်း (၁၃)

ပုံအပ်တစ်ယောက်မှာလည်း စာမေးပွဲဖြေရမည့်ရက်တွေ က တဖြည်းဖြည်းနီးကပ်လာတာမို့ စာအုပ်နဲ့မျက်နှာ မခွာနိုင်ဘဲ ဖြစ်နေရသည်။ ကျောင်းဆင်းလို့ အိမ်ပြန်ရောက်တာနှင့် ခဏနားပြီး ရေမိုးချိုးကာ အမေခူးခပ်ပေးသော ထမင်းပွဲကို ကပျာကယာစားပြီး ဘကိုနည်းနည်းကျက်လိုက်၊ စာသင်ဝိုင်းကို အပြေးအလွှားသွား လိုက်၊ ပြန်ရောက်တာနှင့် စာကြည့်စားပွဲရှေ့ ပြန်ထိုင်ပြီး စာကျက် ပေးသော ဝိုက်နှင့်စာကျက်လိုက်။ ဘယ်လိုမှ အချိန်မအားလပ်နိုင် အောင်ပင် ရှိနေရ၏။

အခုဆိုလျှင်…

ဦးနေအုပ်၏ အတတ်နိုင်ဆုံး ဖြည့်ဆီးပေးမှုကြောင့် အစ်ကို ကြီးနောင်သန့်စင်၏ မင်္ဂလာပွဲလည်း အောင်အောင်မြင်မြင် ကျင်းပ

နိုင်ခဲ့သည်။ အမေလည်း အဆင်ပြေပြေနှင့် ရပ်တည်နိုင်လာ
ပုံအပ်လည်း ပညာကို အေးအေးဆေးဆေးသင်ခွင့်ရခဲ့သည်။ မမြ
သဲသက်နှင်းကလည်း ဦးနေအုပ်ရဲ့ အကူအညီကြောင့် ဦးနေအုပ်
ကုမ္ပဏီတွင် နေရာကောင်းကောင်းရကာ အလုပ်လုပ်နိုင်ခဲ့ပါသည်

ပုံအပ်တို့မိသားစုလေးကြားမှာ အရင်ကလို စကားတွေမ
ပြီး ရန်ဖြစ်နေရသည့်ကိစ္စတွေလည်း မရှိလောက်အောင်ပင် ရှားသွ
သည်။ ပုံအပ်ကြောင့် မိသားစုတွေအားလုံး အဆင်ပြေပြေန
ရပ်တည်လာနိုင်တာကြောင့် မွေးစားသမီးဆိုသည့် ပညတ်ကြီးလည်
တဖြည်းဖြည်း ပျောက်ကွယ်လာပြီဖြစ်သည်။

ဘာပဲပြောပြော…

အဲဒါတွေအားလုံးဟာ ဦးနေအုပ်ရဲ့ ကျေးဇူးတရားေ
ကြောင့်ပါပဲ။

ပုံအပ် ဘယ်တော့မှမမေ့ချေ။

ထို့ကြောင့်…

ဦးနေအုပ်အပေါ် ပုံအပ် ပို၍ပင်လေးစားခင်တွယ်မိသည်
စေတနာမေတ္တာ ကြီးမားလွန်းသော စိတ်အား နားလည်ကာ
သံယောဇဉ်များ ပိုမိုကြီးမားလာရသည်။

အခုဆိုလျှင်…

ဦးနေအုပ်တစ်ယောက် အိမ်ကိုအလာစိပ်သည်။ ရော





ဘတိုင်းလည်း စာကျက်ဖို့၊ စာကိုပဲ စိတ်နှစ်ကြိုးစားဖို့ အားပေး
ကားများ ပြောနေတတ်၏။ သူမတို့မိသားစုနှင့် ဦးနေအုပ်ကြားတွင်
မ်းသက်မှုများကင်းဝေးကာ မိသားစုရင်းချာများသဖွယ် ဖြစ်လာ
ကြသည်။

ပုံအပ် ဝမ်းသာမိလို့မဆုံးပါ။

သူမလိုချင်ဆုံး အခြေအနေမျိုးလေးမှ ဒါလေးကို ရအောင်
န်တီးပေးခဲ့သော ဦးနေအုပ်ကိုလည်း ကျေးဇူးတင်မိလို့မဆုံးအောင်
င် ရှိနေရတော့သည်။

“ပုံအပ်”

“ရှင်…ဦးနေအုပ်”

“ကိုယ်သတိထားကြည့်နေတာ ကြာပြီနော် ကောင်မလေး၊
င်းဘာတွေတွေးပြီး သက်ပြင်းမောတွေ ကြိတ်ချနေတာလဲ”

“ရှင်”

“ဘာရှင်လဲ ပုံအပ်နော် စာမေးပွဲဒီလောက်နီးနေပြီ
ဘာမဟုတ်မဟတ်တွေ လုပ်ဖို့ကြံစည်နေတာလဲ”

“ဟာ…ဦးနေအုပ်ကလည်း ပုံအပ် ဘာမှမကြံစည်ပါ
ူး”

“ဒါဆို စောစောက တစ်ယောက်တည်းငြိမ်ပြီးစဉ်းစားနေ
ာ ဘာသဘောလဲ၊ ဘယ်သူ့အကြောင်းကို ဒီလောက်ထိတောင်

အရေးပါပါ စဉ်းစားနေရတာလဲ၊ ပြောစမ်းပါဦး''

''ပုံအပ် ဦးနေအုပ်အကြောင်း စဉ်းစားနေတာပါ''

''ဘာကွ''

နေအုပ် မျက်မှောင်ကြီး တွန့်ကြုံ့သွားရ၏။

ပုံအပ်ဆိုတဲ့ ကောင်မလေးရဲ့ မျက်နှာဖူးဖူးလေးဆီကိုလည်း တအံ့တသြ စိုက်ကြည့်လိုက်မိသည်။

''တကယ်ပြောတာပါ ဦးနေအုပ်ရဲ့၊ ပုံအပ် ဦးနေအုပ်ရဲ့ အကြောင်းကို စဉ်းစားနေမိတာပါ''

''ကိုယ့်အကြောင်း ဘာစဉ်းစားစရာမှမရှိတာ''

နေအုပ်အသံက မူမမှန်စွာပင် အဖျားခတ်တုန်ယင်သွားရသည်။ စိတ်ထဲမှာလည်း တစ်မျိုးလေးဖြစ်ကာ အလှုပ်ရှားကြီး လှုပ်ရှားသွားရ၏။ ပုံအပ်က သူ့အကြောင်းတွေ စဉ်းစားနေတာတဲ့လေ။

''ရှိတာပေါ့ ဦးနေအုပ်ရဲ့၊ ဒီလောက် ချမ်းသာကြွယ်ဝပြီး စိတ်သဘောထားပြည့်ဝဖြူစင်တာတောင် ဘာကြောင့် ဂေါ်မစွံတဲ့ လူပျိုကြီးဖြစ်နေရတာလဲဆိုတာ စဉ်းစားစရာပဲဟာ''

''ဟေ''

''ဟုတ်တယ်လေ၊ ရုပ်ရည်ရော ပညာရော၊ စည်းစိမ်ဥစ္စာပါ ဒီလောက်ပြည့်စုံနေတာ ကြိုက်တဲ့မိန်းကလေးမရှိဘူးဆိုတာတော့





ဖြစ်နိုင်ဘူး၊ ဦးနေအုပ် စိတ်တိုင်းမကျဘဲ အရွေးလွန်သွားလို့ပဲဖြစ် ာ၊ ပုံအပ် ခန့်မှန်းတာ မှန်တယ်မဟုတ်လား ဦးနေအုပ်''

''ဒေါက်''

''အား''

သူမရဲ့စကားသံလေးအဆုံး သူမခေါင်းလေးဆီ ကျရောက် ာသော ဦးနေအုပ်ရဲ့ လျှင်မြန်သောလက်ကြောင့် ခေါင်းလေးတစ်ခု ုံး ထူပူကာ နာကျင်သွားရသည်။

''ဒါ ကလေးပြောရမယ့်စကားလား၊ ကိုယ့်ဘာသာ ကြိုက်သူရှိရှိမရှိရှိ လူပျိုကြီးဖြစ်ဖြစ်မဖြစ်ဖြစ် မင်းနဲ့ဘာဆိုင်လို့လဲ''

''ဆိုင်တာပေါ့ ဦးနေအုပ်ရဲ့၊ သိပ်ပြီးဆိုင်တာပေါ့''

''ဘာရယ် ပုံအပ်''

''စဉ်းစားကြည့်လေ၊ တကယ်လို့ ဦးနေအုပ်ရဲ့ ကြီးမြတ်တဲ့ အရည်အချင်းတွေကိုသိပြီး ရယူပိုင်ဆိုင်ဖို့သာ ကြိုးစားတဲ့ အမျိုး သမီးသာရှိရင် အခုလောက်ဆို အိမ်ထောင်ကျနေပြီ၊ ဒါဆိုရင် သားသမီးတွေနဲ့ အလုပ်ရှုပ်နေပြီး အခုလို ပုံအပ်တို့မိသားစုနဲ့ ရေစက် ဆုံနိုင်ပါဦးတော့မလား၊ တကယ်လို့ မတော်တဆ ကားနဲ့တိုက်မိ ာယ်ဆိုရင်တောင် အခုလို ရင်းနှီးမှုမျိုး အထိရောက်မှာမဟုတ်ဘူး လေ၊ အခုတော့ ဦးနေအုပ်ရဲ့စိတ်တိုင်းမကျ အရွေးလွန်မှုကြောင့် လူပျိုကြီးဖြစ်ပြီး ပုံအပ်တို့ မိသားစုနဲ့ ဆုံစည်းမိပြီး မိသားစုဝင်

တစ်ယောက်လို ဖြစ်လာတာလေ၊ သေသေချာချာစဉ်းစားကြည့်တော့ ဒါဟာ ပုံအပ်နဲ့ ဆုံစည်းခဲ့ရတဲ့အတွက် ဦးနေအုပ်ရဲ့ ကံဆိုးမှုပဲ၊ ခုချိန်ထိ အဖော်မဲ့အထီးကျန်ပြီး ရှင်သန်နေရတာ ပုံအပ်ရဲ့ ပယောဂကြောင့်လို့ တွေးမိပြီး စိတ်မကောင်းဖြစ်နေမိတာ၊ တကယ်တော့ ပုံအပ်က ဂြိုဟ်ဆိုးလေးတစ်ယောက်ပဲ၊ ဘယ်သူနဲ့ပဲဆုံလိုက်ဆုံလိုက် ဆုံတွေ့ရသူအတွက် ကံမကောင်းဘူးလေ"

ဟာ။

ပြောနေရင်း ပုံအပ်ဆိုတဲ့ကောင်မလေးရဲ့ မျက်နက်ဝန်းဝိုင်းဝိုင်းလေးတွေထဲမှာ မျက်ရည်ကြည်ကြည်လေးတို့ ဝေ့ဝဲလို့။ ပုံအပ်က သူထင်ထားသလို စနောက်နေတာမှမဟုတ်ပဲ။ သူမကြောင့်ဆိုပြီး မဆီမဆိုင် စိတ်မကောင်းတွေဖြစ်နေတာလေ။

"တကယ်ပြောတာ၊ ပုံအပ်က အားလုံးအတွက် မကောင်းဆိုးဝါးမလေးပါပဲ၊ ပုံအပ် ဒီအိမ်ကိုရောက်လာလို့ အဖေကသေရတာ"

"ပုံအပ်"

နေအုပ် အထိတ်တလန့် တားဆီးမိသည်။

"အခုလည်း ပုံအပ်နဲ့ဆုံပြီး ဦးနေအုပ်မှာ ပေးဆပ်ခြင်းတွေ မဆုံးနိုင်အောင်နဲ့ ရှိနေရပြန်ပြီ၊ ပုံအပ်လေ တွေးမိတိုင်း ဦးနေအုပ်ကို အရမ်းသနားတာပဲ"





ပုံအပ်ရယ်။

မင်းဘာကိုပြောချင်သလဲဆိုတာ ကိုယ်နားလည်ပါတယ်ကွာ။

မင်းအစ်ကိုကြီးရဲ့ မင်္ဂလာဆောင်အတွက် ကိုယ်ထုတ်ပေးလိုက်တဲ့ ငွေကြေးပမာဏကြောင့် အားနာပြီး အခုလိုစိတ်မလုံမလဲဖြစ်နေတာမဟုတ်လားဟင်။ ပြီးတော့ အတွေ့ကြီးပြီး မနာလိုဝန်တိုစိတ်ကြီးတဲ့ သဲသက်နှင်းရဲ့ လိုအပ်မှုတွေ။ မင်းရဲ့ ပညာသင်စရိတ်တွေကိုတွက်ပြီး ကိုယ့်ကိုသနားနေတာမဟုတ်လားဟင်။

ဒါပေမယ့်...

မင်းမသိသေးတဲ့ အချက်တစ်ချက်ရှိတယ် ပုံအပ်။

အဲဒါဘာလဲဆိုတော့ မင်းနဲ့ဆုံတွေ့ခွင့်ရခဲ့ခြင်းလေးအပေါ်မှာ တန်ဖိုးမဖြတ်နိုင်အောင် ခံစားနေရတဲ့ ကိုယ့်ရဲ့ထူးဆန်းတဲ့ ခံစားမှုလေးတွေပေါ့။

ဘာတွေကိုပဲ ဘယ်လောက်ထိပေးဆပ်ရ မင်းနဲ့ပတ်သက်ရင် ကိုယ့်ဘက်က ဖြည့်ဆီးဖို့ အသင့်ရှိနေတဲ့ မသိစိတ်ရဲ့ ဆွဲခေါ်မှုလေးတွေကိုလေ။ မင်းနဲ့ အခုလိုလေး ရင်းနှီးခင်မင်ခွင့်လေးရနေတာကိုပဲ ကိုယ်ကျေနပ်ပျော်ရွှင်ဝမ်းသာမိလို့မဆုံးအောင်ပဲ ရှိနေရဘာ ပုံအပ်ရဲ့။ အဲဒါကို မင်းလေးက သိမှမသိတာ။

"ဦးနေအုပ်"

“ပြောလေ ပုံအိပ်”

“ပုံအိပ်ကို စိတ်မနာဘူးလားဟင်”

“ဘာကိုစိတ်နာရမှာလဲ ပုံအိပ်၊ အကျိုးအမြတ်တွေကို တွက်ရင်တော့ မင်းပြောသလို ဖြစ်ချင်ဖြစ်မှာပေါ့၊ ဒါပေမယ့် ကိုယ်က တစ်ခါမှ မင်းတွေးသလိုမျိုး သူစိမ်းဆန်ဆန်မှ မတွေးမိဖူးတာ၊ ကိုယ်က စိတ်သဘောထား ရိုးသားဖြူစင်တဲ့ မင်းလိုညီမလေးမျိုးကို ဆွေမျိုးတော်ခွင့်ရနေတာလေးကိုပဲ တန်ဖိုးမဖြတ်နိုင်အောင် ရှိနေတာလေ ပုံအိပ်ရဲ့”

ဦးနေအုပ်ရယ်။

ပုံအိပ်နဲ့ ဆွေမျိုးတော်ခွင့်ရတာကိုပဲ ကျေနပ်နေပြီတဲ့လားရှင်။

“ပုံအိပ်”

“ရှင်”

“မင်းကိုယ်မင်း ဘာကြောင့် အဆိုးတွေကိုချည်းပဲ မြင်နေရတာလဲ၊ တကယ်တမ်း ပြန်စဉ်းစားရင် မင်းက ဒေါ်နှင်းနှင်းဆွေတို့မိသားစုတွေအတွက်လည်း လိမ္မာရေးခြားရှိတဲ့ သမီးလေးပါပဲကွာ၊ မင်း မဟုတ်တာတွေ လျှောက်တွေးမနေစမ်းပါနဲ့ ပုံအိပ်ရယ်”

“ဦးနေအုပ်အတွက်တော့”

“ကိုယ့်အတွက်လည်း မင်းက တန်ဖိုးရှိတာပဲလေ၊





ခင်းကြောင့် ကိုယ့်ရဲ့အဖော်မဲ့အထီးကျန်ဆန်နေခဲ့တဲ့ နေ့ရက်တွေ ပျောက်ကွယ်ခဲ့ရတယ်၊ မင်းကြောင့် ကိုယ့်ဘဝမှာ ထူးခြားတဲ့ ပျော်ရွှင်ချမ်းမြေ့မှုလေးတွေ ပိုင်ဆိုင်ခွင့်ရခဲ့တယ်၊ အရာအားလုံး ပြည့်စုံကြွယ်ဝနေသူတစ်ယောက်ရဲ့ အတွေ့တွေက ဘာတစ်ခုမှ မပြည့်စုံဘဲ ရပ်တည်နေရတဲ့သူတွေ ရင်ထဲက လိုလားတောင်းတ ှုတွေကို စာနာနားလည်နိုင်တဲ့ အသိတရားတွေ ဝင်လာရတယ်။ ဒါတွေဟာ မင်းကြောင့်ရခဲ့တဲ့ အကျိုးကျေးဇူးတွေပဲ ပုံအိပ်”

နေအုပ် အမှန်တရားတွေကို ပြောမိသည်။

“စီးပွားရေးလောကတွင် သူ့ထက်ငါ ခြေလှမ်းတွေ သာနေချင်ဇောနဲ့ လောဘ၊ ဒေါသ၊ မောဟတွေကြားမှာသာ ရှင်သန် ဦး တစ်နေ့တစ်နေ့ ကိန်းဂဏန်းတွေနဲ့ နပန်းလုံးပြီး နေခဲ့တဲ့သူရဲ့ မောလျှမှုတွေက ဒီမိသားစုလေးနဲ့ ဆုံခဲ့ရပြီးနောက်မှာတော့ ဖြေသိမ့် ်ငမှုတွေ အများကြီးရခဲ့တယ်လေ၊ အဲဒါ ကြီးမားတဲ့ ရလဒ်တစ်ခုပဲ အိပ်၊ ဒါကြောင့် မင်းလေးကလည်း ကိုယ့်ဘက်က ပြန်ကြည့်ရင် ိုယ့်ရဲ့ ပိတ်လှောင်မွန်းကြပ်နေတဲ့ဘဝထဲကို နူးညံ့ညင်သာစွာ ိုးဝှေ့လာတဲ့ လေပြေလေညှင်းလေးပါပဲကွာ”

ဦးနေအုပ်ရယ်။

ပုံအိပ်က ဦးနေအုပ်အတွက် အဲဒီလောက်တောင်ပဲ အသုံး ်င်သတဲ့လားရှင်။ ပုံအိပ်ကြောင့် ဦးနေအုပ်ရဲ့စိတ်တွေ တကယ်ပဲ

ပေါ့ပါးလန်းဆန်းခဲ့ရတယ်ပေါ့နော်။

ကျေးဇူးတင်ပါတယ် ဦးနေအုပ်ရယ်။

အခုလို ပုံအိပ် စိတ်ချမ်းသာစေမယ့် စကားလေးတွေကို ပြောပေးခဲ့တဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။

ပုံအိပ် ကံကောင်းချင်ပါတယ်။

အားလုံး မွေးထွေးလုံခြုံစွာ စောင့်ရှောက်မှုအောက်မှာ ပုံအိပ် အေးချမ်းစွာနေချင်ပါတယ်။

ဒါပေမယ့်

ပုံအိပ် ကံကြမ္မာကိုကြောက်တယ်။

အခုလို အခြေအနေမျိုးလေး ပျောက်ကွယ်သွားရမှာကို ကြောက်တယ် ဦးနေအုပ်။ ဒါကြောင့် ပုံအိပ်လေ ဘုရားရှိခိုးတိုင်း အကြိမ်ကြိမ်အခါခါ ဆုတောင်းမိတယ်ရှင်။ ပုံအိပ်ရဲ့ လက်ရှိဘဝ လေး မပျောက်မပျက်ဘဲ ထာဝရတည်တံ့နေပါစေလို့။

"ပုံအိပ်"

"ရှင်"

"ကိုယ်တကယ်ပြောတာပါ၊ မင်းယုံပါကွာ"

"ပုံအိပ် ယုံပါတယ် ဦးနေအုပ်ရယ်၊ ပုံအိပ် အခုလိုမျိုး လေး ပေးစွမ်းနိုင်ပါလားဆိုတဲ့ အသိလေးကို ရရှိတဲ့အတွက်လည်း ဖော်မပြနိုင်လောက်အောင်ပဲ ဝမ်းသာနေမိတယ်၊ ကျေးဇူးတင်ပါ





တယ် ဦးနေအုပ်ရယ်။ ပုံအိပ်နဲ့ပတ်သက်ပြီး အခုလို ခံယူချက် လေးရှိပေးတဲ့အတွက်လည်း ပုံအိပ် အထူးပဲကျေးဇူးတင်ပါတယ် ရှင်"

ပုံအိပ်လေးရယ်။

မျက်ရည်လေးတွေ ပါးပြင်နုနုလေးပေါ် တလိမ့်လိမ့်စီးကျ ရင်း ကျေးဇူးတင်စကားလေးကို လှိုက်လှဲဝမ်းသာစွာပြောနေသော ပုံအိပ်ကိုကြည့်ပြီး သူ့ရင်လေးထဲ နင့်ခနဲနေအောင်ပင် ခံစားနေရ တော့သည်။

ဒီကောင်မလေးကိုမှ

နေအုပ် ဘာကြောင့် အဲဒီလောက်တောင် ခင်တွယ်နေမိရ ပါလိမ့်။

နေအုပ်မစဉ်းစားတက်ပါ။

ပုံအိပ်နဲ့ပတ်သက်သည့် အရာအားလုံး သူ့စိတ်ထဲက မပယ် ဖျက်နိုင်လောက်အောင်ပဲ ထိုကောင်မလေးအပေါ် သံယောဇဉ်တွေ ထားမိနေသည်။

ရှေ့ရေစက်ကြောင့်ပဲလား။

သူမကိုစတွေ့လိုက်ရတဲ့ အချိန်တိုလေးအတွင်းမှာပဲ သူမ လေးကို ပစ်မထားရက်နိုင်သော သူ့စိတ်တွေကို သူပင် အံ့သြနေရ၏။

မထင်မှတ်ပဲ

ပုံအပ်ဟာ အစွန့်ပစ်ခံ ကလေးမလေးတစ်ယောက်ဖြစ်နေခဲ့တဲ့အကြောင်းလေးကို သိခွင့်ရလိုက်တော့ သူ့စိတ်တွေကို ပို၍ပင် တုန်လှုပ်သွားရ၏။

တစ်စတစ်စနှင့် သူမလေးရဲ့ဘဝထဲ အဖြည့်ခံသက်သက်ဖြင့် သူဇွတ်တိုးဝင်ခဲ့မိသည်။

ကျေနပ်ပါတယ်။

အခုလို

မင်းဘဝလေး သာယာလှပအောင် ဖြည့်ဆည်းခွင့်လေး ရတာကို ကိုယ်တကယ် ကျေနပ်တယ်ပုံအပ်ရယ်။ အဲ့ဒါကိုတော့ အကြွင်းမဲ့ယုံကြည်ပါနော်။

* * *



# အခန်း (၂၀)

ပုံအပ်ရယ်။

မင်းဘယ်ဆီကိုများ ရောက်နေသလဲကွာ။

မင်းနဲ့ပတ်သက်ပြီး မင်းရဲ့အရိပ်အယောင်လေးတွေ တစ်စွန်းတစ်စကိုမှ ကိုယ်ရှာဖွေလို့မရအောင်ဘဲ ရက်ရက်စက်စက် ခြေရာဖျောက်သွားရက်တယ် ပုံအပ်ရယ်။ ကိုယ် ဘယ်လိုလိုက်ရှာရတော့လဲကွာ။ ဘာဖြစ်လို့ အခုလိုမျိုးကြီး ရှောင်ပုန်းသွားရတာလဲ အချစ်ရယ်။

ရက်တွေအလီလီပြောင်းလို့ လတွေနှောင်းခဲ့ပြီ ပုံအပ်ရယ်။

မတွေ့မချင်းဆိုတဲ့ဖွဲ့နဲ့ ကိုယ်လေ အရူးအမူးမင်းကို ရှာဖွေနေဆဲပဲချစ်ရယ်။

နှုတ်ဆက်ခဲ့တယ်ဆိုတဲ့ စကားလေးရဲ့ အဓိပ္ပာယ်ကို ကိုယ်

အခုမှ ပြန်စဉ်းစားခဲ့တာမဟုတ်ဘဲ နှုတ်ဆက်ပြီးမှ မင်းက ထွက်သွား ခဲ့တယ်ဆိုတာကိုလေ။

မင်းရဲ့စိတ်ထဲမှာ ကိုယ်နဲ့ပတ်သက်ပြီး ဘာတစ်ခုမှမ ဘူးလို့ ထင်ခဲ့ပေမယ့် တကယ်တော့ ကိုယ်ရှိနေခဲ့တယ်ဆိုတာ မင်းနဲ့ဝေးကွာရပြီးနောက်မှပဲ ကိုယ်စဉ်းစားလို့ရခဲ့တယ်။ အဲ့ဒီအတွေ ကိုယ်ဘယ်လောက်များတောင် ဝမ်းသာပျော်ရွှင်ခဲ့ရသလဲဆိုတာ မ သိလားဟင် ပုံအပ်။ မင်းလေး ဘယ်မှာနေလို့နေမှန်း မသိပါ မင်းကိုတွေ့အောင် ကျယ်ပြန့်လှတဲ့ ရန်ကုန်မြို့ကြီးထဲမှာ နေ့စဉ်နေ့ တိုင်း လိုက်လိုက်ရှာမိနေတဲ့ ကိုယ့်ရဲ့ရူးသွပ်မှုတွေကိုသာ ကြည့် တော့ကွာ။

ကိုယ်လေ

မင်းကို တကယ်ပဲချစ်ခဲ့မိတာပါ။

အဲ့ဒီအချစ်တွေကြောင့်လဲ ကိုယ် အများကြီးပြောင်းလဲသွား ခဲ့တယ် ပုံအပ်။

အရင်ကလို

သူငယ်ချင်းတွေနဲ့ တစ်နေကုန်လျှောက်လည်တက်ခဲ့ အမူအကျင့်တွေလဲ ကိုယ်မှာမရှိတော့ဘူး။ အသည်းကွဲတယ်ဆို ခေါင်းစဉ်တပ်ပြီး သူငယ်ချင်းတွေနဲ့ ဟေးလားဝါးလား စိတ်ဖြေ တဲ့ အယူအဆတွေကိုလည်း ကိုယ်စွန့်ပစ်ခဲ့ပြီ။ ကိုယ်တကယ်





ငြိမ်ကျက်တည်ငြိမ်နေခဲ့ပြီပုံအပ်။ ရည်းစားတွေထားပြီး စိတ်ပျော် အောင်လုပ်တက်တဲ့ အကျင့်ဆိုးကိုလဲ ကိုယ်ထားရစ်ခဲ့ပြီသိလား။

အခုဆို

ကိုယ် စားတွေပိုပြီးကြိုးစားတယ်။ လေးလေးရဲ့စီးပွားရေး လုပ်ငန်းတွေကိုလည်း ကိုယ်တတ်နိုင်သ၍ ဝိုင်းကူလုပ်တယ်။ အချိန် အားရင် မင်းကို ကိုယ်တွေ့လို့တွေ့ငြားလိုက်ရှာတယ်။ အဲ့ဒီလိုနဲ့ပဲ လောကကြီးမှာ အဓိပ္ပာယ်ရှိရှိနဲ့ ကိုယ်ရှင်သန်ရပ်တည်နေခဲ့တယ် အပ်။

အချစ်က တကယ်ကို ထူးဆန်းတာပဲနော်။

ကိုယ်တကယ်ပဲ အချစ်စစ်စစ်တွေကို ရှာဖွေတွေ့ရှိလိုက် တော့မှပဲ အဲ့ဒီထူးဆန်းမှုတွေကို သိလာရတာ။ ကိုယ်ကျေနပ်ပါတယ် အပ်။ မင်းနဲ့မှ အခုလိုသိလိုက်ရတာကိုလည်း ကိုယ်ဂုဏ်ယူကျေ နပ်မိပါတယ်။

"ကမ္ဘာ"

အတွေးလေးနဲ့ ကမ္ဘာနှစ်မျောနေစဉ် အခန်းတံခါးဖွင့်သံနှင့် အတူ လေးလေးနေအုပ်ကို တွေ့လိုက်ရသည်။

"ဟင် လေးလေး"

"ဘာလုပ်နေတာလဲ ကမ္ဘာ"

"ကမ္ဘာ စာကျက်မလို့ပါ"

စာကျက်မလို့တဲ့။

စာအုပ်စားပွဲရှေ့တွင် စာအုပ်တွေချပြီး ကမ္ဘာက ပေါ့ပါးစွာပင် ပြန်ဖြေ၏။ တူချောလေးကမှာ အသွင်က အရင်ကလို ကလေးဆန်နေခြင်း မဟုတ်တော့ဘဲ လေးနက်တည်ကြည်မှုလေးတွေနှင့် ငြိမ်သက်နေ၏။

အခုတလော

ကမ္ဘာ သိသိသာသာကြီးပြောင်းလဲလာသည်။

စာတွေဖိပြီးကြိုးစားလာ၏။ ဆေးတက္ကသိုလ်ကျောင်းသားတစ်ယောက်ဖြစ်သော ကမ္ဘာတွင် စာတွေများသော်လည်း အရင်ကဆို ခပ်ပေါ့ပေါ့လေးနေပြီး အခုလောက်ထိ ဖိဖိစီးစီးမရှိခဲ့ချေ။ လုပ်ငန်းတွေအပေါ်မှာဆို ပိုပြီးတော့တောင် ကမ္ဘာစိတ်မဝင်သေးတယ်။ သို့ပေမယ့် အခုနောက်ပိုင်း ကမ္ဘာပုံစံပြောင်းလာသည်။ ကုမ္ပဏီအလုပ်တွေလည်း ပိုင်းကူလာခဲ့သည်။ ကောင်မလေး တွေအကြောင်းလဲ ကမ္ဘာမပြောတော့။ သူငယ်ချင်းတွေနဲ့လည်း ထွက်မလည်တော့ပေ။

တူချောလေး အခုလိုဖြစ်လာတာကို နေအုပ် ဝမ်းသာမိပေမယ့် မျက်ဝန်းလေးတွေထဲမှာ အမြဲလိုလို ခိုတွယ်နေသော ဆွေးမြေ့ကြေကွဲရိပ်လေးတွေကိုတော့ မြင်နေရသည်မှာ စိတ်မချမ်းမြေ့ရပါ။





ဘာကြောင့်လဲ။ ဘာဖြစ်နေသလဲဟုမေးလိုက်တိုင်း ရင်ထဲ ခံစားချက်တွေကို မြိုသိပ်မထားတက်တဲ့ တူချောလေးက စ်တော့ ခေါင်းလေးခါခါနှင့်သာ ငြင်းပယ်ပြီး ထိန်းချုပ်သိုဝှက် ဘတ်သည်။ အဲဒါကိုပဲ နေအုပ် စိတ်မကောင်းဖြစ်မိတာ။

ကမ္ဘာဆိုတာ သူ့ရဲ့ပြုစုမှုအောက်မှာပဲ ကြီးပြင်းလာတာ ။ မိဘမဲ့ကလေးမို့ အသနားပိုကာ တူလေးကို ပို၍ပင် ိုလိုက်ချစ် ခဲ့သည်။ ကမ္ဘာအပေါ် မိဘမေတ္တာငတ်မွတ်ခဲ့သမျှ ဘက်က ဖြည့်ဆီးနိုင်သလောက် ဖြည့်ဆီးပေးခဲ့၏။

အားငယ်စိတ်တွေမဝင်အောင် သူ သတိထားပြီး စောင့် ာက်ခဲ့၏။ အခုတလော ကမ္ဘာအသွင်လေးက တစ်မျိုးပြောင်း သည်။ တစ်ခါတစ်ရံ မှိုင်တွေငေးမောစွာ ရှိနေတတ်၏။ သူကို ့လိုက်တာနှင့် ချက်ခြင်းပြန်ပြင်တတ်ပေမယ့် ငယ်ငယ်လေး ဘည်းက တူချောလေးရဲ့မျက်နှာကို စာအုပ်တစ်အုပ်လိုဖတ်နေ က်သော နေအုပ်တစ်ယောက် ဟန်ဆောင်နေခြင်းကို သိနေခဲ့၏။

ကမ္ဘာ ဘာဖြစ်နေသလဲဆိုတာကို သူသိချင်နေသည်။ ချောလေးရဲ့ ဘယ်လိုတောင်းဆိုမှုမျိုးကိုပဲဖြစ်ဖြစ် သူလက်ခံဖြည့် ည်းပေးချင်နေမိ၏။

သို့သော်

သူဘယ်လောက်ပဲ လမ်းဖောက်ပေးပေး ကမ္ဘာက

ဖွင့်ဟမလာခဲ့ချေ။ သူ့ရဲ့စိတ်ဆန္ဒတွေအားလုံးကို မျိုသိပ်ကာ ထိန်းချုပ်နေတတ်ခဲ့သည်။ တစ်ယောက်တည်းကြိတ်ပြီး ခံစား တက်၏။ အဲ့ဒါကိုပဲ နေအုပ် စိတ်မကောင်းဖြစ်နေမိတာ ကမ္ဘာဆီက ရိုးသားပွင့်လင်းစွာ ရင်ဖွင့်လာမယ့်နေ့လေးတစ်နေ့ကို နေအုပ် အမြော်လင့်ကြီး မျှော်လင့်နေရသည်။

"ကမ္ဘာ"

"ဗျာ"

"မနေ့က သူငယ်ချင်းတွေလာခေါ်တယ်ဆို"

"ဟုတ်တယ် လေးလေး၊ ဘာအကြောင်းကိစ္စမှမဟုတ် ပါဘူး၊ မြရိပ်ညိုမှာ ရှိုးပွဲရှိတယ်ဆိုပြီး ကမ္ဘာကို လာခေါ်တာပါ"

"ကမ္ဘာ ဘာဖြစ်လို့ လိုက်မသွားတာလဲ၊ တစ်ချိန်လုံး စာတွေချည်းပဲဖိကျက်နေတာ၊ စိတ်လက်ပေါ့ပါးအောင်သွားပေါ့ ကမ္ဘာ၊ အရင်ကဆို ဘယ်ရှိုးပွဲပဲရှိရှိ ကမ္ဘာသွားနေတတ်တာပဲဟာ"

"ကမ္ဘာမသွားချင်တော့လို့ပါ"

"ဘာဖြစ်လို့လဲကမ္ဘာရဲ့၊ တစ်နေ့တစ်နေ့ အခန်းထဲချည်းပဲ အောင်းပြီး စာကျက်နေတာ၊ အပျင်းပြေခဏလောက် ထွက်ရော ပေါ့၊ ကမ္ဘာမှာ အသုံးစရိတ်ပြတ်နေပြီလားဟင်၊ ဒါဆို လေးလေး ကမ္ဘာအတွက် ငွေထပ်ပေးဦးမယ်လေ"

"ဟင့်အင်း လေးလေး၊ ကမ္ဘာမှာရှိပါသေးတယ်၊ ကမ္ဘာ





သွားချင်စိတ်မရှိလို့သာ မသွားတာပါ၊ ငွေမရှိလို့မဟုတ်ပါဘူး"

"ကမ္ဘာ"

"ဗျာ"

"ကမ္ဘာ ဘာဖြစ်နေတာလဲဟင်၊ လေးလေးဘာလုပ်ပေး လဲ ကမ္ဘာ၊ အခုတလော ကမ္ဘာ တစ်ခုခုဖြစ်နေသလိုပဲ၊ လေးလေး ပြောချင်တဲ့စကား တစ်ခုခုများရှိနေသလား ကမ္ဘာ"

"ဗျာ"

"ဘာအကြောင်းပဲဖြစ်ဖြစ်ပေါ့ ကမ္ဘာ၊ လေးလေးကို ပွင့်လင်းလင်းပြောပါ၊ ကမ္ဘာရဲ့ဆန္ဒမှန်သမျှ လေးလေးဖြည့်ဆည်း းဖို့ အသင့်ပါပဲ"

လေးလေးရယ်။

ကမ္ဘာ လေးလေးရဲ့ စေတနာနဲ့မေတ္တာကို နားလည်ပါ ယ်။

ကမ္ဘာငယ်ငယ်လေးကတည်းက ကမ္ဘာဘာပဲကောင်းဆို က်တောင်းဆိုလိုက် တစ်ချက်ကလေး ငြင်းပယ်ချခဲ့ခြင်းမရှိဘဲ ကုန်ဖြည့်ဆည်းပေးခဲ့တဲ့ လေးလေးချစ်ခြင်းမေတ္တာကို ကမ္ဘာအသိ းပါပဲဗျာ။

ဒါပေမယ့်

အခု ကမ္ဘာရဲ့ဆန္ဒကို လေးလေး ဘယ်လိုမှ ဖြည့်ဆည်းပေး

နိုင်မှာ မဟုတ်ဘူးလေ။ ဒါကြောင့် ကမ္ဘာ ဘာကိုမှ မတောင်း
တော့တာပါ။

ပုံအပ်ကို ကမ္ဘာ အရမ်းချစ်တယ်လေးလေး။

ကမ္ဘာ့ဘဝထဲမှာ ခေါ်ထားချင်လောက်အောင်ပဲ ပိုင်
ချင်တာပါ။

ဒါပေမယ့်

ပုံအပ်က ခြေရာပျောက်သွားပြီလေးလေးရယ်။

ကမ္ဘာ့ကို ရှောင်ပုန်းသွားပြီ။

ဘယ်လောက်ပဲ ကြိုးစားပမ်းစားနဲ့ရှာနေနေ မတွေ့ရ
ဘူးဗျာ။ အဲ့ဒီအတွက် ကမ္ဘာ ရှုံးမတတ်ဘဲ ခံစားနေရတယ်
လေးရယ်။ ပုံအပ်နဲ့ နောက်တစ်ကြိမ် ပြန်ဆုံတွေ့ဖို့ ဆုတောင်း
တယ်။

ဒီလိုအခြေအနေမျိုးကြီးမှာ ကမ္ဘာ ဘာကိုတောင်းဆိုရ
ဟင် လေးလေး။ ကမ္ဘာဖြစ်ချင်နေတဲ့ ဆန္ဒတွေကို ဘယ်လို
ပြရမလဲဗျာ။

ကမ္ဘာသိပါတယ်။

ပုံအပ်ကိုတွေ့လို့ ဒီမိန်းကလေးကို လက်ထပ်ချင်ပါတယ်
တောင်းဆိုရင် လေးလေး ဘယ်လိုနည်းနဲ့မဆို ဖြစ်အောင်လုပ်ပေး
ဆိုတာကို ကမ္ဘာသိပါတယ်ဗျာ။





ဒါပေမယ့် အခုတော့ အဲ့ဒါတွေအားလုံးက အိပ်မက်တစ်ခု
လိုပဲ ပျောက်ရှကုန်ပြီ လေးလေးရယ်။

"ကမ္ဘာ"

"ဗျာ"

"လေးလေးဆီက တောင်းဆိုချင်တာမရှိဘူးလားဟင်"

"ဟင့်အင်း လေးလေး၊ ကမ္ဘာမှာမရှိပါဘူး၊ လေးလေး
ဒိတ်မပူပါနဲ့၊ ကမ္ဘာ ဘာမှမဖြစ်ပါဘူးလေးလေး၊ ကမ္ဘာ အရင်ကလို
ခပ်ပေါ့ပေါ့မနေချင်တော့တာ တစ်ခုပဲရှိတာပါ"

"အင်းလေ ဘာပဲပြောပြော အခုမရှိဘူးဆိုရင်လဲ နောင်ရှိ
လာတော့ပြောပေါ့ ကမ္ဘာ၊ လေးလေး ကမ္ဘာ့ကို အေးအေးဆေးဆေး
အချိန်ပေးမှာပါ၊ သေချာတာကတော့ ကမ္ဘာ့ကို လေးလေးက ထာ
ဝရပျော်ရွှင်နေစေချင်တယ်ဆိုတာပါပဲ၊ ကမ္ဘာ ဝမ်းနည်းကြေကွဲနေ
တာကို လေးလေး သေလောက်အောင် အကြောက်ဆုံးပဲ ကမ္ဘာ"

လေးလေးရယ်။

လေးလေးနေအုပ်ပိုင်စိုးရဲ့ စကားလေးကြောင့် ကမ္ဘာခန္ဓာ
ကိုယ်လေး ဆတ်ခနဲလှုပ်ရှားကာ ကြက်သီးမွေးညင်းလေးတွေပါ
သီးထသွားရပါသည်။

လေးလေးရဲ့ နက်ရှိုင်းသော ချစ်ခြင်းမေတ္တာကို သိမြင်
လိုက်ရသည့်အတွက်လည်း ကမ္ဘာရင်ထဲ အတိုင်းအဆမဲ့ ဝမ်းသာ

ကြည်နူးသွားရ၏။ ကမ္ဘာ့မျက်ဝန်းလေးထဲ မျက်ရည်လေးများပင် စိမ့်တက်လာရည်။

"ကမ္ဘာ"

"ဗျာ လေးလေး"

"လေးလေး ကမ္ဘာကို အသိပေးစရာတစ်ခုရှိသေးတယ်"

"ဘာကိုလဲ လေးလေး"

"ကမ္ဘာကိုပြောခဲ့ဖူးတယ်လေ၊ လေးလေး ကောင်မလေး တစ်ယောက်ကို ပညာသင်စရိတ် ထောက်ပံ့ကူညီနေတယ်ဆိုတာ"

"ဟုတ်ကဲ့ သိပါတယ်လေးလေး"

"အဲ့ဒီကောင်မလေးက ဒီနှစ်ဆယ်တန်းကို ဘာသာ ဂုဏ်ထူးနဲ့အောင်တယ် ကမ္ဘာ"

"ဟာ တော်လိုက်တာ၊ ဒါဆို ဆေးကျောင်းဝင်မှာပဲ လေးလေးပံ့ပိုးကူညီရကျိုးနပ်တာပေါ့"

"အင်း၊ အဲ့ဒီကောင်မလေးက ဆင်းရဲပေမယ့် စာအရမ်း တော်တာလေ၊ လိုချစ်စိတ်ရှိတယ်ပဲပြောရမလား၊ သူကိုယ်တိုင်က ဖွံ့၊ ဝီရိယနဲ့ကိုကြိုးစားတာ၊ ထူးထူးချွန်ချွန်ပဲ အောင်မြင်တယ် ကမ္ဘာ"

"ပညာပါရမီဖြည့်ပေးတာ ကောင်းပါတယ်လေးလေး ကမ္ဘာလဲ ဝမ်းသာပါတယ်၊ အားလည်းပေးတယ်"





"အေးကွာ၊ လေးလေးလဲ ဝမ်းသာတာပါပဲ၊ ကိုယ်ဖြည့် ဆည်းပေးလို့ အခုလို ထူးချွန်ထက်မြက်တဲ့ ကလေးတစ်ယောက် ဖြစ်သွားလို့လေ၊ မိဘတွေစွန့်ပစ်သွားလို့ လူလောကအလယ်မှာ မျက်နှာငယ်ပြီး ရှင်သန်ဖြတ်သန်းနေရတဲ့သူဆိုတော့ လေးလေးလည်း ပိုပြီးတော့တောင် အောင်မြင်စေချင်ပါတယ်၊ ဒါမှ သူ့အနာဂတ်ကို အလှပဆုံး ဆက်ပြီးလျှောက်လှမ်းနိုင်မှာပေါ့ကွာ"

"ဒါနဲ့ အဲ့ဒီကောင်မလေးက ဘယ်မှာနေတာလဲ လေးလေ"

"သဃ်န်းကျွန်းဘက်မှာနေတာ၊ ရပ်ကွက်လေးတစ်ခု ကလေ၊ သူ့ကိုမွေးစားတဲ့အမေနဲ့ပေါ့"

"ဩ"

ဒါဆို

အခု ကမ္ဘာတို့နေတဲ့ သူဌေးရပ်ကွက်ကြီးနဲ့ သိပ်မှမဝေးပဲ။

"သူ့နာမည်က"

"ပုံအဝံ့နှင်းတဲ့ကမ္ဘာ"

"ဗျာ"

ကမ္ဘာ့မျက်လုံးကြီးတွေ ပြူးဝိုင်းသွားရသည်။

ခန္ဓာကိုယ်တစ်ခုလုံး လည်ပတ်စီးဆင်းနေသောသွေးများ ခေတ္တရပ်တန့်သွားသလို ခံစားလိုက်ရ၏။

ပုံအပ်နှင်းတဲ့။

ပုံအပ်။

ပုံအပ်များလား။

သူမမောနိုင် မပမ်းနိုင် လိုက်ရှာနေမိတဲ့ ပုံအပ်မှုးလား။

"ကမ္ဘာ"

"ဗျာ"

"စာကျက်ရင်ကျက်တော့လေ၊ လေးလေး မနှောင့်ယှက်တော့ဘူး၊ ဒီနေ့ ပုံအပ်ကို စာမေးပွဲအောင်လို့ ဂုဏ်ပြုတဲ့အနေနဲ့ တစ်ခုခု လက်ဆောင်လိုက်ဝယ်ပေးမယ်လို့ ကတိပေးထားလို့ အဲဒါ လေးလေးသွားလိုက်ဦးမယ်နော်"

လေးလေးမျက်နှာမှာ အပျော်ရိပ်တွေနဲ့ ရွှင်လန်းတက်ကြွလို့။ ကမ္ဘာ လေးလေးမျက်နှာကို တအံ့တဩမော့ကြည့်ပြီး အံ့ဩမှင်သက်နေမိသည်။

လေးလေးက နားလည်စွာအပြုံးလေးနှင့် သူ့ကို ခေါင်းတစ်ချက်ညိတ်ပြကာ အခန်းလေးထဲကနေ ပြန်ထွက်သွားဖို့ တံခါးဝဆီလျှောက်သွား၏။

"လေးလေး"

သူ့ခေါ်သံစူးစူးကြောင့် တံခါးဝသို့အရောက် ခြေလှမ်းတွေကိုရပ်ကာ သူ့ဘက်ပြန်လှည့်စောင်းကြည့်သည်။





ကမ္ဘာ

ခေါ်ပြီးတော့မှ ဘာပြောလို့ပြောရမှန်းမသိအောင် ဆွံ့အနေရ၏။

"ပြောလေ ကမ္ဘာ၊ လေးလေးကို ဘာပြောချင်လို့လဲ"

"ဟို ဟို လေးလေးဘယ်ကိုသွားမလို့လဲဟင်"

"ဘာလဲ ကမ္ဘာ လေးလေးကို မှာစရာရှိလို့လား"

"ဟို ဟိုလေ"

"လေးလေး စူပါဝမ်းကုန်တိုက်ရောက်မယ်ကမ္ဘာ၊ ကမ္ဘာ ဘာလိုချင်လဲ၊ လိုတာရှိရင်မှာလိုက်လေ၊ လေးလေးဝယ်ခဲ့မယ်"

"အော် ဟင်အင်း မမှာတော့ဘူးလေးလေး၊ လေးလေးသွားလိုက်တော့"

အူတူတူအဖြေကြောင့် နေအုပ်ပြုံးမိ၏။

ဒီကောင်လေး

အခုတလော ပြောင်းလဲနေသည့်အထဲတွင် ဒီကနေ့ ပြောင်းလဲမှုသည် ကလေးအဆန်ဆုံးနှင့် ကြောင်အအနိုင်ဆုံးပဲဖြစ်သည်။

"လေးလေး သွားမယ်နော် ကမ္ဘာ"

"အော် ဟုတ်"

ကမ္ဘာ့ကိုနှုတ်ဆက်ပြီး အခန်းတံခါးချပ်လေးကို ပြန်ဆွဲပိတ်ကာ နေအုပ်တစ်ယောက် ထွက်လာခဲ့မိသည်။

အပြင်ရောက်တော့မှ

သက်ပြင်းငွေ့ငွေ့လေးကိုသာ နေအုပ်ချလိုက်မိတော့၏။

* * *



# အခန်း (၂၃)

မဟုတ်ပါစေနဲ့။

ပုံအပ်မဟုတ်ပါစေနဲ့ဘုရား။

ကမ္ဘာ…

ကားလေးထဲမှာထိုင်ရင်း တစ်ယောက်တည်းကြိတ်ကာ ဆုတောင်းနေမိသည်။ ရုပါဝမ်းကုန်တိုက်ကြီးရဲ့ ကားရပ်နားသော ကွင်းလေးထဲတွင် သူ ကားလေးကိုထိုးရပ်ကာ မလှမ်းမကမ်းတွင် ရပ်ထားသော လေးလေးရဲ့ ကားလေးဆီ မမိုတ်မသုန် စိုက်ကြည့်ပြီး တိတ်တဆိတ်လေး ဆုတောင်းနေမိသည်။

ပုံအပ်နှင်းဆိုတဲ့ နာမည်လေးကို ကြားလိုက်ရပြီးနောက်ပိုင်း သူ့စိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားနေရ၏။ သူ့ရင်ခုန်သံတွေ တဒိန်းဒိန်းမြည်ဟီးနေရသည်။ ခန္ဓာကိုယ်အတွင်းရှိ သွေးများ ပွက်ပွက်ဆူကာ ပေါက်ထွက်မတတ်ပင် ဖြစ်နေရတော့၏။

လေးလေးရဲ့ကားလေးက ကားပါကင်တွင် တိတိရိရိလေး ရပ်ထားသည်။ ကမ္ဘာ ကားပေါ်ကမဆင်းဘဲ ထိုကားလေးဆီသို့သာ စိုက်ကြည့်နေမိ၏။ တစ်ချက်တစ်ချက် သူ့မျက်ဝန်းအကြည့်က ကုန်တိုက်ကြီးရဲ့ ထွက်ပေါက်တံခါးဝလေးဆီ ရောက်ရောက်သွားရသည်။

ထွက်လာကြမှာပါ။

လေးလေးနဲ့ ပုံအပ်နှင်းဆိုတဲ့ ကောင်မလေးတို့ ဒီထွက်ပေါက်ကနေပဲ အသေအချာထွက်လာကြမှာပါ။

သူ…

အချိန်တွေဘယ်လောက်ကြာလို့ ကြာသွားမှန်းမသိအောင်ပဲ စောင့်နေမိသည်။ သူ့အာရုံတွေအားလုံး ထွက်ပေါက်တံခါးဝဆီသို့သာ ပို့ထားမိ၏။

လေးလေးက သေသေချာချာပြောသွားတာပဲလေ။

ရှုပါဝမ်းကုန်တိုက်ကို သွားမှာတဲ့။

ကောင်မလေး ဆယ်တန်းကို ဂုဏ်ထူးတွေနဲ့အောင်လို့ ဂုဏ်ပြုတဲ့အနေနဲ့ လက်ဆောင်ပစ္စည်းဝယ်ပေးမလို့တဲ့လေ။

သူ့ကိုပြောသွားတဲ့ လေးလေးရဲ့စကားတွေက သူ့နားထဲတွင် ပဲ့တင်ထပ်လျက်ရှိနေ၏။ လေးလေးကားရပ်ရာနေရာသို့ လိုက်ရှာပြီး သူ့ကားကို ခပ်လှမ်းလှမ်းတွင် ထိုးရပ်ထားလိုက်သည်။

ကမ္ဘာ စောင့်နေမိသည်။





လေးလေးက ကမ္ဘာ့ကားကိုမြင်လျှင် ရိပ်မိသွားမှာစိုးသဖြင့် သူငယ်ချင်းတစ်ယောက်ရဲ့ကားနှင့် လဲစီးကာ ကမ္ဘာ စောင့်ကြည့်နေမိ၏။ ဒါဆို သူအခုလိုစောင့်ကြည့်နေတာကို လေးလေး ဘယ်လိုမှ ရိပ်မိနိုင်တော့မှာ မဟုတ်ဘူးလေ။

ကမ္ဘာ စိုးရိမ်နေမိသည်။

ရင်တွေပူလောင်နေမိ၏။ ပုံအပ်နှင်းဆိုတဲ့ လေးလေးရဲ့ ကောင်မလေးက သူသိပ်ချစ်နေမိတဲ့ ပုံအပ်ဖြစ်နေမှာ သူ့စိတ်တွေ ဘုန်လှုပ်ချောက်ချားနေရသည်။

လေးလေးတစ်ယောက် အရင်လိုမဟုတ်ဘဲ တစ်မျိုးလေး သန့်ဆန့်ကြည်လင်နေသည်။ ပြောရမည်ဆိုလျှင် သူ ပညာသင် ရိတ် ထောက်ပံ့နေပြီးနောက် ပို၍ပင် ထူးခြားလာ၏။

လူ့ဖိုကြီးရဲ့ဘဝထဲကို အိုအေစစ်လေးရောက်လာလို့ သန်းသလိုမျိုး ဖြစ်နေသည်။ အစပိုင်းကတော့ ကမ္ဘာ ဘာမှမပြော ပါ။ လေးလေးလည်း သူ့ကို ပြုစုစောင့်ရှောက်နေရတာနှင့် အခုလို ပေါ့ပါးလွတ်လပ်မှုမျိုးမရဘဲ အထီးကျန်အဖော်မဲ့ကာ ရှိနေရတာမို့ လေးလေးကြည်နူးဝမ်းသာနေမှုကို ကမ္ဘာ မသိချင်ဟန်ပဲဆောင် နေလိုက်သည်။

လေးလေးကိုလည်း လူ့လောကအလယ်မှာ အဓိပ္ပာယ်ရှိရှိ ရပ်တည်တာမျိုးလည်း ကမ္ဘာ မြင်ချင်ပါ၏။ ဒါကြောင့် ကောင်မလေးနဲ့ ပတ်သက်သည့် ဘယ်လိုအရေးကိစ္စမျိုးကိုပဲဖြစ်ဖြစ်

လေးလေး အားတက်သရော ဆောင်ရွက်နေတတ်ခြင်းအပေါ် နားလည်မှုအပြည့်နှင့် သူထားခဲ့သည်။

ခုတော့...

သူ့ရင်တွေ တငွေ့ငွေ့ပူလောင်နေရ၏။

ပုံအပ်နှင်းဆိုတဲ့ နာမည်တစ်ခုကြောင့် သွေးပျက်မတတ်ပင် ချောက်ချားနေရသည်။

လေးလေး သံယောဇဉ်တွယ်နေတဲ့ မိန်းကလေးမဟုတ်လား။

ကမ္ဘာ ပိုလို့တောင် စိုးရိမ်မိနေရတာ. .ပါ။

ဒါကြောင့်...

ကမ္ဘာ ဆုတောင်းနေ~သည်။

သူသိပ်ချစ်မိတဲ့ ပုံအပ် မဖြစ်ပါစေနဲ့လို့လေ။

စာစောင်လိုက်ပို့နေကဲ့ ကောင်မလေးမဟုတ်ပါစေနဲ့ဟု ကမ္ဘာ ဘုရားအဆူဆူကို တိုင်တည်နေမိသည်။ ထိုစဉ် ထွက်ပေါက်မှ စုံတွဲလေးတစ်တွဲ ထွက်လာ၏။

ဟင်။

ကမ္ဘာ ပါးစပ်ကြီး အဟောင်းသားဖြစ်သွားရသည်။

ထွက်ပေါက်တံခါးလေးကမှတစ်ဆင့် အပြင်သို့ ပြုံးရွှင်စွာ ထွက်လာကြသော လက်ချင်းချိတ်လျက် စုံတွဲလေးတစ်တွဲကို တွေ့မြင်လိုက်ရသည့်နောက် ကမ္ဘာမျက်လုံးထဲ နွေခေါင်ခေါင်ကြီး





ျပ်ရောင် ဖျတ်ခနဲ လင်းလက်သွားသလိုပင် ခံစားလိုက်ရသည်။

ပုံအပ်။

ပုံအပ်ရယ်လေ။

လေးလေးရဲ့လက်မောင်းလေးကို တွယ်ဖက်လျက် ာက်တစ်ဖက်မှာလည်း ဝယ်လာသောအထုပ်အပိုးတွေကိုဆွဲလို့ ြုံးရွှင်ရယ်မောပြီး နှစ်ယောက်သား စကားတွေပြောပြီး ထွက်လာနေ ၏။

ကမ္ဘာ...

မြင်ကွင်းလေးကို အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း၊ ကြေကွဲ ခံ်းနည်းခြင်းများစွာနှင့် ငေးမောကြည့်နေမိသည်။

သူ့ဆုတောင်းတွေ မပြည့်ဝခဲ့ပါချေ။

သူမမြင်တွေ့ချင်ဆုံး မြင်ကွင်းလေးကိုမှ မျက်ဝန်းထင်ထင် ြင်တွေ့နေရသည့်အဖြစ်ပါပဲ။ ကမ္ဘာရင်တွေ တဆတ်ဆတ်တုန်ယင် ာရ၏။

ပုံအပ်။

ပုံအပ်ရယ်။

ကမ္ဘာလေ...

မင်းကို နောက်တစ်ကြိမ် ဆုံတွေ့ချင်လွန်းလို့ ကံကြမ္မာကို နေ့စဉ်နေ့တိုင်း ဖန်တီးပေးပါလို့ တောင်းဆိုနေမိတာပါ။

ဒါကြောင့်...

ကမ္ဘာဆန္ဒအတိုင်း ကံကြမ္မာက ပြန်ဆုံခွင့်ပြုလိုက်ပြီလေ။

ဆုတောင်းခဲ့မိတဲ့အတိုင်း နောက်တစ်ကြိမ် ဆုံခဲ့ရတယ် ပုံအပ်ရယ်။

ဒါပေမယ့်

အခုလိုဆုံတွေ့ရပြန်တော့လည်း ကမ္ဘာလေ ကမ္ဘာ ဘယ်လိုမှ မခံစားနိုင်ပြန်ဘူး ပုံအပ်ရာ။ ကမ္ဘာလေ ကမ္ဘာ။

ကမ္ဘာ ဆက်မတွေးရဲတော့ပါ။

ဘာကိုမှဆက်ပြီး မကြည့်ရဲတော့ပါ။

ကားစတီယာရင်လေးပေါ် မျက်နှာလေးမှောက်ချကာ ကြေကွဲဝမ်းနည်းစွာပင် ငိုချလိုက်မိပါတော့သည်။

ဘာလုပ်ရတော့မလဲ။

ကမ္ဘာ ဘာတွေဆက်ပြီးလုပ်ရတော့မလဲ။

မသိတော့ပါ။

ကမ္ဘာ မစဉ်းစားတတ်တော့ပါချေ။

လေးလေး...

ကျေးဇူးရှင်လေးလေးရဲ့ ချစ်ခြင်းမေတ္တာတွေ။

မိဘနှစ်ပါးလုံး ဆုံးသွားပြီးနောက် လူမမယ်အရွယ်လေးနဲ့ ကျန်နေရစ်ခဲ့တဲ့ ကမ္ဘာ့ကို သားအရင်းနှင့်မခြား ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့တဲ့ လေးလေးရဲ့ကျေးဇူးတွေ ကမ္ဘာ ဘယ်လိုမှမေ့လို့ မရ။





ကမ္ဘာ ဘယ်လောက်ပဲဆိုးဆိုး ဒဏ်ခံပြီး အပြုံးလေးနဲ့ င့်လွှတ်တတ်တဲ့ လေးလေးရဲ့ ချစ်ခြင်းမေတ္တာတွေ။ အလိုလိုက် ကြိုက်ဆောင်ပေးခဲ့တာတွေ။ တွေးမိတိုင်း ကမ္ဘာ့ရင်ထဲ ကျင်စက်နဲ့ တို့ခံရသလိုပင် ခံစားနေရသည်။

ဟာကွာ...

ဆိုးဝါးလိုက်တာ။

ဒီလိုကံကြမ္မာဆိုးကြီးကိုမှ ကမ္ဘာတို့တူဝရီးဆီကို ရောက် အောင် ပို့ဆောင်ခဲ့ရသတဲ့လားဗျာ။

လေးလေးရယ်။

ကမ္ဘာ့ကို လေးလေးက ဘာကိုပဲဖြစ်ဖြစ် တောင်းဆိုဖို့ပြော ာယ်နော်။

ဒါပေမယ့်...

ကမ္ဘာ ဘယ်လိုမှ မတောင်းဆိုရက်လောက်အောင်ပဲ ်နေခဲ့ရပြီဗျာ။

ကမ္ဘာ့ရဲ့ အဖြစ်ချင်ဆုံးဆန္ဒတွေကို မပြောပြရက်လောက် အောင်ပဲ ကမ္ဘာ ဖြစ်နေရပြီလေးလေးရယ်။ ကမ္ဘာ ပျော်ရွှင်မှုကို းလေးရဲ့ ကြေကွဲဝမ်းနည်းနေရမှုတွေနဲ့ တကယ်ပဲ လဲမယူရက် ောက်အောင်ပဲ ဖြစ်နေရတယ်ဗျာ။

ပုံအပ်တစ်ယောက်မှာလည်း ဦးနေအုပ် ဝယ်ပေးသော က်ဆောင်ပစ္စည်းများကိုကြည့်ပြီး အားနာလို့မဆုံးတော့။ ပုံအပ်

ဘယ်လောက်ပဲ တားဆီးနေနေ ဦးနေအုပ်က ဖွတ်အတင်းပင် ဝယ်ပေးခဲ့သည်။

ဈေးကြီးသည့် အဝတ်အစားအကောင်းစားတွေချည်းပဲလေ။ ပုံအပ် ဆေးတက္ကသိုလ်တက်ရင် ဝတ်ဖို့တဲ့။ ဆေးတက္ကသိုလ်ကို လျှောက်လို့ရမှာမို့ တက်ကိုတက်ရမှာ ဝယ်ထားမှတဲ့လေ။

အဲဒါ...

ပုံအပ်ရဲ့ကြိုးစားမှုအတွက် ဂုဏ်ပြုတာတဲ့။

ပုံအပ် ဘယ်လိုမှ ငြင်းဆန်လို့မရခဲ့ချေ။ ဦးနေအုပ်ရဲ့ စေတနာမေတ္တာကတော့ ပုံအပ်အပေါ်မှာ ကြီးမားလွန်းလှပါသည်။ ဦးနေအုပ်ရဲ့ ကျေးဇူးတွေကြောင့်လည်း သူမ အခုလို ဂုဏ်ထူးတွေ တသီကြီးနှင့် အမြင့်ဆုံးအောင်မြင်မှု ရခဲ့တာပဲဖြစ်၏။

အခုဆို...

ပုံအပ်ရဲ့အောင်မြင်မှု ဂုဏ်သတင်းရော၊ ဦးနေအုပ်၏ စေတနာအကြောင်းကပါ သတင်းတွေ ပျံ့နှံ့နေခဲ့သည်။ အစပိုင်းက ဦးနေအုပ်ကို တစ်မျိုးထင်မြင်ယူဆကြသော်လည်း အနေအထိုင်၊ အသွားအလာကအစ တည်ကြည်လွန်းသော ဦးနေအုပ်ကြောင့် ကဲ့ရဲ့စကားသံတွေအားလုံး တိတ်ဆိတ်သွားကုန်ကြ၏။

အခုဆိုလျှင်...

ဦးနေအုပ်က သူမတို့မိသားစုဝင်လေး တစ်ယောက်လိုပင် ဖြစ်နေတော့သည်။





"ပုံအပ်"

"ရှင်"

"ရော့...ဒါက ပုံအပ်အတွက် အထူးလက်ဆောင်"

ကတ္တီပါဗူး အနက်ရောင်ပြာပြာလေးက ပုံအပ်ဆီ ရောက်လာ၏။ ပုံအပ် မျက်လုံးပြူးရပြန်ပါပြီ။ ဦးနေအုပ်ပေးတဲ့ ဂုဏ်ပြုလက်ဆောင်တွေက အခုချိန်ထိ မပြီးစီးနိုင်သေးပါချေ။

"ဘာ...ဘာကြီးလဲ ဦးနေအုပ်"

"ဖွင့်ကြည့်လေ ပုံအပ်၊ မင်းအတွက်ရည်ရွယ်ပြီး ဝယ်လာတာ"

ဟင်။

သူမအတွက် ရည်ရွယ်ပြီးဝယ်လာတာတဲ့။

ဘာတွေများလဲ။

ဖွင့်ကြည့်လေ။

ဦးနေအုပ်က ကတ္တီပါအနက်ရောင်ဗူးလေးကို ဖွင့်ခိုင်းနေသည်။

ပုံအပ်လက်တွေ ဖွင့်ကြည့်ဖို့ အင်အားတွေကင်းမဲ့ကာ တဆတ်ဆတ်တုန်ယင်နေရ၏။

"ဖွင့်လေကွာ"

ဦးနေအုပ်က ဖွတ်အတင်းပဲ စေခိုင်းနေပြန်သည်။

ပုံအပ်...

အားလေးတင်းကာ ဦးနေအုပ်စေနိုင်းသည့်အတိုင်း ကတ္တီပါဗူးနက်လေးအား ဖွင့်လိုက်၏။

အို…။

ပုံအပ် မျက်ဝန်းလေးတွေထဲ နေခြင်းကြောင်တောင်ကြီး ငွေကြယ်ပွင့်အချို့ ဖြတ်ခနဲကြွေဆင်းလာသလိုပင် မြင်တွေ့လိုက်ရသည်။ စိန်စီထားသော လော့ကက်လေးပါသည့် ပလဲတီနမ်ဆွဲကြိုးလေးတစ်ကုံး။

ဘုရား…ဘုရား။

ဒါ…

ပုံအပ်အတွက်ဆိုပါလား။

"ကြိုက်ရဲ့လားဟင် ပုံအပ်"

"ဟင့်…ဟင့်အင်း"

ပုံအပ် ကတ္တီပါဗူးလေးကိုပိတ်ပြီး ခေါင်းလေးကို သွက်နေအောင်ပင် ခါယမ်းပစ်လိုက်မိသည်။

"ဘာဖြစ်လို့လဲ ပုံအပ်၊ ပုံစံမကြိုက်လို့လား"

"ဟင့်အင်း…ဦးနေအုပ်၊ ပုံ…ပုံအပ် အဲဒီလောက်တန်ဖိုးကြီးတာကြီး မလိုချင်ဘူး၊ ပုံအပ် မယူပါရစေနဲ့နော်၊ ပုံအပ်အတွက် မလိုအပ်လို့ပါ"

"ပုံအပ် ဒါ မင်းအတွက်ဝယ်လာတာကွ"

"ဟင့်အင်း ဦးနေအုပ်၊ ပုံအပ် လက်မခံနိုင်ပါဘူး





ဦးနေအုပ်ပဲ ပြန်သိမ်းထားလိုက်ပါ"

စိန်တွေက ခဲရောင်ထပြီး ဖျပ်ဖျပ်လက်နေ၏။

ဒါ…

ပိုက်ဆံတွေအများကြီး ပေးရမှာပဲ။

ပုံအပ် လက်မခံချင်ပါဘူး။

ပုံအပ်အတွက် အခုလို ပညာသင်စရိတ် ထောက်ပံ့ပေးနေတာပင် များလွန်းနေပါပြီ။ ဒီလိုတန်ဖိုးကြီးတဲ့ လက်ဆောင်မျိုး ပုံအပ် မလိုချင်တော့ဘူး။

"ဘာဖြစ်လို့လဲ ပုံအပ်ရဲ့၊ မင်းဘာသာစုံဂုဏ်ထူးနဲ့အောင်လို့ ဂုဏ်ပြုတာပဲဟာ"

"ဟင့်အင်း ပုံအပ် လက်မခံနိုင်ဘူး၊ ပုံအပ်အတွက် ဒါတွေ မှမလိုအပ်တာ၊ ပြီးတော့ ဒီဆွဲကြိုးရဲ့တန်ဖိုးကလည်း နည်းမှာမဟုတ်ဘူး၊ ပုံအပ်နဲ့ မတန်ပါဘူး ဦးနေအုပ်ရယ်၊ ဦးနေအုပ်ပဲ ပြန်သိမ်းသွားပါနော်"

ပုံအပ်အကြောက်အကန်ပင် ငြင်းဆန်လိုက်မိသည်။ ပုံအပ်ကိုကြည့်ပြီး ဦးနေအုပ်ရဲ့ မျက်ခုံးထူတန်းတန်းကြီးတွေက တွန့်ကြုတ်နေ၏။ စိတ်မကောင်းဖြစ်နေဟန်လည်းရှိသည်။

သို့သော်…

ပုံအပ် မတတ်နိုင်ပါ။

ဒီပစ္စည်းကိုလက်ခံဖို့ သူမ ဘယ်လိုမှစိတ်ကူးမရှိပါ။

"မင်းနဲ့မတန်ဘူးလို့ ဘာကြောင့်ပြောရတာလဲ ပုံအပ်၊ မင်းက ကိုယ်မှန်းထားတာထက်ကို ပိုတော်နေတဲ့ မိန်းကလေးတစ်ယောက်ပါ၊ မင်းရဲ့ထက်မြက်မှုဟာ ဘယ်လိုအရာမျိုးနဲ့မှ မနှိုင်းယှဉ်နိုင်တဲ့ အဖိုးတန်ရတနာပါပဲ"

"အဲ့ဒီရတနာကို ဦးနေအုပ်က ပုံအပ်ဘဝတစ်သက်တာလုံး ဆင်မြန်းပေးပြီးပြီလေ၊ ဒါကြောင့် ဒီပစ္စည်းလေးကို ဦးနေအုပ်ပဲ ပြန်သိမ်းပေးထားပါနော်၊ ဦးနေအုပ်"

ပုံအပ်ရယ်။

နေအုပ် သူ့စကားနှင့်သူ မိသွားသဖြင့် ဘာမှမတတ်နိုင်တော့ဘဲ လက်လျှော့လိုက်ရတော့၏။

ပြီးနောက်...

ကားလေးကို ပါကင်ကနေ မောင်းထွက်လိုက်မိတော့သည်။

* * *



# အခန်း (၂၂)

"ဟင်...မင်း...မင်း"

"ကမ္ဘာ"

တိုက်ကြီးထဲသို့ ကမ္ဘာဝင်လာပြီး ဧည့်ခန်းကျယ်ကြီးရှေ့မှ ဖြတ်အလျှောက် ဧည့်ခန်းထဲတွင်ထိုင်နေသော ပုံအပ်ကို တွေ့လိုက်ရသဖြင့် ကမ္ဘာ ဝမ်းသာသွားရသည်။

သို့သော်...

နေ့လယ်ပိုင်းက တွေ့မြင်ခဲ့ရသော မြင်ကွင်းကြောင့် ပုံအပ် ဒီတိုက်ကြီးထဲ ဘယ်လိုအကြောင်းနှင့် ရောက်နေရသလဲဆိုတာကို စဉ်းစားမိကာ ကမ္ဘာ အံ့ဩမနေမိတော့ချေ။

ပုံအပ်က လေးလေးရဲ့အထူးဧည့်သည်ပဲလေ။

လေးလေးခေါ်လာတာ ထူးမှမထူးဆန်းတာ။

"ကမ္ဘာ"

"ဟုတ်တယ် ကမ္ဘာပဲလေပုံအပ်၊ ဘာလဲ မမှတ်မိတော့ဘူးလား"

"မှတ်မိတာပေါ့ ကမ္ဘာ၊ ဦးနေအုပ် ဒီခြံထဲကို ကားမောင်းဝင်လိုက်တော့ ပုံအပ် အရမ်းကိုအံ့သြနေတာ၊ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာတို့ခြံကြီးဖြစ်နေလို့လေ၊ ပုံအပ် စာဆောင်ပို့နေကျခြံပဲဆိုတဲ့အသံနဲ့ ဦးနေအုပ်ကိုတောင် ပြောပြနေမိတယ်"

"ဟင်…မင်း…မင်း လေးလေးကိုပြောလိုက်တယ်ဟုတ်လား ပုံအပ်"

ကမ္ဘာမေးသံက ထိတ်ထိတ်ပြာပြာ ရှိလှသည်။

"ဟုတ်တယ်လေ ကမ္ဘာ၊ ဘာဖြစ်လို့လဲ"

"ဟာ…မှာ်ကွာ မင်းဘာကြောင့် သွားပြောရတာလဲပုံအပ်၊ ကမ္ဘာနဲ့သိနေတယ်ဆိုတဲ့အကြောင်းကို ဘာကြောင့် လေးလေးကို သွားပြောလိုက်ရတာလဲ၊ ဟာကွာ သွားပါပြီ"

"ရှင်"

ကမ္ဘာစကားကို ပုံအပ် နားမလည်ပါ။

ပုံအပ်က သိနေတယ်ပြောတဲ့ဟာကို ဘယ်လိုကြောင့် မသိဟန်ဆောင်ပြီး နေရမှာလဲ။ ကမ္ဘာကရော ဘာတွေကို ဒီလောက်ထိ စိုးရွံ့ထိတ်လန့်နေရတာလဲ။ ကမ္ဘာ နားမလည်နိုင်။

"ကမ္ဘာ"





"ရှင်"

"လေးလေးကို ဘယ်အတိုင်းအတာအထိ ပြောပြီးပြီလဲဟင်"

"ရှင်"

"ကမ္ဘာ မင်းကိုချစ်ခွင့်တောင်းဖူးတယ်ဆိုတာရော ပြောလိုက်သေးလားဟင် ပုံအပ်"

အို။

ကမ္ဘာ့အမေးကြောင့် ပုံအပ် ရှက်သွေးလေးဖြာကာ မျက်နှာနုနုလေးထက် ပန်းသွေးရောင်လေး ရဲစိုသွားရတော့သည်။

"ဖြေလေ ပုံအပ်"

"ပုံအပ်…ပုံအပ်မပြောပါဘူး"

"ဒါပေမယ့် လေးလေးကတော့ ရိပ်မိသွားမှာပါပဲ"

"ဘာရယ် ကမ္ဘာ"

"လေးလေးရော ပုံအပ်"

"မီးဖိုခန်းဘက်မှာ"

"မီးဖိုခန်း ဟုတ်လား"

"ဟုတ်တယ် ကမ္ဘာ၊ ညစာစားဖို့ အလုပ်သမားတွေကိုပြင်ဆင်ခိုင်းနေတယ်ထင်တယ်၊ ထွက်မလာသေးဘူး၊ ပုံအပ် ဝိုင်းကူပေးမယ်ဆိုတာတောင် လက်မခံဘဲ သူကိုယ်တိုင်သွားဦးစီးနေတာ"

ကမ္ဘာ

အနည်းငယ် မှင်သက်စွာပင် ငြိမ်သက်နေမိသည်။ လေးလေးက ကမ္ဘာဆိုတဲ့သူနဲ့ ပုံအပ်ကို ဆက်စပ်မိသွားပြီလေ။ ကမ္ဘာက ပုံအပ်နဲ့ပတ်သက်တဲ့ အကြောင်းတွေ လေးလေးကို အသိ ပေးပြောထားမိတာဆိုတော့ အခုလောက်ဆိုလျှင် ပုံအပ်ဆိုတာ ကမ္ဘာ သိပ်ချစ်နေတဲ့ ကောင်မလေးပါလားဆိုတဲ့ အသိက လေးလေးစိတ် ထဲ ဝင်သွားလောက်ချေပြီ။

လေးလေးရယ်။

အရမ်းခံစားသွားရမှာပဲနော်။

အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်းကြီးစွာနဲ့ လေးလေး အရမ်း ကိုပဲ စိတ်ထိခိုက်သွားမှာပဲဗျာ။

ကမ္ဘာ ဘယ်လိုလုပ်ရမလဲ။

ကျေးဇူးရှင်လေးလေးရဲ့ ပျော်ရွှင်ကြည်နူးမှုတွေ။

ကမ္ဘာ ဘယ်လိုပြန်ရှာဖွေပေးရပါ့မလဲ။

"ကမ္ဘာ"

"ဟင်"

"ရှင်ဘာဖြစ်နေတာလဲ ကမ္ဘာ"

ကိုယ်…

စိတ်တွေတအားရှုပ်ထွေးနေတာလေ ပုံအပ်။





မင်းကို ဘဝတစ်သက်တာလုံး စွန့်လွှတ်ရတော့မှာပါလား ဆိုတဲ့ အသိကြောင့် ရူးမတတ်ခံစားနေရတာပါ ပုံအပ်ရယ်။ ဒါပေမယ့် ကမ္ဘာ ဖြေသိမ့်နိုင်ပါတယ်။ ကျေးဇူးရှင်လေးလေး အတွက် နောက်ဆုတ်ပေးရမှာဖြစ်တဲ့အတွက် ကမ္ဘာကျေနပ်ပါတယ် ပုံအပ်ရယ်။

ဘာဖြစ်လို့လဲဆိုတော့…

ပုံအပ်က အပြစ်မရှိတဲ့သူပဲလေ။ ကမ္ဘာက တစ်ဖက်သတ် ချစ်ခဲ့ရပေမယ့် ပုံအပ်က ကမ္ဘာကိုမှ ရွေးချယ်ခဲ့ခြင်းမရှိတာ။ လေးလေးကိုမှ ရွေးချယ်ခဲ့တဲ့အတွက် ကမ္ဘာက အသိတရားကြီးကြီး နဲ့ နောက်ဆုတ်ပေးရတော့မှာပေါ့။ ဒါဟာ ပုံအပ်ရဲ့အမှားမဟုတ်ပါ ဘူး။ ပုံအပ်နဲ့လေးလေးက အမှန်တရားဘက်မှာ ရပ်နေကြတဲ့သူတွေ ပါ။ မှားနေတာက ကမ္ဘာပါပဲ။

"ကမ္ဘာ"

"….."

သူမထူးမိဘဲ ပုံအပ်မျက်နှာလှလှလေးဆီမှာ အံ့သြရိပ်လေး တွေ စွန်းထင်းလို့။

"ပုံအပ်"

"ပြောလေ ကမ္ဘာ"

"ကိုယ့်ကိုခွင့်လွှတ်ပါ"

"ရှင်"

"အရင်က အပြုအမူတွေအားလုံးကိုပေါ့"

ပုံအပ် ငြိမ်သက်နေမိသည်။

ကမ္ဘာအသွင်လေးက အရင်ကလို တဖွတ်ထိုး ရှုးရှုးမိုက်မိုက်ပုံစံလေးမဟုတ်ဘဲ လေးနက်တည်ကြည်နေခဲ့သည်။

"မေ့လိုက်ပါ"

"ရှင်"

"အရင်က ကိုယ်ပြောခဲ့ဖူးတဲ့ စကားတွေအားလုံးကို မေ့ပစ်လိုက်ပြီး မပြောခဲ့ဖူးဘူးလို့ပဲ မှတ်လိုက်ပါ"

"ဘယ်လို ကမ္ဘာ၊ ရှင်ဘာပြောလိုက်တာလဲ"

"ဘာပဲပြောပြော လေးလေးက စိတ်ကောင်းရှိတဲ့လူ တစ်ယောက်ပါပဲ ပုံအပ်"

"ရှင်"

လာပြန်ပြီတစ်ယောက်။

ဦးနေအုပ်ကလည်း သူ့တူလေးကမ္ဘာက တဖွတ်ထိုးဆန်ပေမယ့် စိတ်သဘောထား ဖြူစင်ရိုးသားတဲ့ ကောင်လေးတစ်ယောက်ပါတဲ့။ တူဝရီးနှစ်ယောက်စလုံးရဲ့ စကားကတော့ တကာယ်ကိုတစ်ထပ်တည်းပင်။

လေးလေးက…





ကမ္ဘာ့အကြောင်းတွေကို ပြောပြခဲ့သည်။

ပုံအပ်ဆိုတဲ့ကောင်မလေးကို သိပ်ချစ်တာတဲ့။

အဲဒီ…

အချစ်တွေကြောင့်လည်း ကမ္ဘာ အရမ်းကိုပြောင်းလဲသွားတယ်တဲ့လေ။ အရင်ကလိုလည်း အပျော်အပါးတွေ လိုက်စားခြင်းမရှိဘူးတဲ့။ ဦးနေအုပ်ရဲ့ လုပ်ငန်းတွေကိုလည်း ဝိုင်းကူလာသတဲ့လေ။

ဒါကြောင့်…

ပုံအပ်တက်က ကမ္ဘာ့ကိုခွင့်လွှတ်ပြီး နားလည်ပေးလိုက်ပါတဲ့။ ကမ္ဘာ အခုတလော ကားတစ်စီးနဲ့ လျှောက်ပတ်ပြီး အချိန်ရင်ရသလောက် ပုံအပ်ဆိုတဲ့ကောင်မလေးကို တွေ့အောင်လိုက်ရှာနေတာမို့ ပုံအပ်က ကမ္ဘာ့ကို ကျေးဇူးပြုပြီး အဆင်ပြေအောင်ဆက်ဆံပေးဖို့ တောင်းဆိုသွားသည်။

ဦးနေအုပ်ရဲ့ စကားလေးကြောင့် ပုံအပ်ရင်ထဲမှာ ကမ္ဘာနဲ့ပတ်သက်တဲ့ ဟိုအရင်က အငွေ့အသက်လေးတွေ ပြန်ပြီးသက်ဝင်လှုပ်ရှားလာခဲ့ရ၏။ ရင်ခုန်သံလေးတွေ တထိတ်ထိတ်မြည်နေရသည့်အထိ စိတ်တွေမငြိမ်သက်တော့ပါ။

ဒါကို…

ကမ္ဘာက မေ့လိုက်ပါတော့တဲ့။

ဘာမှမပြောခဲ့ဘူးလို့ပဲ မှတ်လိုက်ပါတဲ့။

ရမလားကမ္ဘာ။

အဲသလို အလွယ်တကူပဲ လုပ်ချင်သလိုလုပ်လို့ ရသတဲ့လားဟင်။

ဟင့်အင်း ကမ္ဘာ။

ပုံအပ်မလုပ်နိုင်ဘူး။

ရှင့်အမိန့်အတိုင်း မလိုက်နာနိုင်တော့ဘူး ကမ္ဘာ။

ချစ်တယ်။

ပုံအပ် ကမ္ဘာ့ကိုသိပ်ချစ်တယ်။

ပညာရေးကို အဓိကထားနေရတဲ့ အချိန်မို့ ပုံအပ်စိတ်တွေကို အတတ်နိုင်ဆုံး ထိန်းချုပ်ထားရပေမယ့် ပုံအပ်ရဲ့မသိစိတ်တွေထဲမှာတော့ ကမ္ဘာဆိုတဲ့ တဖွတ်ထိုးကောင်လေးတစ်ယောက်က တိတ်တဆိတ်လေး ခိုတွယ်နေခဲ့တာလေ။

အခုမှ…

ဘွာတေးခတ်လို့ရမလား ကမ္ဘာ။

ရှင် ဘယ်လိုလူစားလဲဟင်။

ရှင့်အချစ်က အဒီလောက်တောင်ပဲ ပေါ့ပျက်ရသလား။

မထင်ဘူး ကမ္ဘာရယ်။

ရှင်လှည့်စားလိမ့်မယ်လို့ ကမ္ဘာ တကယ်ပဲမထင်ခဲ့မိဘူး





ရှင်။

ရှင်…

သိပ်ရက်စက်တာပဲ ကမ္ဘာရယ်။

"ပုံအပ်"

"ပြောပါ ကမ္ဘာ"

"မင်းမှန်ပါတယ်"

"ဘယ်လို"

"မင်းရဲ့ရွေးချယ်မှုကိုပြောတာပါ"

"ဘာရွေးချယ်မှုလဲ ကမ္ဘာ၊ ရှင်ဘာတွေပြောနေတာလဲ၊ ပုံအပ် ရှင်ပြောနေတာတွေ တစ်ခုမှနားမလည်ဘူး"

ပုံအပ်ရယ်။

မင်းမညာပါနဲ့ကွာ။

ကိုယ်နဲ့တွေ့လိုက်ရလို့ အားနာစိတ်တွေနဲ့ ကိုယ့်ရှေ့မှာ ဟန်ဆောင်ကောင်းပြမနေပါနဲ့ ပုံအပ်ရယ်။

လေးလေးနဲ့ မင်းရဲ့တွယ်တာမှုတွေကို နေ့လယ်ကပဲ ကမ္ဘာ မျက်ဝန်းထင်ထင် မြင်တွေ့ထားပြီးသားပါ ပုံအပ်။ ကိုယ့်ကိုမြင်လိုက်တာနဲ့ စုတင်းပုတ်သိုးသွားတဲ့ မင်းရဲ့မျက်နှာလေးက လေးလေးနဲ့ကြတော့ တအားကို ပျော်ရွှင်ကြည်နူးနေတာလေ။

ကိုယ်စိတ်မကောင်းဖြစ်မိပေမယ့် လေးလေးပဲလေဆိုတဲ့

အသိနဲ့ ကိုယ်ဖြေသိမ့်နိုင်ခဲ့ပါတယ်။

"ကမ္ဘာ"

"ပုံအပ်"

"ပုံအပ်က ဘာတွေရွေးချယ်ခဲ့လို့လဲ"

"မင်း လေးလေးကို ရွေးချယ်လိုက်တာလေ"

"ဟင်…ရှင် ရှင် ဘာတွေလျှောက်ပြောနေတာလဲ ကမ္ဘာ ရှင် ရှင် ပုံအပ်ကို ဘယ်လိုမိန်းမစားမျိုး မှတ်နေလဲဟင်၊ အထင် သေးလှချည်လား ကမ္ဘာ၊ ပုံအပ်ရဲ့ဂုဏ်သိက္ခာကို စော်ကားလှချည် လား၊ ရှင် ရှင် အဟင့် ဟင့်"

ပုံအပ်က လှည့်မကြည့်တော့။

တိုက်ကြီးထဲကနေ လှစ်ခနဲနေအောင်ပင် အပြင်သို့ပြေး ထွက်သွားသည်။

ကမ္ဘာ…။

ကြောင်ငေးနေမိရာက ပုံအပ်ကို သတိရှိစွာတားဆီးဖို့ ကြိုးစားမိသေး၏။

သို့သော်…

မမှီတော့ချေ။

* * *



## အခန်း (၂၃)

"ပုံအပ်ရော ကမ္ဘာ"

"ဗျာ"

"စောစောကလေးတင် ဧည့်ခန်းထဲမှာ ခဏထိုင်စောင့်နေ ဖို့ လေးလေးမှာလိုက်တာလေ၊ ပုံအပ်ကိုမတွေ့ဘူးလား ကမ္ဘာ"

"ဟို…ဟို…သူ…သူ"

"သူဘယ်သွားလို့လဲ ကမ္ဘာ"

"ထွက်သွားပြီ လေးလေး"

"ဟေ"

ကမ္ဘာ အဖြေလေးကြောင့် နေအုပ်ပိုင်စိုးရဲ့ မျက်လုံးကြီး ပြူးကျယ်ဝိုင်းသွားရ၏။

"ဘယ်လိုဖြစ်လို့ ထွက်သွားတာလဲ၊ ဘယ်ကိုထွက်သွား

တာလဲ၊ ခြံထဲကိုလာ ကမ္ဘာ၊ နေဦး လေးလေးသွားခေါ်လိုက်ဦး မယ်"

"လေးလေး"

"ဟာ…ဟော့ ကမ္ဘာ ဒါဘာလုပ်တာလဲ"

တူချောလေးကမ္ဘာက ကြမ်းပြင်တွင် ပုဆစ်တုပ်ထိုင်ချ ပြီး သူ့ခြေသလုံးနှစ်ဖက်အား ပွေ့ဖက်ကာ တသိမ့်သိမ့်ရှိုက်ငိုနေ သည်။

"ခွင့်လွှတ်ပါ လေးလေးရယ်၊ ကမ္ဘာ့ကို ခွင့်လွှတ်ပါဗျာ"

"နေပါဦး…နေပါဦးကမ္ဘာ၊ ထစမ်းပါဦးကွာ၊ မင်းတို့ ဘာတွေဖြစ်ကြတာလဲ၊ လေးလေးကိုလည်း သေသေချာချာရှင်းပြ ပါဦး ကမ္ဘာရာ"

"ပုံအိပ် မမှားပါဘူးလေးလေး၊ ပုံအိပ်က အပြစ်မဲ့သူ တစ်ယောက်ပါ၊ အရမ်းကို ရိုးသားဖြူစင်တဲ့သူပါ လေးလေးရယ် မှားတာက ကမ္ဘာပါ၊ အပြစ်လုပ်တဲ့သူက ကမ္ဘာပါ"

"ဟုတ်ပါပြီ၊ ဘယ်သူ့မှာပဲအပြစ်ရှိရှိ အေးအေး ခုံမှာထိုင် ပြီး ဖြေရှင်းပါကွာ၊ ထစမ်းပါ"

လေးလေးက အတင်းဆွဲထူပြီး ခုံမှာထိုင်စေသည်။

"လေးလေး"

"ပြောလေ ကမ္ဘာ"





"ပုံအိပ်ကို ကမ္ဘာ ချစ်ခဲ့ဘူးပါတယ်"

"အင်းလေ အဲဒါ လေးလေးသိတာပဲဟာ၊ ကောင်မလေး ...စ်ယောက်ကြောင့် ကမ္ဘာ အရမ်းခံစားနေရတယ်ဆိုတာ လေးလေး သိထားပြီးသားပါ"

"ဒါပေမယ့် အဲဒါတွေအားလုံးက ဟိုအရင်အတိတ်က အဖြစ်တွေပါ လေးလေး"

"ဟေ"

"ပုံအိပ်ကို ကမ္ဘာချစ်ခဲ့ပေမယ့် အခုအချိန်မှာတော့ ကမ္ဘာ ...ိတ်တွေ ရှင်းလင်းနေတယ်ဆိုတာ လေးလေးယုံကြည်ပေးပါ"

"ဘယ်လိုကြီးလဲကွ၊ မင်းစကားက ဘာကြီးလဲ"

"လေးလေးနဲ့ပတ်သက်ပြီး ပုံအိပ်အပေါ် ကမ္ဘာစိတ်တွေ ...ရိုးမသားမထားတော့ဘူးဆိုတာ ကမ္ဘာ ကျိန်ဆိုရဲပါတယ် လေးလေး၊ ကမ္ဘာ ကြည်ကြည်ဖြူဖြူနဲ့ နောက်ဆုတ်ပေးတာပါ"

"ဟော့…ဟော့ကောင် ဟာကွာ မိုးကြိုးတွေတော့ ပစ်တော့ ...မှာပဲ၊ မင်းဘာတွေလျှောက်ပြောနေတာလဲကွ"

"ကမ္ဘာ တကယ်ပြောတာပါဗျာ"

"တော်စမ်း….ကမ္ဘာ မဟုတ်မဟတ်အတွေးတွေနဲ့ မင်း ...ပါက်ကရလျှောက်ပြောမနေနဲ့၊ ပုံအိပ်နဲ့လေးလေးက ရိုးရိုးသားသား ...ခင်တွယ်ကြတာကွ"

"ဗျာ…ဒါ…ဒါဆို နေလယ်က"

"ဩော်…မင်းက ငါ့ကိုလိုက်ချောင်းနေတာကိုး၊ ကောင်းပါ့ကွာ၊ မင်း တော်တော်အယုံအကြည်မဲ့တဲ့ကောင်ပဲ"

"ဟို…ဟို ပုံအပ်နှင်းဆိုတဲ့နာမည်လေးကို လေးလေးဆီက ကြားလိုက်ရလို့၊ အဲ အဲဒါ"

"မင်းကောင်မလေးများ ဖြစ်နေမလားဆိုပြီး လိုက်ချောင်းတယ်ပေါ့လေ"

"တကယ်လည်းဖြစ်နေတာပဲလေ၊ လေးလေး၊ ဒါပေမယ့် လေးလေးတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးက အရမ်းကိုနွေးထွေးနေတော့"

"မင်းစိတ်ထဲ တစ်မျိုးထင်တော့တာပေါ့လေ၊ ဟုတ်လား ငတုံး"

"ဗျာ"

"မင်းကွာ တုံးတဲ့နေရာမှာတော့ ပြိုင်စံရှားပဲ၊ အဲဒါက ကိုယ်နဲ့ပုံအပ်က ဦးလေးနဲ့တူမလိုဖြစ်နေတာကိုးကွ၊ တရင်းတနှီး ဆက်ဆံမှာပေါ့၊ လေးလေးလည်း အစတုန်းကတော့ ပုံအပ်နှင်းကို မင်းတစ်ဖက်သတ် စွဲလမ်းနေတဲ့ ကောင်မလေးလို့ မထင်မိပါဘူး၊ အိမ်မှာ ညစာကျွေးရင်း အိမ်သားတွေနဲ့ မိတ်ဆက်ပေးဖို့ ခေါ်လာတော့မှ အကြောင်းစုံကို သိရတော့တာပဲလေ။ ပုံအပ်က မင်းထင်





လောက် သစ္စာမဲ့တဲ့၊ အသိတရားမဲ့တဲ့ မိန်းကလေးမျိုးမဟုတ်ဘူး ၊ သူနဲ့အနီးကပ်နေတဲ့ငါက သူ့စိတ်ဓာတ်ကို အသိဆုံးပဲပေါ့ မ္ဘာ၊ ဒါကြောင့်လည်း ပုံအပ်ဆီမှာ အပွင့်လင်းဆုံး ခွင့်တစ်ခုကို လေးတောင်းဆိုခဲ့တယ်"

"ဟာ…ဒါ…ဒါဆို ကမ္ဘာ မှားသွားပြီပေါ့"

"မှားတာမှ အကြီးအကျယ်မှားသွားတာပေါ့ ကမ္ဘာ၊ မ္ဘာဆီက ကမ္ဘာကို ခွင့်လွှတ်ပေးပါလို့ပြောတော့ ကမ္ဘာကို အစ တည်းက သူခွင့်လွှတ်နားလည်ပြီးသားပါတဲ့။ ပြီးတော့ သူလည်း ခံခဲ့မိတာပါပဲတဲ့လေ။ ကဲ ပုံအပ်က ဘယ်လောက်ပွင့်လင်းရိုးသား က်သလဲ၊ သူ့အရင်က ငြင်းပယ်ခဲ့တယ်ဆိုတာ ပညာရေးကြောင့် ၊ ကမ္ဘာလိုလူမျိုးလေးက သူနဲ့ဘယ်လိုမှ မထိုက်တန်ဘဲ သူ့ထက် တဲ့သူနဲ့တွေ့ပြီး ဘဝမှာ သာယာလှပမှုလေးတွေနဲ့ ပြည့်စုံစေဖို့ တွက်ရော စွန့်လွှတ်ခဲ့တာပါတဲ့လေ၊ မင်းကိုမချစ်လို့မှမဟုတ်တာ ်ချစ်ခဲ့လို့ မင်းဘဝရှေ့ရေးအတွက်ကိုပဲ ငဲ့ကြည့်ပေးသွားတာကွ"

ဟာ…။

ဟာဗျာ။

ဒါ…ဒါဆို။

ကမ္ဘာ အရမ်းမှားသွားပြီပေါ့။

အထင်အမြင်တွေလွဲမှားပြီး ပုံအပ်ကို လေးလေးနှင့်

သံသယဝင်ခဲ့မိသည်။

သွားပြီ။

ပုံအပ် အရမ်းကိုစိတ်ဆိုးသွားပြီ။

ကမ္ဘာ ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်၏။

"ဒါက ဘယ်သွားမလို့လဲ ကမ္ဘာ"

"ကမ္ဘာဆီလေ လေးလေး၊ စောစောက ကမ္ဘာ သူ့ကို လေးလေးနဲ့အထင်လွဲပြီး မဟုတ်တာတွေ လျှောက်ပြောလိုက်မိတယ်၊ အဲဒါ ကမ္ဘာ အခုချက်ချင်းပဲ လိုက်သွားပြီး တောင်းပန်မှဖြစ်မယ် လေးလေး"

"မင်းက သူဘယ်မှာနေတယ်ဆိုတာ သိလို့လား"

"ဗျာ"

"အဟွန်း…လိုချင်လိုက်တာလည်း ပြာလို့၊ လုပ်လိုက်ရင် လည်း တလွဲချည်းပဲ"

"လေးလေး"

"ပြော"

"ပုံအပ်ဘယ်မှာနေတာလဲဟင်၊ လိပ်စာပြောပြပါ၊ ကမ္ဘာ လိုက်သွားမလို့"

ဒီတော့မှ…

လေးလေးက သဘောကျစွာ တဟားဟားရယ်ပြီး ပုံအပ်ရဲ့





လိပ်စာလေးအား ပြောပြ၏။

ကမ္ဘာ ကားသော့ကိုကောက်ယူပြီး တိုက်ထဲကနေ ပြေးထွက်လာခဲ့သည်။

ကမ္ဘာ ခြံကျယ်ကြီးထဲသို့အရောက် ခပ်လှမ်းလှမ်း ဝင်ပေါက်တံခါးမှတစ်ဆင့် ဝင်လာသော အရိပ်ကလေးတစ်ခုကြောင့် ကမ္ဘာ အံ့သြသွားရသည်။

ပုံအပ်ရယ်လေ။

သူတို့ခြံကျယ်ကြီးထဲ တရွေ့ရွေ့ပြန်ဝင်လာနေ၏။

"ပုံအပ်"

ကမ္ဘာ ဝမ်းသာအားရခေါ်ရင်း ပုံအပ်ဆီ အပြေးတစ်ပိုင်း ရောက်သွား၏။

"ပုံအပ်"

"ဘာလဲ"

"စောစောကထွက်သွားပြီး ဘယ်လို"

"လေးလေးကို နှုတ်မဆက်မိလို့ ပြန်လာနှုတ်ဆက်တာ၊ ဘာလဲ ရှင်က တစ်ခါတည်းမပြန်လို့ အားမလိုအားမရဖြစ်နေတာ လား၊ စိတ်ချ လေးလေးကိုနှုတ်ဆက်ပြီးတာနဲ့ပြန်မှာ၊ ရှင်တို့ခြံထဲ တစ်စက္ကန့်တောင်မနေဘူး"

အဲဗျာ။

ခါးလေးပေါ် လက်နှစ်ဖက် ဟန်ပါပါထောက်ပြီး အသံစူးစူးလေးနှင့် ရန်တွေ့နေသော ပုံအပ်ပုံစံလေးကိုကြည့်ပြီး ကမ္ဘာ့မျက်နှာချောချောလေးမှာ အပြုံးတွေဝေသွားရသည်။

“ဘာပြုံးတာလဲ၊ မယုံလို့လား”

“ယုံပါတယ် ပုံအပ်ရယ်၊ မင်းသိပ်ပြီး စိမ်းကားရက်စက်နိုင်တယ်ဆိုတာ ယုံပါတယ်”

“ဘာရယ်ရှင့်”

“ဟိုးအရင်ကတည်းက ကိုယ့်ကိုချစ်လျက်သားနဲ့ မချစ်ဟန်ဆောင်ပြီး ရက်ရက်စက်စက် ပစ်ထားခဲ့တာလေ”

“ရှင်…ရှင်နော် မဟုတ်ကဟုတ်ကတွေ လျှောက်ပြောမနေနဲ့၊ ရှင့်ကို ဘယ်သူကချစ်နေလို့လဲ”

“လေးလေး ကိုယ့်ကိုပြောပြပြီးပါပြီ ပုံအပ်ရာ၊ မညာချင်စမ်းပါနဲ့”

“ကမ္ဘာနော်”

ပုံအပ်ရဲ့ ရန်စောင်သံလေးက တုန်တုန်ယင်ယင်လေးထွက်လာ၏။ ခေါင်းလေးက အလိုလိုငုံ့လျှိုးကျသွားသည်။

“ပုံအပ်”

“ဘာလဲ”

“ကမ္ဘာ့ကိုချစ်တယ်ဆိုတာ တကယ်ပဲလားဟင်”





“မဟုတ်ဘူး”

“ဟင်”

“ရှင်ပဲ စောစောကပြောတော့ အရင်ကအဖြစ်အပျက်တွေကို မေ့လိုက်တော့ဆို၊ ရှင့်အချစ်တွေကိုလည်း ပြန်ရုပ်သိမ်းပါတယ်ဆို၊ ဒါကြောင့် ပုံအပ်ချစ်ခဲ့တယ်ဆိုရင်တောင် အခုအချိန်မှာ အဲဒီအချစ်တွေအားလုံး ပြန်ရုပ်သိမ်းပြီး မေ့ပစ်လိုက်ပြီ”

“ဟာကွာ…အဲဒါကြီးကတော့”

“ဘာအဲဒါကြီးလဲ၊ ရှင်တောင် ရှင့်စိတ်ဆန္ဒအရ အားလုံးလုပ်နိုင်သေးတာပဲဟာ၊ ပုံအပ်က ဘာကြောင့် မလုပ်နိုင်ရမှာလဲ၊ ပြီးတော့ လူကိုများအထင်သေးပြီး စော်ကားချင်သေးတယ်”

“ကမ္ဘာ အဲဒါကိုပဲ တောင်းပန်ဖို့ အခုပဲ ပုံအပ်ဆီလိုက်လာဖို့လုပ်နေတာပါ၊ ခွင့်လွှတ်ပါ ပုံအပ်ရယ်၊ ကမ္ဘာ မှားခဲ့ပါတယ်၊ အဲဒီအချိန်က ပုံအပ်နဲ့လေးလေးကို လက်ချင်းတွဲပြီး ထွ[illegible]ဟာတာတွေ့လို့ အထွေးတစ်မျိုးဝင်သွားတာပါ၊ တကယ်တော့ ကမ္ဘာအရမ်းကိုပဲ သွေးပျက်မတတ် တုန်လှုပ်ချောက်ချားခဲ့ရတာပါ ပုံအပ်ရယ်၊ ပုံအပ်ကို ဘဝတစ်သက်တာလုံး ဆုံးရှုံးရတော့မှာပါလားဆိုတဲ့ အသိနဲ့ကမ္ဘာ့ရင်တွေ အစိတ်စိတ်အမွှာမွှာ ကွဲကြေနေခဲ့ရတာပါကွာ၊ ဒါပေမယ့် ကိုယ့်အပေါ် ဖခင်တစ်ယောက်နဲ့မခြား ပြုစုစောင့်ရှောက်ခဲ့တဲ့လေးလေးနဲ့ ကမ္ဘာ့ရင်ထဲမှာ နင့်သည်းနေအောင်ချစ်ရတဲ့ ပုံအပ်တို့

ပျော်ရွှင်မယ်ဆိုရင် ကမ္ဘာလေ ဟောဒီရင်ဘတ်ကြီးကို နှစ်ခြမ်းခွဲ ရင်ထဲကနှလုံးသားကို အရှင်လတ်လတ်ဆွဲထုတ်ပြီး ကမ္ဘာ့တို့ လျှောက်မယ့်လမ်းကို ခင်းပေးနိုင်တဲ့သူပါ ပုံအပ်ရယ်''

ဟွန်း။

ပြောလိုက်ရင်တော့ချောလို့။

ပြီးမှသာ…

ဟိုတစ်မျိုးသည်တစ်မျိုး လျှောက်လုပ်တဲ့သူ။

မုန်းလိုက်တာ။

ပုံအပ် စိတ်ထဲက တွေးမိပေမယ့် နှုတ်ခမ်းသားလေးတွေမှာတော့ ကျေနပ်ပြုံးရိပ်လေးက ခိုတွယ်လို့နေ၏။

''ပုံအပ်''

''ဘာလဲရှင့်''

''ကမ္ဘာ့ ဘယ်လောက်ထိချစ်ခဲ့တယ်ဆိုတာ ပုံအပ်က အသိဆုံးပါပဲကွာ''

''မသိပါဘူး''

''မသိဘူး ဟုတ်လား''

''ဟုတ်တယ်၊ မသိဘူး လုံးဝမသိဘူး''

''မသိသေးရင် ကမ္ဘာတော်တော်ညံ့ခဲ့တာပဲ၊ ကိုယ်ချစ်တဲ့ မိန်းကလေးကို သိပ်ချစ်နေမိတဲ့အကြောင်းလေးကိုတောင် သိအောင်





မလုပ်နိုင်ခဲ့ဘူး၊ ညံ့တယ်၊ ကမ္ဘာ သိပ်ညံ့တယ်''

''ကိုယ့်ကိုယ်ကိုသိရင်လည်း ပြီးတာပဲ၊ ဖယ် ပုံအပ် လေးလေးဆီသွားမလို့ ရှေ့ကနေဖယ်တော့''

''နေပါဦး ပုံအပ်ရဲ့''

''ဟင်…ရှင်ဘာလုပ်တာလဲ၊ ပုံအပ်လက်ကို လွှတ်နော်''

''လွှတ်မှာပါ၊ အခွင့်အရေးလေးတစ်ခါလောက်ပဲ ကမ္ဘာ ထပ်တောင်းဆိုချင်လို့ပါ''

''ဘာအခွင့်အရေးလဲရှင်''

သူ့လက်တွေထဲမှ ရုန်းထွက်ဖို့ ကြိုးစားရင်း စူအောင့် အောင့်လေး ပြန်မေးလိုက်မိသည်။

''တစ်ခါတည်းပါ ပုံအပ်ရာ၊ ကိုယ်ညံ့တာကို ပြန်ဖြေ ဖျောက်မလို့ပါ''

''ဘာရယ်''

''ပုံအပ်ပဲပြောတယ်လေ၊ ကိုယ်ချစ်တာကိုမသိဘူးဆို''

''……''

ကမ္ဘာ့စကားလေးကို ပုံအပ်နားမလည်။

သို့သော်…

အကြံကြီးသော ကမ္ဘာ့မျက်နှာကြီးကတော့ ပြုံးမြလို့။

''ပုံအပ်''

“ဘာလဲ”

“ကိုယ်ချစ်တာမသိဘူးမဟုတ်လား”

“မသိဘူး”

“ဒါဆို လာခဲ့”

“အို”

“ကမ္ဘာနော်”

ပုံအပ်ရဲ့ အထိတ်တလန့် တားဆီးသံလေးက တစ်ဝက်တပျက်။

တဇွတ်ထိုးဆန်သလို လက်မြန်လွန်းသော ကမ္ဘာကြောင့် ပုံအပ်မှာ ဘယ်လိုမှ မတားဆီးနိုင်တော့ဘဲ ကမ္ဘာရင်ခွင်ကျယ်ကြီးထဲ အမူးမူးအမေ့မေ့ ရှိနေရတော့၏။

သန်မာတောင့်တင်းလွန်းသော ကမ္ဘာ့လက်တွေက ပုံအပ်ခန္ဓာကိုယ်လေးပေါ် နွယ်ရုံကင်မ္ဘောင်လို ရစ်ပတ်တုပ်နှောင်လို့ထားသည်။ အလန့်တကြား ပြူးကျယ်ဝိုင်းစက်သွားတဲ့ ပုံအပ်မျက်ဝန်းဝိုင်းဝိုင်းလေးထဲမှာတော့ ရှက်သွေးရိပ်လေးများ ယှက်သန်းလို့။

ညှို့ငင်မှုတွေရဲ့နောက် အသိစိတ်တို့ကင်းမဲ့ကာ အယိုင်ယိုင်အနွဲ့နွဲ့နှင့် ပြိုဆင်းသွားရသည်။ ရှန်းကန်တွန်းထိုးဖို့ ပုံအပ် မေ့ပျောက်နေရ၏။

ကမ္ဘာကတော့ ရှည်လျားသော အနမ်းပွင့်လေးကို ခြွေချ





ပြီး ပုံအပ်မျက်နှာလေးကို အပြုံးနုနုလေးတွေနှင့် စေ့စေ့ကြည့်ကာ

“ဘယ်နှယ့်လဲ ပုံအပ်သိသွားပြီလား”

“မသိဘူး”

“ဩော်…မသိသေးဘူးလား”

“ကမ္ဘာနော်”

“ဒါဆိုသိပြီလား”

“အင်း”

“ဒါဆိုအဖြေပေးလေ”

“မုန်းတယ်”

“မုန်းတယ် ဟုတ်လား”

“ဒါပေါ့”

“ဟူး…စိတ်မကောင်းစရာပဲ၊ ပုံအပ်က အခုချိန်ထိ ကိုယ့်အချစ်တွေကို နားမလည်သေးဘူးကို၊ ဒါကြောင့် မုန်းစကားလေးဆိုတာပဲ ကိုနားလည်ပါတယ်၊ ဘယ်တတ်နိုင်မလဲလေ ချစ်တာသိအောင်တော့ ကို ကြိုးစားပြောပြရဦးမှာပဲပေါ့၊ လာခဲ့ ပုံအပ်”

“အို”

“ရှင်နော် ဘယ်လို အို”

ခြံလေးထဲတွင် လေပြည်လေးတစ်ချက်က ညင်သာစွာပင် လျှပ်ပြေးဖြတ်တိုက်နေ၏။ လေသင့်ရာနှင့်အတူ ပန်းရနံ့သင်းသင်း

လေးကပါ ပျံ့လွင့်နေကြသည်။

မိုးကောင်းကင်ထက်မှာလည်း တိမ်သားကင်းစင်ကာ ပြာလဲ့လို့ ရှိနေ၏။ လမင်းကြီးက ထိန်ထိန်သာကာ ငွေကြယ်တချို့ ဝိုင်းရံလျက်ရှိသည်။ ညက အလှတရားပေါင်းစုံစွာပင် သာယာ အေးချမ်းလို့။

သို့သော်...

ချစ်သူနှစ်ဦးကတော့ ထိုအလှတရားများကို သတိမထား နိုင်ခဲ့ပါတော့ချေ။

ရင်ခုန်သံမာရပ်ဘာရွေ့၊ ဓာမြဲဇွဲတကောင်းမော်၊
ရှင်မြတ်နိုး